
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၈၂၄၀၇၀၇
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၉၀၇၀၈၀၇

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၇၊ အောက်တိုဘာ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးတရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၀၀၀ကျပ်

## မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး | ၁ |
| ၂။ | ရွှေဖြစ်သောမြားဆိပ်ပင် | ၁၆ |
| ၃။ | ၃ ဆောင် အောက် ၄ ခန်း | ၂၇ |
| ၄။ | ဆေး၍ မစင်သောလက်များ | ၃၇ |
| ၅။ | ကျွန်တော်နှင့် ရွှေနတ်တောင်အရှင်ကြီး | ၄၇ |
| ၆။ | ပုဏ္ဏားတင်ဦး | ၅၉ |
| ၇။ | မိုက်ကြေးမိုက်ပြစ် | ၆၈ |
| ၈။ | ကျွန်တော်နှင့် ကန်တော်အရှင်မ | ၈၂ |
| ၉။ | ပက်ထရစ် အရှုပ်တော်ပုံ | ၁၀၆ |
| ၁၀။ | ပြောမယုံ ကြုံမှသိ | ၁၂၁ |
| ၁၁။ | မာယာရှင်နှင့် လွှမ်းစေတီ | ၁၃၃ |
| ၁၂။ | ထောင်ထွင်း ဆက်ရက်ရိုက်ပွဲတော် | ၁၅၄ |
| ၁၃။ | တန်းစီးမွန်းနား | ၁၅၉ |
| ၁၄။ | ဝက်မှုဆိုး | ၁၆၇ |
| ၁၅။ | လိပ်ရှာခွေး | ၁၇၆ |
| ၁၆။ | မျက်မှောက်သံသရာနစ်ဖြာဆိုးကျိုး | ၁၈၅ |
| ၁၇။ | ညဥ့်ညည်းသည် | ၁၉[illegible] |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ထွင်းဝိဇ္ဇာ ကျော်ကြီး

'အကြံအဖန် လုပ်သည်' ဆိုသော စကားမှာ ထောင်တွင်းမှ လာသောစကား ဖြစ်ပါသည်။ လူစုံ၊ အတတ်စုံဖြင့် အားလပ်ချိန်ရတိုင်း ဆင်ကြံ ကြံနေကြသည်မှာ အချုပ်သား၊ အကျဉ်းသားတိုင်းလိုလို ဖြစ်ကြပါသည်။ အချို့က အစားအသောက်အတွက် ထောင်ကုလားပဲဟင်းအား ဖထောင်တောင်ယာမှရသည့် အသီးအရွက်များ ရောကာ မီလွှာချောင်၌ နှိုးချက်စားကြသည်ကို 'အကြံအဖန်ဟင်း ချက်စားသည်' ဟု ခေါ်ကြပါသည်။

(ထောင်တွင်း၌ ဖိုကြီးမှလွဲ၍ မီးဖိုခွင့် မပြုပါ။)

အလုပ်ဘက်ဌာနမှ ကျွန်းသစ်ပြား အပိုင်းအစများအား သုံးမြှောင့်ပုံ ဆူးချွန်ဖြင့် မျက်နှာနှစ်ဖက် ပွတ်စူးထိုးလိုက်လျှင် ကြိုးပေါက်ပါ အစာလုံးလေးရလာပြီး အပေါ်တွင် ရက်ကန်းဌာနမှ ရရှိသည့် ကြိုးစလေးများအား ကျစ်၍ ဖွတ်မြီးထိုးလိုက်လျှင် ကြိုးပုတီးလုံးလေး ရရှိလာပါသည်။ (၁၀၈)လုံး ပြည့်သည်နှင့် သီကုံးလိုက်လျှင် နာမည်ကျော် ထောင်လုပ်ကြိုးပုတီး ရလာပါသည်။ ၎င်းကြိုးပုတီးအား တန်ဖိုးသင့်၍ ဟင်းနှင့်လဲမလား၊ အငတ်အစား မုန့်ပဲသရေစာနှင့် လဲမလား၊ ငွေကြေး





ခြင့်ရောင်းမလား စသည်ဖြင့် ဖလှယ်ရေးကိရိယာအဖြစ် သုံး၍ရပါတော့သည်။

နောက်တစ်မျိုးမှာ ထောင်ဝင်စာ ထည့်လာသည့် ပီလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)များအား လိမ်ကျစ်၍ အမျှင်ပြုလုပ်ပြီး အိတ်အမျိုးမျိုးဆိုးသည့် လုပ်ငန်း၊ ထောင်တွင်း၌ ထမင်းစားရန် ထုတ်ပေးထားသည့် ဒန်ခွက်အပိုင်းအစများအား မြေတွင်းတူး၍ အရည်ကျိုပြီး လက်ဝတ်တန်ဆာများလုပ်ခြင်း စသည့် လက်မှုပညာ အကြံအဖန်နည်းများအပြင် သော ဖော်ပြမည့်နည်းမှာ ထောင်ဥပဒေဖြင့် ဆန့်ကျင်သော နည်းများဖြစ်သဖြင့် အရေးယူခံရသော ဓာတ်လမ်းဖြစ်ပါသည်။

❋ ❋ ❋

BURMESE CLASSIC

စနေနေ့တစ်နေ့ နေ့လယ် အချုပ်ရုံးခန်း၌ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်အား အဖွဲ့ဝင်နှစ်ဦးနှင့်အတူ တိုင်ပင်ဆွေးနွေးနေစဉ် ထောင်ပိုင်ကြီးရုံးခန်းမှ အော်ဒလီ မောင်မှတ် ချောင်ကပ်၍ အိပ်ပျော်နေရာမှ နိုးထလာသည့်ဟန်ဖြင့် အချုပ်ရုံး ခန်းအတွင်းသို့ ဝင်ရောက်လာပါသည်။

"မောင်မှတ်၊ ဘာကိစ္စလဲကွ"

"မသိဘူး ဆရာ၊ ထောင်ပိုင်ကြီးက ဆရာ့ကို ရုံးခန်းခဏ သွားခဲ့ပါတဲ့"

"အရေးကြီးသလားကွ"

"အရေးကြီးပုံတော့ မရပါဘူး။ သတင်းစာဖတ်နေရင်းက ကျွန်တော့်ကို ခေါ်နိုင်းတာပဲ။ ကျွန်တော်လည်း ထမင်းစားပြီး ခဏမှေးနေတုန်း ထလာရတာ"

"အေးအေး–မောင်မှတ်ရေ၊ မင်းမဲ ကောင်းပါတယ်ကွာ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မှ ကြီးကြီးမားမား မရှိဘူး။ ထောင်ပိုင်ကို ရေနွေးကြမ်းငှဲ့ပေး လှူခေါ်ပေးရုံသက်သက်ပဲနော်"

"ဟား-ဆရာကလည်း ကျွန်တော်ရဲ့ရာထူးကို မနာလိုဖြစ်နေ ပြန်ပါပြီ။ ထောင်ပိုင်အဆက်ဆက် အော်ဒလီလုပ်လာတာ နပ်ပြီပေါ့ ဆရာ ရယ်၊ တစ်ခါတလေ ထောင်ပိုင်စားတဲ့ အစာတောင် စားရသေး ဟဲဟဲ. . ."

မောင်မှတ်မှာ သူ၏ရာထူးနေရာအား အတော် သဘောကျ ကျေနပ်နေဟန်တူပါသည်။ ဖင်ပေါ့သော၊ အလိုက်သိသော မောင်မှတ်အား ထောင်ပိုင်အဆက်ဆက် အသုံးပြုလာရာ အသက်ပင် (၄၀)ကျော်စ ဖြစ် ခဲ့ပြီ။ ကျွန်တော်တို့ထက် အသက်ကြီးသော်လည်း နှုတ်ကျိုးနေသဖြင့် ဦးမှတ်ဟူ၍ မခေါ်တော့ဘဲ မောင်မှတ် ဟုပင် အလွယ်ခေါ်နေကြပါသည်။ မောင်မှတ်မှာ ထောင်ပိုင်ကြီး ရုံးကဖြစ်သော်လည်း အဆင့်အားလုံးနှင့် သင့်တင့်အောင် ပေါင်းတတ်သဖြင့် လူချစ်လူခင်များသူတစ်ဦး ဖြစ်ပါ သည်။

ချက်ချင်းပင် လုပ်လက်စ အစီရင်ခံစာ သုံးသပ်ချက်အား အဖွဲ့ဝင်များထံ လွှဲခဲ့ပြီး မောင်မှတ်နှင့်အတူ ဘူးတံခါးဝ ထောင်ပိုင်ကြီး ရုံးခန်းသို့ ထွက်ခဲ့ပါတော့သည်။

ရုံးခန်းဝ ဆင်နားရွက်တံခါးလေးအား တွန်းဖွင့်ဝင်ခဲ့ပြီးနောက် ထော င်ပိုင်ကြီးကို အလေးပြုရာ ထောင်ပိုင်ကြီးမှ—

"ထိုင်ထိုင်—ဦးသိန်းဝင်း၊ မနက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား ထောင်ကျအိပ်ဆောင်အမှတ်(၄)ကို မနက်ဖြန်မနက် ထောင်ဖွင့် လူပေါင်း စာရင်း ယူပြီးတာနဲ့ တလာစီ(ရှာဖွေစစ်ဆေးခြင်း) ချင်တယ်။ အဲဒါ ခင်ဗျား ဦးဆောင်ပြီး စီစဉ်ပါ။ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးတို့ အခန်းကို အထူးရှာ ဖွေပါ။ သတင်းရထားတယ်"

"ဘိန်းလား၊ ဆေးခြောက်လား ထောင်ပိုင်ကြီး"

"မဟုတ်ဘူး။ ငွေ၊ ပိုက်ဆံတွေ။ ဒီကောင်တွေအဖွဲ့နဲ့ မသမာ





နည်းသုံးပြီး ထောင်ထဲသွင်းနေကြတယ်လို့ သတင်းရထားတယ်"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ကျွန်တော်က ထောင်ပိုင်ကြီးအား အလေးပြု နှုတ်ဆက်ပြီး အချုပ်ရုံးသို့ ပြန်ခဲ့ပါသည်။ မနက်ဖြန် ကျွန်တော့်အားလပ်ရက် တနင်္ဂနွေနေ့ဖြစ်ပြီး စနေအားလပ်ရက် ယူထားသည့် ထောင်မှူးကြီး ဦးလှမြင့်တို့ ထောင်ဖွင့်အလှည့်ဖြစ်သော်လည်း ထောင်ပိုင်ကြီး မစ္စတာ ဂျူနန်းမှ ကျွန်တော့်ကို တာဝန်ပေးသဖြင့် ထောင်ဖွင့်ဝင်၊ ရှာဖွေရေး လုပ်ပြီးမှ နားရမည့်သဘော ဖြစ်ပါသည်။ (၂၄)နာရီ တာဝန်ရှိသူတွေမို့ အထွန့်မတက်ရဲပါ။

အချုပ်ရုံးခန်းပြန်၍ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ သုံးသပ် ချက် အစီရင်ခံစာအား အသေးစိတ် စစ်ဆေးပြီး လက်နှိပ်စက် တင်ခိုင်း ရပါတော့သည်။ ညနေ ထောင်ပိတ်ချိန်နီးမှ လက်နှိပ်စက် ရိုက်ပြီးပါသည်။ အဖွဲ့ဝင်များအား ကိုယ်စီလက်မှတ်ထိုးစေပြီး သက်သေနှင့်တကွ တရားခံ တစ်ဦးချင်း စစ်ဆေးချက် မှတ်တမ်းများနှင့်တွဲ၍ စာအုပ်ချုပ်ခိုင်းရပါသည်။ တနင်္လာနေ့တွင် ညွှန်ချုပ်ထံသို့ တင်ပြရမည် ဖြစ်ပါသည်။

ထောင်ပိတ်ချိန်တွင် အိပ်ဆောင်အမှတ်(၄)သို့ မသိမသာ သွား ရောက်လေ့လာလိုက်ပါသည်။ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးတို့ အခန်းမှာ အောက်ထပ်အမှတ်(၄)ခန်း ဖြစ်ပါသည်။ ကျော်ကြီးတို့အဖွဲ့အား သွား ရောက်ကြည့်ရှုရာ စကားပေါင်ဖွာပေါင်ဖွာ ပြောနေပြီး ကျွန်တော် ရောက်သည်နှင့် စကားသံ တိတ်သွားပါသည်။ ကျော်ကြီးတို့အခန်းတွင် ကျွန်တော့်တပည့် ကုလားတင်ဦး ရှိပါသည်။ ယနေ့ နောက်မှုဖြင့် ရုံးထွက် ရသဖြင့် အခန်းထဲတွင် မရှိပါ။ ကုလားတင်ဦးလည်း တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာ ဖြစ်ပါသည်။

ထို့နောက် မိန်းချုပြန်ခဲ့ပြီး ကုလားတင်ဦးအား ရုံးပြန်စောင့် ရပါတော့သည်။ မကြာမီ ကုလားတင်ဦး ရုံးပြန်ရောက်ရှိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်ပြခေါ်၍ တိုက်ရုံးခန်းအတွင်းဝင်ပြီး မေးမြန်းရ၏။

"တင်ဦးရေ၊ မေးစရာရှိလို့ကွာ"

"ဆရာ ကျွန်တော်နဲ့ ပတ်သက်လို့လား"

"မင်းကလည်း အိုးမလုံ အုံပွင့်နေပြန်ပါပြီ၊ ကျော်ကြီးတို့နဲ့ ပတ်သက်လို့ကွ"

"ဆရာ၊ ကျော်ကြီးတို့ ဘာလုပ်လို့လဲ။ အေးအေးဆေးဆေးပါ။ အကြံအဖန်လေးဘာလေးတော့ လုပ်မှာပေါ့လေ"

"အေး–အဲဒီ အကြံအဖန်ကိစ္စကို မေးချင်လို့၊ မင်းက ငါ့တပည့်ရင်းပဲ၊ တည့်တည့်ပဲ ပြောတော့မယ်။ ဒီကောင်တွေ အုပ်စုနဲ့ ထောင်ထဲ ငွေသွင်းတယ်ဆို၊ အဲဒါ မင်း သိသလား"

"ဒီကောင်တွေမှာ ငွေရှိနေတာတော့ အမှန်ပဲ ဆရာ၊ အသေးစိတ်တော့ ကျွန်တော် မသိသေးဘူး။ ကျွန်တော်လည်း နောက်မှုတွေများတော့ နေ့စဉ်လိုလို ရုံးထွက်နေရတာ ဆရာအသိပဲ။ ဒီကြားထဲ အမှုစစ်တာမပြတ်လို့ ရဲအချုပ်ခန်းတွေမှာလည်း အိပ်ရသေးတယ်လေ"

"အေးပါ၊ အဲဒါတွေ ငါသိပါတယ်။ ငါသိချင်တာက ဒီကောင်တွေ ငွေကို ဘယ်နားဝှက်ထားသလဲဆိုတာပဲ။ အဲဒါ မင်း အခု ညအိပ်ဆောင်ဝင်တာနဲ့ အသေးစိတ် သေချာအောင် လေ့လာပါ။ မနက်ဖြန်မနက် တလာစီမယ်၊ မင်း ငါ့ကို မျက်ရိပ်ပြပြီး အချက်ပေး။ မပေါက်ကြားစေနဲ့။ ပေါက်ကြားရင် မင်း ပြစ်ဒဏ်တိုက်ထဲ ညောင်းပေရော့"

"ဟုတ်ကဲ့၊ ဆရာသမားကတော့ တပည့်ကို တိုက်ထဲတွန်းပို့နေပြန်ပါပြီ။ သတင်းသာမှန်ပါစေ၊ ကျန်တာ တပည့်တာဝန်ထားပါ။ ဆရာ့ရဲ့တပည့်လည်း ဖောက်ထွင်းဝိဇ္ဇာ တစ်ယောက်ပဲဟာ၊ တစ်ည လေ့လာလိုက်ရင် ဖြစ်ပါတယ်"

"ကဲကဲ– ပြန်တော့၊ စိတ်ချမယ်နော်"

"စိတ်ချပါ ဆရာရယ်၊ ကျွန်တော် နေရာပြပေးပါ့မယ်။





ပေါ်တင်ကြီးတော့ မဟုတ်ဘူးနော် ဆရာ၊ ကျွန်တော့် မျက်ရိပ်၊ လက်ရိပ်ကို စောင့်ကြည့်နေပါ"

"အေးအေး–ကောင်းပြီ"

တပည့်ကျော် ကုလားတင်ဦးနှင့် လက်ဝါးရိုက်ပြီးနောက် ထောင်ပိတ် လူပေါင်းစာရင်းယူပါတော့သည်။ အဆင်ပြေပါသည်။ အများအယွင်း မရှိပါ။ ရုံးထွက်၊ ရုံးပြန်၊ လွတ်လူ၊ ထောင်ကျ၊ ထောင်ပြောင်း၊ စခန်းထွက်စာရင်းများ ကိုက်ညီသဖြင့် ညနေ (၆)နာရီခွဲတွင် ထောင်ပိတ်ပြီးစီးပါသည်။ ထုံးစံအတိုင်း ထောင်ပိုင်ကြီးထံသို့ ထောင်ပိတ်ပြီးစီးကြောင်း တယ်လီဖုန်းဖြင့် သတင်းပို့ရာ ထောင်ပိုင်ကြီးမှ မနက်ဖြန်မနက် တလာစီရာတွင် အမိအရ အသေအချာ လုပ်ဆောင်ရန် ထပ်မံသတိပေးပါသည်။

ထောင်ပိတ်ပြီးစီးသဖြင့် အိမ်ပြန်နားခွင့်ရပါသည်။ မိသားစုစုံညီစွာဖြင့် ညစာ ထမင်းစားပြီးနောက် ဘုရားဝတ်ပြု၊ စာအနည်းငယ်ဖတ်ပြီး အိပ်ရာဝင်ခဲ့ပါတော့သည်။ မနက်ဖြန်မနက် (၅)နာရီတွင် ထောင်ဖွင့်ဝင်ရဦးမည် မဟုတ်ပါလား။

❁ ❁ ❁

တနင်္ဂနွေနေ့ မနက်(၆)နာရီတွင် ထောင်ဖွင့်ပြီးစီးပါသည်။ သို့သော် အိပ်ဆောင်အခန်းများကို မဖွင့်သေးဘဲ (၄)ဆောင် တစ်ဆောင်လုံးအား ပိုက်စိပ်တိုက် တလာစီကြပါသည်။ တလာစီချိန်တွင် အကျဉ်းသားများအား ပုံစံထိုင်ခိုင်းပြီး အခန်းလူကြီး၊ အခန်းစာရေးတို့အား သက်သေခေါ်ကာ လူတစ်ဦးချင်း ရှာဖွေရေးပြုလုပ်၍ တန်းစီထိုင်ခိုင်းသည်။ ပြီးနောက် တစ်ဦးချင်းပိုင် အိပ်ရာလိပ် နှင့် အဝတ်အစားများ၊ အသုံးဆောင်ပစ္စည်းများအား စေ့စပ်သေချာစွာ ရှာဖွေရေးပြုလုပ်ရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခန်းအနံ့၊ နေရာအနှံ့၊ မျက်နှာကြက်ခေါင်မိုး၊ ဘာယာတန်းပါ မကျန် ရှာဖွေခြင်း ဖြစ်ပါသည်။ ကြမ်းခင်းမှာ သမံတလင်းဖြစ်ပြီး ဖျာကြမ်းသာ ခင်းထားသဖြင့် ပစ္စည်းဝှက်စရာနေရာ မရှိပါ။

သို့သော်. . . . . သို့သော်—

ကျွန်တော်ဦးဆောင်သော ရှာဖွေရေးအဖွဲ့က (၄)ဆောင် အောက် (၄)ခန်းအား ပိုက်စိပ်တိုက်ရှာပါသည်။ သတင်းရထားသည့် ငွေကြေး မပြောနှင့် တားမြစ်ပိတ်ပင်ထားသောပစ္စည်း တစ်စုံတစ်ခုပင် မတွေ့ရပါ။ ထောင်ပိုင်ကြီး သတင်းရမှားပြီထင်ပါသည်။

ကျော်ကြီးတို့အဖွဲ့အား စောင်းငဲ့ကြည့်ရှုရာ မျက်နှာများ ပြုံးစိစိ ဖြစ်၍ နေကြပါသည်။ ကျွန်တော် မကျေနပ်ပါ။ ထောင်မှူးကြီး တစ်ယောက်လုံးက ပစ္စည်းရှိလျက် မတွေ့ခဲ့ပါလျှင် ကျွန်တော့် ရာဇဝင်ရိုင်းပေတော့မည်။

သတိရ၍ တပည့်ကျော် ကုလားတင်ဦးအား ရှာဖွေကြည့်ရှုမိတော့မှ တပည့်မှာ ခေါင်းကုတ်သလိုလိုနှင့် အခန်းအနောက်ဘက် အုတ်စီနံရံကို ညွှန်ပြနေပါသည်။

ဟုတ်ပါပြီ၊ သိပါပြီ။

အုတ်စီနံရံမှာ နှစ်ပေါင်းရာချီနေသဖြင့် အင်္ဂတေများ ကွာနေပြီး အုတ်များပေါ်နေကာ ထုံးဖြူသုတ်ထားပါသည်။ ကျွန်တော် ကိုယ်တိုင် အခန်းအနောက်ဘက် အုတ်နံရံအား စစ်ဆေးကြည့်ရှုပါသည်။ မတွေ့ပါ။ အုတ်နံရံအား ထုံးဖြူသုတ်ထားခြင်းမှာလည်း အရာမယွင်းပါ။ မကျေနပ်၍ အုတ်ခဲတစ်လုံးချင်း အသေးစိတ် ထပ်မံစစ်ဆေးရာ လတ်လတ်ဆတ်ဆတ် ထုံးသုတ်ထားသော အုတ်ခဲတစ်လုံးအား စစ်ဆေးတွေ့ရှိပါတော့သည်။

လက်ဖြင့်တွန်းကြည့်ရာ လှုပ်သွားသဖြင့် အသင့်ပါလာ သော





အိမ်သော့တံဖြင့် ကန့်လန့်၍ ခွာကြည့်ရာ အုတ်ခဲမှာ အလိုက်သင့် ပြုတ်ထွက်လာပါသည်။ ဂလိုင်ပေါက် ပြုလုပ်ထားခြင်း ဖြစ်သဖြင့် အထဲတွင် အတော်ကျယ်ဝန်းပါသည်။ အစီအရီ ထည့်သွင်းထားသော ပိုက်ဆံအုပ်များအား အများအပြား တွေ့ရှိရပါတော့သည်။ ကျပ်တစ်သိန်းခန့် ရှိပါလိမ့်မည်။ ထိုစဉ်က ကျပ်ငွေ တစ်သိန်းမှာ ဖယ်မလီယာကားနှစ်စီး ဝယ်နိုင်ပါသည်။

အခန်းလူကြီး၊ အခန်းစာရေးတို့အားခေါ်၍ သက်သေထူပြီး ပိုင်ရှင်ဖော်နိုင်းရပါတော့သည်။

အခန်းလူကြီးက အော်ပါသည်။

"ဒါ–ဘယ်သူ့ပစ္စည်းလဲဟေ့"

အာဂကောင်တွေ ဖြစ်သည်။ နှစ်ခါမအော်ရပါ။ ကျော်ကြီး ထိုင်နေရာမှ ထ၍–

"ကျွန်တော့်ပစ္စည်းပါ ဆရာ"

"မင်းတစ်ယောက်တည်း ပိုင်တာလား"

"ဟုတ်ပါတယ် ဆရာ"

"မလိမ်ပါနဲ့ကွာ၊ မင်း တစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ မင်းမှာ အဖွဲ့ရှိလိမ့်မယ်။ အေးအေးဆေးဆေး ပြောပြပါလားကွာ၊ ငါ့အကြောင်းလည်း သိရဲ့သားနဲ့။ ငါ အတတ်နိုင်ဆုံး ကူညီမှာပါ"

ထိုစဉ် တန်းစီထိုင်နေသူ အုပ်စုထဲမှ (၄)ဦး ထ၍ မတ်တတ်ရပ်ပါသည်။ သူတို့လည်း ပါသည်ပေါ့။

သိမ်းဆည်းရရှိငွေများအား အိတ်တစ်လုံးထဲထည့်၍ တရားခံ (၅)ဦးအား မိန်းဂျေး(Main Jail)သို့ ခေါ်ဆောင်ခဲ့ပါသည်။ မိန်းဂျေး၌ ထောင်ပိုင်ကြီး ရောက်ရှိနေပါပြီ။

ကျွန်တော် ထောင်ပိုင်ကြီးအား အလေးပြု၍ သိမ်းဆည်းရမိ



www.burmeseclassic.com

www.burmeseclassic.com



ငွေများနှင့် တရားခံ (၅)ဦးတို့အား အပ်နှံပါသည်။ အကိုချုံး၍လည်း သတင်းပို့လိုက်သည်။

ထောင်ပိုင်ကြီးမှ–

"ဦးသိန်းဝင်း တော်သဗျာ၊ ခင်ဗျားကို ဆုပေးရဦးမယ်။ တရားခံတွေကို တိုက်ထောင်မှူးလက်ကိုအပ်၊ ပြစ်ဒဏ်တိုက်တစ်လပိတ်။ ငွေတွေကို အဖွဲ့နဲ့ ရေတွက်ပြီး သိမ်းဆည်းရမိငွေစာရင်း ခေါင်းစဉ်နဲ့ ဘဏ်အပ်ပါ။ ခင်ဗျားနားရက်မှန်း ခုမှ ကျွန်တော် သိတယ်ဗျာ၊ ဆောရီးပဲ"

"ရပါတယ် ထောင်ပိုင်ကြီး ခင်ဗျား"

ကျွန်တော် ထပ်မံ အလေးပြု၍ တရားခံ(၅)ဦးတို့အား တိုက်ထောင်မှူးလက်အပ်ပြီး အဖွဲ့နှင့် ငွေများကို ရေတွက်ရပါသည်။ ကျွန်တော် ခန့်မှန်းသလိုပင် ကျပ်ငွေ တစ်သိန်းကျော်ပါသည်။ ဒီကောင်တွေ ဘယ်လို သွင်းလာသည် မသိပါ။ စစ်ဆေးရပေဦးမည်။

အလုပ်ပြီးစီးသဖြင့် ကျွန်တော် အိမ်ပြန်ခဲ့ပြီး နားပါသည်။ မိသားစုနှင့် ချမ်းမြေ့ပျော်ရွှင် စားသောက်အနားယူရသည်မှာ တစ်ပတ် တစ်ကြိမ်သာ ဖြစ်ပါသည်။

❋ ❋ ❋

တနင်္လာနေ့တွင် အလုပ်ပြန်ဝင်ရပါသည်။ တာဝန်မှူးကြီး တာဝန်လည်းကျပါသည်။ ညပိုင်းတာဝန်အရ တိုက်ခန်းများအား စစ်ဆေးရာ ပြစ်ဒဏ်တိုက်ကိုလည်း စစ်ဆေးရပါသည်။ ငွေမိသူ (၅)ဦးအား ဒေါက်ခြေချင်းများခတ်၍ တိုက်ခန်းများခွဲထားပါသည်။ ပြစ်ဒဏ်တိုက်ခန်းများရှေ့ အရောက်တွင်–

"ဆရာကြီး၊ ကျွန်တော်တို့ကို ကယ်ပါဦး"

"ဩော်–ကျော်ကြီးတို့အဖွဲ့ပါလား၊ မင်းတို့က ဘာဖြစ်နေလို့





ငါက ကယ်ရမှာလဲ"

"ဘာမှတော့ မဖြစ်ဘူးပေါ့ ဆရာရယ်၊ ဒါပေမယ့် ပြစ်ဒဏ် ဒေါက်ခြေချင်းတွေခတ်ပြီး တိုက်ခန်းကျဉ်းလေးထဲ မနေချင်ဘူး ဆရာ။ ထမင်းကလည်း ပုံစံပဲ စားရတော့ မဝဘူး။ အဆောင်မှာလို စားချင်တိုင်း စားလို့မရဘူး။ ဆေးလိပ်လည်း မသောက်ရဘူး၊ ကွမ်းယာလည်း မစားရဘူး။ ဒါကြောင့် ကယ်ပါဦးလို့ ဆရာ့ကို ပြောရတာပါ"

"ဒါ ပြစ်ဒဏ်တိုက်ဟ ကျော်ကြီးရ၊ မင်းတို့ကို ထောင်ပိုင်ကြီး အမိန့်နဲ့ တစ်လ တိုက်ပိတ်ထားတာ။ ငါလည်းပဲ ဘာမှမတတ်နိုင်ဘူး။ ဒါပေမယ့် ဆေးလိပ်တော့ ငါ တိုက်နိုင်ပါတယ်။ ကွမ်းစားလို့တော့ မရဘူး။ တိုက်ခန်းတွေ ညစ်ပတ်ကုန်ရင် ငါ့တာဝန်ဖြစ်မယ်"

"ဟုတ်ကဲ့ပါ ဆ‌ရာရယ်၊ ကွမ်းမစားတော့ပါဘူး။ ဆေးလိပ်ပဲ သောက်ပါတော့မယ်"

"ကဲ–ရော့၊ တစ်ယောက်တစ်လိပ်စီ သောက်ကြ။ ငါမေးတာလဲ ဖြေကြဦး"

ကျော်ကြီးတို့အဖွဲ့က စီးကရက်အား အငမ်းမရ ဖွာရှိုက်နေကြပါသည်။

"မင်းတို့ ငါ့ကို စိတ်ဆိုးကြသလား၊ အငြိုးအတေးထားကြသလား။ ပွင့်ပွင့်လင်းလင်း ပြောကြစမ်းကွာ၊ ငါကလည်း တာဝန်အရ လုပ်ရတာပါ"

"စိတ်မဆိုးပါဘူး ဆရာကြီးရယ်၊ ကျွန်တော်တို့အပြစ်နဲ့ ကျွန်တော်တို့ပါ။ ပိုင်ပြီ၊ လုံခြုံလုပြီဆိုပြီး ကျွန်တော်တို့အဖွဲ့ ထောင်ထဲမှာ ဒိမ်ခံနေကြတာပါ။ ဒါနဲ့ ကျွန်တော်တို့ ဆရာကြီးကို အံ့သြနေကြတာ၊ ဒါလောက် လုံခြုံအောင် ထားနိုင်ရက်သားနဲ့ ရှာတွေ့သွားလို့လေ၊ အခန်းထဲကလူတွေတောင် မသိကြဘူး။ အားလုံးအိပ်မှ ကျွန်တော်တို့ လှုပ်ရှားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ငါ့နည်းငါ့ဟန်နဲ့ပါကွာ၊ အံ့ဩစရာ မရှိပါဘူး။ မင်းတို့လိုပဲ ငါ့မှာလည်း လေ့လာစူးစမ်းတတ်တဲ့မျက်လုံး ရှိပါတယ်။ သတင်းရတာ သေချာတော့ တွေ့အောင်ရှာဖို့က ငါတို့ရဲ့ တာဝန်ပေါ့ကွာ။ ဝှက်စရာနေရာကလည်း ဒီတစ်နေရာပဲ ကျန်တော့တာ။ နှစ်တစ်ရာကျော် အဆောက်အအုံဆိုတော့ အင်္ဂတေနဲ့ အုတ်တွေက ဆွေးပြီး အားမရှိတော့ဘူးလေကွာ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့လည်း မမျှော်လင့်ဘဲ ဝှက်ရမယ့်နေရာ တွေ့ခဲ့ရတာပါ။ ဖောက်ထွင်းသမားတွေဆိုတော့ လေ့လာတဲ့မျက်လုံးက အားကောင်းတယ်လေ ဆရာ ဟဲဟဲဟဲ"

ထောင်ပြစ်ဒဏ် တိုက်ကျတာတောင် ရယ်မောနိုင်သော လူထူးလူဆန်းများ ဖြစ်ကြပါသည်။ မကောင်းမှုလုပ်သူများ ဖြစ်ကြသော်လည်း စည်းလုံးညီညွတ်ခြင်း စိတ်ဓာတ်၊ ခေါင်းဆောင်ကောင်း စိတ်ဓာတ်နှင့် ကြံ့ကြံ့ခံနိုင်ပြီး ပျော်ရွှင်တတ်သော စိတ်ဓာတ်များကို ကျွန်တော် သဘောကျမိသည်။ တရားဥပဒေဘောင်အတွင်းမှ ဝန်ထမ်းများဖြစ်ခဲ့ကြပါလျှင် အားကိုးအားထားလောက်သော လူတော်များ ဖြစ်ပေလိမ့်မည်။

"ဒါနဲ့ နေပါဦးကွာ၊ မင်းတို့က ဒါလောက်များတဲ့ငွေတွေကို ဘယ်လိုသွင်းယူကြသလဲ။ ဝန်ထမ်းနဲ့ပေါင်းပြီး သွင်းကြတာလား၊ ပြောပြစမ်းပါဦး"

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ပါ"

"ပြောပြနိုင်ရင်လည်း ပြောပြစမ်းကွာ"

"ဟုတ်ကဲ့၊ ဆရာ့ကိုတော့ ပြောပြရတော့မှာပါ။ ဒီလို ဆရာရေ၊ ကျွန်တော်တို့အဖွဲ့က (၅)ယောက်။ အမှုပေါင်းကလည်းများ၊ တပည့်တပန်းတွေကလည်း အပြင်မှာရှိတော့ ရုံးပြန်မှာသွင်းတယ် ဆရာ





ထောင်ဝင်စာကနေလည်း သွင်းတယ်ဆရာ၊ အကြံအဖန်လုပ်ပြီးလည်း သွင်းတယ်။ ငွေတစ်သိန်းလောက်ကတော့ ကျွန်တော်တို့ (၅)ယောက်၊ တစ်လလောက် အချိန်ရတာနဲ့ သွင်းနိုင်ပါတယ် ဆရာရယ်"

"ကဲ. . .ပြောပါဦးကွာ၊ သွင်းခဲ့တဲ့ နည်းလေးတွေကို"

"ရုံးပြန်ရင် မန္တလေးသားရေဖိနပ်ရဲ့ ရော်ဘာဆိုးလ်နဲ့ သားရေပြားကြားထဲမှာ ငွေကို စနစ်တကျ ကျစ်ကျစ်လျစ်လျစ် ထည့်သွင်းပြီး ပြန်ချုပ်ရင် ဖိနပ်နှစ်ဖက် ငွေ(၂၀၀၀)ကျပ်လောက် အေးအေးလေး သွင်းနိုင်ပါတယ် ဆရာရယ်။ ဘယ်လိုမှ မသိပါဘူး။ အပြင်က တပည့်တွေက အသင့်လုပ်ထားပြီးသား ဖိနပ်အသစ်နဲ့ စီးထားတဲ့ ဖိနပ်ဟောင်းကို ရုံးထွက်မှာ လာလဲပေးသွားရုံပဲ။

နောက်တစ်နည်းက ဆေးပေါ့လိပ်ထဲက ဆေးရိုးတွေထုတ်ပြီး ငွေတွေစနစ်တကျထည့်၊ ပြန်လိပ်တဲ့နည်းပဲ။ ဒီနည်းက သေသပ်အောင် ဆေးလိပ်ခုံနဲ့ ပေါင်းရတယ် ဆရာ၊ ဆေးလိပ်ခုံကလည်း အကျဉ်းသားတွေကို သနားလို့တဲ့။ လိပ်ခပိုက်ဆံတောင် မယူပါဘူး။ အလကားလုပ်ပေးတာပါ။ သူတို့က ဆေးရိုးသားတွေ ပြန်ရတာကိုး။ အဲဒီနည်းနဲ့ ကျွန်တော်တို့က ရုံးပြန်ရင် ဆေးပေါ့လိပ် (၅၀)စီးတစ်ထုပ် ယူလာတော့ (၂၅၀၀၀)ကျပ်လောက်ကတော့ အပျော့ပေါ့ ဆရာရယ်။

နောက်တစ်နည်းက ထောင်ဝင်စာမှ ငှက်ပျောသီးသွင်းရင် ငှက်ပျောသီး(ဖီးကြမ်း)အသီးမြောင်းတွေကို ဘလိတ်ဓားနဲ့ခွဲ၊ အထဲက ငှက်ပျောသီးအသားကို ထုတ်ပြီး ငွေထည့်၊ ပြန်ပိတ်တဲ့နည်းပဲ။ ဒီနည်းက လက်ဝင်တယ် ဆရာ၊ အဝါရောင်နဲ့ အနက်ရောင် ပင်အပ်လေးတွေ သုံးရတယ်။ ငှက်ပျောတစ်ဖီးမှာ အလုံးတိုင်းလည်း လုပ်လို့မဖြစ်ဘူး။ အတွင်းက အသီးတွေကိုပဲ လုပ်ရတာ။ သေသပ်ဖို့လိုတယ်လေ"

"နောက်နည်းတွေရော ရှိသေးသလားကွာ"

"ဟုတ်ကဲ့၊ ရှိပါသေးတယ် ဆရာ။ ဒီနည်းတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိတယ် ဆရာ၊ အတော်လေ့ကျင့်နိုင်မှ ရတာပါ''

''ကဲ–ဆေးလိပ်သောက်ပါဦး၊ ပြီးတော့မှ ဆက်ပြောတာပေါ့''

''ဒီလို ဆရာ၊ ငွေတွေကို ကျစ်ကျစ်ပါအောင် လိပ်ပြီး ပလတ်စတစ်နဲ့ထုပ်၊ ထိပ်စကို မီးမြှိုက်ပြီး ဆီလိမ်း၊ ဝမ်းဗိုက်ထဲ မျိုချတဲ့နည်းပဲ ဆရာ။ နောက်တစ်နေ့ ဝမ်းသွားတော့ သတိထားပြီး ပြန်ကောက်တဲ့နည်းပဲ ဆရာ။ ကျွန်တော်တို့ကတော့ အဲသလို ဒုက္ခ မခံပါဘူး''

''အေးအေး–ကျေးဇူးတင်တယ်ကွာ။ မင်းတို့ အကြံအဖန်နည်းတွေက အတော်စုံတာပဲ။ တခြားနည်းတွေရော ရှိသေးသလားကွာ''

''တခြားနည်းတွေလည်း ရှိဦးမှာပါ ဆရာ၊ ကျွန်တော် သိတာကတော့ ဒါအကုန်ပါပဲ''

''အေး–မင်းတို့ကို မနက်ဖြန်ကစပြီး အပြင်ထွက် လမ်းလျှောက်ခွင့်၊ ရေချိုးခွင့် (၁၅)မိနစ်အစား နာရီဝက်ရအောင် လုပ်ပေးမယ်။ ပြစ်ဒဏ်တိုက်ဆိုတော့ အစားအသောက်မဝတာ၊ ဒေါက်ခြေချင်းဖြုတ်တာတော့ ငါလည်းမတတ်နိုင်ဘူး။ တစ်လလောက်တော့ သည်းခံပေါ့ကွာ''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကြီး''

''နောက် မင်းတို့ မှတ်ထား၊ ထောင်ဥပဒေပုဒ်မ(၃၇၃)အရ ထောင်ထဲမသွင်းရတဲ့ တားမြစ်ပိတ်ပင် ပစ္စည်းတွေ ရှိတယ်။ ငွေကြေးနဲ့ အဖိုးတန် လက်ဝတ်တန်ဆာ ရွှေငွေတွေ၊ သံဖြတ်လွှ၊ ဓား စတဲ့ ချွန်ထက်ပြီး အသက်အန္တရာယ်ပေးနိုင်တဲ့ ပစ္စည်းတွေ၊ ထောင်ဖောက်နိုင်တဲ့ ပစ္စည်းတွေ၊ မူးယစ်ဆေးဝါး–(အရက်အပါအဝင်) ဆရာဝန် ခွင့်မပြုတဲ့ ဆေးဝါးအမျိုးမျိုး၊ ယူနီဖောင်းအရောင် အဝတ်အထည်တွေပဲ။

အင်္ဂလိပ်ခေတ်ကဆိုရင် ဆေးလိပ်၊ ဆေးတံနဲ့ ဆေးရွက်ကြီးတောင် ထောင်ထဲသွင်းခွင့်မရဘူးကွ။ အေး–နောက်လည်း မင်းတို့လုပ်လို့ ထောင်ထဲသွင်းခွင့်မရတဲ့ ပစ္စည်းအမည်သစ်တွေ တိုးလာဦးမယ် ထင်ပါရဲ့''

တစ်ပတ်ခန့်အကြာတွင် ထောင်တွင်းမသွင်းရသည့် ပစ္စည်း





ခရင်းအမည်သစ်များအား ထောင်ပိုင်ရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါတော့သည်။

ပြင်ပမှယူလာသော ငှက်ပျောသီး၊ မန္တလေးသားရေဖိနပ်နှင့် သားပေါ့လိပ်များ ဖြစ်ကြပါသည်။

ထောင်မှူးကြီးသိန်းဝင်း
သူရဋ္ဌမဏ္ဍိုင်၊ မေလ၊ ၂၀၀၇

www.burmeseclassic.com




## ရွှေဖြစ်သော မြားဆိပ်ပင်

၁၉၉၁ ခုနှစ် ဆွမ်ပရာဘွမ် ရဲဘက်စခန်း၌ တာဝန်ထမ်းဆောင်စဉ် ညဉ့်ဦးပိုင်း အအေးဒဏ်ကို ကာကွယ်ရန်အလို့ငှာ ကျွန်တော်၊ ဒုတပ်ကြပ် ထွေးမောင်နှင့် ဆင်ဦးစီးရဲဘက်မုဆိုး ကျော်ထွားတို့ မီးလှုံရင်း စကားဝိုင်းဖွဲ့ကြပါသည်။

အလွန်ဝေးလံခေါင်သီသော တောတွင်းဖြစ်သဖြင့် မီးအိမ်နှင့် ဖယောင်းတိုင်လည်း မရှိပါ။ မုဆိုးကျော်ထွား စုဆောင်းသိမ်းထားသော ထင်းများကို မီးဖိုကာ မီးလှုံကြရင်း စကားစမြည် ပြောကြားကြခြင်း ဖြစ်ပါသည်။ လက်ဖက်ခြောက်အစား လောက်သေရွက်ခြောက် ခတ်ထားသော ရေနွေးကြမ်းအိုးတော့ အနီးတွင်ရှိပါသည်။ သို့သော်လည်း မြည်းစရာ အမြည်းတော့ မရှိပါ။

ညဉ့်ဦးပိုင်း အအေးဒဏ်ကြောင့် အိပ်၍ရမည် မဟုတ်သဖြင့် ဩစဉ်ပင် မီးလှုံကြရင်း စကားဝိုင်းဖွဲ့ဖြစ်ကြသည်။ သူ့အကြောင်း၊ ကိုယ့်အကြောင်းအပြင် သူ့အတွေ့အကြုံ၊ ကိုယ့်အတွေ့ အကြုံများလည်း ဘောက်သည်ချ၊ ဖလှယ်ကြရင်း ညဉ့်ဦးယံကို ကုန်ဆုံးစေပြီး အလွန်ပင်ချင် ၍ ညဉ့်နက်သန်းခေါင်ကျမှသာ အိပ်ရာဝင်နိုင်ကြပါတော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ မန္တလေးမြို့ကြီးများ၏ နွေဦးညများတွင် အိုက်စပ်ပူလောင်လွန်းသဖြင့် စောစီးစွာ မအိပ်နိုင်ဘဲ အိမ်ပြင်ထွက်၍ လေညင်းခံပြီးမှ အိပ်နိုင်သလိုပင် ဆွမ်ပရာဘွမ်ဒေသတွင် အေးလွန်း၍ အရိုးထဲအထိ အအေးဓာတ်က စိမ့်ဝင်သဖြင့် မီးလှုံပြီးမှသာ အိပ်နိုင်ကြပါသည်။

"ကဲ–မုဆိုးကျော်ထွားရေ၊ အရင်ညတွေက ငါ့ရဲ့ဘဝဖြစ်စဉ်၊ အတွေ့အကြုံတွေကို ပြောပြခဲ့ပြီးပြီ။ ဒီနေ့တော့ မင်းအကြောင်း ပြောပေတော့ဟေ့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ရဲ့ အကြောင်းကတော့ တောသူတောင်သားဘဝ ရိုးရိုးရှင်းရှင်းပါပဲ ဆရာ၊ ဘာမှမထူးဆန်းပါဘူး။ ကျွန်တော်တို့အမျိုးက ရှမ်းကြီးမျိုးနွယ်ပါ။ နမ့်စဘိန်းရွာ၊ ခန္တီး မြို့နယ်မှာ နေပါတယ်။ အဖေက ရှမ်းတိုင်းရင်းဆေးဆရာပါ။ အမေကတော့ ကချင်အမျိုးအနွယ်ပါ။ ကျွန်တော်ကတော့ နောက်လိုက် ဆေးဆရာပေါက်စပေါ့။ မုဆိုးလည်း ဝါသနာအရ လုပ်ပါတယ်။ ရေမုဆိုး၊ ကုန်းမုဆိုးပေါ့ ဆရာ။

အိမ်မှာ သစ်ဆွဲ စွယ်စုံဆင်ကြီးတစ်ကောင်လည်း ရှိတယ်။ နာမည်က ကောက်ရတဲ့။ ကျွန်တော့်အဖေ တောထဲလှည့်လည် ဆေးမြစ်ရှာရင်း အပြန်မှာ ဆင်မကြီးကို မုဆိုးတွေ သတ်သွားလို့ တစ်ကောင်တည်း တဝဲလည်လည်အော်နေရှာတဲ့ ဆင်းသားကလေးကို တွေ့ပြီး အိမ်ခေါ်လာမွေးစားထားတာပေါ့ ဆရာ။ အလွန် လိမ္မာပါတယ်။ ဆင်ထီးကလေးဖြစ်လို့ ကျွန်တော်နဲ့ ညီအစ်ကိုလို လက်ပွန်းတတီး နေခဲ့ကြပြီး အရွယ်ရောက်လို့ အခုတော့ သစ်ကွက်တွေက ငှားရင်း ကျွန်တော် ဦးစီးပြီး အလုပ်လုပ်ကြရပါတယ်။ အဖေက ဆေးကုပြီး ဝင်ငွေရှာသလို ကျွန်တော်နဲ့ ကောက်ရကလည်း သစ်ဆွဲရင်း ဝင်ငွေရှာပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့မိသားစု ချောင်ချောင်လည်လည် ရှိကြပါတယ် ဆရာ"

"တယ်ဟုတ်ပါလားကွ၊ ဒါနဲ့ မင်းက ဘာမှုဖြစ်တာလဲ"

"ဘိန်းမှုပါ ဆရာ။ ကျွန်တော်တို့ဘက်မှာတော့ ဘိန်းဆိုတာ





စွယ်စုံဆင် အရွယ်ရောက်တော့ မုန်ကျလာရင် ဘိန်းကျွေးပြီး ထိန်းသိမ်းမှ လွယ်ကူတယ် ဆရာ။ ချွန်းတွေ၊ ဓားမြှောင်၊ လှံတွေထက် အသုံးဝင်ပါတယ်။

မိတ်လိုက်ရာသီ ဆင်တွေ မုန်ကျပြီဆိုရင် သိပ်ကြောက်ဖို့ကောင်းတယ် ဆရာ။ နားရွက်အောက် မုန်တွင်းက မုန်ရည်တွေ ပြည့်လျှံပြီး ပါးစပ်ထဲဝင်လို့ မုန်သောက်ပြီဆိုရင် စိတ်ရိုင်းတွေဝင်ပြီး မိမိဦးစီးကိုတောင် အသက်အန္တရာယ်ရှာတော့တာပဲ။ အဲဒီလို အချိန်မျိုးမှာ စိတ်ငြိမ်အောင် ဘိန်းကျွေးရတယ် ဆရာ။ အဲဒါကြောင့် ကျွန်တော့်လွယ်အိတ်ထဲမှာ အမြဲတမ်း ဘိန်းဆောင်ထားရတယ်။

အဲဒါနဲ့ တစ်နေ့ ခန္တီးမြို့ကို ညှိသည်လိုက်ပို့ရင်း အပြန်မှာ ခဲနဲ့တိုးပြီး ဘိန်းမိတာနဲ့ ကျွန်တော် ထောင်(၆)နှစ်ကျတာ ဆရာ။ ကျွန်တော်က ဘိန်းစားမဟုတ်ပါဘူး။ တစ်ကောင်ကြွက်ပါ ဆရာ။ အဖေအမေလည်း မရှိတော့ပါဘူး။ ကျွန်တော့်ဆင်ကိုလည်း ရဲက သိမ်းသွားတယ် ဆရာ"

"ဒါဆို မင်း ထောင်ကလွတ်ရင် ဘာလုပ်စားမလဲ"

"ကျွန်တော် ပြောခဲ့သလို ကျွန်တော်က ဆေးဆရာ မုဆိုးပါ ဆရာ။ အမဲလိုက်မယ်၊ ဆေးမြစ်ရှာမယ်၊ ဆေးကုမယ်ပေါ့။ တစ်ဝမ်းတစ်ခါးငတ်ပါဘူး ဆရာရယ်။ ချမ်းသာချင်ရင်တော့ ကျောက်စိမ်း ရှာရမယ်။ ကျွန်တော်က တောကျွမ်းတယ်။ ကျွန်တော် တို့ ခန္တီးဒေသက ကျောက်စိမ်းလည်း ပေါတယ် ဆရာ"

"ဟုတ်ပါပြီ၊ မင်းက စေတနာလည်း ကောင်းတယ်၊ စိတ်ထားလည်း ဖြူစင်တယ်၊ မိတ်ဆွေလည်း ပေါမှာပါ။ ဒါနဲ့ အိမ်ထောင်မရှိသေးဘူးလား။ မင်းလည်း အရွယ်ရောက်နေပြီပဲ"

"အိမ်ထောင်တော့ မရှိသေးဘူး ဆရာ၊ ရည်းစားတော့ ရှိခဲ့ဖူးပါတယ်။ ကျွန်တော်က အထက်လမ်းဆရာ၊ သူက အောက်လမ်းသမားဆိုတော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ပြီး လွဲကြတာပေါ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဓာတ်လမ်းလေး ပြောပြပါဦးကွာ"

"ဓာတ်လမ်းက ရှင်းရှင်းလေးပါ ဆရာ။ ကျွန်တော်နဲ့သူ ရည်းစားဖြစ်ကြတာတော့ ကြာပါပြီ။ ကျွန်တော်က တောထဲတောင်ထဲမှာ အနေများတော့ တစ်လတစ်ကြိမ်လောက်ပဲ သူနဲ့ ဆုံကြရပါတယ်။ ဒါကြောင့် သူ့ပညာသည်မှန်းလည်း ကျွန်တော် မသိခဲ့ပါဘူး။ သူ့မိဘတွေကလည်း လယ်သမား၊ ယာသမားတွေဆိုတော့ ရိုးသားပြီး အေးဆေးကြပါတယ်။

တစ်ညပေါ့ ဆရာရယ်၊ ကျွန်တော် တောထဲက ပြန်လာပြီး မိုးချုပ်စမှာ ဆင်ကို ရေချိုးပေးပြီး ဆင်ကို အစာကျွေး၊ ကျွန်တော်လည်း ကိုယ်လက်သုတ်သင်၊ ညစာစား၊ အမိအဘနဲ့ စကားစမြည် ပြောဆိုကြပြီး မိဘများ အိပ်ရာဝင်ချိန် ညဥ့်သန်းခေါင်လောက်မှာ သူ့တို့အိမ်ကို သွားလည်တယ်ပေါ့ ဆရာရယ်။

သူတို့အိမ်ကလည်း ရွာအနောက်ဖျား တောစပ်မှာ၊ ကျွန်တော် သူတို့အိမ်နားက ချောင်းကူးတံတားအရောက်မှာပဲ မိုးပေါ်က တရှိုးရှိုးမျှလာတဲ့ မီးလုံးကြီးကိုမြင်တာနဲ့ အမှောင်ရိပ်ကို ဝင်ခိုလိုက်တယ်။ အဲဒီမီးလုံးကြီးက သူတို့အိမ်ရှေ့ကျပြီး သူမကို အိမ်ထဲဝင်သွားတာ တွေ့လိုက်ရတယ်။ အဲဒီကတည်းက ကျွန်တော်လည်း လှည့်ပြန်ပြီး အဆက်ဖြတ်လိုက်တာပါပဲ ဆရာ"

"သူက ပြန်မဆက်ဘူးလား"

"သူ့ဘာသာ သိသွားပုံရတယ် ဆရာ၊ ပြန်မဆက်တော့ဘူး"

"သူနဲ့ မင်း မေတ္တာမျှခဲ့တာ ဘယ်လောက် ကြာခဲ့သလဲ"

"နှစ်နှစ်လောက်ကြာတယ် ဆရာ၊ သုံးနှစ်ပြည့်ရင် ကျွန်တော်တို့ ရွာထုံးစံအတိုင်း ယူကြမှာပါ။ သူက ကပြား ဆရာ။ အတော်ချောပါတယ်။ ကျွန်တော့်ကိုလည်း အလွန်ချစ်ပါတယ်။ ဒီပညာကို ဘယ်လိုတတ်တယ် မဆိုနိုင်ပါဘူး"

"သူ့မိဘတွေကရော မသိကြဘူးလား"





"သိတော့သိကြမှာပေါ့ ဆရာရယ်"

"မင်းမိဘတွေကကော ဘာရောဂါနဲ့ ဆုံးကြတာလဲ"

"အမေက ဝမ်းရောဂါနဲ့ပါ။ ကျွန်တော်နဲ့ အဖေ တောထဲ ဆေးမြစ်ရှာသွားနေတုန်း ရုတ်တရက် ဆုံးတာ။ အဖေကတော့ ဆေးမြစ်ရှာသွားရင်း တောထဲမှာ ကျားလိုက်လို့ ဆုံးတာပါ"

"ဆေးမြစ် တူးရင်းလား၊ မင်း ပါမသွားဘူးလား"

"အဲဒီအခေါက်က ကျွန်တော် ပါမသွားဘူး ဆရာ။ ကျွန်တော် သစ်ကွင်းထဲမှာ ကောက်ရနဲ့ အလုပ်လုပ်နေတုန်း အရေးပေါ် ဆေးမြစ်ရှာဖို့ အဖေတစ်ယောက်တည်း တောထဲသွားတာ၊ အဲဒီမှာ ကျားနဲ့တိုးပြီး အဖေ ကျားကိုက်ခံရတာ။ သူက မှဆိုးမဟုတ်တော့ ကျားကို မနိုင်ဘူးလေ"

"မင်းကကော ကျားကိုနိုင်လို့လား"

"ကျွန်တော်က မုဆိုး။ ဒူလေးရှိတယ်၊ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန် ဆိပ်လူးမြားတွေ ရှိတယ်။ ကျွန်တော် ကျားကို မကြောက် ဘူး ဆရာ"

"မင်း ကျားရဖူးလား"

"ကျွန်တော် သုံးကောင်တိတိ ရဖူးတယ် ဆရာ။ ကိုးတောင်ကျားတွေချည်းပဲ။ ပြောင်၊ သမင်၊ ဝက်လည်း မကြာခဏ ရဖူးတယ်"

"ဆိပ်လူးမြားနဲ့ ပစ်တာပဲလား"

"ဟုတ်ပါတယ် ဆရာ။ ဒါနဲ့ ဆရာ မြားဆိပ်ပင်ကို မြင်ဖူးသလား"

"အေး-မြင်ဖူးတယ်ကွ၊ တောင်ငူမြို့ကနေ သံတောင်မြို့သစ်ကိုအသွား လမ်းဘေးမှာ ပေါက်နေတာ။ အဲဒါ တပည့်တစ် ယောက်ပြတာနဲ့ မြင်ခဲ့တာ။ ကညင်ပင်နဲ့တူပေမယ့် သူက တစ်ဖြောင့်တည်း မဟုတ်ဘူး။ ပေ(၅၀)လောက်မှာ ကိုင်းတက်တွေ ဝေနေအောင် ထွက်နေတယ်။ လုံးပတ်က လူနှစ်ဖက်စာလောက် ရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ဆရာ၊ အဲဒီအပင်တွေက အပင်ကြီးမျိုးတွေ။ တောနက်ထဲမှာဆိုရင် ပိုပြီး ကြီးတယ်။ လူကြီးသုံးလေးဖက်စာ ရှိတယ်။ မြားဆိပ်ပင်နှစ်မျိုးရှိတယ် ဆရာ၊ ကျွန်တော်တို့ ရှမ်းလိုတော့ ကောင်နီနဲ့ ကောင်နက်လို့ ခေါ်တယ်''

''နှစ်မျိုးစလုံး အစွမ်းထက်သလား''

''ထက်သပေါ့ ဆရာရယ်။ ကောင်နီ အဆိပ်ပင်က အစေးကို မြားတံထိပ်မှာ သုတ်လိမ်းပြီးပစ်ရင် မှန်တဲ့သတ္တဝါဟာ အကောင်သေးရင် တစ်ခွေ့ခုန်၊ အကောင်ကြီးရင် နှစ်ခွေ့ခုန်ပြီး သေတာပဲ။ ကောင်နက်ကြတော့ ခုန်ကိုမခုန်နိုင်တော့ဘူး။ မြားမှန်တာနဲ့ တစ်ခါတည်း တန်းသေတာပဲ''

''ဟဲ့အဲဒါဆိုရင် ကောင်နက်အဆိပ်က ပိုစွမ်းတာပေါ့နော်''

''ကောင်နက်ပင်အစေးက အဲသလို စွမ်းရုံတင်မကဘူး ဆရာရေ့၊ အပင်ကို တွေ့ရဖို့လည်း မလွယ်ဘူး။ ကောင်နက်ပင်ရဲ့ အစေးက ရွှေလုပ်လို့ရတယ် ဆရာ''

''အေး–ပြောပါဦးကွာ၊ စိတ်ဝင်စားစရာ ကောင်းလှချည်လား''

''ကောင်နက်အစေးနဲ့ ကြေးဝါရောပြီး ဖိုထိုးရင် အကောင်းစား ရွှေဖြစ်တယ် ဆရာ။ ကောင်နက်ပင် တစ်ပင်ကို ဓားနဲ့ခုတ်ပြီး အဆိပ်ထုတ်ရင် ပိဿာနဲ့ချီပြီး အစေးရနိုင်ပါတယ်။ ဒါပေမယ့် အန္တရာယ် အလွန်ကြီးတယ်။ အစေးမျက်စိထဲဝင်ရင် ကန်းပြီး သေနိုင်တယ်။ အနာပေါ်ထိရင်လည်း သေတာပဲ''

''ကြောက်စရာပါလားကွ၊ ဘယ်လိုနည်းနဲ့ အစေးထုတ်မလဲ''

''နည်းတော့ရှိတာပေါ့ ဆရာရယ်၊ ပထမ ကောင်နက်ပင် လက်လှမ်းမီတဲ့နေရာကို အဝေးကနေ မြားနဲ့ပစ်ရမယ်။ အစေးပန်း ထွက်လာတာ ခဏစောင့်ပြီးမှ ဓားနဲ့ခုတ်ရင် အစေးပန်း မထွက်တော့ဘူး။ ဒါပေမယ့် လိုရမည်ရ အစေးထုတ်တဲ့သူက တစ်ကိုယ်လုံးကို အဝတ်နဲ့စည်းထားရပြီး





မျက်စိပေါက်ပဲ ဖော်ထားရတယ်။ အနံ့ကလည်းပြင်းတယ်၊ ရုတ်တရက် ရှူမိရင် မေ့သွားနိုင်တယ်''

''ကောင်နက်ပင်အကြောင်း မင်းသိသလောက် ပြောပြစမ်းကွာ''

''ကျွန်တော့်ရဲ့ ကိုယ်တွေ့တော့ မဟုတ်ဘူး ဆရာ။ ကျွန်တော့် အဖေ မသေခင်က ပြောသွားတာပါ။ ကောက်နက်ပင် တွေ့ပြီး ရွှေသူဌေးဖြစ်သွားကြတဲ့ အဖေ့သူငယ်ချင်း မုဆိုးတွေရဲ့ အကြောင်းပါ။ ဒီလိုပါ ဆရာ။

နမ့်စဘိန်းချောင်းအနီးမှာ တာမခံကျေးရွာ ရှိတယ်။ ကျောက်စိမ်းထွက်တဲ့နေရာပေါ့ ဆရာ။ အဲဒီရွာမှာ မုဆိုးတင်မောင်နဲ့ အောင်ပန်းဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိကြတယ်။ တစ်နေ့တော့ သူငယ်ချင်းနှစ်ယောက် အမဲလည်ကြရင်း နယ်ကျွံပြီး ဖားကန့်ဒေသ ဆဒ္ဒန်အိုင်တောကို ရောက်သွားကြတယ်။ အဲဒီတောက အင်မတန် နက်တယ်။ တော်ရုံမုဆိုး မသွားရဲဘူး။ သားရဲတိရစ္ဆာန်လည်း အလွန်ပေါတယ်။ တောလည်းကြမ်းတယ်။ အစောင့်အရှောက် ကြီးတယ်။

ဆဒ္ဒန်အိုင်ဆိုတာ ဆဒ္ဒန်ဆင်မင်း ပျော်စံရာ တောအုပ်ထဲက ရေကန်ပဲ။ အဲဒီမှာ မုဆိုးစော်ဥ္မ္စ်လဲ ပုန်းအောင်းပြီး ဆဒ္ဒန်ဆင်မင်းကို မြားနဲ့ပစ်တဲ့ဂူလည်း ရှိတယ်။ ဆဒ္ဒန်ဆင်မင်းရဲ့ သွေးကြောင်းစီးကျရာ ကျောက်ဖျာကြီးလည်း ရှိတယ်။ မုဆိုးစောဥ္မ္စ်လဲရဲ့ ခြေရာကြီးတောင် ကျောက်ဖျာပေါ်မှာ ထင်ကျန်နေတာ အတိုင်းသား မြင်ရတယ်လို့ အဆိုရှိပါတယ်။

အဲဒီနေရာမှာ မုဆိုးတင်မောင်တို့ ဆတ်ဖားကြီးနဲ့ တွေ့တယ်။ တင်မောင် ပစ်လိုက်တဲ့ ဆိပ်လူးမြားမှန်ပြီး မသေဘဲ ဆဒ္ဒန် ဂူထဲကို ဝင်ပြေးသွားတဲ့ ဆတ်ဖားကြီးနောက် လိုက်ကြရင်း သားကောင်ကိုရှာ မတွေ့ဘဲ သူငယ်ချင်းနှစ်ယောက် လူကွဲသွားကြတယ်။ ဆဒ္ဒန်ဂူဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



ဆဒ္ဒန်ဆင်မင်းနဲ့ အုပ်စု နားခိုရာ ကျယ်ဝန်းလှတဲ့ ဂူကြီးပဲ။ ဝင်ထွက်လမ်းတွေကလည်း အများကြီးရှိသတဲ့ ဆရာ။

မုဆိုးတင်မောင်လည်း သားကောင်ရှာမတွေ့တာနဲ့ ဂူထဲ က ပြန်အထွက်မှာ မျက်စိလည်ပြီး ချောင်းလေးတစ်ခုထဲ ရောက် သွားတယ်။ ရေဆာဆာနဲ့ ရေသောက်၊ မျက်နှာသစ်၊ ကိုယ်လက် သုတ်သင်ပြီး ချောင်းကမ်းပါးအပေါ် ပြန်အတက်မှာ ရှမ်းလို ကောင်နက်၊ မြန်မာလို အစေမည်းအဆိပ်ပင်ကို တွေ့တော့တာပဲ။ ယောက်ျားကြီး သုံးဖက်စာ လောက်ရှိပြီး အမြင့်က ပေတစ်ရာကျော် သတဲ့။

မုဆိုးတင်မောင်က နားလည်တယ်။ ခေတ္တအနားယူပြီးမှ လှတစ်ရပ်စာလောက် ပင်စည်ကို အဝေးကနေ မြားနဲ့ပစ်တယ်။ အစေးမည်းတွေ ပန်းထွက်လာတယ်။ စောစောင့်ပြီး ဝါးခုတ်၊ ဝါးကျည်တောက်တွေလုပ်တယ်။ တစ်ကိုယ်လုံးကိုလည်း ပါလာတဲ့ ပုဆိုး၊ အင်္ကျီအပိုတွေနဲ့ မျက်စိပေါက်ကလေးပဲ ချန်ထားပြီး စည်းတယ်။ ပြီးမှ မြားတံကိုနုတ်၊ ဓားနဲ့ခုတ်ပြီး ဝါးကျည်တောက်ချွန် ကတော့လုပ်ပြီး ရိုက်သွင်းတယ်။ ဝါးကျည်တောက်တွေနဲ့ အစေးခံတာ ဝါးကျည်တောက် ခြောက်လုံးရသတဲ့။ အဲဒီနောက် ဝါးထမ်းပိုးလုပ်ပြီး ရွာပြန်ခဲ့တာပေါ့။ မိုးအတော်ချုပ်မှ ရွာပြန်ရောက်တယ်။

မုဆိုးအောင်ပန်း ပြန်ပြီး ရောက်မရောက်တောင် သူ မသိတော့ဘူး။ တင်မောင့်အဖေက ပန်းပဲဆရာဆိုတော့ လုံနဲ့ ဖားဖိုနဲ့က အိမ်မှာ အဆင်သင့်ရှိတယ်။ တင်မောင် အိမ်ပြန်ရောက်ရောက်ချင်း ထမင်းမစား ဟင်းမစားနဲ့ ကောင်နက်အစေးကို ကြေးဝါရောပြီး ဖိုထိုးတော့တာပေါ့။ (၁၆)ပဲရည်အပြည့် ရွှေတွေရတယ်။ အဲဒါနဲ့ တာမခံရွာမှာ ရွှေသူဌေးတင်မောင် ဖြစ်သွားတော့တာပေါ့ ဆရာရယ်''

''အဲဒါနဲ့ နောက်ဘာဖြစ်သွားသေးလဲ''

''မုဆိုးတင်မောင် ရွာမှာအလှူကြီး အတန်းကြီးပေးတယ်။





သူငယ်ချင်း မုဆိုးအောင်ပန်းကိုလည်း ရွှေတွေပေးတယ်။ မုဆိုးလည်း မလုပ်တော့ဘူး။ ရွာဘုန်းကြီးကျောင်းကိုလည်း အသစ်ဆောက်ပေးလိုက်တယ်။ ဘုန်းကြီးကျောင်းဝင်းထဲက တောင်ကုန်းပေါ်မှာလည်း ရွှေစေတီ တည်တယ်။ အလွန်သပ္ပာယ်တယ် ဆရာ၊ ရွှေချထားတာ အိနေတာပဲ။ ကျွန်တော်တို့လည်း ဖူးရတယ်။

တင်မောင့်အိမ်မှာဆိုရင် ရွှေဇွန်း၊ ရွှေပန်းကန်နဲ့ ထမင်းစားတယ်။ ရွှေခွက်နဲ့ ရေသောက်တယ်။ ဘုရားပန်းအိုးတောင် ရွှေနဲ့လုပ်ပြီး ပူဇော်တယ်။ ဓားပြလည်း အတိုက်ခံရဖူးတယ် ဆရာ။ ရွှေတုံးတွေ ပုံပေးလိုက်လို့ ဓားပြတွေလည်း ကျေနပ်ပြီး ပြန်သွား သတဲ့''

''ဟ–အဲဒီလိုဆိုတော့ ရွှေတွေက မကုန်တော့ဘူးလား''

''ကုန်တော့ကုန်တာပေါ့ ဆရာရယ်၊ ဒါပေမယ့် တင်မောင်က လယ်တွေ၊ မြေတွေ၊ ဥယျာဉ်ခြံတွေ ဝယ်ထားတော့ မဆင်းရဲဘူးပေါ့။

နောက်တစ်နှစ်လောက်နေတော့ သူငယ်ချင်း မုဆိုး အောင်ပန်းပူဆာတာနဲ့ ဆဒ္ဒန်အိုင်တောကို သွားကြပြန်တယ်။ ဒီတစ်ခါတော့ အမဲလိုက်ဖို့မဟုတ်ဘဲ ကောင်နက်အပင်ကြီးဆီကို သွားကြတာပါ။ တင်မောင် မှတ်ထားတဲ့လမ်းအတိုင်း ဆဒ္ဒန်ဂူထဲ ဝင်ပြီး ပြန်အထွက် ချောင်းကလေးထဲ ရောက်သွားပေမယ့် ချောင်းကမ်းပါးပေါ် တက်လိုက်တော့ နဂိုနေရာမှာ ကောင်နက်ပင်ကြီးကို မတွေ့ရတော့ဘူး။ တောအနေအထား ခြေရာလက်ရာလည်း မပျက်ဘူးတဲ့။ တင်မောင် ဝါးခုတ်ပြီး ဝါးကျည်တောက်တွေလုပ်ခဲ့ တဲ့နေရာမှာလည်း ဝါးစတွေ ရှိနေတုန်းပဲတဲ့ ဆရာ''

''ဘယ်လိုဖြစ်သွားရတာလဲကွ''

''ဒီကောင်နက်ပင်မျိုးက အစောင့်အရှောက်ကြီးတယ် ဆရာ။ အန္တရာယ်လည်း များပြီး အဖိုးတန်တော့ နတ်ဖွက်တာနေမှာပေါ့။ သူငယ်ချင်းနှစ်ယောက် ဘယ်လိုရှာရှာ ရှာမတွေ့လို့ တောထဲမှာ လှည့်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ညအိပ်ကြရတယ်။ မနက်လင်းလို့ ထပ်ရှာတော့လည်း မတွေ့ရဘူးတဲ့ ဆရာ''

''မင်းကော ဆဒ္ဒန်အိုင်တောကို ရောက်ဖူးသလား။ မင်းတို့ရွာနဲ့ ဘယ်လောက်ဝေးသလဲ''

''ကျွန်တော်လည်း ရောက်ဖူးတယ် ဆရာ။ တောက အင်မတန်နက်ပြီး သားကောင်ကြီးတွေ ပေါတယ်။ ကျွန်တော်တို့ နမ့်စဘိန်းရွာနဲ့တော့ နေ့ဝက်ခရီးလောက် သွားရတယ်။ အရည်ကျောက်နဲ့ အသားကျောက်တွေ(ကျောက်စိမ်း)အလွန် ပေါတယ် ဆရာ။ တူးစရာမလိုဘူး။ မြေပေါ်မှာကို ပေါ်နေတာ''

''မင်း ရဖူးသလား''

''ရဖူးတယ် ဆရာ၊ ကျွန်တော် ရတာ ငယ်တော့ သိန်းဂဏန်းလောက်ပဲ ရပါတယ်။ အဲဒီငွေနဲ့ ရွာမှာ ကျွန်တော် နှစ်ထပ်အိမ်ကြီး ဆောက်ထားတယ်''

''မင်းတို့ဒေသက သစ်ပေါ၊ ဝါးပေါ၊ သယံဇာတပစ္စည်းပေါနဲ့ အတော်ဟန်ကျတာပဲ။ မင်းတို့ဒေသနဲ့ မင်းပဲ လိုက်ပါတယ်ကွာ။ ကဲ- အိပ်ကြရအောင် နွေးလည်း နွေးသွားပြီ၊ ညဉ့်လည်း (၁၂)နာ ရီထိုးပြီ''

ထောင်မှူးကြီးသိန်းဝင်း
သူရဇ္ဇမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၆



www.burmeseclassic.com

www.burmeseclassic.com

## ၃ဆောင် အောက်ငှခန်း

ထောင်အတွင်း၌ နှစ်ထပ်အိပ်ဆောင်ကြီး ငါးဆောင်ရှိရာ အမှတ်(၃)အိပ်ဆောင်မှာ အစွန်ဆုံး ကျရောက်ပြီး၊ အိပ်ဆောင်မှာ အခြားအိပ်ဆောင်များထက် ကျဉ်းမြောင်းပြီး ပျက်စီးယိုယွင်းနေပါသည်။ ပြတင်းသံတိုင်များအား အစားထိုး၊ ထပ်ပိုး၍ ပြင်ဆင်ထားသော်လည်း မူလလက်ရာကို မမီဘဲ လုံခြုံရေးအရ စိတ်ချရခြင်း မရှိပါ။ အပေါ်ထပ်၌ ကျွန်းလျှာထိုးပျဉ်များ ခင်းထားသော်လည်း နှစ်ပေါင်း (၁၀၀)ကျော် ကြာပြီဖြစ်၍ လျှာထိုးပျဉ်များမှာ တကျွိကျွိမြည်၍ နေပါတော့သည်။

အဆောင်အပြင်ဖက်ဝင်း၊ ဘယ်ဘက်ခြမ်းတွင် အဆောင်သားများ စားသုံးရန်နှင့် ဗိုကြီးသွင်းရန် ရာသီပေါ်သီးနှံများအား စိုက်ပျိုးထားပြီး၊ အကျဉ်းသားများ ရေချိုးရန် အုတ်ရေကန်အရှည် တစ်ခုလည်း ရှိပါသည်။ အဆောင်နောက် တံခါးပေါက်အနီးတွင် ညောင်ပင်အိုကြီး တစ်ပင်ရှိပြီး၊ သရဲခြောက်ကြမ်းသည်ဆိုသဖြင့် ညဘက်ကင်းသမားများ အဲဖော်မပါဘဲ၊ မသွားရဲသောနေရာလည်း ဖြစ်ပါသည်။

အဆောင်၏ ညာဘက်ခြမ်းတွင် မိလ္လာစွန့်ရန်နေရာနှင့် ဖုတ်





တိုက်(မိလ္လာစွန့်ပြီး၊ ဖုံးအုပ်ရန်အတွက် သဲနှင့် ဖွဲပြာများထား၍ရှိသော နေရာ)သာ ရှိပြီး၊ ပေ(၂၀)စီခြား၍ အတန်းလိုက် စိုက်ပျိုးထားသော သရက်ပင်ပုကလေးများ ရှိပါသည်။ အပင်သက်တမ်း ဘယ်လောက်ရှိပြီတော့ မခန့်မှန်းတတ်ပါ၊ အသီးလည်း မသီးပါ၊ အရိပ်ရရုံသာ ရှိပါသည်၊ သရက်ပင်ပုကလေးများ၏အရင်းတွင် အကျဉ်းသားများ နားနေရန်အတွက် သစ်သားဖြင့် ထိုင်ခုံကလေးများ ရိုက်ထားရာ အားလပ်ချိန်တွင် အရိပ်ခိုရင်း နားနေအပန်းဖြေရန် အဆင်ပြေလှပါသည်။

ထိုအချိန်က ပျားဂေဟာ ခေတ်စားသောအချိန်ဖြစ်သဖြင့် ကျွန်တော်တို့ထောင်မှူးများ အပတ်စဉ်အလိုက် သင်တန်းဆင်း သောအခါ ထောင်ပိုင်ကြီး ဦးဘီမဂ္ဂနန်းက ဝက်နှင့် အသားစားကြက် မွေးမြူရန် ညွှန်ကြားသဖြင့် အချုပ်ဆုံးလုပ်ငန်းနှင့်တွဲဘက်ပြီး လုပ်ကိုင်ရပါသည်။ သယ်န်းကျွန်းကြီးရွာ၊ မင်္ဂလာဒုံတစ်ပိုက်နှင့် ပဲခူးဘုရားကြီးဘက်အထိ ဆင်းပြီး၊ ဝက်ပေါက်ကလေးများနှင့် ဝက်ဖျန်းများအား ဝယ်ရပါသည်။ နိုင်ငံခြားဝက်မျိုးများအား (၁၀) မိုင်ဝက်မွေးမြူရေးခြံနှင့် ပဲခူး ဘုရားကြီး ဝက်မွေးမြူရေးခြံများမှ သွားရောက်ဝယ်ယူရပြီး၊ မြန်မာဝက်များနှင့် သားစပ်မျိုးပွားပြီး၊ ထောင်တွင်းရိက္ခာနှင့် ပိုလျှံသော ဝက်များအား ဆင်မလိုက်သို့ သွင်းရပါသည်။ အသားစားကြက်များကိုတော့ ထောင်ဆေးရုံရိက္ခာအတွက် နေ့စဉ်သွင်းရပါသည်။ အောင်လည်း အောင်မြင်ပါသည်။

နောက်ပိုင်းတွင် ထောင်ပိုင်ကြီးအနေဖြင့် လုပ်ငန်းချဲ့ထွင်ရန်အတွက် လုံခြုံရေးစိတ်မချရသော ၃/ဆောင်မှ အကျဉ်းသား များအား ၄/ဆောင်နှင့် ၅/ဆောင်သို့ ပြောင်းရွှေ့ပြီး ၃/ဆောင်အား ငုံးနှင့်ကြက် မွေးမြူရေးအဆောင် လုပ်လိုက်ပါတော့သည်။

ကျွန်တော့်အားလည်း အချုပ်ရုံး လုပ်ငန်းတာဝန်များအား ထောင်မှူးဦးတင်ထွန်းသို့ လွှဲပြောင်းစေပြီး၊ မွေးမြူရေးလုပ်ငန်းကို အဖြစ်းစီးလုပ်ကိုင်စေသဖြင့် မွေးမြူရေးထောင်မှူးဘဝသို့ ရောက်ရှိပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်တော်တို့အဖွဲ့တွင် ထောင်မှူးကြီး ဦးမြင့်အောင်က တာဝန်ခံဖြစ်ပြီး၊ ကျွန်တော်က ဒုတိယတာဝန်ခံဖြစ်ပါသည်။ ကြက်ဥဖောက်စက်၊ ငုံးဥဖောက်စက်နှင့် ကြက်ပေါက်နှင့် ငုံးပေါက်ကလေးများအား အပူပေးခြင်း၊ ဥငုံးမကြီးများ မွေးမြူခြင်း၊ အသားစားကြက်များအား မွေးမြူခြင်းနှင့် အလုပ်ဘက်ဝင်းနှင့် ထောင်ဝင်း ဗြင်ပတွင် နိုင်ငံခြားဝက်များအား မွေးမြူခြင်း လုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်ရပါတော့သည်။

ဝက်မွေးမြူရေးခြံအတွက် တပ်ကြပ်ကြီး ဦးကြည်မောင်၊ တပ်သား မောင်လှဝေနှင့် အခြားဝန်ထမ်း (၃)ဦးရှိပြီး၊ ငုံးမွေးမြူရေးအတွက် တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် တပ်သားဝင်းသိန်း အပြင် အခြားဝန်ထမ်းသုံးဦးလည်း ရှိပါသည်။ အလုပ်သမားများ အနေဖြင့်တော့ မွေးမြူရေးလုပ်တတ်သူ ရဲဘက်များ ရှိပါသည်။

လုပ်ငန်းအစတွင် အုတ်ကျင်းဦးမြဆောင် မွေးမြူရေးလုပ်ငန်းမှ ကြက်ဥဖောက်စက်နှင့် ကြက်ပေါက်ကလေးများ ဝယ်ယူရပြီး၊ အစာကိုတော့ ဒညင်းကုန်း အစာစား စက်ရုံမှ ဝယ်ယူရပါသည်။ ငုံးမွေးမြူရန် အတွက် ငုံးအိမ်များကိုတော့ ထောင်ပိုင်ကြီး ဦးစီး၍ အလုပ်ဘက်ဌာနတွင် လုပ်နိုင်းရပါသည်။ ထို့အပြင် ငုံးပေါက်၊ ကြက်ပေါက်ကလေးများအား အပူပေး မွေးမြူရန်အတွက် အပူပေးစလောင်းကြီးများကိုလည်း အလုပ်ဆက်ဌာနကပင် လုပ်ကိုင်ပေးပါသည်။

(၆)လလောက်အတွင်း အတော်အောင်မြင်လာသဖြင့် ငုံးဥများအား ဂေဟာသို့ ပေးသွင်းရပါသည်။ ထိုအချိန်က ငုံးဥတစ်လုံး (၂၀)ပြားသာ ရရှိပါသည်။ သို့နှင့် ငုံးဥဖောက်စက်များ၊ ကြက်ဥဖောက်စက်များအား ထောင်ပိုင်ကြီးမှ ဦးဆောင်တီထွင်၍ လုပ်ငန်းတိုးချဲ့လာခဲ့ရာ တစ်နှစ်ခန့်အကြာတွင် ငုံးကောင်ရေ (တစ်သိန်း)ကျော်ဖြစ်လာခဲ့ပြီး၊ ၃/ဆောင်အပေါ်လေးခန်းတွင် ဥငုံးကြီးလှောင်အိမ်များဖြင့် ပြည့်နှက်သွားပါတော့သည်။





အောက်ခန်းလေးခန်းတွင်လည်း ငုံးဥဖောက်စက်ခန်း၊ အပူပေးခန်းများနှင့် ပြည့်သွားပြီး ၃/ဆောင်အောက် ၄/ခန်းတွင် အလုပ်သမားရဲဘက်များ အိပ်ခန်းအဖြစ် အခန်းကန့်၍ ပေးရပါတော့သည်။

တစ်နေ့လျှင် ငုံးဥထွက်နှုန်းမှာလည်း (ငါးသောင်း)ကျော် ခြောက်သောင်းခန့် ဖြစ်လာပါသည်။ များဂေဟာသို့ ပေးသွင်းရာ ပိုလျှံနေသဖြင့် ထောင်တွင်းရှိ အကျဉ်းသား၊ အချုပ်သားများအား ကျွေးမွေးရပါတော့သည်။ ထောင်တွင်း၌ တစ်ပတ်တစ်ခါ အသားကျွေးလေ့ရှိရာ အပတ်စဉ်ငုံးဥ၊ ငုံးသားဖြစ်နေသောကြောင့် အကျဉ်းသား၊ အချုပ်သားများ ငုံးဥ/ငုံးသားမုန်းအောင် စားရပါတော့သည်။

ယခုလို ဆောင်းရာသီ ဒီဇင်ဘာလိုလမျိုးတွင် ၃/ဆောင်၌ အထူးအဆန်းကလေးများ ဖြစ်တတ်ပါသည်။ ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းမှာ အောင်မြင်လာပြီး၊ အကောင်ရေများလာသည် နှင့်အမျှ (၂၄)နာရီစောင့်ကြပ် ကြည့်ရှုရန် အလုပ်သမား လိုအပ်လာပါသည်။ ထို့ကြောင့် ရဲဘက်များအား အခန်းအလိုက် တစ်ခန်း လျှင် နေ့(၁၀)ဦးနှင့် ဝန်ထမ်းအင်ချုပ်တစ်ဦး၊ ညရဲဘက်(၄)ဦးနှင့် ရဲဘက်ဘာယာ(၁)ဦးတို့အား တာဝန်ချထားပေးရပြီး၊ အလုပ်သမား ရဲဘက် အားလုံးအတွက် ၃/ဆောင်အောက်(၄)ခန်းတွင် အိပ်စက်နားနေရန် စီစဉ်ပေးထားရပါသည်။

ဒီဇင်ဘာလတစ်ညတွင် ကျွန်တော် တာဝန်မှူးကျသဖြင့် ၁/ဆောင်အပေါ် (၁)ရုံးခန်းတွင် နားနေပြီးနောက် ညကင်းစစ် တာဝန်ကို ယူရပါသည်။ ၃–ဆောင်အပေါ်၊ အောက်ခန်းများအား စစ်ဆေးပြီးနောက် အဆောင်အပြင် လုံခြုံရေးကို စစ်ဆေးရပါသည်။ ထူးခြားမှုမရှိပါ။ ရဲဘက်အလုပ်သမားများ သူ့တာဝန်သူ ထမ်းနေကြပြီး၊ လုံခြုံရေးနှင့် လျှပ်စစ်မီးအခြေအနေလည်း ကောင်းမွန်ပါသည်။

ည(၁၀)နာရီကျော်ခန့်တွင် ရုံးခန်းပြန်၍ နေရင်းတပည့်ဖြစ်သူ တပ်သား ဝင်းသိန်းနှင့် စစ်တုရင်ထိုးနေခိုက်၊ ရဲဘက်တစ်ယောက်ခန့်၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်တည်း အသံနက်ကြီးဖြင့် ကြောက်လန့်တကြား အော်ဟစ်သံကြောင့် ဝန်ထမ်းများအား အရေးပေါ်စုစည်းပြီး ၃/ဆောင်အောက် ၄/ခန်းသို့ ပြေးရပါတော့သည်။ အခန်းသို့ရောက်သော် အလုပ်သမားရဲဘက်အားလုံး အိပ်နေရာမှ ငုတ်တုတ်ထိုင် နေကြပြီး၊ ကြောက်လန့်တကြားပုံစံနှင့် မျက်နှာတွင်လည်း ချွေးများပြန်၍ နေကြပါသည်။

"ဘာဖြစ်ကြတာလဲကွ"

"ဆရာ ဝက်ကြီး ဝင်လာလို့"

"မဟုတ်ပါဘူး ခွေးကြီးပါ"

"မဟုတ်ပါဘူး ဆိတ်ကြီးပါ"

အိပ်ခန်းတွင်းရှိ ရဲဘက်များ ကြောက်လန့်တကြားနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုတိုင်တန်းကြပါသည်။

"ဟ ဘာတွေလဲကွ၊ တစ်ယောက်တစ်ပေါက်နဲ့၊ မင်းတို့ အိပ်ခန်းတံခါး ပိတ်ထားတာ၊ ဘယ်ကဝက်က ဝင်လာနိုင်မှာလဲ၊ ဝက်ဝင်ဝင် ခွေးဝင်ဝင် ကြောက်စရာလား၊ လူ(၅၀)လောက်ရှိတဲ့ ဥစ္စာ၊ အော်လိုက်ကြတာ ငယ်သံကိုပါလို့၊ မိန်းမတွေကျနေတာပဲ"

"ဒီနေ့ည ကင်းဘာယာဘယ်သူလဲ၊ ထွက်ခဲ့စမ်း"

"ကျွန်တော်ပါ ဆရာ၊ ဆွန်ဇာကျင်ပါ"

ဦးဆွန်ဇာကျင်မှာ ချင်းလူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာကိုးကွယ်၍ စစ်သားဟောင်းကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ထောင်ပိုင်ကြီး ယုံကြည်အားကိုးသော ရဲဘက်ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါသည်။

"ဦးဆွန်ဇာကျင်၊ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်တော် ညကင်းဘာယာတာဝန်ကို ည(၇)နာရီ ထောင်ပိတ်ချိန်ကစပြီး ယူရပါတယ် ဆရာ၊ ညသမားတွေကို တာဝန်ခွဲပြီး အပေါ်ထပ်၊ အောက်ထပ် တာဝန်ခွဲ၊ နေရာချပြီးတာနဲ့ ကျွန်တော် အောက်ထပ် (၄)ခန်း အိပ်ခန်းတံခါးကြီးကို ပိတ်ပြီး၊ စင်္ကြံလမ်းမှာ ညကင်းဘာယာတာဝန်ကို





ယူနေတုန်း ည(၁၀)နာရီ လောက်မှာ ကျွန်တော့်အိပ်ရာခေါင်းရင်း သံတိုင်ကြားကနေ ဝက်မျက်နှာနဲ့ ခွေးကိုယ်လုံး၊ ဆိတ်ချိုတတ်ထားတဲ့ အကောင်ကြီးတစ်ကောင် ဝင်လာပါတယ် ဆရာ၊ ကျွန်တော်လည်း အိပ်ရာပေါ်မှာ လှဲနေတုန်း၊ ကျွန်တော့်ကိုယ်ပေါ် ဖြတ်နင်းသွားပြီး၊ ဘာယာတန်း ကြားကနေ အိပ်ခန်းထဲကို ဝင်သွားပါတယ်၊ အိပ်နေတဲ့ ရဲဘော်တွေကို ဖြတ်နင်းသွားပြီး၊ ၄/ခန်းနောက်ဆုံး ပြတင်းသံတိုင်ကြားကနေ အပြင်ထွက်သွားပါတယ် ဆရာ၊ ကျွန်တော်လည်း အနင်းခံရလို့ နာတာနဲ့ လန့်ပြီးအော်လိုက်မိသလို၊ အိပ်ခန်းထဲက ရဲဘက်တွေ လည်း အနင်းခံရလို့ လန့်အနိုးမှာ၊ အဲဒီခွေးလိုလို၊ ဝက်လိုလို၊ ဆိတ်လိုလို အကောင်ကြီးကို မြင်လိုက်ကြလို့ လန့်ပြီးအော်မိကြတာပါ ဆရာ"

"ဦးဆွန်ဇာကျင်၊ ခင်ဗျားလည်း အသက်ကြီးပြီ၊ နောက် ပြီး စစ်သားဟောင်းကြီးပဲ၊ စိတ်ချလို့ ခင်ဗျားကိုဘာယာအင်ချုပ် ခန့်ထားတာ၊ အိပ်ချင်မူးတူးနဲ့ အိပ်မက်မက်ပြီး ကမ္ဘောင်ချောက် ချားတွေ ပြောမနေပါနဲ့ ညကင်း ဘာယာအင်ချုပ်လုပ်ပြီး၊ ကင်းမစောင့်ဘဲ အိပ်ပျော်သွားလို့ မဟုတ်လား၊ မနက်ဖြန် ကင်းအိပ်မှုနဲ့ ခင်ဗျားကို ရုံးတင်မယ်"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် မလိမ်တတ်ပါဘူး၊ ကျွန်တော် ညတိုင်းပဲ၊ ကျွန်တော် ကင်းချိန်းပြီးလို့ ည(၁၁)နာရီ ကျော်မှ ကင်းတာဝန် ခဲလွှယ်ပြီးမှ အိပ်တာပါ၊ ကျွန်တော် ကင်းတာဝန်ချိန်မှာ ဘယ်တော့မှ အိပ်ပါဘူး ဆရာ"

"ကဲ–အခန်းထဲကကောင်တွေ ထွက်ခဲ့စမ်း၊ ဘာဖြစ်ကြတာလဲ ပြောစမ်း၊ ဝင်းသိန်း အိပ်ခန်းတံခါးကြီး သော့ဖွင့်ပေးလိုက်ပါ"

"ဟုတ်ကဲ့ဆရာ"

တပ်သားဝင်းသိန်း အိပ်ခန်းတံခါးကြီးအား သော့ဖွင့်ပေးပြီးနောက်၊ အခန်းလူကြီး ထွက်လာပြီး–

"ဟုတ်ပါတယ် ဆရာ၊ ဆရာကြီး ဆွန်ဇာကျင် ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်၊ ရဲဘက်တွေ အိပ်နေကြတုန်း ကိုယ်ပေါ်ကို ဝက်လိုလို ခွေးလိုလိုအကောင်ကြီး တက်နင်းသွားလို့ လန့်ပြီး အော်မိကြတာ ပါ၊ ကျွန်တော်နဲ့အတူ မအိပ်သေးဘဲ ထိုင်စကားပြောနေတဲ့ လူလေးငါးယောက်လည်း မြင်လိုက်ကြပါတယ် ဆရာ၊ ဝက်မျက်နှာမှာ အစွယ်ပြူးပြူးကြီးနှစ်ချောင်းလဲ ထွက်နေပြီး၊ ခေါင်းမှာလည်း ဆိတ်ချိုလို အရစ်ရစ်နဲ့ ချိုနှစ်ချောင်းလည်း ပါပါတယ်၊ နင်းသွားတာ မြန်လွန်းလို့ တစ်ပြိုင်တည်း အော်သလို ဖြစ်သွားတာပါ ဆရာ၊ ကျွန်တော်တို့ မအိပ်သေးတဲ့လူတွေကိုတော့ မနင်းသွားပါဘူး ခင်ဗျာ"

"အေး ကောင်းကွာ၊ ဘာယာတန်း ၄"× ၂" ပျဉ်းကတိုးတိုင်ကြီးတွေကြားမှာ ၂"လောက်ပဲ လွတ်တဲ့ဥစ္စာ၊ ဒီဝက်ကြီးက ဘယ်လိုလုပ်ပြီး ဝင်နိုင်မှာလည်း၊ ခင်ဗျားတို့ဥစ္စာ မဟုတ်သေးပါဘူး"

"အဟုတ်ပါဆရာ၊ ဘာယာတန်းကြားကနေ တိုးဝင်လာပြီး ရဲဘက်တွေကိုနင်းပြီးမှ နောက်ဆုံးအပေါက် သံတိုင်ဇတွေကြားကနေ ထွက်သွားတာပါ"

"ကဲ ငါ့ကိုပြစမ်း၊ အဲဒီနေရာတွေ ကြည့်ရအောင်"

ကျွန်တော်လည်း ဝန်ထမ်းများနှင့်အတူ အိပ်ခန်းထဲဝင်ပြီး ၎င်းတိရစ္ဆာန်ကြီးဝင်သောနေရာနှင့် ထွက်သောနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးပါသည်။ သို့သော် ဘာသဲလွန်စမှ မတွေ့ရှိရသဖြင့် မယုံနိုင်အောင် ဖြစ်ရပါတော့သည်။ ၎င်းတိရစ္ဆာန်ကြီး ထွက်သွားသည်ဆိုသော အပေါက်နေရာတွင် ဆေးဖြူသုတ်ပြီး လိုင်းဆွဲထားသဖြင့် .

"ဦးဆွန်ဆာကျင်၊ ဒီနေရာက ဘာပြုလို့ ဆေးဖြူသုတ်ပြီး လိုင်းဆွဲထားတာလဲ၊ ရဲဘက်တွေ ဒီနေရာမှာ မအိပ်ကြဘူးလား"

"ဆရာ အဲဒါ ဒီအဆောင်ကို ငုံးမွေးမြူရေးအဆောင်မလုပ်ခင်ကတည်းက အရင်လူဟောင်းတွေ ဆွဲသွားတာနဲ့တူပါတယ်၊ ဒီနေရာမှာ ရဲဘက်တွေ မအိပ်ရဲကြဘူး ဆရာ"





"ဘာဖြစ်လို့လဲ၊ ဦးလွန်ဇာကျင်"

"ခင်ဗျားကိုယ်တိုင် ကြုံဖူးလို့လား"

"ကျွန်တော်ကိုယ်တိုင်တော့ မကြုံဖူးပါဘူး ဆရာ၊ ဒီအခန်းထဲဘာ မယုံလို့အိပ်ကြတဲ့ လူသုံးလေးယောက်လောက် အဲဒီအတိုင်း ခံရတာပဲဆရာ၊ ကိုယ်တွေ့ကြုံဖူးတဲ့ လူနှစ်ယောက်ကို ကျွန်တော် ခေါ်ပေးမယ်ဆရာ"

"ကဲ မောင်လုနဲ့ မောင်တင့်တို့ ထွက်ခဲ့စမ်းကွာ"

ဦးဆွန်ဇာကျင် ပြောအပြီးတွင် အသက်(၂၀)ခန့်စီရှိမည့် လူရွယ်နှစ်ဦး ထိုင်နေရာမှ ထလာကြပါသည်။

"မင်းတို့နှစ်ယောက်က ဦးဆွန်ဇာကျင်ပြောသလို လက်တွေ့ကြုံကြတာလား၊ ပြောစမ်းကွာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က အမွှာပူးပါ၊ မားပြမှုနဲ့ ထောင်ဒဏ်(၇)နှစ်စီ ကျခံရတာပါ၊ တောမှာနေတုန်းကတည်းက အကြောက်အလန့်ကို မရှိခဲ့ပါဘူး၊ အပြင်မှာကတည်းက မွေးမြူရေးလုပ်ခဲ့ဖူးလို့ ထောင်ပိုင်ကြီးက ငုံးဆောင်မှာ အလုပ်ချပေးတာပါ၊ ရောက်စက အဲဒီမျဉ်းဆွဲထားတဲ့နေရာမှာ နေရာလွတ်တာနဲ့ ညီအစ်ကိုနှစ်ယောက် အတူအိပ်ကြပါတယ်၊ အဲ့ဒါ ည(၁၂)နာရီလောက်မှာ ညည်းရှန်းကန်ပြီး ထအော်မှ လွတ်သွားတာပါ၊ အိပ်မက်လိုလို၊ တစ်ကယ်လိုလိုနဲ့ ကျွန်တော် တို့ ညီအစ်ကို နှစ်ယောက်စလုံး တကယ်ခံစားခဲ့ရတာပါ ဆရာ"

"ဟုတ်ပါတယ်ဆရာ၊ အစ်ကိုပြောသလိုပါပဲ၊ ပထမတော့ အဲဒီအမျိုးသမီးနှစ်ယောက်က ခပ်ချောချောပဲ၊ နောက်မှ သရဲမဖြစ်သွားပြီး ညည်းပင်းညှစ်တော့တာပဲ ဆရာရေ"

"ကဲ ကဲ ထားတော့၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှုဟာ ထောင်လုံခြုံရေးကို ထိခိုက်တယ်၊ ထောင်ဥပဒေ ပုဒ်မ (၄၅) အရ မင်းတို့ကို အရေးယူလို့ရတယ်၊ ထောင်ထဲမှာ အများသူငါ ထိတ်လန့်အောင်၊ ထောင်ဆူပူအောင် မလုပ်ရဘူး။ဒီကိစ္စ ထောင်ပိုင်ကြီး သိသွားရင် မင်းတို့အရေးယူခံရလိမ့်မယ်၊ ဒီကိစ္စ ဒီမှာတင်ရပ်တော့၊အခြေအမြစ်မရှိတာတွေကို ပြောမနေကြနဲ့ တော့။ နောက်တစ်ခါ ဆူပူအော်ဟစ်ရင် မင်းတို့ကို ပြင်းပြင်းထန်ထန် အရေးယူရလိမ့်မယ်၊ ကြားတယ်မဟုတ်လားဟေ့''

''ဟုတ်ကဲ့ ကြားပါတယ်ဆရာ၊ ကျွန်တော်တို့ သတိထားပြီးအိပ်ပါ့မယ်''

''ကဲ ဦးဆွန်ဇာကျင်၊ အိပ်ခန်းတံခါးပြန်ပိတ်၊ ကလန့်ထိုးသော့ခတ်၊ ကင်းချိန်မှာ လုံးဝမအိပ်ပါနဲ့၊ တုံးလုံးလဲ မလှဲပါနဲ့၊ ဒါဟာ ဆောင်းတွင်းမို့ အိပ်မက်ဆိုးတွေ မက်တာပဲ၊ ယောက်ျားချည်းပဲ၊ လူ(၅၀) လောက်ရှိတာ၊ ဒီတစ်ခါ အဲဒီအကောင်ကြီးဝင်လာရင် ဝိုင်းဖမ်းထားလိုက်ကြ၊ မနက်ဖြန် ဖိုကြီးမှာ ခင်ဗျားတို့အတွက် စပယ်ရှယ်ချက်ပြီး ကျွေးမယ်''

ထောင်မှူးကြီးသိန်းဝင်း
သည်းထိရင်ဖိုမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၅



www.burmeseclassic.com

www.burmeseclassic.com

## ဆေး၍မစင်သော လက်များ

ဆောင်းရာသီ၊ ဒီဇင်ဘာမို့ ထောင်တွင်း၌လည်း သာယာရှင်းလင်းနေပါသည်။ အလုပ်အကိုင်မရှိသူများကိုလည်း အလုပ်အကိုင်ပေးနိုင်သော နေရာဖြစ်သဖြင့် ထောင်တွင်း၌ အမှိုက်တစ်စ၊ ကွမ်းသွေးတစ်စက်မျှပင် မရှိပါ။ နှစ်ထပ်အိပ်ဆောင်အုတ်တိုက်နီနီများ သန့်ရှင်းသပ်ရပ်နေသလိုပင်၊ အုတ်ဝင်းထရံအားလုံးလည်း ဖြူဖွေး သန့်စင်လျက်ရှိပါသည်။ အိပ်ဆောင်အဝင် သံတိုင်စည်း ရိုးများမှာလည်း ဆေးနီရောင်ရဲလျှက်ရှိပြီး၊ အိပ်ဆောင်မျိုးများ အပြိုင်အဆိုင် ထောင်တွင်း၌ အလှအပပန်းများ စိုက်ပျိုးထားကြ၍လည်း သေသေသပ်သပ် လှပဝေဆာနေပြီးစိတ်ကြည်နူးချမ်း မြေ့စရာကောင်းလှပါသည်။

ထောင်အဝင်တံခါးမကြီးမှ မိန်းဂျေး၊ မိန်းဂျေးမှ ဖိုကြီးပတ်ဝန်းကျင်နှင့် ဖိုကြီးမှ အလုပ်ကြီးဘက်အသွား လမ်းဘေးဝဲယာတွင် ရောင်စုံပန်းပင်များအား အကွက်ချ၍ စနစ်တကျ စိုက်ပျိုးထားသဖြင့် အမှုအခင်းမျိုးစုံဖြင့် ထောင်သို့ ရောက်ရှိလာသူများအတွက် ဘဝအမောပြေစရာ စိတ်ချမ်းသာမှုကိုတော့ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ပေးစွမ်းနိုင်လိမ့်မည်ဟု ထင်ပါသည်။





ရုံးခန်း၌ ထိုင်၍ ထောင်တွင်း အလှအပများအား ခံစားရင်း စိတ်ကူးယဉ်နေမိသော ကျွန်တော့်ထံသို့ ထောင်ပိုင်ကြီးရုံးမှ အော်ဒလီမှတ်ကြီး ရောက်ရှိ၍လာပါသည်။

"ဆရာ–ထောင်ပိုင်ကြီး ခေါ်ခိုင်းလိုက်ပါတယ်။ အရေးကြီးလို့တဲ့၊ ထောင်ပိုင်ရုံးကို အမြန်လာခဲ့ပါတဲ့"

မောင်မှတ်လာလျှင် အရေးမကြီးသောကိစ္စ မရှိပါ။ အရေးပေါ်ကိစ္စတစ်ခုခုတော့ ပါလာတတ်သည်။

"အေး အေး၊ မောင်မှတ် အခုပဲ လာခဲ့မယ်"

မနက်ခင်းရုံးကိစ္စများအား ရုံးအဖွဲ့အား ခေါ်ယူ၍ မှာ ကြားခဲ့ပြီး ထောင်မှူးဝသို့ အပြေးတစ်ပိုင်း ချီတက်ခဲ့ရပါတော့သည်။

ထောင်ပိုင်ကြီးရုံး၊ ဆင်နားရွက်တံခါးလေးအား တွန်းဖွင့် ဝင်ပြီး ထောင်ပိုင်ကြီးအား အလေးပြုလိုက်သည်နှင့်ပင် ထောင်ပိုင်ကြီးမှ–

"လာ–ထိုင် ဦးသိန်းဝင်း၊ အရေးကြီးတဲ့ကိစ္စ ရှိတယ်။ ခင်ဗျားအလုပ်တာဝန်တွေ အားလုံးကို ထောင်မှူး ဦးထွန်းခင်ကို လွှဲထားလိုက်ပါ၊ နေ့လည်စာ စားပြီးတာနဲ့ (၁၂)နာရီတိတိ ကျွန်တော့် ရုံးခန်းကို လာခဲ့ပါ၊ ကြီးသမားတစ်ယောက် ကိစ္စ၊ ခင်ဗျား တာဝန် ယူရမယ်"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ထောင်ပိုင်ကြီးအား အလေးပြု နှုတ်ဆက်ပြီး အချုပ်ရုံး ခန်းသို့ ပြန်ခဲ့ပါသည်။ ရုံးခန်း၌လည်း အလုပ်တွေ တစ်ပုံတစ်ပင် ကြီး ယနေ့လို သောကြာနေ့တွင် ရုံးထုတ်၊ ရုံးပြန်လူ (၁၀၀၀)ကျော်၊ အာမခံလွတ်လူ ကလည်း ရာဂဏန်းနည်းနည်း ရှိတတ်ပါသည်။ အချုပ်လူသစ် မှတ်ပုံတင်နေ့လည်း လူ(၂၀၀)ကျော် ရှိပါသည်။ အလုပ်အားလုံးကို ထောင်မှူး ဦးထွန်းခင်အား လွှဲလိုက်ပါသည်။ မနက်ခင်းရုံးကိစ္စများအား ဖြေရှင်းအပြီး (၁၁)နာရီခန့်တွင် အိမ် ပြန် ထမင်းစား၍ နေ့လည် (၁၂)နာရီတိတိအချိန်တွင် ထောင်ပိုင်ရုံးသို့ သတင်းပို့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ကြီးထံမှ မနီလာစာအိတ်ပေါ်တွင် ကြက်ခြေခတ် အနီ အမှတ်အသားပြုထားပြီး၊ ကြိုးနီစည်းထားသော စာအိတ်ကြီး တစ်အိတ်အား ရရှိပါသည်။ မနက်ဖြန် မနက် (၄ း ၃၀)နာရီ ကြိုးပေးကွပ်မျက်ရမည့် ကြိုးသမားတစ်ဦး၏ကိစ္စ ဖြစ်ပါသည်။ အသေးစိတ်ဖတ်ရှုပြီး မှတ်သင့်တာကို မှတ်စုစာအုပ်တွင် ရေးမှတ်ရပါသည်။

ထိုစဉ် ထောင်ပိုင်ကြီးမှ "ဦးသိန်းဝင်း၊ အသေအချာလေ့လာပြီး မှတ်သင့်တာကို မှတ်ပါ၊ လူကိုလည်း ရင်ကွဲတိုက်(တိုက်-၂)မှာ သွားကြည့်စစ်ဆေးပါ၊ တခြားအဖွဲ့တွေကိုလည်း သူ့နေရာနဲ့သူ တာဝန်ပေးထားပြီးပါပြီ ထောင်ဆရာဝန်ဆီကိုလည်း သွားပါ၊ နောက်ဆုံး စစ်ဆေးချက် အမြန်လိုချင်တယ်၊ ပြီးတော့ ကြိုးစင်ကိုသွားစစ်ပါ၊ အဲဒီမှာ တပ်ကြပ်ကြီး ဦးစိုးတင့်ကို တာဝန်ပေးထား တယ်။ သူက လုပ်နေကျလူဆိုပေမယ့် အသက်ကြီးတော့ အမှားအယွင်း ဖြစ်မှာစိုးလို့ပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး၊ စိတ်ချပါ ခင်ဗျား"

ထောင်ပိုင်ကြီးအား အလေးပြု နှုတ်ဆက်၍ အချုပ်ရုံးခန်းသို့ ပြန်ခဲ့ပါသည်။ ရုံးခန်း၌ မှတ်စုစာအုပ်ဖွင့်၍ အသေးစိတ်အချက် များအား တစ်ဖန်ပြန်၍ လေ့လာဖတ်ရှုရာ ရန်ကုန်တိုင်းမြို့နယ်တစ်ခုတွင် ဖောက်ထွင်း ပစ္စည်းယူ မုဒိမ်းကျင့် လူသတ်သော တစ်ကိုယ်တော် ဖောက်ထွင်းဗိုလ် ကျော်တင့်ဆိုသူ ဖြစ်ပါသည်။ ၎င်းအား ထောင်တွင်း၌ စနေသားဟု လူသိများပါသည်။ ထောင်သို့ မကြာခဏ ရောက်တတ်သူဖြစ်ပြီး ဖောက်ထွင်းဗိုလ်သာဖြစ်ပြီး၊ ယခုကြကာမှ မုဒိမ်းမှုနှင့် လူသတ်မှုပါလာခြင်း ဖြစ်ပါသည်။ ကြိုးတိုက်သို့ သွားကြည့်ရာ တရားခံမှာ တိုက်ထောင်မှူး ဦးထွန်းအောင်လွင်နှင့် အေးဆေးစွာ စကားပြောနေသည်ကို တွေ့ရပါသည်။

တစ်ဖန် ထောင်ဆေးရုံသို့ သွား၍ ဆရာဝန် ဦးထွန်းလွင်နှင့် တွေ့ရာ မနက်ခင်း ကြိုးသမား၏ ဆေးစစ်ချက်အား ထုတ်ပေးပြီး ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးစစ်ချက်တွင် လက်မှတ်ထိုးပေး





ပါသည်။

ကြိုးစင်၌လည်း တာဝန်ကျသော တပ်ကြပ်ကြီး ဦးစိုးတင့်မှာ ကြိုးစင်သန့်ရှင်းရေး လုပ်ထားပြီး၊ စက်သီးဘီးများ၊ ခြေနင်းသံဘာဂျာ တံခါး အဖွင့်အပိတ် သေတ္တာများအား စစ်ဆေးပြီး အမဲဆီများ ထည့်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်မှ "အဘ အကုန်စစ်ပြီးပြီလား"

"ဩော် ဆရာ ဦးသိန်းဝင်း ခင်ဗျား တာဝန်မှတ်တယ်၊ အကုန်စစ်ဆေးပြီးပါပြီ၊ ခြေနင်းတံခါး၊ ပတ္တာတွေ သံချေးတက်နေလို့ နည်းနည်း ကြပ်နေတယ်။ အဲဒါ သန့်ရှင်းရေးလုပ်၊ အမဲဆီထိုး ပြီးရင် ပြီးပါပြီ၊ ကြိုးကတော့ ညမိုးချုပ်မှ တပ်မယ်၊ ကြိုးတပ်ပြီး အလေးချိန်တူတဲ့ သဲအိတ်နဲ့ အစမ်းလုပ်ကြည့်ရဦးမယ်၊ ဆရာ ကြိုးသမား ကိုယ်အလေးချိန် ဆရာဝန်ဆီက ရပြီလား"

"ရပါပြီဗျာ ပေါင် (၁၀၀)တောင် မပြည့်ပါဘူး၊ လူဗလံလေးပါ၊ (၉၆)ပေါင်ပဲ ရှိတယ်"

"အင်း၊ ပေါင် (၁၀၀)အောက်ဆိုတော့ ကြိုးသမားဥပဒေအရ ကြိုးအတိုင်းအတာ (၁၀)ပေနဲ့ ခြောက်လက်မပေါ့ဗျာ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဆရာကြီးက အလွတ်ကို ရနေတော့တာပဲနော်"

"လုပ်ရိုးလုပ်စဉ် ဖြစ်နေပါပြီ ဆရာရယ်"

"အင်း ဆရာဦးစိုးတင့် ပင်စင်သွားရင်တော့ ခက်ဦးမယ်၊ အခု ဆရာကြီး အသက် ဘယ်လောက်ရှိပြီလဲ"

"(၅၇)နှစ်ရှိပြီ ဆရာရေ၊ နောက် (၃)နှစ် ကျန်ပါသေးတယ်၊ နောက်တော့လည်း ဒါမျိုးတွေ ရှိချင်မှ ရှိတော့မှာပါ"

"ထောင်နဲ့ ကြိုးစင်၊ ကြိုးစင်နဲ့ ကြိုးသမားဆိုတာကတော့ ခေတ်တိုင်းမှာ ရှိနေမှာပါပဲ ဆရာကြီးရေ၊ ကျွန်တော်ကတော့ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



မနက်အတွက် ဒေါက်ဖြုတ်ဆရာပေါ့"

"ကဲ စိတ်ချပြီ ဆရာကြီးရေ၊ ကျွန်တော်လည်း ထောင်ပိုင်ဆီ သွားပြီး အစီရင်ခံစာ တင်လိုက်ဦးမယ်ဗျို့"

သို့နှင့် ထောင်ပိုင်ကြီး ရုံးခန်းသို့ သွား၍ ဆရာဝန်ဆေးစစ်ချက် မှတ်တမ်းများနှင့် ကျွန်တော် စစ်ဆေးခဲ့သည့် အစီရင်ခံစာများအား ပေးပို့ပါသည်။ ညနေလည်း စောင်းပါပြီ။ ရုံးထုတ် ရုံးပြန်ကိစ္စများ၊ အချုပ်အာမခံ လွှတ်လူကိစ္စများ ထောင်မှူး ဦးထွန်းခင်အား ကူညီလုပ် ဆောင်ပေးပြီးနောက် ညနေ (၆)နာရီ ထောင်ပိတ်ချိန်သို့ တိုင်ခဲ့ပြီဖြစ်ပါ သည်။ ယနေ့ သောကြာနေ့ဖြစ်သဖြင့် ထောင်တွင်း၌ လူဝင်လူထွက်များ ပါသည်။ ထို့ကြောင့် ထောင်ပိတ်ရာ ည(၈)နာရီထိုးမှ ပြီးစီးပါသည်။ ထောင်ပိတ်ပြီးသော်လည်း မပြန်ရသေးပါ။ ထောင်ပိုင်ကြီးနှင့်အတူ ကြိုး တိုက်သွား၍ ကြိုးသမားအား စစ်ဆေးရပြန်ပါသည်။

ထောင်ပိုင်ကြီးမှ ကြိုးသမားအား ယနေ့နောက်ဆုံး အယူ ခံရှုံးနိမ့်သဖြင့် မနက်ဖြန် မနက် (၄း၃၀)နာရီ အချိန်တွင် ကြိုးပေး ကွပ်မျက်ရမည်ဖြစ်ကြောင်း အသိပေးပြောကြားပါသည်။ ကြိုးသမားမှာ လူငယ်ကလေးဖြစ်သော်လည်း တုန်လှုပ်ချောက်ချားခြင်း မရှိပါ။ ကြိုးသမား အား နောက်ဆုံးစားသောက်လိုသော အစားအစာများအား မှာကြားရန် နှင့် ကိုယ်ရေးကိုယ်တာ ကိစ္စများအား တိုက်ထောင်မှူး ဦးထွန်းအောင်လွင် အား ပြောကြားလိုလျှင် ပြောကြားနိုင်ကြောင်း ထောင်ပိုင်းကြီးမှ အမိန့်ရှိ ပါသည်။

ကြိုးသမားမှ မှာကြားရန် အထူးမရှိပါကြောင်း၊ ၎င်းမှာ တစ် ကောင်ကြွက်ဖြစ်၍ ဆွေမျိုးသားချင်း အရင်းအချာ မရှိပါကြောင်း၊ အမှု ဖြစ်စဉ်မှာလည်း မတော်တဆမှုသာ ဖြစ်ကြောင်း သေဆုံးသူ အမျိုးသမီး အား သတ်ဖြတ်လိုစိတ်မရှိပါဘဲနှင့် အမျိုးသမီးမှာ ရုတ်တရက် ထအော် သဖြင့် ပါးစပ်ပိတ် လည်ပင်းညှစ်မိရာမှ သေဆုံးသွားရခြင်းဖြစ်ကြောင်း





နောက်ဆုံးအနေဖြင့် တောင်းဆိုလိုသည်မှာ ကြက်သားခေါက်ဆွဲကြော် တစ်ပွဲနှင့် ငါးသုံးလုံးစီးကရက်တစ်လိပ် သောက်လိုကြောင်း တောင်းဆိုပါ သည်။

ထောင်ပိုင်ကြီးမှ "ဦးသိန်းဝင်းရေ၊ ခင်ဗျား တပည့် စံသိန်းကို အင်းစိန်ဈေး လွှတ်ပြီး ဝယ်ခိုင်းလိုက်ပါ၊ ရိက္ခာရုံးက ငွေထုတ်သွားပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ချက်ချင်းပင် တပ်ကြပ်ကြီး စံသိန်းအား စက်ဘီးဖြင့် အင်းစိန်ဈေး လွှတ်ပြီး ဝယ်ခိုင်းရပါသည်။ ကြိုးသမားမှာ ခေါက်ဆွဲကြော်ကိုလည်း ကောင်းစွာ စားပါသည်။ ငါးသုံးလုံးစီးကရက်ကိုလည်း ကောင်းစွာသောက် ပါသည်။ ည (၉)နာရီကျော်ခန့်တွင် ကြိုးသမားအား ကျွေးမွေးပြီးနောက် ကြိုးစောင့်များအား အထူးမှာ ကြားပြီး ကျွန်တော်လည်း ညစာစားရန် အိမ်သို့ပြန်ခဲ့ပါသည်။

အိမ်တွင် ညစာစားသောက်ပြီးနောက် ဘုရားဝတ်ပြု၍ ကြိုး သမားအား မေတ္တာပို့ရပါသည်။ ပြီးနောက် အိပ်ရာဝင်ခဲ့သော်လည်း အတော်နှင့် အိပ်မပျော်ပါ။ တောင်တောင်အီအီ စဉ်းစားနေမိပါသည်။ ဇနီးသည်အားလည်း မပြောပြလိုပါ။ ကိုယ့်အပူ သူ့ဆီ ကူးသွားမှာကိုလည်း စိုးရိမ်မိပါသည်။ တွေးရင်းတောရင်း မှေးခနဲ အိပ်ပျော်သွားရာမှ မနက်(၂) နာရီခန့်တွင် အိပ်ရာမှနိုးပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေး ပြုလုပ်ပြီး နောက် ဘုရားဝတ်ပြု ပုတီးစိတ်ပြီး ဝေနေယျသတ္တဝါများအား အမျှဝေ ပါသည်။

ကျွန်တော်၏ လက်ဖြင့် အသတ်ခံရတော့မည် ကြိုးသမား ကျော်တင့်အားလည်း ဘဝကူးကောင်းစေရန် နောင်ဘဝများတွင် ယခု ကဲ့သို့ မခံစားရစေရန် မေတ္တာအကြိမ်ကြိမ် ပို့မိပါသည်။

မနက် (၃)နာရီတိတိ အချိန်တွင် ယူနီဖောင်း အပြည့်အစုံ ဖြင့် ထောင်တွင်းသို့ ဝင်ခဲ့ပါသည်။ ဤလို နေ့မျိုးတွင် ထောင်တွင်းရိက္ခာရုံ



www.burmeseclassic.com

www.burmeseclassic.com



၌ မှန့်ဟင်းခါးချက်လေ့ရှိပြီး၊ ဘုန်းကြီးအား ကပ်လှူ၍ သရဏဂုံတင်ပြီး နောက် ညှိသည်များအားလည်း ကျွေးမွေးလေ့ရှိပါသည်။

အချိန်နီးလာလေလေ၊ ကျွန်တော် စိတ်လှုပ်ရှားလာလေလေ ဖြစ်လာပါသည်။ ကြိုးသမားကိစ္စအား တွေ့ကြုံဖူးသော်လည်း ကိုယ်နှင့် ရန်ဘက်မဟုတ်သော ကျန်းမာရေးကောင်းမွန်သူတစ်ဦးအား တာဝန်အရ အရှင်လတ်လတ် လူအများရှေ့တွင် ဒေါက်ဖြုတ် သတ်ရမည့်အရေးမှာ မလွယ်ကူလှပါ။

ထောင်ပိုင်ကြီးလည်း ရုံးခန်းသို့ ရောက်ရှိလာပါပြီ။ သူလည်း ညက ကောင်းစွာ အိပ်ပျော်ဟန် မရှိပါ။ ရာထူးကြီးလေ၊ တာဝန်ကြီးလေ ဖြစ်ပါသည်။

မနက် (၄)နာရီတိတိတွင် ထောင်မှူးဦးထွန်းခင် ဖိတ်ခေါ် လာသော တရားသူကြီးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖွဲ့တို့လည်း စုံညီစွာ ရောက်ရှိလာပါသည်။ တပ်ကြပ်ကြီးစံသိန်း ပင့်ဆောင်လာသော ထောင် ကျောင်းဆရာတော် ဦးရေဝတအား အာရုံဆွမ်းကပ် လှူပြီးနောက် ကြိုး သမားအား သရဏဂုံတင်၍ အမျှအတန်းဝေပါသည်။ ပြီးနောက် ထောင် ဆရာဝန်မှ ကြိုးသမားအား နောက်ဆုံးအနေဖြင့် ကျန်းမာရေး စစ်ဆေး ပါသည်။ အသက်ရှုနှုန်း၊ သွေးခုန်နှုန်းနှင့် ကျန်းမာရေး ကောင်းမွန် ကြောင်း ဆေးစာတွင် အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ကျွန်တော်မှ ထောင်မှတ်ပုံတင်စာ အုပ်ကြီးဖြင့် အမည်၊ အဘအမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ ကိုယ်အလေးချိန်တို့ကို တိုက်ဆိုင် စစ်ဆေးပါသည်။ ပြီးနောက် အမှုဖြစ်စဉ် အကျဉ်းချုပ်ကို ကြိုးသမားအား ဖတ်ကြားပြရပြီး၊ မှန်ကန်မှု ရှိမရှိ မေးရပါသည်။ ကြိုးသမားက မှန်ကန်ကြောင်း ဝန်ခံသဖြင့် ထောင်မှတ်ပုံတင် စာအုပ်ကြီးတွင် လက်မှတ်ရေးထိုးစေရပါသည်။

ကိစ္စအဝဝအား ပြည့်စုံစွာ ဆောင်ရွက်ပြီးနောက် ကြိုးသမား အား အဖြူရောင် ဦးထုပ်ချွန်ပါ ဝတ်စုံအား ဝတ်ဆင်ပေးပြီးနောက် ကြိုးစင်





သို့ ခေါ်ဆောင်ရပါတော့သည်။

ရှေ့ဆုံးတွင် တပ်ကြပ်မောင်မောင်ကြီးအဖွဲ့က ကြေးစည်ရိုက်၍ သံဝေဂလက်္ခာအား ရွတ်ဆိုလာပါသည်။ အလယ်တွင် ကြိုးသမားနှင့် ကြိုးသမားထိန်း ထောင်မှူး ဦးထွန်းအောင်လွင်တို့ အဖွဲ့ဖြစ်ပြီး နောက် ဆုံးတွင် ကျွန်တော်တို့ အကျဉ်းထောင် အရာ ရှိများအဖွဲ့၊ တရားသူကြီး အဖွဲ့နှင့် ရဲအဖွဲ့ဝင်များ ဖြစ်ကြပါသည်။

ကြိုးစင်မှာ ကြိုးတိုက်အနောက်ဘက် အမှတ်(၁)မျှော်စင် အနီး နှင်းဆီခြံကြီးအတွင်း၌ မဲမဲကြီးရပ်တည်နေပါသည်။ ကြိုးသမားအား လှေကား (၁၃)ထစ်အား တက်စေပြီး ကြိုးပေးသည့် သံဘာဂျာတံခါးတစ်ခု အပေါ်၌ မတ်တတ်ရပ်စေကာ ကြိုးစင်တိုင်မှ မနီလာလျှော်ကြိုးဖြင့် လည်ပင်းအားစွပ်၍ အနေတော်တင်းပေးရပါသည်။ ထောင်ပိုင်ကြီး ကိုယ်တိုင် လုပ်ခြင်းဖြစ်ပါသည်။ ကျွန်တော့်အား ဒေါက်ဖြုတ်ရန် အသင့် နေရာယူစေပါသည်။ မနက် (၄း၃၀)နာရီ ဗဟိုကင်းမှ အချက်ပေးသံချောင်း နှစ်ချက်ခေါက်သည်နှင့် ထောင်ပိုင်ကြီးမှ ကျွန်တော့်အား အချက်ပေး ပါသည်။ ဒေါက်ဖြုတ်သံချောင်းအား ဘယ်လက်ဖြင့်ကိုင်၍ ကြိုးသမား ကျော်တင့်အား အမှုဝေကာ ဒေါက်ဖြုတ်ချလိုက်ပါတော့သည်။

ဂျိမ်း ဝုန်း အီး. . . ဟူသော အသံကြီးမှာ ကြိုးတိုက်အတွင်းရှိ လိုဏ်ခေါင်းသံကြီးနှင့်အတူ ပတ်ဝန်းကျင်အား ပဲ့တင်ရိုက်ခတ် မြည်ဟီး သွားပါတော့သည်။

တစ်ချိန်တည်း၌ ထောင်တွင်းဖိုကြီး ခေါင်းတိုင်ပေါ်မှ ငှက်ဆိုး များ ထိုးသံ၊ တကစ်ကစ်နှင့် အော်သံ၊ ကုက္ကိုပင်ကြီးများပေါ်မှ ကျီးကန်း များ ပြိုသံ၊ ထောင်ပြင်ရှိ ခွေးများ၏ အူသံတို့မှာ စည်းဝါးရိုက်ထားသကဲ့သို့ ဆူညံသွားပါတော့သည်။ စနေနေ့တွင် မွေးပြီး စနေနေ့တွင် အသတ်ခံရ သော ကြိုးသမား ကျော်တင့်၏ တိုက်ဆိုင်ပုံမှာလည်း အံ့ဩဖွယ်ရာပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




တာဝန်တစ်ခုတော့ ပြီးဆုံးသွားပါပြီ၊ ဤကဲ့သို့သော အနိဋ္ဌာရုံ ကိစ္စများအား နောင်တွင် မကြုံရလေအောင် ဆုတောင်းမိပါသည်။ စိတ်တွင်း၌လည်း မဖော်ပြနိုင်လောက်အောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိပါသည်။

ကိစ္စအဝဝ ပြီးဆုံးပြီးနောက် အချုပ်ရုံးခန်းသို့ ပြန်ခဲ့ပါသည်။ ရုံးခန်းရှိ ဆပ်ပြာအမျိုးမျိုးဖြင့် ဒေါက်ဖြုတ်တံကိုင်ခဲ့သော လက်အား သုံးလေးကြိမ်မက ရေအထပ်ထပ်ဖြင့် ဆေးကြောမိပါသည်။ သို့သော် သံချေးနံ့လိုလို၊ သွေးညှီနံ့လိုလို အနံ့တစ်မျိုးက လက်တွင် စွဲထင်နေဆဲဟု ထင်မြင်မိပါသည်။

ကျွန်တော့်လို တာဝန်အရ လူသတ်ခဲ့ရသော လူတစ်ယောက်၏ လက်အား ဆပ်ပြာအမျိုးမျိုးဖြင့် အထပ်ထပ်အခါခါ ဆေး၍ပင် မစင်ခဲ့ပါလျှင် ပစ္စည်းယူ၊ မုဒိမ်းကျင့်၍ လည်ပင်းညှစ် လူသတ်ခဲ့သော ကြိုးသမားစနေသား ကျော်တင့်၏ လက်များမှာ သံသရာအဆက်ဆက် ဆေး၍ စင်နိုင်ပါဦးမည်လားဟု ကျွန်တော် သံသယ ဖြစ်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၅



www.burmeseclassic.com

## ကျွန်တော်နှင့် ရွှေနတ်တောင်အရှင်ကြီး

ကျွန်တော်နှင့် ထောင်ပိုင်ဦးယဉ်မောင်တို့ ယနေ့မနက် စောစော ကော့သောင်းမြို့မှ ပါဆယ်ပါညွန်းစခန်းသို့ HONDA ဆိုင်ကယ်ဖြင့် ပြန်လာကြပါသည်။ ရန်ကုန်မှလာသည့် စိုက်/မွေး ညွှန်မှူးအား ယမန်နေ့ နေ့လယ်က ကြိုဆို၍ အကျဉ်းဦးစီး ဧည့်ဂေဟာတွင် ညအိပ်ခဲ့ကြပါသည်။ ညွှန်မှူးမှ စခန်းများအား စစ်ဆေးမည်ဖြစ်သဖြင့် အိပ်ရာက စောစော ထ၍ စခန်းတွင် ကိစ္စများရှိသဖြင့် အမြန်ပြန်ခဲ့ကြခြင်းဖြစ်ပါသည်။

စခန်းသို့ ရောက်ရောက်ခြင်းပင် ရဲဘက်သံချောင်း အော်ဟစ်၍ ပြေးချလာပါသည်။

''ဆရာရေ ကယ်ပါဦး ဝက် ဝက်ကြီး''

''ဟဲ့ကောင် သံချောင်း ဘာဖြစ်လာတာလဲ အလန့်တကြား နဲ့''

''ဆရာ ဆရာ ထောင်မှူးဦးထွန်းအောင်လွင်နဲ့ ဦးမြင့်ဦးတို့ ဝက်ခြေနင်းကိုင်းမိလို့ သွားပစ်တာ မထိဘဲ၊ ဝက်လိုက်လို့ သစ်ပင်ပေါ် တက်နေရတယ် ဆရာ၊ ကျွန်တော်တောင် အပြေးမြန်လို့ လွတ်လာတာ ကယ်ပါဦး ဆရာ''





''အေး အေး အခုပဲ လိုက်ခဲ့မယ်''

ကျွန်တော်လည်း ယူနီဖောင်းပင် မလဲနိုင်တော့ဘဲ ပွိုင့် ၃၀၃ ခိုင်ဖယ် သေနတ်ကြီးအား လက်နက်ခန်းမှဆွဲ၍ အပြေးအလွှား လိုက်ခဲ့ရပါတော့ သည်။

''ဘယ်နေရာမှာလဲ သံချောင်း''

''စခန်းအရှေ့ဘက်က ရွှေနတ်တောင် တောင်ခြေမှာပါ ဆရာ''

သို့နှင့် အပြေးလိုက်လာကြရာ တောင်ခြေကွင်းစပ်အရောက် ခရေပင်ပေါ်မှ ထောင်မှူး ဦးထွန်းအောင်လွင်နှင့် ဦးမြင့်ဦးတို့ အော်သံကို ကြား ရပါတော့သည်။

''ဦးသိန်းပင်းရေ သစ်ပင်အောက်မှာ ဝက်ခါးပတ်ကြားကြီး ရှိတယ်နော် သတိထား''

ကျွန်တော်လည်း သံချောင်းကို လုံခြုံရာတွင်ထားခဲ့ပြီး ခရေပင် ရှိရာသို့ ချုံဖုတ်များ အကာအကွယ်ယူ၍ တိုးခဲ့ပါသည်။

ဝက်ကြီးမှာ အချိန် (၆၀)ကျော်ခန့်ရှိပြီး လက်နောက်ခါးပတ် တွင် အဖြူရောင် ခါးပတ်ကြားကြီးနှင့်ဖြစ်ပြီး အစွယ်နှစ်ချောင်းမှာ အပေါ်သို့ငေါ်၍ ထွက်နေပြီး လူသံကြားသဖြင့် အလွန်ဒေါသဖြစ်နေ ဟန်နှင့် တစ်ဂူးဂူးအော်ဟစ်ကာ ခရေပင်အား ဝိုင်းပတ်၍ သစ်ပင်ပေါ်မှ ထောင်မှူးနှစ်ဦးအား ရန်လုပ်၍နေပါတော့သည်။

ပစ်ကွင်းမှာ မကောင်းလှပါ၊ ခရေပင်အောက်ခြေ ကိုက်(၁၀၀) အတွင်း လုံခြုံသော အကာအကွယ် သစ်ပင်ကြီးများမရှိဘဲ ချုံပုတ်များ သည်း မရှိပါ။ ထို့ကြောင့် ကျွန်တော့်အတွက် အခက်အခဲ တွေ့နေရပါ သည်။ လုံခြုံသော အကာအကွယ်မရှိဘဲ တောဝက်ကို ပစ်ရမည်မှာ အလွန်အန္တရာယ်များလှပါသည်။

ထို့ကြောင့် လက်ျာဘက် ကုန်းစောင်းရှိ ဓနိပင်များဘက်သို့ အသာကပ်ရင်း ဝက်တောင်းကြီးအား ပစ်ခတ်ရန် နေရာယူရပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အကွာအဝေးမှာ ကိုက်(၁၀၀)ခန့် ဖြစ်သော်လည်း ခရေပင်ပေါ်မှ ထောင်မှူး(၂)ဦးအားလည်း ကျည်လွတ်စေရန် ဝက်ကြီးအားလည်း အပိုင်ပစ်နိုင်စေရန် ချိန်ဆရပါတော့သည်။ ဝက်ကြီးမှာ ခရေပင်အား ပတ်နေပြီး ကျွန်တော့်မြင်ကွင်းထဲအဝင်တွင် လက်ပြင်နေရာအား ချိန်ဆ၍ သေနတ်ခလုတ်အား ညင်သာစွာဆွဲလိုက်ပါသည်။

"ချပ်"

ဟူသော အသံသာ ကြားရပြီး ကျည်မထွက်ပါ၊ သို့နှင့် အလျင်အမြန် ကျည်သစ်တစ်ထောင့်အား လှဲလှယ်ပြီး မောင်းတင်၍ ဒုတိယကျည်နှင့် ပစ်လိုက်ပြန်ပါသည်။

"ဒိုင်း"

ဟူသော ကျယ်လောင်လှသည့် (ပွိုင့် ၃၀၃) ရိုင်ဖယ်သေနတ်သံအဆုံးတွင် တောဝက်ကြီးမှာ တောထဲသို့ ဝင်ပြေးပါတော့သည်။ ထိဟန်မတူပါ၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ကိုက် (၁၀၀)အတွင်း ပစ်မှတ်ကို ကျွန်တော် လက်မလွဲပါ၊ ထိုစဉ် ထောင်မှူးနှစ်ဦး ခရေပင်ပေါ်မှ ဆင်းလာပြီး ကျွန်တော်နှင့် ဆုံကြပါသည်။

"ဘယ်လိုဖြစ်တာလဲ မသိဘူး သူငယ်ချင်းတို့ရေ၊ ဝက်ကြားကြီးက သေနတ်များ ပြီးနေရောလား၊ ကိုယ်အသေအချာ ချိန်ပစ်တာပဲကွ၊ ပထမအချက်ကျည်မထွက်ဘူး၊ ဒုတိယအချက် ကျည်ထွက်တော့လည်း လွဲသွားတယ်ကွာ၊ အံ့ဩစရာပဲ"

ဦးထွန်းအောင်လွင်မှ–

"ဟုတ်တယ် သူငယ်ချင်းရေ ကိုယ်တို့နှစ်ဦးလည်း မုဆိုးတင်မောင် ထောင်ထားတဲ့ နင်းကိုင်းမိနေတဲ့ ဝက်ကို အနီးကပ်ပြီး နှစ်ယောက်ပြိုင်တူ ဆော်ကြတာ၊ တစ်ယောက်မှ မထိဘူး။ တစ်ယောက်ပစ်တာ ကိုင်းမိထားတဲ့ ကြိုးကိုထိပြီး ပြတ်သွားတာ၊ အဲဒါ လိုက်ဝက်တာနဲ့ သေနတ်တွေပါကျန်ခဲ့ပြီး အနီးက ခရေပင်ခွဆုံပေါ် တက်ပြေးရတော့တာဘဲ၊ ခရေပင်ကလည်း နိမ့်နိမ့်လေး၊ ကံကောင်းလို့ ဖင်မပွင့်တယ်ကွာ၊ ကိုမြင့်ဦးက အလျင် ခရေပင်ပေါ် ရောက်သွားပြီး ကိုယ်က နောက်က လိုက်အတက် မီးမကမ်းနဲ့ အောက်ကနေ ပက်ထည့်လိုက်တာ ဘောင်းဘီကို စုတ်သွားတာပဲ၊ ကံကောင်းလို့ မသေတာ သူငယ်ချင်းရေ"

"သူငယ်ချင်းတို့ သေနတ်တွေ ကျန်ခဲ့တာဆိုတာပေါ့ကွာ၊ သေနတ်တွေသာ တစ်ပါတည်းပါခဲ့ရင် အပေါ်စီးကနေ အနီးကပ် အပိုင်ဆော်ရပြီပေါ့ကွာ"

ဦးမြင့်ဦးမှ–

"မတတ်နိုင်ဘူး၊ သူငယ်ချင်းရေ၊ အသက်လုပြေးရတော့လည်း သေနတ်တွေ ဘယ်ကျကျန်ခဲ့မှန်းတောင် မသိတော့ဘူး၊ ကံကောင်းလို့ မသေတာ၊ အတော်ကြောက်စရာကောင်းတဲ့ ကောင်ကြီးပဲကွာ"

ထိုစဉ် မုဆိုးတင်မောင် ရောက်ရှိလာပါသည်။

"ဆရာတို့ ဘယ်လိုဖြစ်ကြတာလဲ၊ သေနတ်သံကြားလို့ ကျွန်တော် လိုက်လာတာ၊ ဝက်မရဘူးလား"

"ဝက်ခါးပတ်ကြားကြီးကွ၊ တင်မောင်ရေ သူတို့ပစ်တာ လည်း မထိဘူး၊ ငါ ပစ်တာလည်း ကိုက်(၁၀၀)လောက်ကို မထိဘူးကွာ၊ ထွက်ပြေးသွားပြီ"

"ဩော် ခါးပတ်ကြားကြီးကိုး၊ ဒီကောင်ကြီးက သေနတ်ပြီးတယ် ဆရာ။ ကျွန်တော်နဲ့လည်း တိုးပြီးပြီ၊ တူမီးကိုးလုံးကျည်နဲ့ပစ်တာတောင် မထိဘူး။ ရွှေနတ်တောင်သျှိုထဲမှာနေတာ ဆရာရဲ့ နေသာရင် ရွှေနတ်တောင်ထိပ်က ကန့်ထဲမှာ ရေစိမ်နေတာ တွေ့ရတတ်တယ်၊ ရွှေနတ်တောင်ပေါ်မှာ နတ်ချေ(ဂျီ)တစ်ကောင်လည်း ရှိသေးတယ်၊ ခြေထောက် (၃)ချောင်းပဲ ရှိတယ်၊ နင်းကိုင်းမိပြီး ရှေ့လက်တစ်ချောင်း ပြတ်သွားတာ ဒေသခံမုဆိုးတွေ ခဏခဏ ပစ်ခွင့်ကြုံပေမယ့် မထိဘူးဗျ၊







www.burmeseclassic.com

www.burmeseclassic.com



ရွှေနတ်တောင် အရှင်ကြီးက စောင့်ရှောက်ထားတာလို့ သိရတယ် ဆရာ"

"ကဲ တင်မောင်ရေ အခုမှ မနက်(၉)နာရီပဲ ရှိသေးတယ် ရွှေနတ်တောင်ပေါ် တက်ရအောင်ကွာ"

"ဆရာ ဘာလုပ်မလို့လဲကွာ"

"နတ်ချေ(ဂျီ) ပစ်မယ်လေကွာ"

"ဟာ ဆရာ မကောင်းဘူးထင်တယ်၊ နတ်ချေဆိုလို့ ဘယ်သူမှ မပစ်ရဲကြတော့ဘူးဗျ"

"လာစမ်းပါကွာ၊ ဝက်မရလို့ စိတ်တိုနေတာ၊ တစ်ကောင်ကောင်တော့ရမှ ဖြစ်မယ်၊ စခန်းမှာလည်း အသားရိက္ခာစို ပြတ်တာ ကြာလှပြီ၊ ညွှန့်မှုံလည်း ရောက်နေတော့ ဧည့်ခံရဦးမယ်"

သို့နှင့် ကိုထွန်းအောင်တို့အဖွဲ့ ပြန်ကြပြီး ကျွန်တော်နှင့် မှဆိုးတင်မောင်တို့နှစ်ဦး ရွှေနတ်တောင်ပေါ်သို့ တက်ခဲ့ကြပါတော့သည်။

ရွှေနတ်တောင်မှာ ပါဆယ်ပါညန်း စခန်းနှင့် တစ်မိုင်ခန့်သာ ကွာဝေးပါသည်။ အဆင့် (၃)ဆင့်ရှိ တောင်နာမောင်းသဖွယ် ဖြစ်ပြီး တောင်ထိပ်တွင် ရေကန်တစ်ခုရှိပါသည်။ နွေ၊ မိုး၊ ဆောင်း ရေမခမ်းပါ။ တိရစ္ဆာန်များ ရေစိမ်လူးသောကန်ဖြစ်၍ အစဉ်အမြဲ နောက်ကျိ၍သာနေပါသည်။ တောင်ခြေတွင် ချုံပုတ်များသာရှိပြီး ဒုတိယအဆင့်တွင် ကျွန်းပင် ပေါက်များရှိ၍ တောင်ပေါ်ရောက်သည်နှင့် သစ်ကြီးဝါးကြီးတို့ဖြင့် စိမ်းလန်းစိုပြေလျှက် ရှိပါသည်။

တောင်ထိပ်ရောက်သော် ကန်အတွင်း တောဝက်များ ဆင်းလူးထားပြီး လူသံကြား၍ ထပြေးသည့် အနေအထားတွေ့ရပါသည်။

"ဆရာရေ တောဝက်တွေတော့ လွတ်သွားပြန်ပြီဗျို့၊ ဒီတောင်ပေါ်ကို ကျွန်တော် မကြာခဏ ရောက်ပေမယ့် အခုလို လွဲတာချည်းဘဲဗျ ဒီနေ့တော့ လာဘ်ပိတ်တဲ့နေ့ပဲ ထင်ပါရဲ့၊ ရိုးမပေါ်တက်ပြီး တောကြက် ထောင်တာလဲ မရခဲ့ဘူးဗျ"





"ညည်းမနေစမ်းပါနဲ့ တင်မောင်ရာ၊ အမဲမရတော့လည်း ခန်းမှာ ငါ့မန်ဒါလီအုပ် ရှိပါသေးတယ်၊ မပူစမ်းပါနဲ့ကွာ"

တောင်ထိပ်ပေါ်တွင် ကညင်ဖြူပင်ကြီးများ အပေါက်များပြီး အောက်ခြေတွင် ဆီးဖြူပင် အများအပြားအား တွေ့ရပါသည်။

မိုးအကုန် ဆောင်းအကူးရာသီမို့ ဆီးဖြူပင်တိုင်းပင် အသီးများဖြင့် ဝေဆာလျှက်ရှိပါသည်။

"တင်မောင်ရေ ဆီးဖြူသီး ရသလောက်ခူးကွာ"

"ဘာလုပ်ဖို့လဲ ဆရာ၊ တို့စားဖို့ဆိုရင်တော့ နည်းနည်းပဲခူးလည်း ရပါတယ်"

"နတ်ချေ(ဂျီ)နဲ့ ချက်စားဖို့ကွ၊ သိပြီလား"

ကျွန်တော်လည်း နောက်ပြောင်ရင်း မုဆိုးတင်မောင်နှင့် အတူ ဆီးဖြူသီးများအား နိုင်သလောက် ခူးကြပါသည်။

ရွှေနတ်တောင်အား အနောက်ဘက်မှတက်၍ အရှေ့ဘက်သို့ ဆင်းကာ တစ်ပတ် ပတ်၍ပြန်ရန် အစီအစဉ်ရှိသဖြင့် ဆရာတပည့်နှစ်ဦး ဆီးဖြူသီးတောမှ ထွက်လာကာ အရှေ့ဘက်တောင်ခြေသို့ ဆင်းခဲ့ကြပါတော့သည်။

ထိုစဉ် ရုတ်တရက် တောင်ပေါ်မှအဆင်း တောင်ခုလတ် မြက်ခင်းစိမ်းစိမ်းပေါ်တွင် ရွှေအိုရောင်အဆင်းဖြင့် ဖြိုးလှသော ချေတစ်ကောင်ကို တွေ့ရပါတော့သည်။ ချေမှာ နေပူဆာလှုံရင်း မြက်နုလေးများအား အေးဆေးစွာ စားနေခြင်းဖြစ်ပါသည်။

ကျွန်တော်လည်း ပခုံးပေါ်တွင် လွယ်ထားသော ရိုင်ဖယ်သေနတ်ကြီးအား ဖြုတ်၍အမြန်ပစ်နည်းအရ ထိုးချိန်၍ ပစ်ချလိုက်ပါတော့သည်။

"ဒိုင်း"

ဆိုသော ကျယ်လောင်လှသည့် သေနတ်သံကြီးအဆုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ချေကြီးမှာ ဖင်ထိုင်လျက် လဲကျသွားပါတော့သည်။ သို့သော် ချက်ကောင်းထိမှန်မတူပါ။ ကုန်းထနေ၍ နောက်တစ်ချက်ပစ်ရန် အလုပ်တွင် မုဆိုးတင်မောင်မှ လက်ကာ၍ သူ့တွင်ပါလာသော ပသျှူး ဒိုင်းကောက်ဖြင့် ကိစ္စတုံးလိုက်ပါတော့သည်။

ထိုစဉ် မုဆိုးတင်မောင်ထံမှ ''ဟာ ဆရာရေ ဒီချေက နတ်ချေ ခြေထောက် သုံးချောင်းပဲ ရှိတယ်''

''ဟုတ်ရဲ့လားကွာ၊ ဒီငှေလောက်ဝဖြိုးနေတာ၊ ခြေထောက်က သုံးချောင်းပဲ ရှိသလားကွ''

''အဟုတ် ဆရာ၊ မုဆိုးနင်းကိုင်းမိလို့ ညာလက်ပြတ်သွားတာ၊ ကျွန်တော်ကိုယ်တိုင် တူမီးသေနတ်နဲ့ ပစ်ဖူးတယ်၊ မှန်ပေမယ့် မသေဘူး ဆရာ၊ နောက်တော့ နတ်ချေဆိုတာနဲ့ မပစ်ရဲတော့ဘူး''

''ထိချက်မကောင်းလို့ နေမှာပေါ့ကွာ၊ အခုလို ရိုင်ဖယ်နဲ့ ဆိုတော့လည်း ကြွတာပဲ မဟုတ်လား''

သို့နှင့် ကျွန်တော်တို့ ဝါးတစ်လုံးခုတ်၍ နတ်ချေအား ဝက်တုပ်တုပ်ခါ ထမ်း၍ စခန်းသို့ ပြန်ခဲ့ကြပါတော့သည်။

စခန်းတွင် ဝက်မရသော်လည်း ချေရသဖြင့် ဝမ်းသာနေကြပါသည်။ မုဆိုးတင်မောင်မှ ချေအား ကျွမ်းကျင်စွာဖျက်ရာ ကိုယ်လုံးအနှံ့ ခဲသီးများ ထွက်လာပါသည်။

ခဲသီးများအား အသားနှင့် အရေပြားကြားတွင် အဆီဖြင့် လုံးထားပြီး သေကွက်မထိရောက်သဖြင့် မသေဆုံးနိုင်သော်လည်း ခဲဆိပ်ကြောင့် ဒဏ်ရာအကြီးအကျယ် ရနိုင်ပါလျက် ထူးဆန်းနေပါသည်။

ထိုနေ့က ညစာကို ဂျီ(ချေ)သားဟင်းဖြင့် မြိန်ရှက်စွာ စားသုံးကြပါသည်။ ညစာ စားအပြီး ထုံးစံအတိုင်း ထောင်ပိုင် ဦးယဉ်မောင် နှင့် ကျွန်တော်တို့ ထောင်မှူးအဖွဲ့(SCRABBLE)ခေါ် အင်္ဂလိပ်စာစီတန်း ကစားကြရာ ထောင်ပိုင်ရှုံးသဖြင့် ရှုံးမဲမဲကာ ကစားသောကြောင့် ညဥ့်





(၁၂)နာရီ ထိုးသွားပါတော့သည်။ ထို့ကြောင့် ကျွန်တော်တို့ အရှုံးပေးကာ ထွက်လိုက်ရပါတော့သည်။

မျက်နှာသစ် သွားတိုက်ပြီး အိပ်ရာဝင်သော်လည်း နေ့စဉ်၊ ညစဉ် ပုံမှန်ပြုလုပ်နေကြအတိုင်း ဘုရားဝတ်ပြု၊ ပုတီးစိတ်၍ အပြီး၌ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းအား မေတ္တာပို့ အမျှဝေပါသည်။

အထူးသဖြင့် ကျွန်တော် ပစ်ခတ်ခဲ့သော နတ်ချေအားလည်းကောင်း၊ ရွှေနတ်တောင် အစောင့်အရှောက်များအား လည်းကောင်း မေတ္တာပို့ အမျှဝေနေစဉ် အိပ်ရာခေါင်းရင်းဘက်မှာ 'တောက် တောက်' ဟူသော အသံကို ကြားရပါသည်။ ဘုရားရှိခိုးအပြီးတွင် ကြွက်များ ပြေးလွှားသံဟု ထင်သဖြင့် ခေါင်းရင်းထရံအား လက်နှင့်ပုတ်၍ ခြောက်လှန့်လိုက်သော်လည်း အသံမှာ ပျောက်မသွားဘဲ ဆက်တိုက်မြည်နေပြန်ပါသည်။ ထို့ကြောင့် လက်ဝဲခေါင်းအုံးအနီးတွင် ရှိနေသော လက်နှိပ်ဓာတ်မီးအား ကောက်ယူ၍ လယ်ယာခေါင်းအုံးအစွန်း ထိုးကြည့်ရာ မျက်လုံးနှစ်လုံး နီရဲတောက်ပြောင်နေပြီး ကိုယ်လုံးမည်းနက်နေသော မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းအား တွေ့ရှိရပါသည်။ ပါးပျဉ်းခွက်ခြင်း မပြုဘဲ ကျွန်တော်အိပ်မည့် ခေါင်းအုံးအစွန်ပိုင်းအား မေးတင်၍ ကျွန်တော့်အား ကြည့်နေခြင်း ဖြစ်ပါသည်။

မြွေကိုယ်လုံးကြီးမှာ မွေ့ယာအောက်တွင် ရှိနေဟန်တူပါသည်။ တစ်ယောက်အိပ်ခြင်ထောင်အတွင်းဖြစ်၍ ကျွန်တော်မှာ လှုပ်ပင်မလှုပ်ရဲပါ၊ တင်ပျဉ်ခွေထိုင်နေခြင်းကိုလည်း မပြင်ရဲပါ။ ထို့ကြောင့် အရဲစွန့်၍ လက်ဝဲလက်ဖြင့် ခြင်ထောင်အစွန်းအား မွေ့ယာအောက်မှ တဖြည်းဖြည်း ဆွဲထုတ်ပြီး လူတစ်ကိုယ်စာ ထွက်ပေါက်ရသည်နှင့် ခုတင်အောက်သို့ အမြန်ခုန်ဆင်းပြီး ညဥ့်ဘာဝန်ကျ ထမင်းချက်ဖိုကြီးမှ ရဲဘက်တပည့်များအား လှမ်းခေါ်လိုက်ရပါတော့သည်။

ရဲဘက်များ တုတ်ဓားကိုင်၍ ရောက်လာကြပြီး မြွေအား ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်၍ မွေ့ယာအောက်မှ ဆွဲထုတ်ရာ နှစ်တောင်ခန့် အရှည်ရှိပြီး လက်ကောက်ဝတ်လုံးခန့်ရှိသော တောကြီးမြွေဟောက်တစ် ကောင်ဖြစ်၍နေပါသည်။

ဘယ်လိုက ဘယ်လို အိပ်ရာအောက် ရောက်နေသည်တော့ မသိပါ။ အစောပိုင်းကတည်းက အိပ်ရာအောက် ရောက်နေပါကလည်း ကျွန်တော် ခြင်ထောင်အနားစွန်များအား မွေ့ယာအောက် ထိုးထည့်စဉ်က ကျွန်တော့်လက်အား ကိုက်လိုက်ရုံသာ ဖြစ်ပါသည်။ တော်ပါသေးသည် ဘုရားကယ်ပေလို့၊ အိပ်ရာဝင် နောက်ကျသဖြင့် ဘုရားမကန်တော့ဘဲ အိပ်လိုက်မိပါက မတွေးဝံ့စရာ ဦးခေါင်းပိုင်းအား မြွေပေါက်မည်ဖြစ်ပြီး အဆိပ်တက်စရာပင် အချိန်မရဘဲ တစ်ခါတည်း သေဘွယ်ရာဖြစ်ပါတော့သည်။

ကျွန်တော် အတော်နှင့် မအိပ်ရဲတော့ပါ၊ တောင်စဉ်းစား မြောက်စဉ်းစားရင်း နတ်ချေနှင့်များ ပတ်သက်နေသလားဟု တွေးမိပါတော့သည်။ ဘုရားမှတစ်ပါး ယုံကြည်သူမဟုတ်သဖြင့် ဘုရားဂုဏ်တော်များ ရွတ်ပွားရင်း နိုးတစ်ဝက် အိပ်တစ်ဝက်ဖြင့် အိပ် ပျော်သွားပါတော့သည်။

အိပ်မက်ထဲတွင် ဘိုးသူတော်ကဲ့သို့ အဖြူရောင်ဝတ်စုံ ဝတ်ထားပြီး ရွှေရောင်ဦးထုပ်ချွန်ကလေး ဆောင်းထားသည့် ပုဂ္ဂိုလ်နှင့် ဆုံရပါသည်။ ကျွန်တော့်အား လက်ညှိုးငေါက်တောက်ထိုး၍–

"မင်း ကံမြင့်နေချိန် နေနှင့်ဦးပေါ့ကွာ၊ ကံနိမ့်ချိန်ရောက်ရင်တော့ ငါ့ရွှေနတ်ချေ သေသလို အသေလုပ်မယ်၊ ငါ့ဝက်ကြားကြီးကိုလည်း သေနတ်နဲ့ ပစ်သေးတယ်၊ ငါရှိနေလို့ ကာကွယ်နိုင်ပေမယ့် ငါအပြင်သွားနေတုန်း ငါ့ရွှေနတ်ချေကို အသေသတ်သွား တဲ့ကောင် သတိကြပ်ကြပ်ထား"

ကျွန်တော် ဘာမှ ပြန်မပြောမိပါ၊ ဆွံ့အနေသကဲ့သို့ စကား





ထစ်ခွန်းမျှ မထွက်ပါ၊ သို့နှင့် အိပ်မက်မှ လန့်၍နိုးရာ ချွေးများပြန်၍ အတော်တုန်လှုပ်မိပါသည်။ စိတ်ခွဲလမ်း၍ မက်ခြင်းလော၊ တကယ်ရောဟုတ်လေသလော မသိပါ၊ အိပ်ရာကထ အပေါ့အပါးသွား ရေသောက်ပြီး ပြန်အိပ်သော်လည်း မိုးစင်စင်လင်းသည်အထိ အိပ်မရတော့ပါ။

မနက်လက်ဖက်ရည်ဝိုင်းတွင် ညက အိပ်ရာအတွင်း မြွေဝင်သည့်ကိစ္စအား ပြောပြရင်း အိပ်မက်အကြောင်း ပြောပြမိပါတော့သည်။ ထိုစဉ် ထောင်ပိုင်ကတော် ရောက်ရှိလာသဖြင့် ကျွန်တော်မှာ နောက်ပြောင်ပြဲထွင်၍ နတ်ချေသားစားသည့် လူအားလုံးအား ရွှေနတ်တောင်အရှင်ကြီးက အသေလုပ်မည်ဟု ပြောဆိုကြောင်း ရွှေနတ်တောင်ပေါ်ရှိ ရေအိုင်အနီး ကညင်ဖြူပင်ကြီးအောက်တွင် လာရောက်တောင်းပန်ပါမှ လွှတ်မည်ဖြစ်ကြောင်း ချက်ချင်း မတောင်းပန်လျှင် နတ်ချေသား စားသူအားလုံး တိုက်မြွေလွှတ်၍ တစ်ယောက်ချင်း သတ်မည်ဖြစ်ကြောင်း အပိုဆာဒါးထည့်၍ ထောင်ပိုင်ကတော်အား ပြောပြလိုက်ပါသည်။

ထောင်ပိုင်ကတော်မှာ မြွေအလွန်ကြောက်သူ ဖြစ်သည့် အဝိုင်းဖွဲ့ပွနေသော ဇုင်းတို့အိပ်ခန်းအား အမြန်သန့်ရှင်းရေး ပြုလုပ်ပြီး ညနေပိုင်းတွင် မုဆိုးတင်မောင်နှင့် ဝန်ထမ်းမိန်းမများအား ခေါ်၍ ရွှေနတ်တောင်ပေါ်သို့တက်ကာ ရေကန်အနီးရှိ ကညင်ဖြူပင်ကြီးအောက်၌ အုန်းပွဲ ငှက်ပျောပွဲများနှင့် ရွှေနတ်တောင်အရှင်ကြီးအား တောင်းပန်သမှုပြုကြပါတော့သည်။

ကျွန်တော်မှာ အလွန်ရယ်ချင်လှပါသည်။ သို့သော် အဓိက တရားခံမှာ ကျွန်တော်သာဖြစ်ပါသည်။ သွယ်ဝိုက်၍ ရွှေနတ်တောင်အရှင်ကြီးအား တောင်းပန်သလိုတော့ ဖြစ်သွားပါသည်။

ပါဆယ်ပါညွှန်းစခန်းတွင် တစ်နှစ်ခန့်နေစဉ်အတွင်း ဆိုင်ကယ်နှစ်ခါ မှောက်ပူးပါသည်။ ပွန်းပဲ့ရုံကလွဲပြီး ကြီးမားသော ဒဏ်ရာပင် မရရှိခဲ့ပါ။ ကျွန်တော်ပင် တစ်နှစ်လုံး ကံကောင်းနေခြင်းလား၊



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်သောနည်းဖြင့် ကန်တော့ပွဲပေးကာ တောင်းပန်သဖြင့် ရွှေ
တောင်အရှင် ခွင့်လွှတ်လိုက်ခြင်းလားတော့ မသိနိုင်တော့ပါ။

ယခင်ကာလများက မနက်စောစောနှင့် ညဦးပိုင်းတွင် ရွှေ
တောင်မှာ ချေဟောက်သံများ ကြားရသော်လည်း ယခုနောက်ပိုင်းတွ
ချေဟောက်သံ တိတ်ဆိတ်နေပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀



www.burmeseclassic.com

www.burmeseclassic.com

## ပုဏ္ဏားတင်ဦး

ကျွန်တော်တို့ အလုပ်ဝင်စ ထောင်မှူးပေါက်စဘဝ ၁၉၅၆ ခုနှစ်က အဖြစ်အပျက်များဖြစ်ပါသည်။ ပုဏ္ဏားတင်ဦးမှာ အသက် ၃၀ ခန့် ကျေးပုဏ္ဏားမျိုးဖြစ်ပြီး မန္တလေးပုဏ္ဏားစုရပ်တွင် မွေးဖွားသူဖြစ်ပါသည်။ မိရိုးဖလာဗေဒင်လက္ခဏာပညာတွင်မက ဓါတ်ရိုက်ဓါတ်ဆင် ယတြာလုပ်ငန်းများကိုလည်း ကျွမ်းကျင်သည့်အပြင် အရိုးအကြောနားလည်သော အနှိပ်သည်တစ်ဦး၊ နန်းတွင်းမြန်မာ့ဆေးဝါးများ နားလည်ကျွမ်းကျင်သော ဆေးဆရာတစ်ဦးလည်းဖြစ်ပါသည်။ ထောင်တွင်းရောက်လာရသည်ကတော့ ဖောက်ထွင်းခိုးယူမှုဖြင့် ထောင်ဒဏ်ငါးနှစ် ကျခံရပြီး ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဆက်ဆံရေးကောင်းမွန်ပြီး လူတကာနှင့်လည်း တည့်အောင် ပေါင်းတတ်သူဖြစ်ပါသည်။ အရာရှိ၊ ဝန်ထမ်းရဲဘက်အားလုံးကို အဆင်ပြေအောင် ပေါင်းတတ်သဖြင့် လူချစ်လူခင် ပေါများလှပါသည်။ ကျွန်တော်နှင့် စတင် သိကျွမ်းရသည်ကတော့ အချုပ်ရုံးခန်းတွင် စိတ်ရှည်လက်ရှည် သန့်ရှင်းရေးလာလုပ်ပေးပြီး ကျွန်တော့်၏ ရှူးဖိနပ်များကိုလည်း ပြောင်လက်နေအောင် တိုက်ပေးသဖြင့် သိကျွမ်းရင်းနှီးရခြင်း ဖြစ်ပါသည်။





တစ်ခါတစ်ရံ အလုပ်များသဖြင့် ထောင်တွင်း၌ပင် တပည့်များ စီစဉ်ပေးသော ဟင်းဖြင့် ထမင်းစားရလေ့ရှိရာ ပုဏ္ဏားတင်ဦး ရှိနေလျှင်တော့ ထောင်တွင်းတောင်ယာများသို့ လှည့်လည်ပြီး ဟင်းသီးဟင်းရွက်များအား တောင်းရမ်းကာ သတ်သတ်လွတ်ဟင်းလျာ ချက်ပြုတ် ကျွေးမွေးလေ့ရှိပါသည်။ လက်ဆိပ်ရှိသူဖြစ်သဖြင့် ၎င်းချက်ပြုတ်သော ဟင်းများဖြင့် ထမင်းစားရလျှင် မြိန်လှပါသည်။ ပုဏ္ဏားတင်ဦးမှာ ဖောက်ထွင်းခိုးမှုဖြင့် ထောင်ကျသူဖြစ်သော်လည်း သတ်သတ်လွတ်ဟင်းဖြင့်သာ နေ့စဉ် ထမင်းစားလေ့ရှိပြီး ဘုရား ရှိခိုး၊ ပုတီးစိပ်လျှင်လည်း အတော်ကြာပါသည်။ တစ်ကိုယ်လုံး အင်းကွက်များ၊ အရုပ်များ ထိုးထားပြီး ပေါင်တွင်လည်း ရှူးမြန်မာကြီးများသုံ့ကဲ့သို့ ထိုးကွင်းမင်ကြောင်အပြင် ကြောင်အတက်အဆင်း၊ အိမ်မြှောင်အတက်အဆင်းပုံများ ထိုးထားပြီး လပြည့်လကွယ်ရက်များတွင် ၎င်းအရုပ်များ ထကြွလာသဖြင့် မခိုးရမနေနိုင်အောင် ဖြစ်တတ်သည်ဟု ဆိုပါသည်။

ထောင်တွင်း၌ စိတ်မချသဖြင့် ပုဏ္ဏားတင်ဦးအား ခြေကျဉ်းခတ်ထားသော်လည်း လျှင်မြန်ပေါ့ပါးစွာ သွားလာနိုင်သည့်အပြင် သစ်ပင်တက်ရာ၌လည်း အထူးကျွမ်းကျင်လှပါသည်။ ပေ ၁၀၀ ကျော်မြင့်သည့် မန်ကျည်းပင်များသို့တက်ကာ မန်းကျည်းရွက်နုလည်း ခူးနိုင်ပါသည်။ တစ်ခါတွင်လည်း အလုပ်ဘက်ဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်စဉ် ပုဏ္ဏားတင်ဦး လာရောက်လုပ်အားပေးပြီးနောက် ကျွန်တော်တို့နှစ်ဦးသည်း ကျန်ခဲ့စဉ် ၎င်းအနေဖြင့် ထောင်အုတ်ရိုးအား ကျော်ပြေးနိုင်ကြောင်း ၎င်း၏ လက်ဖဝါးနှင့် ခြေဖဝါးများမှာ အိမ်မြှောင်ကဲ့သို့ နံရံအား ကပ်အားကောင်းပြီး မြဲမြဲလှပါသည်။

အလုပ်ပိတ်ရက် တနင်္ဂနွေနေ့တွင် ကျွန်တော်တာဝန်မှူးကျ၍ ထောင်တွင်း၌ ညအိပ်ရပါသည်။ တစ်နေ့လုံး တစ်ညလုံး ၂၄ နာရီ တာဝန်ထမ်းဆောင်ရခြင်းဖြစ်ရာ ထောင်တွင်းလုံခြုံရေး စစ်ကြို၊ ရုံးပြန်



www.burmeseclassic.com

www.burmeseclassic.com



နားလိုက်နှင့် နားနားနေနေ တာဝန်ထမ်းဆောင် လျက်ရှိစဉ် ပုဏ္ဏားတင်ဦး ရောက်ရှိလာပြီး ကျွန်တော့်အား အညောင်းပြေ နှိပ်နယ်ပေးပါသည်။ အကြောနားလည်သူဖြစ်၍လည်း အတော်ပင် အညောင်းပြေသွားပါသည်။

"တင်ဦးရေ့ မင်းက ဖောက်ထွင်းမှုနဲ့ ထောင်ကျတာဆို၊ ဘယ်မှာ ဖြစ်တာလဲကွ"

"ပဲခူးမှာပါ ဆရာ၊ ကျောက်တွင်းသူဌေးအိမ် ဝင်ဖောက်ပြီး တစ်ပတ်ကျော်မှ အဖမ်းခံရတာပါ"

"ဟ ချက်ချင်းမိတာ မဟုတ်ဘဲ တစ်ပတ်ကျော်မှ ဖမ်းမိတယ် ဆိုတော့ မင်းက ရှောင်နေလို့လား"

"မရှောင်ပါဘူး ဆရာ၊ တပည့်မကောင်းလို့ပါ၊ အရင်က ကျွန်တော်က တစ်ကိုယ်တော်ပါ၊ ဘာသံယောဇဉ်မှလဲ မရှိဘူး၊ ပြီးခဲ့တဲ့ နှစ်က မြစ်ဝကျွန်းပေါ်ဘက် သွားလေ့လာရင်း မိကျောင်းအကိုက်ခံရတဲ့ (၁၅)နှစ်သား လူငယ်တစ်ယောက်ကို ကယ်တင်ပြီး ဆေးကုပေးရာက သံယောဇဉ်ဖြစ်ပြီး မွေးစားခဲ့တာပါ၊ သူကလဲ ကျွန်တော့်လိုပဲ မိဘမဲ့ တစ်ကောင်ကြွက်မို့ ဘဝတူချင်း သနားတာနဲ့ တပည့်မွေးလိုက်တာပါ၊ သူက သစ္စာရှိတယ်၊ ကျေးဇူးသိတတ်တယ်၊ ရိုးလွန်းအလွန်းတယ် ဆရာ၊ အဲဒါကြောင့်လဲ ကျွန်တော် ထောင်ကျတာပါ ဆရာ"

"ငါ့ကို ရှင်းရှင်းလင်းလင်း ပြောပါဦးကွာ"

"ဒီလိုဆရာရေ၊ အဲဒီ မွေးစားတပည့်ကို ကျွန်တော်တတ်တဲ့ ပညာတွေ သင်ပေးတယ်၊ ပါဠိ၊ ဒူးဂဏန်း၊ ကြေးဂဏန်း ရေးနည်း ဖတ်နည်း၊ အတွက်အချက်ပညာ၊ ကိုယ်ခံပညာ၊ မြန်မာနန်းတွင်း ဆေး ဖော်စပ်နည်း၊ အနှိပ်အကြောပညာတွေပေါ့ ဆရာ၊ ဖောက်ထွင်းခိုးယူတဲ့ ပညာကို သင်မပေးပါဘူး၊ ဘာလို့လဲဆိုတော့ သူ့မှာ ပါရမီနည်းတာရယ်၊ ကျွန်တော်လို ခံဆေးတွေထိုးဖို့ နှစ်နဲ့ချီ စောင့်ရမှာရယ်ကြောင့်ပါ ဆရာ၊ သူက ရိုးလွန်းအလွန်းတယ်၊ ဒါကြောင့် သူ့ဘဝလေးကို အရောင်မဆိုးချင်





အား ဆရာ၊ ဘဝတစ်သက်လုံး ဖြူဖြူစင်စင်နဲ့ ဆေးကုတဲ့ အလုပ်ပဲ လုပ်စေချင်တာ ကျွန်တော့်စေတနာပါ၊ ကုသိုလ်လဲရ ဝမ်းလဲဝတဲ့ အလုပ်ပါ၊ ကျွန်တော် မနေနိုင်လို့ ဖောက်ထွင်းမှုလုပ်တာကိုတောင် သူ့ကို အသိ ပေးခဲ့ ပါဘူး၊ သူမသိအောင်လဲ တစ်နေရာစီ ခွဲနေတာပါ ဆရာ"

"မင်းက သူ့ခိုးအလုပ်လုပ်ပေမယ့် စိတ်ရင်း စိတ်ထားကတော့ နူးမြတ်လှပါတယ်ကွာ"

အရင်နှစ်တွေတုန်းက ကျွန်တော် တစ်ကိုယ်တော် လုပ်လာခဲ့ တာ၊ ပတ်ဝန်း ကျင်က သံသယတောင် အထင်မခံခဲ့ရပါဘူး ဆရာရယ်"

"ဒါဖြင့် မင်းက ဒီမွေးစားတပည့် မကောင်းလို့ ထောင်ကျ တယ်လို့ ဆိုချင်တာလား"

"သူမကောင်းလို့တော့ မဟုတ်ပါဘူး၊ ရိုးလွန်းအားကြီးလို့ပါ ဆရာ၊ အနှစ်ချုပ်ရင်တော့ သူ့ကြောင့်ပေါ့ ဆရာ"

"ကဲ-ဖြစ်ပျက်ပုံလေး လင်းစမ်းပါဦးကွာ"

"ပဲခူးမြို့ ဇိုင်းဂနိုင်းရပ်ကွက်ထိပ်မှာ ကျွန်တော် ဝယ်ထားတဲ့ အိမ်ကလေးနဲ့ ခြံကျယ်လေးရှိတယ် ဆရာ၊ အဲဒီမှာ 'မြန်မာ သမားတော် ပုဏ္ဏားတင်ဦး' ဆိုပြီး ဆေးခန်းလေးဖွင့်ထားတယ် ဆရာ၊ ဆေးကုတယ်၊ ဆေးရောင်းတယ်၊ ထူးဆန်းတဲ့ အဆောင်လက်ဖွဲ့လေးတွေကို ရောင်း တယ်၊ ဝယ်တယ် ဆရာ၊ တောထွက်ပစ္စည်း (ဆေးဝါးအပင်နဲ့ တိရစ္ဆာန် ထွက်ပစ္စည်း)တွေကိုလဲ ဝယ်တယ် ဆရာ၊ ပဲခူးမြို့က တောနယ်လမ်းဆုံဖြစ် သို့ ပစ္စည်းစုံတယ် ဆရာ၊ အဲဒါတွေအပြင် အကြောပြင်ပေးတယ်၊ ဆေးဒင်လဲ ဟောတယ်၊ ယတြာလဲ လုပ်ပေးတယ်၊ လုပ်ရင်းကိုင်ရင်း တပည့်ကို ပညာသင်ပေးတယ်၊ ဆေးခန်းအကူ၊ လက်ထောက်၊ ဆိုင်တာ ဝန်ခံပေါ့ ဆရာ"

"အဆောင် ယတြာလုပ်ချင်သူနဲ့ လေ့ငန်းသမားအများစု လာကြပါတယ်၊ နာမည်ရပြီး ဝင်ငွေလဲ ကောင်းပါတယ် ဆရာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က အဲဒီဆေးခန်းမှာ စနေ တနင်္ဂနွေနှစ်ရက်ပဲ ထိုင်ပါတယ်၊ ကျန်တဲ့ရက်တွေမှာတော့ တပည့်က ဆေးရောင်းတယ်၊ ဆေးပစ္စည်းဝယ်တယ်ပေါ့ ဆရာ"

"ဘာကြောင့် မင်းက ဆေးခန်းကို တစ်ပတ်နှစ်ရက်ပဲ ဖွင့်တာလဲ၊ ဝင်ငွေလဲ ကောင်းရက်နဲ့၊ ဖွင့်တော့လဲ အလုပ်ပိတ်ရက် စနေ တနင်္ဂနွေနေ့ကြီး"

"ကျွန်တော်က ရန်ကုန်မှာနေတာ ဆရာ၊ ဗဟန်းကြားတောရလမ်းမှာ နေတာ၊ ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းမှာလဲ ဗေဒင်လက္ခဏာ ဆိုင်ခန်းလေး ဖွင့်ထားသေးတယ်၊ အဲဒီမှာလဲ ရုံးဖွင့်ရက် အလုပ်ကောင်းတယ် ဆရာ၊ ပဲခူးမှာကျတော့ အလုပ်ပိတ်ရက်မှ ရပ်ဝေးရပ်နီးက အစိုးရဝန်ထမ်းတွေ အလာများလို့ စနေ တနင်္ဂနွေ ရုံးပိတ်ရက်ကို ရွေးပြီး ဆေးခန်းဖွင့်ရတာပါ ဆရာ"

"မင်းကွာ ဒါလောက် အခြေအနေ ကောင်းရက်သားနဲ့ ဘာဖြစ်လို့ ခိုးမှု ကျူးလွန်ရတာလဲ၊ အံ့ဩပါရဲ့ကွာ"

"ဒါက ဇီဖနဲ့ ဆိုင်ပါတယ် ဆရာ၊ ကျွန်တော်မွေးကတည်းက မျက်နှာဖုံးနဲ့ အချင်းစလွယ်သိုင်းပြီး မွေးတာလို့ မိဘတွေက ပြောပါတယ်။ မင်းစိုးရာဇာဖြစ်ချင်ဖြစ်၊ မဖြစ်ရင် သူခိုးရာဇာပေါ့ ဆရာ"

"ဩော် မင်းကလဲ မွေးရာပါဇီဖနဲ့ကိုး၊ ဒါနဲ့ မင်းဇာတ်လမ်းလေး ဆက်ပါဦးကွာ"

"အဲသလို ဗေဒင်ဆရာ မြန်မာသမားတော် အမည်ခံပြီး ခိုးလာလိုက်တာ မြန်မာပြည်မှာရှိတဲ့ မြို့တိုင်းလိုလိုပါပဲ ဆရာ၊ ဒါပေမယ့် ကျွန်တော်က သစ္စာရှိ သူခိုးပါ၊ ချမ်းသာပြီး နာမည်ကြီးတဲ့သူတွေဆီက ပစ္စည်းပဲ ခိုးပါတယ်၊ ဆင်းရဲသားတွေဆီကတော့ မခိုးတဲ့အပြင် အမည်မဖော်လိုသူဆိုပြီး လှူတန်းထောက်ပံ့ခဲ့တာတွေလဲ မနည်းပါဘူး ဆရာ၊ ခိုးရင်လဲ သူခိုးကြီးတေက်ပြား ထုံးစံအတိုင်း ရွှေဆို ရွှေတစ်ဝက်၊ ငွေဆို





ငွေတစ်ဝက်ပဲ ခိုးပါတယ်၊ တခြား ပစ္စည်းဆို လက်ဖျားနဲ့တောင် မထိပါဘူး။ ဘယ်လောက်ပဲ အဖိုးတန် တဲ့ ကျောက်သံပတ္တမြားဖြစ်ပါစေ ကျွန်တော် မယူပါဘူး၊ ဘာကြောင့်လဲဆိုတော့ ထုခွဲရတာ ခက်တဲ့အပြင် တန်ဖိုးကြီးလွန်းရင် သတင်း ပေါက်ကြားတတ်တာမို့ပါ၊ အိမ်ဘယ်လောက်လုံလုံ၊ အထပ် ဘယ်လောက်မြင့်မြင့်၊ ဘယ်အာမခံသော့ပဲ ခတ်ခတ် ကျွန်တော် မမှုပါဘူး ဆရာ"

"ဒါဖြင့် အခု ဘာပစ္စည်းခိုးလို့ ထောင်ကျတာလဲကွ"

"ပတ္တမြားပါ ဆရာ"

"ဟ မင်း ကျောက်သံပတ္တမြား မခိုးဘူးဆို၊ ဘယ်လိုဖြစ်တာလဲ"

"ဒီလို ဆရာ၊ ပဲခူးမြို့ ဖိုင်းဂနိုင်းတောင်ပိုင်းက ကုလားသူဌေး အိမ် ဖောက်တုန်းက မီးခံသေတ္တာထဲမှာ ရွှေတွေ၊ ငွေတွေ အပြင် တောကြက်ဥအရွယ်အစားလောက်ရှိပြီး အရည်ကောင်းလှတဲ့ ပတ္တမြားကြီးကို တွေ့ရတော့ စိတ်ကူးတစ်မျိုး ပေါ်လာတယ်၊ ပြီးခဲ့တဲ့နှစ်က မွေးစားတပည့်တစ်ယောက်ကြောင့် ခရီးလွန်နေတာနဲ့ 'မရှိခဏ' ဘုရားမှာ နှစ်စဉ်ပြုနေကျ ကတိကဝတ် ပျက်ခဲ့ရတယ်၊ ဒီနှစ်မှာတော့ အတိုးချပြီး ပတ္တမြားကြီးကို ဘုရားထီးတော်မှာ ကပ်လှူပူဇော်ချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်လာတာနဲ့ ရွှေငွေတွေ မယူတော့ဘဲ ပတ္တမြားကြီးကိုပဲ ယူခဲ့မိတယ်၊ အရင်ပြုနေကျ ထုံးစံအတိုင်း တစ်ဝက်ပဲ ခိုးရအောင်ကလဲ ပတ္တမြားကြီးက တစ်လုံးတည်း ဆိုး တစ်ဝက်ခွဲရာလဲ မလွယ်တာနဲ့ တစ်လုံးလုံး ယူခဲ့မိတယ်၊ အမှားတွေ ဆက်တိုက်ကျူးလွန်မိပြီး သစ္စာပျက်တော့ ဒဏ်ခတ်ခံရတော့တာပေါ့ ဆရာရယ်"

"ဒါနဲ့ ပတ္တမြားကြီးက ဘယ်ရောက်သွားလဲ"

"တန်ဆောင်မုန်းလပြည့်ကျော် သူခိုးကြီးညက ငါးလလောက် ရှိသေးတာနဲ့ ပဲခူးကအိမ်မှာ သိမ်းထားတုန်း သက်ဆိုင်ရာက သတင်းရ၊



www.burmeseclassic.com

www.burmeseclassic.com



တပည့်က မလိမ္မာတာနဲ့ ပတ္တမြားကြီးလဲ အသိမ်းခံရပြီး ကျွန်တော်လဲ ထောင်ကျတော့တာပါပဲ ဆရာရယ်''

''ဘယ်လိုဖြစ်တာလဲကွ၊ ရှင်းပါဦး''

''ကျွန်တော့်မှာ အဆောင်လက်ဖွဲ့တွေ ရှိတယ် ဆရာ၊ ဓားပြီး၊ တုတ်ပြီးတဲ့ ဝက်မာန်စွယ်၊ သေနတ်ပြီးတဲ့ ဝက်စွယ်ဂေါင်းပိတ်၊ ခုန်ပျံနိုင်တဲ့ ကြောင်မျက်ရှင်၊ အဲဒါတွေကို လက်စွပ်ကွင်းပြီး ရွှေကြိုးနဲ့ သီထားတယ် ဆရာ၊ အလုပ်လုပ်တဲ့ညမှာ ကျွန်တော့်လည်ပင်းမှာ ဆွဲပြီး လုပ်လေ့ရှိပါတယ်၊ အဲဒီပတ္တမြားကြီးရတဲ့ ညက သူဌေးအိမ်ပေါ်က ဆင်းပြီး မြက်ခင်းပေါ်အဖြတ်မှာ ခြံစောင့်ခွေးကြီးတွေ မြင်လို့ ဟောင်ပြီး ထိုးလိုက်တာနဲ့ ခြံစည်းရိုးအုတ်တံတိုင်းပေါ် ခုန်တက်ပြီး ပြန်ခုန်အချမှာ အုတ်တံတိုင်း ဘေးကပ်ပေါက် နေတဲ့ ဆီးကိုင်းနဲ့ငြိပြီး လည်ပင်းမှာဆွဲထားတဲ့ အဆောင်လက်ဖွဲ့တွေ ကျကျန်ခဲ့ဟန်တူပါတယ်၊ ကျွန်တော်လဲ ပတ္တမြားကြီးနဲ့ ခွေးတွေကို သတိထားနေရတာနဲ့ လက်ဖွဲ့ကြိုး ပြတ်ကျန်ခဲ့တာကို သတိမထားမိတော့ဘူး။ အပြန်မှာ စိတ်လေးနေတာတော့ ထူးထူးခြားခြား ခံစားမိတယ်၊ ရဲလာမဖမ်းမချင်း အဆောင်တွေ ပျောက်ကျန်ခဲ့တာကို သတိမေ့နေခဲ့တယ် ဆရာ''

''အဲဒါနဲ့ ဘယ်လိုဖြစ်ပြီး အဖမ်းခံရတာလဲ''

''အဲဒီ လက်ဖွဲ့ကြိုးနဲ့ သီထားတဲ့ အဆောင်ထဲက ဝက်မာန်စွယ်နဲ့ ဝက်စွယ်ဂေါင်းပိတ်ကို လမ်းသွားလမ်းလာ ကလေးတစ်ဦးက ကောက်ရတယ်၊ တိရစ္ဆာန်အစွယ်တွေမို့ ကျွန်တော်တို့ဆိုင်ကို လာရောင်းတယ်၊ ကျွန်တော်မရှိတဲ့ရက်၊ တပည့်ဆိုင်ထိုင်နေတုန်း လာရောင်းတော့ တပည့်က ကျွန်တော့်ပစ္စည်းမှန်းသိတာနဲ့ လာရောင်းတဲ့ကလေးကို သူခိုးဆိုပြီး ဖမ်းတယ်၊ သူကြီးတိုင်တယ်၊ သူကြီးက ရဲစခန်းတိုင်တယ်၊ ဖောက်ထွင်းခံရတဲ့ အိမ်ကလဲ ခြံစည်းရိုးဆီးကိုင်းမှာ ငြိနေတဲ့ ရွှေကြိုးရယ်၊ ကြောင်မျက်ရှင်လက်စွပ်ရယ် တွေ့တာနဲ့ ရဲစခန်းတိုင်ထားတာနဲ့တိုးတော့





ခန်းမှူးဒုရဲအုပ်က လူတော်ပဲ၊ ဆက်စပ်စဉ်းစားမိပြီး ကျွန်တော့်ကို ဆွဲတော့တာပေါ့ ဆရာ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတယ်ဆိုတဲ့ အဖြစ်မျိုးပေါ့''

''အင်း မင်း တယ်လောက်ပဲ ပါးနပ်ပြီး တော်တော်၊ အဆောင်လက်ဖွဲ့တွေ ဘယ်လောက်ပဲစွမ်းစွမ်း၊ ဖြစ်ချိန်တန်တော့ဖြစ်၊ ပျက်ချိန်တန်တော့ ပျက်ရတာ ဓမ္မတာပါပဲ၊ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုတဲ့ စကားပုံအတိုင်း ဖြစ်ရတာပေါ့ကွာ၊ တပည့်ကိုလဲ အပြစ်ဖို့မနေနဲ့တော့၊ တရားနဲ့သာ ဖြေပေတော့ ကိုယ့်လူရေ၊

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း)

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com




## မိုက်ကြေးမိုက်ပြစ်

ကျွန်တော့်အဘိုး ဦးရွှေမွန်းသည် မြန်မာဆေးဆရာကြီး တစ်ဦးဖြစ်ပြီး အထူးသဖြင့် မြွေဆိပ်အမျိုးမျိုးကို နိုင်ပါသည်။ သောကြာသားဖြစ်သော်လည်း စကားနည်းသူဖြစ်၍ ငါးပါးသီလ မြဲပြီး ခြေလေးချောင်းသားများအား တစ်သက်လုံး ရှောင်ကြဉ်ပါသည်။ စေတနာဆရာဖြစ်၍လည်း ရောဂါကုရာတွင် အဖိုးအခမပြောဘဲ ကန်တော့သလောက်သာ ကုလေ့ရှိပြီး ဆေးဖိုးဝါးခ မတတ်နိုင်သူများကိုလည်း စေတနာဖြင့် အခမဲ့ဆေးကုပေးပါသည်။

အဘိုးနှင့် အဘွားမှာ ဘိုးစဉ်ဘောင်ဆက် အမွေရရှိခဲ့သဖြင့် အတွင်းပစ္စည်းများအပြင် လယ်ကေတစ်ရာကျော်နှင့် ခနွီများစွာကိုလည်း ပိုင်ဆိုင်ပါသည်။ မဒရွာတွင် နေထိုင်ပြီး ငမိုးရိပ်ချောင်းအနီးတွင် လေးပင်နှစ်ထပ်အိမ်ကြီး ဆောက်လုပ်ထားကာ အိမ်ရှေ့ကနားဖျင်းအောက်တွင် ခနီထိုးသမား လေးဆယ်ခန့် ရှိပါသည်။ အထမ်းသမားငါးဦးသာ ယောက်ျားများဖြစ်ကြပြီး ကျန်ခနီထိုးသမားများမှာ မိန်းမသားများဖြစ်ကြပါသည်။ သီချင်းဆိုသူ၊ အတင်းပြောသူတို့နှင့် ဆူညံလျက်ရှိပြီး

www.burmeseclassic.com



အလုပ်သမားများအား နေ့စဉ်ပင် ချက်ပြုတ်ကျွေးမွေးသဖြင့် အဘိုးတို့အိမ်ကြီးမှာ အလှူအိမ်ကြီးနှင့်ပင် တူနေပါတော့သည်။

အဘိုးသည် အိမ်မှာနေနေ ခရီးပဲသွားသွား ပန်းနုရောင် အုပ်ပေါင်း၊ လည်ခေါင်းတုံး အင်္ကျီလက်ရှည်အဖြူပေါ်တွင် ရွှေဖလားရောင်ပိုးပျော့တိုက်ပုံအင်္ကျီ ဝတ်ဆင်ပြီး ရွှေတောင်ပိုးတွဲ ကွက်တုံးပုဆိုးတိုကိုအမြဲတမ်း သပ်ရပ်စွာ ဝတ်ဆင်လေ့ရှိပါသည်။ အသားဖြူဖြူ၊ ဥပဓိရုပ်ကောင်းကောင်း၊ အရပ်ထောင်ထောင်မောင်းမောင်းဖြစ်၍လည်း သမားဂုဏ်နှင့်ညီပြီး ကျက်သရေရှိလှပါသည်။

အဘွားအမည်မှာ ဒေါ်ပုတိုဖြစ်ပြီး ကြာသပတေးသမီး ဖြစ်ပါသည်။ နာမည်နှင့် မလိုက်အောင် အရပ်ရှည်ပါသည်။ ရှုန်သားရင်ဖုံးအင်္ကျီ လက်ရှည်အဖြူနှင့် သရက်ထည် ပွင့်ရိုက်ထဘီ ဝတ်ဆင်ကာ ဆံထုံးဘီးကျော့ပတ်ထုံးထားပြီး တစ်ဆယ်သားခန့်ရှိ ရွှေဘီးကြီး တဝင်းဝင်းကိုလည်း စိုက်ထားပါသေးသည်။ နားတွင် ပုလဲနားကပ်ကြီး ပန်ဆင်၍လည်တွင် ဒေါင်းဘယက်ရွှေဆွဲကြိုး တုတ်တုတ်ကြီးကို ဆွဲထားပြီးလက်ကောက်ဝတ်နှစ်ဖက်တွင်လည်း ကျားခေါင်းလက်ကောက်ကြီး တစ်စုံစီ ဆင်မြန်းထားပါသေးသည်။ လက်ဝဲလက်သူကြွယ်တွင်တော့ အရည်ကောင်းသည့် မြကြီးအား စိန်ကိုးလုံး စီခြယ်၍ ဝတ်ဆင်ထားရာ လက်အလယ်တွင် လက်ညှိုး တစ်ထိုးထိုးဖြင့် ခိုင်းစေနေသော အဘွားအား ရွှေရောင်၊ မြရောင် စိန်ရောင် တဝင်းဝင်းဖြင့် အဝေးကပင် မြင်နိုင်ပါသည်။ တစ်တောင်ခန့်ရှိ ကိုယ်တိုင်လိပ်သော သနပ်ဖက်ဆေးလိပ်ကြီး မီးတရဲရဲကို ထိုင်ဖွာလိုက်၊ မတ်တတ်ရပ်၍ ညွှန်ကြားပေးခိုင်းစေလိုက်လုပ်နေသော လွန်ခဲ့သော နှစ်ပေါင်းများစွာက အဘွား၏ ပုံရိပ်ကို လွမ်းဆွတ်တသစွာ မြင်ယောင်နေမိပါသည်။

မွန်းလွဲပြီးစ နေ့လယ်ခင်းအချိန် အဘွားကတော့ ထုံးစံအတိုင်း စကားဖောင်ဖွဲ့၍ ပြောဆိုနေပါသည်။ ခနီထိုးသမများမှာ အသံတိတ်နေပြီး



အဘွားပြောစကားအား နားထောင်နေဟန်ရှိပါသည်။ အမှန်တော့ မဟုတ်ပါ။ နေ့လယ်စာ ထမင်းစားပြီးခါစဖြစ်၍ ထမင်းလုံးစီရင်း ငိုက်မြည်းနေကြခြင်းသာ ဖြစ်ပါသည်။

ထိုအချိန်၌ပင် အိမ်အနောက်ဘက် ငမိုးရိပ်ချောင်းအတွင်းမှ 'အုံး' ဟူသော ပေါက်ကွဲသံကြီး ကြားရပြီးနောက် မရှေးမနှောင်းမှီ အဘိုးနှင့် အဘွားတို့၏ အငယ်ဆုံးသား မှုံကြီး၏ သူငယ်ချင်း ကျွဲကြီးတစ်ယောက် အပြေးရောက်၍လာပါသည်။

"အဘွား အဘွား၊ အဘိုး ရှိသလား၊ မှုံကြီး ငါးဗုံးခွဲတာ မပေါက်လို့ သွားကိုင်ကြည့်တော့မှ လက်ထဲမှာ ပေါက်သွားတယ်"

"ဟယ် ငါ့သားလေး သေပါပြီ" ဟု ဆိုကာ အဘွားမှာ သတိမေ့မြောသွားပါတော့သည်။

ညောင်ခန်းတွင် ထိုင်၍ ဖလားစုံ ကွမ်းအစ်ကြီး ရှေ့ချပြီး ကွမ်းတမြုံ့မြုံ့ဝါးနေသော အဘိုးမှာ အိမ်အပေါ်ထပ်တက်၍ ဆေးအိတ်သွားယူနေစဉ်မှာပင် မှုံကြီးအား ၎င်း၏ သူငယ်ချင်းများက သွေးသံရဲရဲဖြင့် ထမ်းပိုး၍လာကြပါသည်။ သို့သော် မှုံကြီးမှာ သတိတော့ မလစ်သေးပါ။

အဘိုးမှာ အိမ်အပေါ်ထပ်မှ ဆေးအိတ်ယူ၍ ဆင်းလာပြီး ဆဲဆိုကြိမ်းမောင်းရင်း မှုံကြီး၏ ဒဏ်ရာများအား ရေစင်စင်ဆေး၍ သွေးတိတ်ဆေးများ လိမ်းကျံပေးပြီးနောက် နှလုံးငြိမ်ဆေး တိုက်ကျွေးပါသည်။ ဒဏ်ရာအနေအထားမှာ ညာလက်ညှိုးနှင့် လက်မ ပြတ်ထွက်သွားပြီး ရင်ဘတ်တွင်လည်း အသားများ စုတ်ပြတ်နီရဲနေပါသည်။ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးဟောင်းများအား ငမိုးရိပ်ချောင်းအတွင်းမှ ရရှိသဖြင့် ယမ်းထုတ်ကာ နို့ဆီဘူးအတွင်း၌ ထည့်သွင်း၍ စနက်တံတပ်ဆင်ပြီး ရေစပ်၌ ငါးဗုံးခွဲခြင်း ဖြစ်ပါသည်။ ငါးများမှာ ဗုံးသံကြောင့် နားအုံကွဲပြီး ရေပေါ်ပေါ်လာစဉ် ဖမ်းဆီးကြခြင်းဖြစ်ပါသည်။

အဘိုးမှာ မချိတင်ကဲ ဖြစ်လျှက် ဒေါသကို ထိန်းရင်း–



www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့ကွာ လုပ်ရက်ကြပါပေ့၊ ပိုက်ဆံရှိနေတာပဲ၊ ကြိုက်တဲ့ငါး ဝယ်စားလို့ရရဲ့သားနဲ့ သူများ အသက်ကို သတ်တဲ့အလုပ်ကိုပဲ ဝါသနာပါကြတယ်၊ ကဲ အခု ဘယ့်နှယ်ရှိစ၊ မသေကောင်း မပျောက်ကောင်း အတွင်းဒဏ်ရာမရပေလို့သာ တော်တော့တယ်၊ နှစ်စဉ်နှစ်တိုင်းလဲ ဒီငုံးပေါင်းတွေကြောင့် သေကြ၊ ကြေကြ၊ ပြတ်ကြ၊ ကျိုးကြနဲ့ မြင်နေတဲ့ဟာကို မမှတ်ကြဘူး၊ တောက် ငါကွာ မပြောလိုက်ချင်ဘူး၊ မှတ်ပလားကွဲ့ ဟင်''

''ဟုတ်ကဲ့ပါ အဘ၊ သား နောက်မလုပ်တော့ပါဘူး''

''ဟဲ့ ဟဲ့ ပုတို့ ဘယ့်နှယ်နေသေးသလဲ၊ အိမ်ပေါ် ခေါ်ခဲ့စမ်း နာနှပ်ရအောင်''

အဘိုးမှာ သားဇောကပ်နေသဖြင့် ယခုမှ ဇနီးဖြစ်သူအား သတိရဟန်တူပါသည်။

''အမေ သတိရနေပါပြီ ဒါပေမယ့် ငိုနေတယ်''

မြခင်နှင့် မြရင်တို့ ညီအစ်မ ပြိုင်တူပြောဆိုကြပြီးနောက် မိခင်ကြီးအား အဘိုးအနီးသို့ တွဲ၍ခေါ်လာသည်။

''ကဲ ဒီရှူဆေးကို ရှူ၊ ဒီဆေးကိုလိမ်းပြီး သမီးကြီး မြခင်က ဇက်ကြောဆွဲပေးလိုက်၊ ဟိုကောင် မှူကြီး၊ တစ်ပတ်တိတိ အိမ်ပေါ်က အိမ်အောက် မဆင်းရဘူး၊ ကုန်ကုန်ပြောမယ်ကွာ၊ ချေးသေးသွားတာက အစ အိမ်ပေါ်မှာ အိုးနဲ့သွား၊ အပေါင်းအသင်းတွေနဲ့ အဆက်ဖြတ် ကြားလား''

''ဟုတ်ကဲ့ပါ အဘ၊ သား ရေသောက်ချင်ရင်ကော''

''မရှည်နဲ့၊ မင်းအနာ နာဦးမှာ မပျောက်သေးဘူး၊ လိုအပ်ရင် မင်းအစ်မတွေ တိုက်ပေးလိမ့်မယ်''

အဘိုးမှာ စိတ်ဆိုးပြေဟန် မရှိသေးပါ။ ဒဏ်ရာရထားသော သားကိုအလိုလိုက်သော မိခင်အား ခပ်စိမ်းစိမ်းကြည့်ပြီး–





''ပုတို့၊ မင်းသားကို ကြပ်ကြပ်အလိုလိုက်၊ နောက် ဒါထက်ဆိုးတဲ့အဖြစ်မျိုး ကြုံလိမ့်ဦးမယ်''

''ဟိုအကောင်၊ မင်း တစ်ပတ်လောက် အားမွေးထားလိုက်ဦး၊ ဒါတွေပျောက်မှ ငါနဲ့တွေ့မယ်''

အဘိုးမှာ ဇနီးနှင့် သားအား ပြောဆိုကြိမ်းမောင်းပြီးနောက် အိမ်အပေါ်ထပ်သို့ တက်သွားပါတော့သည်။

ထိုအခါမှ နှုတ်ပိတ်၍ မျက်ရည်ကျနေသော အဘွားမှာ သားဖြစ်သူ မှူကြီးအား ဖက်၍ငိုပါတော့သည်။

''မိုက်လုံးကြီးတဲ့ ငါ့သားရယ်၊ မသေကောင်း မပျောက်ကောင်းကွယ်၊ နောက် ဒီလိုအလုပ်မျိုးတွေ မလုပ်ပါနဲ့တော့ ငါ့သားရယ် နော်''

''ဟုတ်ကဲ့ပါ အမေ၊ သား နောက်မလုပ်တော့ပါဘူး၊ အဘကိုလဲ ပြောပေးပါဦး အမေ၊ သား တစ်ပတ်ကြာလို့ ဒဏ်ရာတွေ ပျောက်ရင် အရိုက်ခံရဦးမှာ၊ အဘရိုက်ရင် အမေသိတဲ့အတိုင်းပဲ၊ ကျွဲရိုက် နွားရိုက် ရိုက်တာ''

''အေးပါကွယ်၊ မင်းအဘ မရိုက်စေရပါဘူး၊ အမေ ပြောပေးပါ့မယ်၊ သားကလဲ ခွေးမြီးကောက်ကျည်တောက်စွပ်သလို နားမှမထောင်ဘဲ၊ မိဘပြောစကားကို နားထောင်ရတယ် သားရဲ့၊ မင်းအဘက မင်းကို ချစ်လို့ဆုံးမတာ၊ အမေကတော့ သားကို ချစ်လွန်းလို့ အလိုလိုက်တာ၊ မမိုက်ပါနဲ့တော့ သားရယ်၊ ကျော်မကောင်း ကြားမကောင်းကွယ်''

''သား လိမ္မာပါပြီ အမေရယ်၊ နောင် ဒါမျိုး မလုပ်တော့ပါဘူး၊ သား ကတိပေးပါတယ်''

''အေး အေး ကောင်းပါပြီကွယ်၊ သားလေး အိပ်ရာပေါ်မှာ အနားယူပေတော့၊ သမီးတို့ရေ၊ အညှော်လုပ်ရင် အိမ်ပေါ်မှာ မလုပ်နဲ့ ခြံကျောင်းကမ်းဘေးမှာ သွားလုပ်နော်၊ သားအနာ အညှော်မိရင် ပြည်မန်းလိုက်မှာ စိုးရတယ်''



www.burmeseclassic.com

www.burmeseclassic.com



အဘွားမှာ သမီးများအား မှာမယ့်သာမှာသော်လည်း ဗိုက်ဝ စိတ်ချစေရန် ငါးများအား ကြော်ချက် မစားတော့ဘဲ အိမ်ရှင်ရော အလုပ်သမားများအတွက်ပါ ရေလုံပြုတ်ဟင်းနှင့်သာ ကျွေးပါတော့သည်။ အလုပ်သမားများမှာ နောက်ကွယ်တွင် ညည်းညူကြသော်လည်း အဘိုးမှာ ထမင်းဟင်းနှင့် ပတ်သက်၍ လုံးဝချေးများခြင်း မရှိပါ။ ရေငုံနုတ်ပိတ်၍သာ စားသုံးရှာပါသည်။ အဘိုး၏ သားသမီးအပေါ်အချစ်နှင့် အဘွား၏ သားသမီးအပေါ် အချစ်တို့မှာ မတူဘဲ မှုကွဲ၍ နေပါတော့သည်။

တစ်ပတ်ပြည့်ပါပြီ။ အဘိုး၏ဆေးအစွမ်းကြောင့် မှုံကြီး၏ ဒဏ်ရာများလည်း ပျောက်ကင်းပါပြီ။ မှုံကြီး၏ အပေါင်းအသင်းများလည်း ပြုံတစ်ပြုံတစ်နှင့် အိမ်ရှေ့တွင် လာရစ်၍ နေကြပါပြီ။ အဘွား ဘာပြောထားသည် မသိပါ။ အဘိုးမှာ မှုံကြီးအား တစ်ပတ်ပြည့်၍ ရိုက်နှက်ဖို့ဝေးစွ၊ နေ့စဥ်ညစဥ် ကိုယ်တိုင် ဆေးထည့်ပေးပြီး မျက်စိအောက်မှ အပျောက်မခံပါ။ ယခင်လို ဆေးထွက်ကုခြင်း၊ ဆေးဝါးရှာဖွေရန် ခရီးထွက်ခြင်းလည်း အလျဥ်းမရှိပါ။ ဘုရားရှိခိုး ပုတီးစိပ်ခြင်း၊ မှုံကြီးအတွက် ယတြာချေခြင်း၊ ဆေးကုပေးခြင်း အမှုတို့ကိုသာ ပြုနေပါတော့သည်။

"မှုံကြီး၊ မင်း ဒီနေ့ကစပြီး ကြက်စွပ်ပြုတ်၊ ငါးစွပ်ပြုတ်ချည်း သောက်မနေနဲ့တော့၊ အနာကျက်ပြီဆိုတော့ ထမင်းဟင်းစားလို့ရပြီ၊ အသီးအရွက် များများစားပေး၊ ရေများများသောက်ပေး၊ ဝမ်းမချုပ်စေနဲ့ အိမ်နောက်ဘက်ဆင်းပြီး ချောင်းစပ်မှာ လမ်းလျှောက်ရင်း လေကောင်းလေသန့် ရှူပေး၊ ကြားလား ငါ့သား"

"ဟုတ်ကဲ့ပါ အဘ"

ပြောပြောဆိုဆိုပင် မှုံကြီးမှာ အိမ်ပေါ်ကဆင်းသည်နှင့် အိမ်အနောက်ဘက် ငမိုးရိပ်ချောင်းစပ် ကုက္ကိုပင်ကြီးအောက်တွင် စောင့်ဆိုင်းနေကြသော အပေါင်းအသင်းများနှင့် ဆုံတွေ့ပြီး အိမ်အနီးမှ တချိုးတည်း





ထွက်ပါတော့သည်။

မှုံကြီးအကြောင်း အဘိုး ကောင်းကောင်းသိပါသည်။ မသိကျိုးကျွံပြုနေခြင်းသာ ဖြစ်ပါသည်။ အဘိုးမှာ လက္ခဏာနှင့် ဗေဒင်ပညာ၊ နက္ခတ်ပညာရပ်များကို ကောင်းစွာ ကျွမ်းကျင်နှံ့စပ်သူ ဖြစ်ပါသည်။ လိုအပ်မှသာ သုံးပါသည်။ အဓိက ဆေးကုသည့်အလုပ်ကိုသာ ဦးစားပေး၍ လုပ်ကိုင်ပါသည်။

အဘိုးသည် ညှော်ခန်းထောင့်၌ ဆေးလိပ်ကြီးဖွာကာ သားအဖနှစ်ဦး၏ အခြေအနေအား စောင့်ကြည့်အကဲခတ်နေသည့် ဇနီးဖြစ်သူအား—

"ပုတိုရယ်၊ မင်းသားကိုတော့ ငါ လက်လျှော့လိုက်ပြီ၊ ဒီနေ့ကစပြီး သူ့သဘောကျနေပါစေတော့၊ ငါ ရိုက်လဲ မရိုက်တော့ဘူး၊ ဆူလဲ မဆူတော့ဘူး"

"ကိုယ့်သားပဲရှင်၊ မလိမ္မာရင် ဆုံးမရမှာပေါ့"

"မဆုံးမတော့ဘူးဟေ့၊ ပြောမထွက်တဲ့စကား ပြောရတော့မယ်၊ မင်း စိတ်ခိုင်ခိုင်ထားပေရော့၊ သားကို ဆေးကုနေတုန်း ငါ သူ့လက္ခဏာကို အမှတ်မထင်ကြည့်မိတယ်၊ မင့်သား အသက်လမ်းကြောင်းက တိုလွန်းတဲ့အပြင် ပြတ်နေသေးတယ်၊ အခု အသက်နှစ်ဆယ်ထဲ ဝင်လာပြီဆိုတော့ အစိုးရိမ်ရဆုံးအချိန် ရောက်နေပြီလို့ တွက်လို့ရတယ်၊ ငါ ယတြာအမျိုးမျိုး ချေပြီးပြီ၊ လက္ခဏာက ပြောင်းလဲမလာဘူး"

"အမယ်လေး ကိုရွှေမွန်းရယ်၊ ရှင်တတ်တဲ့ပညာတွေနဲ့ အစွမ်းကုန် ကြိုးစားပါဦး၊ ကျွန်မသားလေး အသက်ရှည်မယ်ဆိုရင် ကျွန်မတို့ ချမ်းသာသမျှ ကုန်ရင်ကုန်ပါစေတော်၊ လုပ်စမ်းပါဦး"

"ဒီမယ် အမယ်ကြီး၊ ကံကံ၏အကျိုးပေးဆိုတာ ငွေနဲ့ဝယ်လို့ရတာ မဟုတ်ဘူး၊ လူဖြစ်လာတာနဲ့ အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို ရှောင်လွှဲလို့ ရတာမဟုတ်ဘူး၊ လူဖြစ်လာရင် အနေးနဲ့ အမြန်သေ



www.burmeseclassic.com

www.burmeseclassic.com



ကြမှာပဲ၊ တရားနဲ့ ဖြေပေတော့ ပုတိုရေ"

အဘိုးမှာ အဘွားအား တရားပြ ပြောဆိုပြီး အိမ်အပေါ် ထပ် ဘုရားခန်းသို့ တက်သွားပါတော့သည်။

အဘွားမှာတော့ ပဋ္ဌာမြေလူးဖြစ်လျက် ထုံးစံအတိုင်း တက်ပြီး သတိလစ်သွားပါတော့သည်။

သမီးဖြစ်သူ မြခင်နှင့် မြရင်တို့မှာ အဘိုးပေးထားသော ဖြင့် အဘွားအား နာနှပ်၍ ပြုစုကြရပြန်ပါသည်။

နေ့လယ် ထမင်းစားချိန်တွင် မှုံကြီး ပြန်လည်ရောက်ရှိလာ သည်။

"အစ်မတို့ရေ၊ အဘက ထမင်းစားလို့ရပြီတဲ့၊ ဘာဟင်း ချက်ထားသလဲ၊ ဆာပြီဗျာ၊ ထမင်းပွဲ ပြင်ပေးပါ"

"အေး အေး မောင်လေးရေ၊ ပြင်ပေးမယ်၊ ကြက်သား ပြန်ဟင်း၊ လယ်ငါးခူကျော်နဲ့ ငါးရံ့ချဉ်ရေဟင်း ချက်ထားတယ်၊ ရေ ရတာ တစ်ပတ်ရှိပြီဆိုတော့ ရေချိုးလိုက်ပါဦးကွယ်၊ အစ်မတို့ အ ပြင်ဆင်ထားပါ့မယ်"

မှုံကြီးမှာ အေးဆေးတည်ငြိမ်စွာပင် ရေမိုးချိုး အဝတ်အ လဲပြီး ထမင်းစားပါတော့သည်။ ပြီးနောက် အပေါ်ထပ်တက်၍ တစ် အိပ်ပါသည်။ အိမ်သားများအားလုံးက အနှောင့်အယှက် မပေး သို့သော် မျက်စိဒေါက်ထောက်၍တော့ ကြည့်နေကြပါသည်။

"ရှီ ရှီ"

ညနေစောင်းချိန်တွင် အိမ်အနောက်ဘက် ငမိုးရိပ်ချောင်း လက်ခေါက်မှုတ်သံ နှစ်ချက်ကြားရပြီးနောက် မှုံကြီး အိပ်ယာမှ ထလာ အပေါ့အလေး သွားသလိုလို အိမ်အနောက်ဘက် အိမ်သာသို့ဆင်း နောက် ပျောက်သွားပြန်ပါသည်။ အိမ်သားများကတော့ ဆေးကုသနေသော တစ်ပတ်အတွင်း အိမ်ပေါ်မှ အိမ်အောက်မဆင်းရသော မှုံကြီး၊ အတို





သည်ပတ်သည်ဟုသာ ထင်ကြပါသည်။

သို့သော် အိမ်သားများထင်သလို မဟုတ်ပါ။ ဤတစ်ခါ မှုံကြီး၏ လုပ်ရပ်မှာ တစ်မျိုးဖြစ်ပါသည်။ ၎င်း သုံးဖြုန်း၍ ကုန်သွားသော ငွေများ အား ပြန်ရှာပြီး မိဘကျေးဇူးဆပ်ရန်လားတော့ မသိပါ။ ကျွဲကြီး၊ ကျွဲလေး တို့ ညီအစ်ကို အဆက်အသွယ်ဖြင့် ရွာအနောက်ဘက် သချိုင်းဇရပ်တွင် ရောက်နေသော သိုက်ဆရာတစ်ဦးနှင့် တိုင်ပင်ကာ ရွာဦးဘုန်းကြီးကျောင်း အနီးရှိ 'ဖြေ့စင်ကန်သိုက်' အား တူးဖော်ရန်ကြံစည်နေခြင်းသာ ဖြစ်ပါ သည်။

ဖြေ့စင်ကန်မှာ ဆင်ဖုန်၊ မဒစစ်ပင် ကျေးရွာများအတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေပေးနေသော ရေကန်ကြီးဖြစ်ပါသည်။ တစ်မိုင်ပတ်လည်ခန့်ကျယ်ဝန်း၍ ကန်ပတ်လည်ပေါင်ပေါ်တွင် ဒန့်မာကုက္ကိုနှင့် မန်းကျည်းပင်ကြီးများ ပေါက်ရောက်နေပြီး နှစ်ပေါင်းရာ ချီနေသော သက်ရင့်ပင်ကြီးများ ဖြစ်ကြပါသည်။ ငမိုးရိပ်ချောင်းနှင့် တစ်မိုင်ခန့် ဝေးကွာသော်လည်း မိုးကာလကန်ရေ လျှံချိန်တွင် ရေပိုများ ချောင်းအတွင်း စီးဆင်းသော မြောင်းရိုးတစ်ခုလည်း ရှိပါသည်။ မြောင်းနှင့် ကန်ပေါင်အနီးတွင် ဘုရားတစ်ဆူ ရှိပြီး ချုံနွယ်များ ဖုံးလွှမ်း၍ နေပါသောနေရာ ဖြစ်ပါသည်။ သို့သော် ထူးဆန်းသည်မှာ မြွေဆိုးများ သည် ၎င်းဘုရားပျက်ကုန်းနေရာမှ လွဲ၍ ကန်၏အခြားနေရာများသို့ သွားရောက်ခြင်း မရှိကြပေ။

ယခုကဲ့သို့ မိုးဦးကျကာလ မိုးကြီးပြီး ကန်ရေလျှံသည်နှင့် မြောင်းအတွင်း၊ ရေများစီးဝင်လာကာ ကန်ရင်း၊ ရိုးမြောင်းအစတွင် ရွှေအိုးနှုတ်ခမ်းကြီးများ ပေါ်လာလေ့ရှိပါသည်။

ရာဝင်အိုးနှုတ်ခမ်း အဝန်းပိုင်းခန့်ရှိပြီး ရွှေသားအတိ ဖြစ်ပါ သည်။ ဖြေ့စင်ကန်အနီးရှိ ကျေးရွာများမှ ရွာသူရွာသားတိုင်း မြင်ဖူးကြ သော်လည်း ဘုရားသိုက်ဟု အမိန့်ရှိသဖြင့် ပြစ်မှားကြခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ့စင်ကန်ကျောင်း ဆရာတော်လည်း အထူးကြပ်မတ်တားမြစ်ထားသော နေရာလည်း ဖြစ်ပါသည်။ မိုးကုန်တော့ သဲနှုန်းများဖို့ပြီး ရွှေအိုးနှုတ်ခမ်းကြီးများ ပျောက်ကွယ်သွားလေ့ရှိပါသည်။

မုံကြီးတို့အကြံမှာ ကြီးကျယ်ပါသည်။ ဖြေ့စင်ကန်ကျောင်း ကျောင်းသားဟောင်းများဖြစ်၍လည်း ဆရာတော်နှင့် ရင်းနှီးနေပြီး ဆရာတော်၏ အနေအထိုင်ကိုလည်း သိရှိကြပါသည်။ သို့သော် ယခု ဝါတွင်းကာလတွင် ဆရာတော်သည် အရေးပေါ်ကိစ္စမရှိဘဲ ခရီးသွားခြင်း မရှိသဖြင့် မုံကြီးတို့လူသိုက် အကြံထုတ်၍ အခြေအနေကို စောင့်ကြည့် နေကြသည်။

သို့သော် 'လူမိုက်ကံကောင်း' ပြောရမည်လား မသိတော့ ဆရာတော်ဘုရားကြီး၏ မယ်တော်ကြီး သဃ်နှင်းကျွန်းကြီးကျေးရွာတွင် လူကြီးရောဂါဖြင့် ကွယ်လွန်ကြောင်း အကြောင်းကြားလာသည်။ ဝါတွင်း ဆရာတော်ဘုရား ခရီးသွားရန် အခြေအနေ ဖြစ်ပေါ်လာပါတော့သည်။ မယ်တော်ရှာပနဖြစ်၍လည်း ဆရာတော်အနေဖြင့် တစ်ပတ်ခန့်ကြာမြင့် သီတင်းသုံးပြီး စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။

ထိုနေ့က မုံကြီးသည် ဆရာတော်ဘုရားအား လိုက်ပို့ရန် အိမ် အကြောင်းပြ ခွင့်တောင်းပါသည်။ ရှာဦးကျောင်းဆရာတော်ကိစ္စဖြစ် အိမ်က ခွင့်ပြုရာ မုံကြီး၊ ကျွဲကြီး၊ ကျွဲလေးတို့ အုပ်စု လှည်းစီစဉ်ကြပါသည်။ စီစဉ်ပုံမှာ မုံကြီး၏ အိမ်မှ လှည်းနှင့်နွားကိုယူပြီး ရေစည်တိုက် လှည်းသမားဘိုးကြီးအား အရက်နှစ်လုံးပေး၍ မောင်းခိုင်းပြီး ဆရာ ဘုရားအား ကျောင်းသားလေးနှစ်ဦးနှင့်အတူ လှည်းပေါ်တင်၍ သ ကျွန်းကြီး ကျေးရွာသို့ ပို့ဆောင်ပေးလိုက်ခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားအား နောက်ဆက်တွဲ လျှောက်ထား ပါသေးသည်။

"ဆရာတော်ဘုရား အလျင်ကြွနှင့်ပါ ဘုရား၊ တပည့်





တို့ ရပ်ရွာလူကြီးတွေနဲ့အတူ နောက်လှည်းများနဲ့ လိုက်ခဲ့ပါမယ် ဘုရား"

"အိမ်း အိမ်း ကောင်းပါပြီ ဒကာ မုံကြီး"

ဆရာတော်ဘုရား မရှိသည့်နောက်တွင် မုံကြီးတို့လူစု လုပ်ငန်းပေါ်ပြီ။ သင်္ချိုင်းဇရပ်တွင် သိုက်ဆရာဖြစ်သူ အသင့်စီစဉ်ထားသော အုန်းပွဲ ငှက်ပျောပွဲ၊ ဖယောင်းတိုင်တို့ကို ယူဆောင်ကာ ဖြေ့စင်ကန်ပေါင်ရိုး၊ ဘုရားပျက်အနီးတွင် ပွဲပြင်ဆင်၍ သိုက်တူးရန် လုပ်ငန်းစတင်ပါတော့သည်။ သိုက်ဆရာက စည်းချ၍ အစီအမံများပြုလုပ်ပြီးနောက် ရိုးမြောင်းအတွင်း ဆင်းကြပြီး ရွှေအိုးနှုတ်ခမ်းများပေါ်နေသော နေရာများအား တူရွင်းကိုယ်စီဖြင့် တူးကြပါတော့သည်။

မုံကြီးမှာ ဖြတ်လမ်းသမားဖြစ်၍ ရွှေအိုးကြီးကို အလုံးလိုက် ဖော်ယူမည့်အစား မြေပေါ်တွင်ပေါ်နေသော အိုးနှုတ်ခမ်းအား ဖွဲ့ယူလျှင် မြန်မြန်ရရှိမည်ဟု ယူဆသည့်အတိုင်း တူရွင်းပြားဖြင့် ရိုက်၍ ဖွဲ့လိုက်ရာ ချွင် ဟူသော အသံကြားရပြီးနောက် အိုးနှုတ်ခမ်းပုံကာ အစိတ်သားခန့်ရှိ ရွှေတစ်စအား ရရှိပါတော့သည်။

ထိုအချိန်၌ပင် လျှပ်စီးဝင်းခနဲ လက်သွားပြီး မိုးချုန်းသံများ ဆည့်ကွာ ပေါ်ထွက်လာကာ သဲသဲမဲမဲ မိုးရွာချပါတော့သည်။ တစ်ခဏအတွင်း၌ပင် ကန်ရေပြည့်သွားပြီးနောက် ရေလျှံ၍ မြောင်းရိုးအတွင်း အလုံးလိုက်စီးဝင်ရာ သိုက်တူးနေကြသော အဖွဲ့မှာ ကစဉ့်ကလျားဖြစ် ကာ ရေစီးနှင့် မျောပါမသွားစေရန်အတွက် အတင်းကူးခတ်၍ နေကြပါ တော့သည်။ ရေစီးနှင့်အတူ မြွေဟောက်ကြီးတစ်ကောင် မျောပါလာပြီး နောက် လူအုပ်စုအတွင်းမှ မုံကြီးအား ရွေး၍ ပြုတ်နေသော လက်မနှင့် လက်ညှိုးခွအား ကိုက်လိုက်ပြီး ရေစီးနှင့် မျောပါသွားပါတော့သည်ဟု ဆိုပါသည်။

သိုက်တူးသမားများ၏ ကြောက်လန့်တကြား ကယ်ပါ ယူပါ ဆိုတာ အော်သံကြောင့် ရွာနီးချုပ်စပ်မှလူများ ကြားကြသဖြင့် အပြေး

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ကြရာ ရေမရှိသော ရိုးမြောင်းအခြေ သဲပြင်ပေါ်တွင် မြေပြင်အား ရေထင်၍ ကူးခတ်နေကြသော သိုက်တူးသမားများအား တွေ့ရှိကြရပြီး ကယ်တင်နိုင်ခဲ့ပါသည်။

သိုက်တူးအဖွဲ့သားများမှာ ခြေကုန်လက်ပန်းကျ၍ တစ်ကိုယ်လုံး ပွန်းပဲ့ ဒဏ်ရာရရုံသာဖြစ်သော်လည်း မှုံကြီးမှာတော့ မြွေကိုက်သော ဒဏ်ရာကြောင့် သတိမေ့မြော၍နေပါသည်။ မှုံကြီး ဖဲ့ယူရရှိသည့်ရွှေလည်း ဘယ်ဆီရောက်သွားသည် မသိပါ။' ရွှေအိုးနှုတ်ခမ်းများလည်း သဲဖုံး၍ ပြန်လည်ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

အဘိုး၏ မြွေဆိပ်ဖြေဆေးအားကိုးဖြင့် မှုံကြီးအား ကျွဲကြီးကျွဲလေးတို့ ညီအစ်ကို ထမ်းခေါ်လာကြပါသည်။ အိမ်အဝရောက်လျှင်ပင် –

"အဘိုးရေ အဘိုး၊ မှုံကြီး ပိုးထိလို့ ကယ်ပါဦး အဘိုး"

အဘိုးမှာ ဘုရားဝတ်ပြုနေခြင်းကို ရပ်တန့်၍ မြွေဆိပ်ဖြေဆေးများကို ယူဆောင်ကာ အောက်ထပ်သို့ ဆင်းလာပါသည်။ မှုံကြီးမှာ မြွေဆိပ်တက်၍ သတိမေ့နေသော်လည်း မသေသေးပါ။ အဘိုး၏ အကောင်းဆုံး မြွေဆိပ်ဖြေဆေးများနှင့် အစွမ်းကုန် ကုသသော်လည်း မှုံကြီး သတိပြန်လည်မလာတော့ပါ။ ညနေ နေဝင်ချိန်တွင် ဆုံးပါးသွားပါသည်။

ယခင်က မြွေကိုက်လူနာမှန်သမျှ အဘိုးနှင့်တွေ့လျှင် ဆုံးပါးသည်ဟု မရှိခဲ့ဖူးပါသည်။ ယခု သားအရင်းကျကာမှ ဆေးမတိုး တော့သည်မှာ ထူးဆန်း၍နေပါတော့သည်။ အဘွားမှာ သားသတင်းဆိုးအား ကြားလျှင်ကြားချင်း ထုံးစံအတိုင်း သတိလစ်သွားပါသည်။ အတန်ကြာမှ ပြန်လည် သတိရလာသော်ငြား စကားနည်းသွားပြီး စိတ်လည်း မမှန်တော့ပါ။ တငိုငို တရယ်ရယ် ဖြစ်၍သာ နေပါတော့သည်။

အဘိုးအနေဖြင့်တော့ ခံစားချက်မည်မျှ ပြင်းထန်သည် မသိပါ။





င်း၏ အစွမ်းထက်လှသော မြွေဆိပ်ဖြေဆေးများနှင့် အခြားရောဂါကုဆေးများအားလုံးကို အိမ်အနောက်ဘက်ရှိ ငမိုးရိပ်ချောင်းအတွင်း ၌ပစ်လိုက်ပြီးနောက် သေတစ်ပန် သက်တစ်ဆုံး ရဟန်းဘောင်သို့ ဝင်ရောက်သွားပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း)
သုဝဏ္ဏဘူမိဓမ္မဂူဖင်။ မေလ၊ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော်နှင့် ကန်တော်အရှင်မ

၁၉၇၀ ခုနှစ် မတ်လဆန်းကဖြစ်ပါသည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အသုံးလုံးလုပ်အားပေးရန် အတွက် ရန်ကုန်ဘူတာကြီးမှ အထူးရထားဖြင့် ခရီးထွက်ခဲ့ကြပါသည်။ မုံရွာမြို့တွင် စုရပ်ဖြစ်ပြီး မုံရွာမှတစ်ဆင့် တာဝန်ကျသော ဘုတလင်မြို့သို့ ကားဖြင့် ဆက်လက်၍ ခရီးထွက်ရပါသည်။ ဘုတလင်မြို့မှတစ်ဆင့် မြို့ပေါ် ရွာကြီးသို့ ကားများဖြင့် ထပ်မံ၍ သွားရပြန်ပါသည်။ မြို့ပေါ်ရွာကြီးမှာ ထိုအချိန်က တောမြို့ငယ်လေးဟု ဆိုနိုင်ပါသည်။ ထင်ရှားသော တောင်ရွာ ကြီး၊ မိုးတောကြီးရွာတို့နှင့် နီးပါသည်။

မြို့ပေါ်မှာ မူလတန်းကျောင်းတွင် စခန်းချ အိပ်စက်ရပြီး အသုံးလုံးကော်မတီမှ နေရာထိုင်ခင်းများနှင့် အစားအသောက် များကို စီစဉ်ပေးပါသည်။ လူငယ် လူလွတ်များဖြစ်၍လည်း အပေါင်းအသင်း များဖြင့် အလွန်ပျော်ရွှင်မိပါသည်။ ညဘက်တွင် အသုံးလုံး ကော်မတီမှ တာဝန်ထမ်းဆောင်ရမည့်ရွာများအား လူခွဲရာ၊ ကျွန်တော်နှင့် သူငယ်ချင်း ဖြစ်သူ ကိုတင်ရွှေမှ အများမသွားလိုသည့် ဝေးလံခေါင်းပါးသောရွာများသို့ သွားကြရန် အဆိုပြုလိုက်ပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် ဘုတလင်မြို့နယ် အစွန်ဆုံးတွင်ရှိသည့် ထူးကြီးရွာနှင့် မုံထူးရွာများသို့ သွားရောက်တာဝန် ထမ်းဆောင်ရမည် ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ယောကျ်ားလေးများဖြစ်ပြီး အဝတ်အစားထည့်သည့် အိတ်တစ်လုံးစီသာ ပါသဖြင့် အချိန်မရွေး ခရီးထွက်နိုင်ကြောင်း သတင်းပို့လိုက်ပါသည်။

မနက်ပိုင်းတွင် နီးစပ်ရာရွာအသီးသီးမှ လှည်းယာဉ်များဖြင့် ဆရာ၊ ဆရာမများအား လာရောက်ခေါ်ဆောင်ကြရာ ပွဲတော်ကြီးတစ်မျှ စည်ကားလှပါသည်။ ကျောင်းသား ကျောင်းသူ (၃၀၀)ကျော်ဖြင့် တစ်မနက်ခင်းလုံး ဆူညံပျော်ရွှင်နေကြပါသည်။

နေ့လည် (၁၂)နာရီခန့်တွင် မြို့ပေါ်ရွာမှုလတန်းကျောင်း စုရပ်၌ ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ ကိုတင်ရွှေသာ ကျန်ခဲ့ပါတော့သည်။ နေ့လည်စာ ထမင်းစားသောက်ကြအပြီးတွင် လှည်းတစ်စီး ရောက်ရှိလာပါသည်။ ထူးကြီးရွာမှ ကိုအေးသိန်းဆိုသူ မောင်းနှင်သည့် လှည်းကလေး ဖြစ်ပါသည်။ နွားနှစ်ကောင်မှာလည်း ပိန်းချုံးလှပါသည်။ အစာရေစာ ရှားပါးသော ဒေသမှ ဖြစ်ပုံရပါသည်။ သူများမသွားချင်သော အဝေးဆုံးနေရာသို့သွားပြီး စေတနာဖြူစင်စွာ ပညာဒါန စွန့်ကြဲပါမှ သူများထက်ပို၍ ကုသိုလ်ရမည်ဟု ကျွန်တော်တို့ ခံယူထားပါသည်။ အသုံးလုံးကော်မတီအား သတင်းပို့ပြီးနောက် ကျွန်တော်တို့နှစ်ဦး နွားပိန်ဆွဲသည့် ချိနဲ့သော နွားလှည်းကလေးဖြင့် အညာနေပူပူထဲတွင် ဖုန်တထောင်းထောင်းဖြင့် ခရီးထွက်ခဲ့ကြပါတော့သည်။

လှည်းဆရာက ပြောသည်။

''ကျွန်တော်တို့ ထူးကြီးရွာက မြို့နယ်အစွန်ကျပြီး [illegible] တယ်။ နေ့ဝက်ခရီးလောက် သွားရပါတယ်။ နွားတွေဆိုရင် ဒီရာသီမှာ ထန်းသီးခွံနဲ့ ထန်းနို့ခြောက်ပဲ စားရလို့ ပိန်ပါတယ်။ ရွာမှာတော့ ထန်းပင်ပေါလို့ ထန်းလျက်နဲ့ ထန်းရည်တော့ ပေါပါတယ်။ ဒီနှစ် မိုးခေါင်ပြီး





ရေရှားတော့ ပိုဆိုးပါတယ်။ ဒါပေသိ ဆရာလေးတို့ စိတ်မပျက်စေရပါဘူး။ ရွာသူရွာသားတွေက စေတနာဖြူကြပါတယ် မိန်းကလေးဆရာမတွေကိုတော့ မခေါ်ခဲ့နဲ့လို့ ကျွန်တော့်အဖေ သူကြီးက မှာလိုက်ပါတယ်''

လှည်းဆရာ စကားအဆုံးတွင် ကျွန်တော်က–

''ကျွန်တော့်နာမည် မောင်သိန်းဝင်းပါ၊ ဒီကဆရာလေးက ကိုတင်ရွှေတဲ့။ ကျွန်တော်တို့နှစ်ဦးစလုံး သူဌေးသားတွေ မဟုတ်ကြပါဘူး။ ဖြစ်သလို စားတတ်နေတတ်ပါတယ်။ ကိုအေးသိန်းတို့ရွာကိုလည်း ကျွန်တော်တို့သဘောနဲ့ ကျွန်တော်တို့ ရွေးချယ်ခဲ့တာပါ။ ဘာမှ အားနာစရာမရှိပါဘူး''

''ကောင်းပါလေရဲ့ ဆရာတို့ရယ်။ ကျွန်တော် အလွန်ဝမ်းသာမိပါတယ်။ အဖေနဲ့ ရွာသူရွာသားတွေလည်း လွှတ်ဝမ်းသာကြမှာပါ''

သို့နှင့် အညာနွေ နေပူကျဲကျဲတွင် ဖုန်တစ်ထောင်းထောင်းဖြင့် လှည်းဆွဲရာသို့ လိုက်ခဲ့ကြရာ လမ်းတစ်လျှောက်လုံး တမာပင်၊ တဖောင်းပင်၊ မန်ကျည်းချုံများသာ အတွေ့များ အပင်ကြီးကြီးဆို၍ ထန်းပင်များကိုသာ တွေ့ရပါသည်။ တောင်ကတုံး(ခေါင်းတုံး)များအား ဖြတ်ကျော်၍လည်းကောင်း၊ ကျောက်တောင်ကြားလမ်းမှ ဖြတ်သန်း၍လည်းကောင်း လှမ်းခဲ့ကြရာ ညနေ(၆)နာရီခန့်တွင် ထူးကြီး ရွာကလေးအား ပျပျကလေး မြင်ရပါတော့သည်။ ထန်းပင်စုစုနှင့် ကျောက်တောင်ကတုံးပေါ်တွင် တည်ထားသော ရွာကလေး ဖြစ်ပါသည်။ နွေရာသီဖြစ်၍ ညနေစောင်းသော်လည်း နေမဝင်သေးပါ။ ပုတုန်းအိုက်တုန်းပင် ဖြစ်ပါသည်။

ကိုတင်ရွှေမှ''ကိုအေးသိန်းရေ ကျွန်တော်တို့ ဖုံအလူးလူးနဲ့ ရောက်ကြတာ၊ ရွာမှာ ရေချိုးဖို့ရော ရေရှိရဲ့လားဗျ''

ကျွန်တော်မှကြားဖြတ်၍ 'ကိုတင်ရွှေရယ်၊ အားနာစရာဗျာ။ နောက်က မြို့ပေါ်ရွာမှာ ရေချိုးလာပြီးပြီဘဲဗျာ၊ ခြေလေးလက်လေး ဆေးကြော မျက်နှာသစ်ရရင် တော်ရောပေါ့ဗျာ၊ အားနာစရာ'ဟု တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောမိပါသည်။

ကိုအေးသိန်းက "အားနာစရာမရှိပါဘူး ဆရာလေးတို့ရယ်၊ ရွာလူကြီး အစီအစဉ် မုံတူးရွာဘုန်းကြီးကျောင်းက တွင်းရေကို ရေစည်လှည်းနဲ့ တိုက်ထားပါတယ်။ ပူစရာမလိုပါဘူးခင်ဗျာ"

ည(၇)နာရီခန့်တွင် တာဝန်ကျသည့် ထူးကြီးရွာသို့ ရောက်လာပါသည်။ နေဝင်ဆည်းဆာချိန်မို့ ကျောက်တောင်ကုန်းပေါ်မှ ထူးကြီးရွာကလေးမှာ ထန်းပင်အုပ်ဆိုင်းဆိုင်းဖြင့် သာယာလှပါသည်။ ရွာလယ်ရှိ သူကြီးအိမ်သို့ရောက်သော် အိမ်ဝိုင်းအတွင်း၌ တစ်ရွာလုံးနီးနီး လာရောက်ကြိုဆိုနေကြပါသည်။

ရွာသူကြီးဦးအုန်းမောင်မှ "ဆရာလေးတို့ရောက်လာကြပြီ၊ ခဏနားပြီးရေမိုးချိုးကြပါ။ ပြီးရင်ထမင်းစားရအောင်၊ လှည်းကို မနက်(၆)နာရီထဲကပဲ အကြိုလွှတ်လိုက်တာ၊ အခုမှပဲရောက်တော့တယ်။ ကျုပ်တို့ရွာတခေါင်သဗျ။ ဟဲ့ သမီးတို့၊ မီးခွက်နဲ့ မီးတိုင်တွေ ထွန်းကြ၊ ဆရာလေးတို့ ထမင်းစားဖို့လည်း တစ်ခါတည်းပြင်ကြ"

ကျွန်တော်နှင့် ကိုတင်ရွှေတို့ ခေတ္တနားယူအပန်းဖြေကြပြီး ရေချိုးကြပါသည်။ တွင်းရေ အေးမြလှပါသည်။

ရေချိုးအပြီး ညစာထမင်းဝိုင်းတွင် သူကြီးဦးအေးမောင်နှင့်အတူ ထမင်းစားကြပါသည်။ ဟင်းမှာ စုံလင်လှပါသည်။ ဆင်းရဲသောရွာဖြစ်သော်လည်း ဖွယ်ဖွယ်ရာရာရှိပါသည်။ ပဲကြီးနှပ်၊ ညောင်ချဉ်ဖူးသုတ်၊ ကြက်သားဟင်း၊ ခြံစည်းရိုးဟင်းချို (သူတို့ အခေါ်) ခွေးတောက်ရွက်နှင့် ကင်းပုံရွက်ဟင်းချိုတို့ ဖြစ်ပါသည်။ ဆီရွှဲရွဲဖြင့် ငရုတ်သီးထောင်းကလေးလည်း ပါပါသည်။ စား၍မြိန်လှပါသည်။ ထမင်းဝိုင်းဘေးမှလည်း တစ်ရွာလုံးနီးနီးထိုင်ကြည့်နေကြပါသည်။ ခရီးပန်းပြီး ဗိုက်ဆာဆာဖြင့် ထမင်းနှစ်ပန်းကန်စီလောက် စားကြရာ သူကြီးကတော်မှ–

"ဆရာလေးတို့ ထမင်းထပ်ထည့်ပါဦး၊ ဟင်းတွေလည်း အများကြီးကျန်သေးတယ်၊ အားမနာပါနဲ့"

"ဟုတ်ကဲ့ ဝပါပြီဒေါ်လေး၊ ကျွန်တော်တို့ အရမ်းစားကောင်းပါတယ်"

သမီးများမှ "ထပ်ထည့်ပါဦး အစ်ကိုတို့ရယ်၊ အဲ ဆရာလေးတို့ရယ်၊ ကျွန်မတို့က အဝစားမှကြိုက်တာ၊ နောက်ရက်တွေမှာဆို တစ်အိမ်တစ်နပ်နှုန်းနဲ့ တစ်ခြားအိမ်တွေကိုလိုက်စားကြရမှာ၊ အညာထုံးစံအရဆိုတော့ ကျွန်မတို့အိမ် အတော်နဲ့ အလှည့်ရောက်မှာ မဟုတ်ဘူးတော့"

ကျွန်တော် "ကျေးဇူးတင်ပါတယ်ညီမတို့ရယ်၊ အစ်ကိုတို့ ဝပါပြီ" ဆိုစဉ် အမျိုးသမီးတစ်ယောက် ထိုင်ရာကထလာပြီး–

"သူကြီးရှင့် မနက်ဖြန် ကျွန်မတို့အိမ်က ကျွေးမှာနော်"

ဒုတိယအမျိုးသမီးတစ်ဦးကလည်း–

"မဟုတ်ပါဘူး သူကြီး၊ ကျွန်မတို့အိမ်က ကျွေးမှာပါ၊ ဆိတ်သားတောင် စီစဉ်ပြီးပါပြီရှင့်"

ပထမအမျိုးသမီးက–

"ခင်ဦး ညည်း အဲ့သလိုတော့ မလုပ်ပါနဲ့အေ၊ ငါက အစောဆုံးပြောတာ၊ သူကြီး ကျွန်မတို့အိမ်က ကြက်သားနဲ့ ကျွေးမှာပါရှင့်"

"ကဲ ကဲ ညည်းတို့တော်ကြတော့၊ လူကြီးတွေမှာထားလို့သာ တစ်နပ်တစ်အိမ် စီစဉ်ကြရတာ၊ ဆရာလေးတို့ နှစ်ယောက်တည်းပဲ နေ့တိုင်း ငါ့အိမ်မှာ ကျွေးချင်တာပ၊ ဒါပေမယ့် တစ်ရွာလုံးနဲ့ ရင်းနှီးအောင် တစ်နပ်တစ်အိမ် စီစဉ်ရတာပါ။ ဆရာလေးတို့ စားမကောင်းရင်လည်း ကျုပ်အိမ်က နေ့တိုင်း ပို့ချက်ထားမှာပါ။ ကဲ အဲဒီတော့ ညည်းတို့နှစ်ယောက် ... ကားကို နားထောင်ကြ၊ အရင်ပြောတဲ့ မိဂျမ်းတို့အိမ်က မနက်ဖြန် ... တ်စာကျွေး။ နောက်ပြောတဲ့ ခင်ဦးတို့အိမ်က ညစာကျွေး တစ်နေ့ ... ည်းအဲ ကျေနပ်ရဲ့မဟုတ်လား။ နောက်နေ့တွေတော့ တစ်ရက်ကြိုပြီး ... စီစဉ်ပေးမယ်။ မကျွေးနိုင်တဲ့အိမ်ရှိရင်လည်း အခုကပဲ ပြောကြ၊







www.burmeseclassic.com

www.burmeseclassic.com



ကြားလား"

ရွာသူရွာသားများ "ကျွန်တော် ကျွန်မတို့အားလုံး ကျွေးနိုင်ကြပါတယ်။ သူကြီးပဲ အလှည့်ကြစီစဉ်ပေးပါ။ ဟင်းမကောင်းလို့ ဆရာလေးတို့ မစားနိုင်မှာစိုးရိမ်ပါတယ်"

ကျွန်တော်မှ "ကျွန်တော်တို့ ယောကျ်ားလေးတွေပါ၊ ဟင်းကောင်းမကောင်း ကိစ္စမရှိပါဘူး ခင်ဗျ၊ သူကြီးတို့ရွာမှာ ပဲပေါပြီးသားပဲ၊ ပဲကြီးနှပ်ရယ်၊ သူကြီးတို့ပြောတဲ့ ခြံစည်းရိုးဟင်းချိုတစ်ခွက်ရယ်၊ ရှောက်သီးစပ်ထောင်းလေးရယ် ပါရင်တောင် စားနိုင်ပါတယ် ခင်ဗျာ"

ထိုစဉ် ခေါင်းတုံးနှင့် လူကြီးတစ်ဦး ထိုင်ရာမှထ၍–

"အဲ့သဟာဆိုရင် ကျွန်တော်တို့အိမ်ကို အရင်ကြွပါလား။ ဆရာလေးတို့ရယ် ပဲကြီးနှပ်နဲ့ ခြံစည်းရိုးဟင်းချို၊ ရှောက်သီးစပ်ထောင်းနဲ့ ကျွေးချင်လွန်းလို့ပါဗျာ"

"ဟား ဟား ဟား"

တစ်ရွာလုံး တစ်ဝေါ်ဝေါ် ဝိုင်းရယ်ကြပါသည်။

သူကြီးဖြစ်သူမှ "ဟဲ့ ဟဲ့ အဲသလို မရယ်ကြနဲ့လေ၊ စံထွန်းပြောတာမှန်တယ်။ သူ့ခင်ဗျာ ဒီရွာမှာအဆင်းရဲဆုံး၊ ယာမရှိ နွားမရှိ ဒါပေမယ့် သူ့စေတနာက မဆင်းရဲဘူး။ သူ့အိမ်ကျွေးတဲ့ နေ့ကျရင် အဆင်ပြေတဲ့အိမ်က ဟင်းကောင်းလေးများချက်ရင် ပို့ပေးကြပေါ့နော်"

တစ်ရွာလုံး "ဟုတ်ကဲ့ပါသူကြီး"

"ကဲ ကဲ ဆရာလေးတို့လည်း ခရီးပန်းလာကြတယ်။ နားချင်ကြရောပေါ့၊ ကဲ ပြန်ကြတော့၊ ငါတို့လည်း ဆရာလေးတို့ အသုံးလုံး ကိစ္စ ခဏ စကားပြောကြဦးမယ်"

"ဟုတ်ကဲ့ပါသူကြီး" ဟု ဆိုကာ တစ်ရွာလုံးထပြန်သွားပါသည်။ သူကြီးစကားနားထောင်၍ ဆင်းရဲသော်လည်း စေတနာဖြူစင်သည့် အလွန်စည်းလုံးညီညွတ်သောရွာသားများ ဖြစ်ကြပါသည်။





သူကြီးက "ဆရာလေးတို့ရေ ဒီရွာမှာ အိမ်ကြီးအိမ်ကောင်းလည်း မရှိတော့ စာသင်ကြားရေးအတွက် နေရာအခက်အခဲရှိနေတယ်"

ကိုတင်ရွှေမှ "သူကြီးအိမ်ဝိုင်းကြီးက အကျယ်ကြီးပဲဥစ္စာ၊ အဆောက်အဦးမလိုပါဘူးဗျာ၊ ဒီအိမ်ရှေ့ကွက်လပ်မှာ သင်ရင်လည်း ရပါတယ်။ ဒါနဲ့ စာသင်သားက ဘယ်နှစ်ယောက်ရှိသလဲ သူကြီး"

ကျုပ်တို့ထူးကြီးရွာနဲ့ မုံထူးရွာပေါင်းရင် စာသင်သား(၅၀) ယောက်ရှိတယ် ဆရာလေး"

ထိုစဉ် ကျွန်တော်မှ "မုံထူးရွာက ဘယ်လောက်ဝေးသလဲ သူကြီး"

"ဒီကနေ တစ်တိုင်လောက်တော့ရှိမယ် ဆရာလေး"

"မုံထူးရွာက_ဘယ်နှစ်ယောက်ရှိမလဲ"

"မုံထူးရွာက ရွာငယ်လေးမို့ စာသင်သား(၁၀)ယောက်လောက်ဘဲ ရှိပါတယ်။ ကျုပ်တို့ရွာကများတယ်။ (၄၀)လောက်ရှိတယ်"

"ဒါဆို ဒီလိုလုပ်မယ်သူကြီး။ ဒီရွာကလူတွေကို သူကြီးအိမ်ရှေ့မှာသင်မယ်၊ မနက်စောစောနဲ့ ညပိုင်းပေါ့။ မုံထူးရွာကို နေ့လည်ပိုင်းသွားပြီးသင်မယ်၊ ဖြစ်တယ်မဟုတ်လား သူကြီး"

"ဖြစ်တော့ဖြစ်ပါတယ် ဆရာလေးတို့ရယ်၊ ဆရာလေးတို့ ပင်ပန်းမှာပေါ့၊ လှည်းက နေ့တိုင်းစီစဉ်ပေးနိုင်မှာတော့ မဟုတ်ဘူး။ ဆန်းရာသီဆိုတော့ အလုပ်ရှိတယ်။ ကျွဲနွားကျွေးဖို့ တာဝန်လည်းရှိသေးတယ်။ ရေစည်တိုက်ရမှာလည်း ရှိပါသေးတယ်"

"ကိစ္စမရှိပါဘူး သူကြီး၊ မုံထူးရွာက တစ်တိုင်ခရီးဆိုတော့ နှစ်မိုင်လောက်ပဲရှိတာ ကျွန်တော်တို့ လမ်းလျှောက်နိုင်ပါတယ်"

သူကြီးက "မုံထူးရွာက အတော်ဆင်းရဲတာ ဆရာလေးတို့၊ နေ့နေ့ကြမ်းပိုင်းတောင် အမြီးစုံမှာမဟုတ်ဘူး၊ ဆရာလေးတို့ ပင်ပန်းမှာလည်း စိုးပါတယ်။"

www.burmeseclassic.com



"အစားအသောက်တွေအတွက် မပူပါနဲ့ သူကြီးရယ်၊ ကျွန်တော်တို့ ဖြစ်သလိုနေတတ်ပါတယ်"

"ဒါဆိုလည်း ပြီးရောပေါ့ဆရာလေးတို့ရယ်၊ နေ့လည်စာအတွက် ကျွန်တော်တို့ရွာကပဲ စီစဥ်ပြီးပို့ပေးပါ့မယ်၊ ကျူပ်က နှစ်ရွာအုပ်သူကြီးဆိုတော့ ကျူပ်တာဝန်ပဲ ထားလိုက်ပါ"

"ကောင်းလှပါပြီသူကြီးခင်ဗျာ"

ထိုစဥ် လှည်းဆရာသူကြီးသား ကိုအေးသိန်းရောက်ရှိလာပြီး

"ဆရာလေးတို့ ထမင်းစားပြီးကြပြီလား၊ ကျွန်တော်နောက်ကျသွားတယ်၊ နွားစာစဥ်း၊ နွားစာကျွေးရတာနဲ့ အခုမှအားတော့တယ်ဗျာ၊ ဒီကနေ့တော့ နွားရောလူပါ အတော်ပင်ပန်းသွားတယ်"

"ကဲ ကိုအေးသိန်းလည်း ရေမိုးချိုးပြီး ထမင်းစားတော့ပေါ့"

"မစားသေးဘူး ဆရာလေးတို့ရေ ကျွန်တော် နွားရေတိုက်ရင်း ရေတော့ချိုးပြီးပါပြီ၊ ကနေ့ ပင်ပန်းလာလို့ ပင်ကျရေလေး နည်းနည်းမှိဲလိုက်ဦးမယ်။ ဆရာလေးတို့ သောက်တတ်သလားမသိ၊ ကျွန်တော် မမေးလိုက်မိဘူးဗျာ"

"ကိစ္စမရှိပါဘူး။ ကိုအေးသိန်း၊ ကျွန်တော်တို့ နှစ်ယောက်စလုံး မသောက်တတ်ကြပါဘူး၊ ကွမ်းလည်း မစားတတ်ဘူး။ ဆေးလိပ်လည်း မသောက်တတ်ပါဘူး ခင်ဗျာ"

"ပင်ကျရည်က အရက်မှမဟုတ်တဲ့ ဆရာလေးတို့ရယ် သဘာဝကျောက်တောင်တွေပေါ်မှပေါက်တဲ့ ထန်းပင်ကထွက်တဲ့အရည်ပါ၊ ကျွန်တော်တို့ရွာမှာ လူကြီး ကလေး သောက်ကြတာများပါတယ်။ အသက်လည်း ရှည်ကြပါတယ်။ ဒီရွာမှာ အသက်(၉၀)ကျော်အရွယ် ယောကျ်ားမိန်းမ (၂၀)ယောက် ရှိတယ်၊ ရောဂါလည်း အဖြစ်နည်းပါတယ်။ ထန်းရည်(ပင်ကျရည်)က နေ့လည်ဆို ချိုပြင်းလေး၊ ညနေဆို ငှက်ခါးတောင်ပြာလဲ့လဲ့အရောင်ကလေးနဲ့ ချိုခါးလေးပေါ့ ဆရာတို့ရယ်"





ထိုစဥ် ကိုတင်ရွှေမှ "ကိုအေးသိန်းရေ ခင်ဗျား ပင်ကျရည်သောထားပါဦး၊ အခု လောလောဆယ် အရေးကြီးတာက အပေါ့အပါးသွားရမယ့်နေရာသွားရသလဲ အရင်ပြောပါ။ ကျွန်တော် ရွာရောက်ကတည်းက အိမ်သာလိုက်ကြည့်တာ မတွေ့လို့ အောင့်ထားရတယ်" ဟု တိုးတိုးကလေး ပြောပါသည်။

"အော် ဒါများ ဆရာလေးရယ်၊ ညနေခင်းတော့ ခြံဝိုင်းအနောက်ဘက် သွားပေါ့၊ နေ့ပိုင်းတော့ ရွာအပြင် ချုံကောင်းကောင်းမှာ သာထိုင်ပေါ့ဗျာ"

အညာထုံးစံအတိုင်း သူကြီးနှင့် အိမ်သားများကလည်း ည(၈)နာရီခန့်တွင်ပင် အိပ်ရာဝင်ကြပါပြီ၊ ကျွန်တော်တို့နှစ်ဦးလည်း ခြံဝိုင်းနားနောက်တွင် အပေါ့အပါးသွားပြီး မျက်နှာသစ်၊ ခြေလက်ဆေးကာ ဘုရားဝတ်ပြု၍ စီစဥ်ပေးထားသော အိပ်ရာများသို့ဝင်ကာ နားနေအိပ်စက်ကြတော့သည်။ ခြင်ထောင်မရှိပါ။ သို့သော် ခြင်လည်းမကိုက်ပါ။ ကျောက်တောင်ကုန်းပေါ်တည်ထားသော ရွာဖြစ်သဖြင့် လေဝင်လေထွက်ကောင်းပြီး အေးချမ်းလှပါသည်။ နေ့ခင်းပူသလောက် ညဘက်တွင် ချမ်းလှပါသည်။

နောက်တစ်နေ့မနက်ခင်းတွင် မနက်စောစော ထမင်းကြမ်းနှင့်ဆီဆမ်း မြေပဲကြော်နှင့် ရေနွေးကြမ်း စားသောက်ကြပြီး သူကြီးဦးအုန်းမောင်နှင့်အတူ ရွာအား လှည့်ပတ်ပြသပါသည်။ ထူးကြီးရွာမှာ အိမ်ခြေနှစ်ရာကျော်ခန့်ရှိပြီး ထန်းလက်မိုး ထန်းရွက်ကာတဲ ကလေးများက အများစုဖြစ်သည်။ အိမ်ဝိုင်းရှေ့တွင် ဧည့်သည်များအတွက် ခုံတန်းရှည်နှင့် စားပွဲရှည်များချထားပြီး အတန်ငယ်ချမ်းသာသူများအိမ်မှာသာ ဧည့်ဆောင်ခန်း ထားရှိပါသည်။ ချမ်းသာသူများအိမ်ဆိုရာ၌လည်း မြေစိုက်အိမ်သာဖြစ်ပြီး ကုတင်များချထားကာ ဝါးထရံကာ ဝါးကပ်မိုးအိမ်များသာ ရှိသည်။ အုတ်တိုက်မဆိုထားနှင့် ပျဥ်ထောင်သွပ်မိုးအိမ်ပင် တစ်ရွာလုံး



www.burmeseclassic.com

www.burmeseclassic.com



တွင် မရှိပါ။

ထူးကြီးရွာအား တစ်ပတ်ပတ်ပြီးနောက် မုံထူးရွာဘက်သို့ လျှောက်ခဲ့ကြပါသည်။ တစ်မိုင်ခန့် ယာခင်းဟောင်းများအား ကျော်၍ လျှောက်ပြီးနောက် ရေခန်းနေသော ရေကန်အတွင်း လက်ယက်တွင်း များတူး၍ ရေခပ်နေကြသော ရွာသူအပျိုကလေးများအား တွေ့ရပါသည်။ ရေကန်နှင့် ပေ(၁၀၀)ခန့်အကွာတွင် စိမ်းစိုနေသော သစ်ပင်များ ဝေဆာ စွာ သီးပွင့်နေသည့် ရွာဘုန်းကြီးကျောင်းအား တွေ့ရပါသည်။ မြင်ကွင်းမှာ မနက်ခင်းဖြစ်၍ အလွန်အေး ချမ်းလှပါသည်။

သူကြီးက "ဒီကန်ကြီးဟာ ကန်တော်အရှင်မ ကန်ကြီးပါ မိုး ဆောင်းဆို ရေမပြတ်ပါဘူး။ ကျုပ်တို့ရွာနှစ်ရွာစလုံး သောက်သုံးရေ လုံပါတယ်။ နွေမှာတော့ ကန်ထဲမှာ ရေမရှိပေမယ့် လက်ယက်တွင်းလေး ခပ်ရင် တစ်နွေလုံး သုံးနိုင်ပါတယ်။ ကန်ကြီးအောက်မှာ လှိုဏ်ကြီးတစ်ခုရှိ တစ်နွေလုံး ရေမပြတ်ပါဘူး။ ဒီလထဲမှာ ကန်တော်ဆယ်ပွဲ ရှိပါတယ် ပျော်စရာအင်မတန် ကောင်းပါတယ်။ အိမ်တိုင်းစေ့ ကလေးမကျန် ကန် တော်ကိုမြေတူး၊ မြေသယ် လုပ်ကြတာပါ။ အိမ်တိုင်းကလည်း နိုင်သ လောက် ကျွေးမွေးကြလို့ စတုဒိသာပွဲလည်း ဖြစ်ပါတယ်။ ဆရာလေး ကြုံကြမှာပါ။ ထူးဆန်းတာတွေလည်း တွေ့ရမှာပါ။ ဒီနေရာ ကန်တော်အရှင်မ သိုက်နန်းဖြစ်လို့ ကန်ဆယ်သူတွေ နှစ်စဉ်နှစ်တိုင်း ရွှေစ၊ ငွေစ တွေ့ရတတ်ပါတယ်။ ကန်တော်အရှင်မကိုယ်တိုင်လည်း လူယောင်ဆောင်ပြီး ဆရာလေးတို့ အခုခေတ်အပြောနဲ့ ပြောရရင် ရ အားပေးပါတယ်"

ကျွန်တော်လည်း အံ့သြစွာဖြင့် "ဟုတ်ရဲ့လား သူကြီးရယ် သူကြီးကိုယ်တိုင်ရော မြင်ဖူးလို့လား"

သူကြီးက "ကျုပ်ငယ်စဉ်က ကိုယ်တိုင် ကြုံဖူးပါတယ်၊ နှစ် နှစ်တိုင်း ကန်ဖော်ရင် တစ်ယောက်မဟုတ်တစ်ယောက် ကြုံတာပါ





ယောက်ျားလေးတွေနဲ့ ကြုံတာများတယ်။ ကန်တော်အရှင်မက ယောက်ျား လေးတွေကို ပိုချစ်တယ်။ ဆရာလေးတို့ ဒီရွာရောက်တာ မကြာသေးလို့ သတိမထားမိတာပါ။ ဒီရွာမှာ ယောက်ျားလေးတိုင်းလိုလို အသားဖြူကြ တယ်၊ မိန်းမတိုင်းလိုလို အသားညိုကြပါတယ်"

ကိုတင်ရွှေကလည်း "အဲဒါတော့ ဟုတ်တယ်ဗျ၊ ကျွန်တော် သတိထား မိသလောက် သူကြီးတို့ မိသားစုကိုယ်တိုင်ကိုပဲကြည့်၊ သူကြီးနဲ့ သား ကိုအေးသိန်းကတော့ အသားဖြူတယ်။ သူကြီးကတော်နဲ့ သမီးနှစ်ယောက် က အသားညိုကြတယ်ဗျ"

ကျွန်တော်က " အို ဟုတ်ရဲ့လားဗျာ ကျွန်တော်လည်း အခုမှ ဘဲ သတိထားမိတော့တယ်၊ အဲဒါ ဘာဖြစ်လို့လဲ သူကြီးခင်ဗျား"

သူကြီး "အဲ့သဟာတော့ ရှေးဘိုးစဉ်ဘောင်ဆက် ပြောကြ တာပဲ၊ ကန်တော်အရှင်မ ကျိန်စာတိုက်ထားတာတဲ့။ ယောက်ျားလေးတွေ အပူထဲထန်းတက်၊ တောင်ယာစိုက်၊ ရေစည်လှည်း တိုက်ကြပေမယ့် အသားဖြူတယ်ဗျာ"

ကိုတင်ရွှေ "ဘာဖြစ်လို့ ကျိန်စာတိုက်ရတာလဲ သူကြီး ခင်ဗျား"

သူကြီး "ဟို ကန်တော်အောက်လှိုဏ်ထဲမှာ ကျောက်ဖျာကြီး တွေရှိပါတယ်၊ အဲဒီ ကျောက်ဖျာကြီးတွေအောက်ဖက်မှာ နွေ၊ မိုး၊ ဆောင်း မခန်းတဲ့အိုင်ကြီး ရှိတယ်။ ကျောက်ဖျာကြီးတွေ ပတ်ဝန်းကျင်မှာ အတိုင်းမွှေး ပန်းရိုင်းပင်တွေ အလိုလိုပေါက်ပြီး မွှေးကြိုင်နေတာပဲ၊ အဲဒီ ပန်းတွေကို မိန်းမတွေက ကန်တော်ရှင်မထံ ခွင့်မတောင်းဘဲ ခူးယူပန်ကြ လို့ ကျိန်စာတိုက်တာလို့ အဆိုရှိတာဘဲ၊ အခုတော့ ဘယ်သူမှ မခူးရဲ ကြတော့ပါဘူး"

ကျွန်တော် "သူကြီး အဲဒီပန်းတွေကို အခုသွားကြည့်လို့ ရ သလား၊ ကျွန်တော် မခူးပါဘူး နမ်းကြည့်ရုံပါ"

သူကြီး "ရပါတယ်၊ ဆရာလေးက အသားညိုပြီးသားဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှုးမိရင်တောင် အသားဖြူချင်ဖြူလာဦးမယ်''

''ဟား ဟား ဟား'' ကျွန်တော်တို့ ဝိုင်းရယ်မိကြပါသည်။

သို့နှင့် ကျွန်တော်တို့ ရေကန်ကြီးအောက်ဘက်ရှိ ကျောက်ဖျာချပ်များအား သွားရောက်ကြည့်ရှုကြပါသည်။ ကျောက်ဖျာများမှာ သင်ပုန်းကျောက်အမျိုးအစားဖြစ်ပြီး မြေတွင်စိုက်ဝင်၍ ဒေါင်လိုက်လည်းကောင်း၊ အလျားလိုက်ခင်း၍လည်းကောင်း ထူးဆန်းသော ပုံစံများဖြင့် မြင်တွေ့ရပါသည်။ ကျောက်ဖျာတစ်ချပ်၏ အကျယ်အဝန်းမှာ ၁၀'× ၁၅' ပေခန့် ရှိပါသည်။ အစီအရီ ညီညီညာညာရှိပြီး အညာနေပူဒဏ်ကြောင့် မည်းနက်ပြောင်လက်နေပါသည်။ လေရေ တိုက်စားထားသဖြင့် ပြောင်ချောနေပြီး အစဉ် အမြဲ တစ်ယောက်ယောက်က ပွတ်တိုက်ထားသည့်ပမာ သန့်ရှင်း၍နေပါသည်။ ကျောက်ဖျာများအောက်ဘက်တွင် အိုင်ကြီးတစ်ခု ရှိပြီး အတော်နက်ပုံရပါသည်။ ချိုင့်အတွင်း အမှောင်ကျနေသဖြင့် ရေအနက်ကိုတော့ မမှန်းဆနိုင်သေးပါ။

ကိုတင်ရွှေ ''သူကြီး၊ ဒီချောက်ထဲ ရေဆင်းကူးလို့ရသလား''

သူကြီး ''ရပါတယ်၊ မိန်းမတွေသာ မရတာပါ''

ကိုတင်ရွှေ ''ကြုံတဲ့နေမှ ကိုအေးသိန်း ခေါ်ပြီး ရေလာကူးဦးမယ်ဗျာ''

ကျွန်တော်အနေဖြင့်တော့ ကျောက်ဖျာအနီးပတ်ဝန်းကျင်တွင် အလေ့ကျပေါက်နေသော တတိုင်းမွှေး အရိုင်းပန်းပင်များအား လှည့်ပတ်ကြည့်ရှုပြီး နမ်းကြုံမိပါသည်။ အမွှေးနံ့မှာ စကားဝါပန်းနံ့လို မွှေးကြိုင်နေပြီး ရင်ထဲအေးမြသွားပါသည်။

သူကြီး ''ကဲ ဆရာလေးတို့ နေမပူခင် ဘုန်းတော်ကြီးကျောင်းဝင်ပြီး ကျောင်းထိုင်ဘုန်းကြီးကို မိတ်ဆက်ရင်း ကန်တော့ကြရအောင်''

ကန်တော်အား ပတ်၍ စိမ်းလန်းစိုပြေနေသော ဘုန်းကြီးကျောင်းဝင်းအတွင်း ဝင်ခဲ့ကြရာ ကြက်များ အကောင်(၃၀)ခန့် အုပ်လိုက်ပျံသွား





သည်ကို တွေ့ရပါသည်။

ကျွန်တော် ''သူကြီး၊ တောကြက်တွေလား ခင်ဗျာ''

သူကြီး ''မဟုတ်ပါဘူး၊ ဆရာလေး။ ကြက်တိန်ညင်တွေပါ။ ဘားမဲ့ လှူဒါန်းထားတဲ့ ကြက်တွေပါ။ အရိုင်းစိတ်ဝင်နေလို့ လူတွေ့ပြီး ပျံကြတာပါ''

ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီး တစ်ပါးတည်းသာရှိပြီး ကျောင်းသားလေးနှစ်ဦးဖြင့် တဲကျောင်းကလေးတွင် သီတင်း သုံးနေခြင်း ဖြစ်ပါသည်။

''လာကြ၊ လာကြ ကျောင်းဆရာလေးတို့ မှတ်တယ်၊ ခုံတန်းလျားမှာ ထိုင်ကြကွယ့်''

''တင်ပါဘုရား၊ တပည့်တော်တို့ ဦးတင်ပါတယ် ဘုရား''

ကျွန်တော်တို့ မထိုင်မီ ဘုန်းကြီးအား ဝတ်ပြုကြပါသည်။

''ထိုင်ကြကွဲ့၊ ကျောင်းသားတွေ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် သယ်ကြစမ်းကွဲ့''

''မှန်ပါဘုရား၊ တပည့်တော်တို့ စားသောက်ပြီးမှ ထွက်လာကြတာပါ ဘုရား''

ဘုန်းတော်ကြီးနှင့် အလာပ သလာပ ပြောဆိုပြီးနောက် ကန်တော့၍ မုံထူးရွာဘက်သို့ ထွက်ခဲ့ကြပါတော့သည်။

မုံထူးရွာမှာ အိမ်ခြေ(၃၀)ခန့်ရှိသော ရွာကလေးဖြစ်ပါသည်။ ထန်းပင်၊ ထနောင်းပင်နှင့် တမာပင်ကလေးများသာ ရှိပြီး အညာနွေ ကဲ့ကဲ့ မနက်ခင်း နေရောင်အောက်၌ပင် အတော် ပူပြင်းစပြုနေပါပြီ။ သူကြီး ဦးအုန်းမောင်မှ ဆင့်ထားဟန်တူပါသည်။ ဆယ်အိမ်ခေါင်း၏ အိမ်ကလေးရှေ့တွင် လူသုံးလေးဆယ်ခန့် စုရုံးရောက်ရှိနေပါသည်။

ဆယ်အိမ်ခေါင်း ''ကြွပါ သူကြီးနဲ့ ဆရာလေးတို့၊ ကျုပ် ဆယ်အိမ်ခေါင်း မောင်ကြွက်ပါ။ ဒီခုံတန်းလျားမှာ ထိုင်ကြပါ။ ရေနွေးကြမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်ဖြူဆုပ် သုံးဆောင်ကြပါ ခင်ဗျား''

ကျွန်တော် ''ဟုတ်ကဲ့ သူကြီး ပြောထားသလားတော့ မသိ ဘူး၊ ကျွန်တော်တို့ ထူးကြီးရွာနဲ့ မုံထူးရွာကို တာဝန်ကျပါတယ်၊ အဲဒီ သူကြီးက နှစ်ယောက်စလုံးကို ထူးကြီးရွာမှာပဲ နေစေပြီး မုံထူးရွာ နေ့လည်ဘက်မှာ စာလာသင်ဖို့ပါ။ ဦးလေးတို့ရွာလည်း အပန်းမကြီး အောင်ပါ''

ဆယ်အိမ်ခေါင်း ''ဟုတ်ကဲ့ သူကြီး ပြောပြထားလို့ ကျွပ် သိထားပြီးပါပြီ၊ ဆရာလေးတို့ ကောင်းသလိုစီစဉ်ကြပါ ခင်ဗျာ''

သို့နှင့် အစီအစဉ်အတိုင်း ကျွန်တော်တို့ အသုံးလုံး ဆရာနှ ကျေးရွာနှစ်ရွာအား ဖိဖိစီးစီး စာလာသင်ကြသည်မှာ တစ်ပတ်ခန့်ရှိ အခါ ရွာနှစ်ရွာစလုံးမှ ရွာသူရွာသားများနှင့် ခင်မင်ရင်းနှီးနေကြပြ နေထိုင်စားသောက်ရေးလည်း အဆင်ပြေပါသည်။ အဆင်မပြေသည် အညစ်အကြေးစွန့်ရန်ကိစ္စ ဖြစ်ပါသည်။ ကျေးရွာနှင့် ရင်းနှီးကာစ အသုံးလုံးကော်မီတီမှ မှာကြားလိုက်သော ယင်လုံအိမ်သာဆောက်ရန် အား အကောင်အထည်မဖော်နိုင်သေးဘဲ တောထိုင်နေရခြင်းဖြစ်ပါသ

တစ်နေ့ မနက်စောစောတွင် ကျွန်တော် ပဲစားတာများ၍ ဗိုက်အလွန်နာသဖြင့် နီးစပ်ရာရွာအနောက်တောသို့ ပြေးဝင်ခဲ့ပါသ အနောက်တောဆိုသော်လည်း သစ်ပင်ကြီးများရှိသည် မဟုတ်ပါ။ မိုးနံ့ဆူးချုံနှင့် တဓောင်းပင်များသာရှိသော နေရာဖြစ်ပါသည်။ တစ်ခုအနီး အပြေးအဝင်တွင် အလျင်ရောက်ရှိနေသော အမျိုးသ တစ်ဦးမှ ''ဆရာလေး ကန်တော့၊ ကန်တော့၊ ဆရာလေးတို့ ယော လေးတွေက အရှေ့တောကို သွားရမှာ၊ နေရာမှားလာပြီရှင့်''

''ဟုတ်ကဲ့၊ တောင်းပန်ပါတယ်ခင်ဗျာ၊ နေရာမှားလာ အရင်နေ့တွေကတော့ အိပ်ရာထနောက်ကျလို့ ကြုံတဲ့တောသွာ အခုတော့သိပါပြီ။ ခွင့်လွှတ်ပါခင်ဗျား'' ရှက်ရှက်နဲ့တောင်းပန်ပြီး





တောသို့ ပြေးရပါတော့သည်။

ကိစ္စဝိစ္စပြီး၍ သူကြီးအိမ်ပြန်အရောက် မနက်စာရေနွေး ကြမ်းဝိုင်းတွင် အကျိုးအကြောင်းပြောပြရာ တစ်အိမ်သားလုံး ဝိုင်းရယ် ကြပါတော့သည်။

ကျွန်တော်မှ ''သူကြီးခင်ဗျား၊ အခုကိစ္စနဲ့ပတ်သက်ပြီး ကျွန် တော်တို့ကို အသုံးလုံးကော်မတီက လူကြီးများမှာလိုက်တဲ့စကား ရှိပါ တယ်။ တစ်အိမ်ကို ယင်လုံအိမ်သာတစ်လုံးစီ ဆောက်ဖို့ဖြစ်ပါတယ်။ အခုလောလောဆယ်တော့ တစ်ရွာလုံးမဆောက်သေးဘဲ သူကြီးအိမ်က ပြီး စံပြအနေနဲ့ ဆောက်စေချင်ပါတယ်၊ ကျွန်တော်တို့ အခက်အခဲကြောင့် ဟုတ်ပါဘူး။ ကြုံတုန်း ပြောရခြင်းဖြစ်ပါတယ်''

သူကြီး ''မြို့စာတတ်မြောက်ရေး အစည်းအဝေးတုန်းက ကျုပ် ကြားသည်းပြောဖူးပါတယ်။ ဒါပေမယ့် ရွာမှာ စည်းရုံးလို့မရဘူး၊ ဘိုးစဉ် ဘောင်ဆက်အစွဲရှိနေတယ်။ အဲဒါကြောင့် ဆရာလေးတို့ ကြိုက်သလို ပါ၊ ဒီရွာမှာ ထန်းလက်ထန်းသား ပေါပါတယ်''

သို့နှင့် နောက်တစ်နေ့မနက်တွင် သူကြီးအိမ်ဝိုင်းအနောက် ၌ ကျွန်တော်နှင့် ကိုတင်ရွှေတို့ကိုယ်တိုင် ကျင်းတူး၍ ကိုယ်တိုင် ရာ သူကြီးသားကိုအေးသိန်းမှ ထန်းသားနှင့် ဝါးအချို့ကို လှည်းဖြင့် ပေးပါသည်။ နေ့လည်စာမစားမီ ပြီးစီးသွားပါသည်။ အိမ်သားအား လည်း အသုံးပြုရန်တိုက်တွန်းရာ အကျင့်မရှိ မသွားတတ်ကြောင်း ကြပါသည်။ ညရေးညတာ အရေးပေါ်ကိစ္စများတွင် အသုံးပြုရန် ကြောင်းပြောရာ ဆရာလေးတို့ပဲ သွားကြပါဟု ပြောပါသည်။ တော်တို့ အပေါ့အလေးသွားရာ၌လည်း အိမ်သားများနှင့် ခြံဝိုင်းနီးချင်း များပါမကျန် ဝိုင်းကြည့်နေကြသဖြင့် ကျွန်တော်တို့လည်း အရေး မှလွဲ၍ မသွားရဲကြတော့ဘဲ တောထိုင်ခြင်းမလေ့ကိုသာ ဆက် ကျင့်သုံးရပါတော့သည်။ အခြားရွာများတွင် တာဝန်ကျနေသည်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမလေးများမှာတော့ မည်သို့နေထိုင်လုပ်ကိုင်ကြသည်ကို မသိတော့ပါ။

ကျွန်တော်တို့ရွာသို့ရောက်ပြီး သုံးပတ်ခန့်အကြာ တပေါင်း လပြည့်ညတွင် ကန်တော်ဆယ်ပွဲကျင်းပပါသည်။ ထူးကြီးရွာသာမက မုံထူးရွာကလည်း ရွာလုံးကျွတ် လာရောက်လုပ်အားပေးကြပါသည်။ ယောကျ်ားများက မြေပေါက်၊ ကလေးများ မိန်းမများက မြေသယ်ကြ သည်။ ကန်တွင်းရှိ နုံးမြေများအား ကန်ဘောင်ပေါ် ဆယ်တင်ခြင်းဖြစ် သည်။ နှစ်ရွာပေါင်း လူ(၅၀၀)ခန့် တစ်ပိုင်တစ်နိုင် လုပ်အားပေးကြခြင်း ဖြစ်ပါသည်။ သက်ကြီးရွယ်အို အဖိုးအဘွားများနှင့် အချို့မိန်းမများ ကန်အတွင်း ခုံခင်း၍ ရေနွေး ကြမ်းနှင့် မုန့်မျိုးစုံအား လုပ်အားပေးသူများ အား တပျော်တပါး ကျွေးမွေးကြသည်မှာ ဘုရားပွဲတစ်မျှ စည်ကားလှ သည်။

ကျွန်တော်နှင့် ကိုတင်ရွှေတို့သည်လည်း ပေါက်တူးတ ယောက်တစ်လက်စီဖြင့် မြေပေါက်ပေးကြပြီး အမျိုးသမီးများရွက် တောင်းထဲထည့်ပေးခြင်း၊ တောင်းများအားပင့်ပေးခြင်းဖြင့် တပျော်တ ဝင်ရောက်ဆင်နွှဲလျှက်ရှိပါသည်။ မနက်စောစောကတည်းက စလိုက် သည်မှာ နေထန်းတစ်ဖျားခန့်ရောက်တော့ မောလာကြပါသည်။ ရေနွေး ကြမ်းသောက်၍ ခေတ္တအမောဖြေရန် ကြံရွယ်စဉ် အမျိုးသမီးတစ်ယော မှမြေကြီးတောင်းပင့်ပေးရန် အကူအညီတောင်းသောကြောင့် ကျွန်တော် ပင့်ပေးရပါသည်။ တောင်းပင့်စဉ် ရုတ်တရက်ကြည့်မိရာ အမျိုးသမီး ယခင်မြင်တွေ့နေကျ ရွာသူများလိုမဟုတ်ဘဲ အစိမ်းရောင်အထက်အော ဝတ်စုံဖြင့် ထူးခြားနေပါသည်။ ခံစားဖူးသော အမွှေးနံ့တစ်မျိုးကိုလည်း သဖြင့် အမျိုးသမီး၏ ဆံပင်များကိုကြည့်မိရာ တတိုင်းမွှေးပန်း အား ဝေနေအောင်ပန်ထားကြောင်းတွေ့ရပါသည်၊ ၎င်းကပြုံးချို

"ကျေးဇူးတင်ပါတယ် ဆရာလေး၊ ခေတ္တအနားယူ အ

ပြေပါဦး၊ ဟိုနားမှာ ကျွန်မအထိန်းတော်ကြီး အဲဟုတ်ပေါင် ကျွန်မ အဒေါ်ကြီး မုန့်ပျားသလက်များ လှူဒါန်းကျွေးမွေးနေပါတယ်၊ သွား ရောက်သုံးဆောင်လိုက်ပါဦးရှင်" ဟု ပြောဆိုကာ လက်ညှိုးညွှန်ပြကာ အုပ်ကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။

ကျွန်တော် အတော်အံ့သြမိပါသည်။ ယင်းမိန်းကလေးမှာ တော်အသားဖြူပါသည်။ ချော‌မောလှပပြီး အစိမ်းရောင်ဝတ်စုံ လေးဖြင့် တော်လိုက်ဖက်ပါသည်။ ဤရွာသူတော့ မဟုတ်နိုင်ပါ။ ဧည့်သည်ပဲ ဖြစ်နိုင်ပါသည်။ တတိုင်းမွှေးပန်းများကို ပန်ဆင်ထားခြင်းကလည်း ဤရွာသူမဟုတ်ကြောင်း ထင်ရှားနေပါသည်။ အလွန်ထူးခြားနေပါသည်။

ကိုတင်ရွှေအားခေါ်ယူ၍ ခေတ္တနားရန် အချက်ပြကာ အမျိုးသမီး ညွှန်ပြသောခဲ့သော နေရာသို့သွားကြရာ အဒေါ်ကြီးတစ်ဦးမှ ကျွန်တော်တို့ လာမည်ကို ကြိုသိနေသည့်အတိုင်း ရေနွေးကြမ်းနှင့် မုန့်များကို အသင့်ပြင် ဆင်ထားပြီး "ဆရာလေးတို့ ကြွကြပါ။ အဝသုံးဆောင်ကြပါ" ဟု ပြောဆို သည်။ ကျွန်တော်တို့လည်း ဆာဆာနှင့် မုန့်ဆီကြော်၊ မုန့်ပျားသလက် ကို စားကြရာ မုန့်များအတွင်း ပျားရည်ထည့်ထားဟန်တူပါသည်။ အိ၍ မွှေးနေပါသည်။ ရေနွေးကြမ်းသောက်ကြရာ၌လည်း ရှမ်းပြည်နယ် က်မှလာသည့် စော်ဘွားနှုတ်ခမ်းမွှေး လက်ဖက်ခြောက်ခတ်ထားသလို ကြိုင်ပြီး အရသာရှိလှပါသည်။ ကိုတင်ရွှေမှ "အဒေါ်ကြီးက ဒီရွာကဘဲ အတော်ကောင်းတာပဲဗျာ၊ မုန့်တွေက ကျွန်တော်တို့ စားဖူးတဲ့ နံ့တွေနဲ့ကို မတူဘူး၊ အတော်အရသာထူးခြားတာဘဲ"

"ပျားရည်နဲ့ လုပ်ထားတာရှင့်၊ ကျွန်မတို့က ဒီရွာကပါပဲ၊ ထူးပြုလုပ်ထားတဲ့ မုန့်တွေပါရှင်၊ တစ်နှစ်တစ်ခါပဲ ကျွေးဖြစ်ပါ ယ်ရှင်"

"အဒေါ်ကို ကျွန်တော်တို့ တစ်ခါမှ မတွေ့ဘူးလို့ပါ"

"ဆရာလေးတို့ အိမ်မစေ့သေးလို့ပါ။ အဲဒီအခါတော့ ဒီတက်

www.burmeseclassic.com



ကောင်းတဲ့ အစားအစာတွေနဲ့ ညှိခံမှာပါရှင်"

"ဟုတ်ကဲ့ အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ"

သို့နှင့် စားသောက်ပြီးနောက် ဆက်လက်မြေတူးကြရာ ကျွန်တော် မြေလက်ကောက်တစ်ရံကို ရရှိပါသည်။ ခေါင်းပေါ်လည်း နေရောက်ရှိနေပြီဖြစ်သဖြင့် နေ့လည် (၁၂)နာရီခန့် ရှိပါပြီ။ ကန်အတွင်း အရိပ်မရှိသဖြင့် တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲစိုနေပါတော့သည်။

"ကိုတင်ရွှေရေ နားကြရအောင်ဗျာ၊ ခင်ဗျား ဘာတွေ့သေးလဲ"

"ဘာမှ မတွေ့ပါဘူး ဘာဖြစ်လို့လဲ"

"ရွှေတိုရွှေစတွေ ကောက်ရတတ်တယ်လို့ သူကြီးက ပြောတာပဲ၊ ကျွန်တော်က မြေတူးရင်း မြေလက်ကောက်တစ်ရံ တောက်ရတယ်ဗျ။ ခြူးပန်းခြူးနွယ်တွေနဲ့ ပုဂံခေတ်ကလက်ရာ ထင်ပါရဲ့၊ ရွှေဆိုရင်တော့ အတော်တန်ဘိုးကြီးမှာ ဒီမှာကြည့်ပါဦး"

"အာ ဟုတ်ပါရဲ့ ပုဂံခေတ်က မြေဆေးတံတွေလိုပဲနော် ပန်းကနုတ်တွေနဲ့ အတော်လှတာပဲ၊ ဒါပေမယ့် အမည်းရောင် မြေလက်ကောက်ကြီးဖြစ်နေတာ အတော်ဆိုးသဗျာ"

"မြေလက်ကောက်လည်း ဘာဖြစ်သလဲ ကျောင်းပြန်ရောက်ရင် အမှတ်တရအနေနဲ့ သမိုင်းဌာနကို လှူလိုက်ရုံပေါ့"

ထို့နောက် ကျွန်တော်တို့ သူကြီးအိမ်သို့ ပြန်ခဲ့ကြပြီး ခေတ္တနားရေမိုးချိုး၍ နေ့လည်စာထမင်း စားကြပါသည်။ ရွာသူရွာသားများကတော့ တစ်နေကုန် ကန်ဆည်နေကြမည်ဖြစ်ပါသည်။

ညမိုးချုပ်စတွင် သူကြီးသား ကိုသိန်းအေး ထန်းရည်အိုးများဖြင့် ရောက်ရှိလာပါသည်။

"ဆရာလေးတို့ ဒီနေ့ ပင်ပန်းကြတယ်၊ ထန်းရည်ခါးသောက်ပြီး ပဲကြီးလှော်ဝါးရင်း အပန်းဖြေကြပါဦး၊ ကျွန်တော်တို့ တစ်ရွာလုံးလည်း





တနေ့ အတော်ပင်ပန်းကြတယ်။ ပင်ပန်းပေမယ့် ပျော်စရာကောင်းဗျား၊ မုန့်စားလိုက် ရေနွေးကြမ်းသောက်လိုက်နဲ့ ထမင်းကို လွတ်ရောဗျား"

ကျွန်တော်တို့လည်း မသောက်တတ်သောက်တတ်ဖြင့် သောက်ကြည့်ရာ အလွန်ခါးပြီး မူးလှသဖြင့် ဆက်မသောက်ရဲကြတော့ဘဲ ပဲကြီးလှော်သာ ထိုင်ဝါးနေရပါတော့သည်။ ကိုအေးသိန်းမှာတော့ အညာလေ့အတိုင်း တစ်ခွက်ပြီးတစ်ခွက် သောက်နိုင်ပါသည်။

ထိုစဉ် သူကြီးဦးအုန်းမောင် ရောက်ရှိလာပြီး–

"ဆရာလေးတို့ အတော်ပင်ပန်းသွားကြပြီလား၊ ဟဲ့သား ဆရာလေးတို့ကို ထန်းရည်တိုက်နေတာလား၊ အမြည်းလေးဘာလေး စုံစေ့အောင် လုပ်ဦးမှပေါ့ကွယ်"

"အဖေရေ ကျွန်တော်လည်း တစ်နေ့လုံး ပင်ပန်းလာလို့ ဘာမှ လုပ်နိုင်တော့ဘူးဗျ၊ အဖေ့သမီးတွေလည်း ချက်ပြုတ်လို့ မပြီးကြသေးဘူးဗျ"

"အော် ဒါနဲ့ ဆရာလေးတို့ ကန်ဆယ်ပွဲမှာ ထူးဆန်းတာ ဘာတွေ့သေးလဲ၊ ရွာထဲမှာတော့ နှစ်ဦးသုံးဦး ရွှေစလေးတွေ ကောက်ရကြသယ်။ မုံထူးရွာက ဦးသောင်းတော့ ရွှေဆွဲကြိုးလေးတစ်ကုံး ကောက်ရသယ်ကြားတယ်"

"ကျွန်တော် ကျွန်တော်လည်း ကောက်ရပါတယ် သူကြီးရယ်၊ လက်ကောက်နှစ်ကွင်းတောင်မှဗျ"

"အယ် အဟုတ်လား ဆရာလေးရဲ့ ပြစမ်းပါဦး"

"ကိုတင်ရွှေရေ သူကြီးကို ပြလိုက်စမ်းပါဦးဗျား၊ ကျွန်တော်ကတော့ လုနီးခံရမှာစိုးလို့ ကိုတင်ရွှေကို လုံလုံခြုံခြုံ သိမ်းနိုင်းထားရတယ် ခင်ဗျ"

ထိုစဉ် ကိုတင်ရွှေမှ ရေမိုးဆေးကြော၍ လက်ကိုင်ပုဝါဖြင့် ထုပ်ထားသော လက်ကောက်နှစ်ကွင်းအား ထုတ်ပြလိုက်ပါသည်။

www.burmeseclassic.com



သူကြီး ''အယ် အဟုတ်မှတ်လို့ ဆရာလေးတို့ရယ်၊ ဒါ ပုဂံခေတ်က လက်ကောက်တွေဘဲ၊ ရွှေဆိုရင်တော့ တန်ဖိုး အဆမတန်ကြီးမှာ၊ မှန်းစမ်း တစ်ကွင်းကို ငါးကျပ်သားစီလောက်ရှိမယ်၊ ပန်းကန်တွေကလည်း အတော်လှသဗျား''

''ဒါနဲ့ သူကြီး ကန်ဆယ်ပွဲမှာ အသားဖြူဖြူ ခပ်ချောချော ထမီအင်္ကျီ အစိမ်းရောင်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသလားခင်ဗျာ ခေါင်းမှာလည်း တတိုင်းမွှေးပန်းတွေ ဝေနေတာဘဲ''

''ကြံကြီးစည်ရာ ဆရာလေးရယ်၊ အသားဖြူတဲ့မိန်းကလေး ဒီရွာမှာမရှိပါဘူး၊ တစ်စိမ်းဧည့်သည်လည်း မရှိပါဘူး၊ ဒီရွာသူတွေ ဘယ်မိန်းကလေးမှ တတိုင်းမွှေးပန်းကို မပန်ရဲပါဘူး၊ တန်တော့ ဆရာလေးတို့ ကန်တော်အရှင်မနဲ့ တွေ့ခဲ့ပြီထင်တယ်။ ဆရာလေး ကိုတင်ရွှေရော အဲဒီမိန်းကလေးကို မြင်လိုက်သေးလား''

''ကျွန်တော် မတွေ့ခဲ့ပါဘူး''

''နောက်တစ်ခု ရှိသေးတယ် သူကြီးရဲ့၊ အဲဒီမိန်းကလေး ညွှန်ပြလို့ ကျွန်တော်နဲ့ ကိုတင်ရွှေ ခဏနားပြီး မုန့်သွားစားကြတာ၊ အဒေါ်ကြီး တစ်ယောက်က မုန့်ဆီကြော်နဲ့ မုန့်ပျားသလက်တွေ ကျွေးလိုက်သေးတယ် ပျားရည်နဲ့လုပ်ထားတာ စားကောင်းလိုက်တာဗျာ၊ ချိုစိမ့်နေတာပဲ''

ကိုတင်ရွှေ ''ဟုတ်တယ် သူကြီးရ၊ ကျွန်တော်လည်း စားခဲ့ရတယ်။ နတ်သုဒ္ဓါကျနေတာပဲ ကောင်းလိုက်တာဗျာ၊ ရေနွေးကြမ်းကလည်းဗျာ ရှမ်းပြန်နယ်ထွက် စော်ဘွားနှုတ်ခမ်းမွှေး လက်ဖက်ခြောက် ခတ်ထားသလိုပဲ အရသာရှိလိုက်တာဗျာ''

သူကြီး ''ဟုတ်ရဲ့လား ဆရာလေးတို့ရယ်၊ ကျုပ်လည်း ကန်အတွင်းနေရာအနှံ့ ရောက်ပါတယ်။ အဲဒီမုန့်ဆီကြော်နဲ့ မုန့်ပျားသလက် ကျွေးတဲ့နေရာကို မတွေ့ခဲ့ပါဘူး''

ကျွန်တော် ''ကိုတင်ရွှေရေ သေချာပြီဗျ၊ သူကြီးပြောတာ





အရသာဆိုရင်တော့ ကန်တော်အရှင်မပဲ ဖြစ်ရမယ်။ ခင်ဗျားတောင် ကျွန်တော်နဲ့လိုက်ခဲ့လို့ မုန့်ဆီကြော်နဲ့ မုန့်ပျားသလက် စားရတာ ကံကောင်းတယ်မှတ်ပါ''

ကိုတင်ရွှေ ''ဟုတ်ပါ့ ကိုသိန်းဝင်ရယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ ကျွန်တော် (၁၀)ပေလောက်ပဲအကွာ မြေပေါက်နေကြတာ ကျွန်တော် ကန်တော်အရှင်မကို မမြင်လိုက်ရဘူးဗျာ။

သို့နှင့် ညစာအား သူကြီးအိမ်မှ အထူးချက်ပြုတ်ထားသော သတ်သတ်လွတ်ဟင်းနှင့် ထမင်းစားကြပါသည်။ တပေါင်း လပြည့်နေ့ဖြစ်၍ တစ်ရွာလုံးလည်း သတ်သတ်လွတ်ဟင်းသာ ချက်စားကြကြောင်း သိရပါသည်။ စားသောက်ကြပြီးနောက် မောမောဖြင့် စောစီးစွာ အိပ်ရာဝင်ကြပါတော့သည်။

နောက်တစ်နေ့မနက်ခင်းတွင် ကျွန်တော်တို့ နံနက်စာစော စားသောက်နေကြစဉ် မုံထူးရွာ ဘုန်းကြီးကျောင်းမှ ကျောင်းသားလေး တစ်ဦး ရောက်လာပါသည်။

''သူကြီးမင်းခင်ဗျား၊ ဆရာတော်က ကျောင်းဆရာတွေကို ခေါ်ခိုင်းလိုက်ပါတယ်၊ သူကြီးမင်းလည်း ကြွခဲ့ပါတဲ့''

''ဟဲ့ ဘာကိစ္စများတုန်း၊ မောင်ကျောင်းသားရဲ့''

''ကျောင်းရောက်မှ ပြောမယ်လို့ ဆရာတော်က မှာလိုက်ပါတယ် ခင်ဗျား''

''အေး အေး ကဲဆရာလေးတို့ ဘုန်းကြီးက ဘာအမိန့်ရှိချင်လို့လဲ မသိ၊ သွားလိုက်ကြရအောင်''

ကျွန်တော်တို့အုပ်စု မုံထူးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ပင် သင်းပျံ့သောအမွှေးနံ့ကို ခံစားရပါသည်။ ကျွန်တော်နှင့် ရင်းနှီးနေပြီဖြစ်သော တတိုင်းမွှေးပန်းရိုင်းနံ့ ဖြစ်ပါသည်။ ပတ်ဝန်းကျင်အား ကြည့်လည်ကြည့်ရှုရာ သီးပင်စားပင်များသာရှိပြီး ပန်းပင် မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် "သူကြီး၊ ဒါ တတိုင်းမွှေးပန်းနဲ့ မဟုတ်လား"

သူကြီး "ဟုတ်တယ် ဆရာလေး၊ ဆရာကိုတင်ရွှေရော ပန်းနံ့ ရသလား"

ကိုတင်ရွှေ "ရပါတယ် သူကြီး၊ ဒီကျောင်းဝိုင်းထဲမှာလည်း ပန်းပင်မရှိပါဘူး၊ သရက်ပင်နဲ့ တမာပင်တွေ ဖူးပွင့်နေတာပဲ ရှိပါတယ်။ ထူးဆန်းလိုက်တာဗျာ"

ထိုစဉ် ဆရာတော်မှ "လာကြ လာကြ ဒကာတို့ ဒီနေရာ မှာ ထိုင်ကြ"

သူကြီး "အမိန့်ရှိပါ ဆရာတော်ဘုရား၊ ကိစ္စထူးများ ရှိပါ သလား"

ဆရာတော်အား ကျွန်တော်တို့ ဝတ်ဖြည့်ပြီး ထိုင်ခုံရှည်များ ပေါ်တွင် ထိုင်ကြပါသည်။

ဆရာတော် "ရှိပြီလား ဒကာကြီးရယ်၊ မနေ့ကကန်ဆယ်ရွာ မှာ ကျောင်းဆရာလေးတစ်ယောက် လက်ကောက်တစ်ရံ ကောက် ရသွားတယ်ဆို"

သူကြီး "ဟုတ်ပါတယ် ဘုရား၊ ဒါပေမယ့် အဖိုးတန် ရွှေ လက်ကောက်တော့ မဟုတ်ပါဘူး ဘုရား။ မြေလက်ကောက်ကြီးပါ ဘုရား"

ဆရာတော် "အေး အေး ဘာပဲဖြစ်ဖြစ်၊ သူကတော့ ရွှေလက် ကောက်လို့ ပြောနေတယ်၊ ပုဂံခေတ်လက်ရာ၊ ကနုတ်ပန်းတွေနဲ့ဆို အလေးချိန် ငါးကျပ်သားစီ ရှိတယ်တဲ့"

သူကြီးနှင့် ကျွန်တော်တို့ပါ မျက်လုံးပြူးသွားကြပါသည်။ အဖိုးတန်မဟုတ်သဖြင့် ညကမှ သူကြီးအား ပြောပြမိရာ အခြားလူစိမ်း တစ်ဦးဦးလည်း ကြားသိသွားရန် အကြောင်းမရှိနိုင်ပါ။

သူကြီး "အရှင်ဘုရားကို ဘယ်သူ လျှောက်ထားပါသလဲ ဘုရား"





"ပိုင်ရှင်ပေါ့ ဒကာကြီးရဲ့ ကန်တော်အရှင်မလေ"

"ခင်ဗျား"

ကျွန်တော်တို့အားလုံး အံ့ဩသွားကြပါသည်။

ဆရာတော် "ညက ဘုန်းကြီးကို အိပ်မက်ပေးတယ်၊ အစိမ်း ရောင်ဝတ်စုံနဲ့ အသားဖြူဖြူ မိန်းကလေးတစ်ယောက်ပဲ၊ ခေါင်းမှာလည်း တတိုင်းမွှေးပန်းတွေ ဝေနေအောင် ပန်ထားတယ်။ သူက ပြောတယ်၊ တစ်ခြားသူတွေကို ရွှေတို့ရွှေစ သူပေးပါတယ်တဲ့။ ကျောင်းဆရာလေး ကတော့ မပေးဘဲရသွားတယ်တဲ့၊ သူဟာ ပန်းကနုတ်တွေနဲ့ ရွှေလက်ကောက် ပါတဲ့။ အဲဒါ ပေးရမယ့်ပစ္စည်းမဟုတ်လို့ သူ့နေရာသူ ပြန်ထားပေးပါတဲ့"

သူကြီး "တင်ပါဘုရား၊ ကျောင်းဆရာလေးတို့က တပည့် တော်ကို ပြပါတယ် ဘုရား၊ ဘာပဲဖြစ်ဖြစ် တပည့်တော်တို့ သူ့နေရာသူ ပြန်ထားလိုက်ပါ့မယ် ဘုရား"

BURMESE CLASSIC

"အိမ်း အိမ်း သာဓု သာဓု သာဓု"

ဆရာတော်မှ သာဓုခေါ်သံအဆုံးတွင် ကျောင်းဝင်းတစ်ခုလုံး တတိုင်းမွှေးပန်းရနံ့ မွှေးပျံ့၍သွားပါတော့သည်။ ကျွန်တော်တို့အား လုံးလည်း အံ့အားသင့်၍သွားပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com




## ပက်ထရစ် အချုပ်တော်ပုံ

ဆောင်းရာသီ ဒီဇင်ဘာ မနက်ခင်းမို့ အေးချမ်းလှပါသည်။ ယနေ့ ထောင်ဖွင့်တာဝန် မကျသဖြင့် မနက်(၆)နာရီခန့်မှ အိပ်ရာကထ၊ ဘုရားဝတ်ပြုပြီး မနက်စာ စားသောက်၍ ယူနီဖောင်း လဲလှယ်ကာ ထောင်တွင်းသို့ဝင်ခဲ့ပါသည်။ မနက် ၇နာရီခန့် ရှိပါပြီ။ ထောင်ဗူးဝ တံခါးကြီးတွင် လက်မှတ်ရေးထိုးနေခိုက် ထောင်ပိုင်ကြီးက ခေါ်သည်ဆိုသဖြင့် ထောင်ပိုင်ကြီးရုံးခန်းသို့ ဝင်ခဲ့ပါသည်။

"ဦးသိန်းဝင်း၊ ဒီနေ့ အလုပ်အထူး ရှိသေးသလား"

"မရှိပါဘူး ထောင်ပိုင်ကြီး၊ ပုံမှန်ပါပဲ"

"အဲဒါဖြင့် ဒီနေ့ အင်္ဂလိပ်သံရုံးက ထောင်ဝင်စာလာတွေ့လိမ့်မယ်။ ခင်ဗျားရယ်၊ ဦးစိန်လွင်ရယ်၊ လ. ဝ . က က ဦးထွန်းကြည်တို့အဖွဲ့နဲ့ (S.B)က ဦးစိုင်းဝင်းလတ်တို့အဖွဲ့ရယ် ပေါင်းပြီး တွေ့ဆုံခြင်းမှတ်တမ်း အစီရင်ခံစာလုပ်ပေးပါ၊ အထဲက လူသတ်မှုနဲ့ အချုပ်ခံနေရတဲ့ အင်္ဂလိပ်လူမျိုး မစ္စတာကာပ်ပက်ထရစ်ကို လာတွေ့တာပဲ၊ မနက် ၁၀နာရီလောက် လာကြလိမ့်မယ်၊ အစည်းအဝေးခန်းမထဲမှာပဲ တွေ့ပေးပါ၊ တပ်ကြပ်

www.burmeseclassic.com



စံသိန်း ပြင်ဆင်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ထောင်ပိုင်ကြီးအား နုတ်ဆက် အလေးပြု၍ အချုပ်ရုံးခန်းသို့ ပြန်ခဲ့ပါသည်။ မြို့နယ်တရားရုံးအသီးသီးသို့ ထွက်စာနှင့်မနက် ရုံးထုတ်ချုပ်ဝရမ်း စစ်ဆေးခြင်းပြုလုပ်ပြီးနောက် မနက် ၁၀နာရီ ထိုးပြီဖြစ်၍ အစည်းအဝေးခန်းမသို့ လာခဲ့ရပါသည်။ သက်ဆိုင်ရာ အဖွဲ့ဝင်များလည်း ထောင်ဗူးဝတွင် ရောက်ရှိနေကြပါပြီ။ မနက် (၁၀)နာရီ တိတိတွင် အင်္ဂလိပ်သံရုံးမှ ကားဖြူကြီး ဆိုက်ရောက်လာပါသည်။

မစ္စတာပက်ထရစ်၏ မိခင်နှင့်သားဖြစ်သူ တိုနီပက်ထရစ်တို့ ကားပေါ်မှဆင်းလာကြသဖြင့် ကြိုဆိုပြီး အစည်းအဝေးခန်းမအတွင်း တပ်ကြပ်စံသိန်း ပြင်ဆင်ထားသည့်နေရာတွင် အချုပ်တရားခံ မစ္စတာပက်ထရစ်နှင့် တွေ့ဆုံပေးရပါသည်။

ပက်ထရစ်မိသားစု၏ ပြောစကားများအား အဖွဲ့လိုက်မှတ်တမ်းပြုကြပြီးနောက် ထောင်ဝင်စာ တွေ့ဆုံမှုအပြီးတွင် ညှိနှိုင်းတိုင်ပင်၍ မြန်မာဘာသာသို့ ပြန်ဆိုပြီး လက်နှိပ်စက် ရိုက်ရပါသည်။ ထို့နောက် အဖွဲ့လိုက် လက်မှတ်ရေးထိုးကြပြီး မိတ္တူမှန်များ ကိုယ်စီယူ၍ မူရင်းအား ထောင်ပိုင်ကြီးထံ တင်ပြရပါသည်။

အစီရင်ခံစာ တင်ပြီးနောက် အိမ်ပြန်၍ နေ့လယ်စာ ထမင်းစားခေတ္တ အနားယူပါသည်။ နေ့လယ် (၂)နာရီတွင် ထောင်တွင်းရုံးခန်းသို့ ပြန်ဝင်ခဲ့ပြီး အချုပ်လူသစ် မှတ်ပုံတင်ခြင်း၊ အချုပ်အာမခံလွတ် လူလွှတ်ခြင်း၊ ရုံးပြန် အချုပ်သားများအား စစ်ဆေး၍ နေရာချထားခြင်းများ ဆက်တိုက်ပြုလုပ်ရပါတော့မည်။

"ရုံးအဖွဲ့၊ အချုပ်လူသစ်ကြည့်ဖို့ အဆင်သင့်ဖြစ်ပြီလား ဟေ့"

"ဆရာ၊ ဒီနေ့ ထောင်မှူး ဦးထွန်းခင် အပြင်မသွားရလို့ အချုပ်လူသစ် ကြည့်ပေးနေပါတယ်၊ ဆရာ နားလို့ရတာပေါ့"





"အေး ကောင်းတာပေါ့ကွာ၊ ဖိုင်သစ်တစ်ခု ယူခဲ့ကွာ၊ 'ပက်ထရစ် ထောင်ဝင်စာတွေ့ခြင်း မှတ်တမ်း' ဆိုပြီး ဖိုင်ကာဘာပေါ်မှာ လက်နှိပ်စက်နဲ့ရိုက်ပြီး ကပ်ပေး၊ ၁၅ ရက်တစ်ကြိမ် တွေ့ပေးပြီး မှတ်တမ်း လုပ်ရမှာ၊ ဖိုင်သစ်ဖွင့်တဲ့ နေ့စွဲလဲ တပ်ပေးရမယ်နော်"

"ဟုတ်ကဲ့ ဆရာ"

ထိုအခိုက် တပ်ကြပ်စံသိန်း ရောက်ရှိလာပြီး

"ဆရာ ပက်ထရစ်တို့ ထောင်ဝင်စာတွေ့တာ အဆင်ပြေခဲ့လား"

"ပြေပါတယ်၊ ဘာဖြစ်လို့လဲ"

"သူ့အမှုက လူသတ်မှုဆိုပေမယ့် ရိုးရိုးလူသတ်မှု မဟုတ်ဘူး ဆရာ၊ ကြိုတင်စနစ်တကျ စီစဉ်ပြီးမှ လူယုံနဲ့ သူ့မိန်းမကို သတ်ခိုင်းတာ၊ သူ့မှာ နောက်မိန်းမတစ်ယောက်လဲ ရှိသေးတယ် ဆရာ"

"ဟ နိုင်ငံခြားသားတွေက အဲဒီလောက်တောင် ရက်စက်ကြသလား၊ အိမ်ထောင်ရေးလဲ ရှုပ်ထွေးကြသလား၊ မင်းက ဘယ်က ကြားတာတာလဲ"

"ကျွန်တော်နဲ့ ထောင်မှူးဦးထွန်းခင် လူသစ်မှတ်ပုံတင်ရင်း သိလာရတာပါ ဆရာ၊ ပက်ထရစ်လူယုံအမှုတွဲ စောဝီလျံနဲ့ တွေ့ပြီး မေးလို့ သိရတာပါ ဆရာ။ အနောက်တိုင်းသားတွေပဲ ဆရာရယ်၊ သူတို့အိမ်ထောင်ရေးလောကက ရှုပ်ထွေးတယ်၊ ဖောက်ပြန်ပြီး ကိုယ့်မိန်းမကိုယ် ပြန်သတ်တာကတော့ အဆန်းပေါ့၊ ဆရာ သိချင်ရင် ပက်ထရစ်အမှုတွဲ ကရင်လေးကို ကျွန်တော် ခေါ်ပေးမယ်၊ ၂ဆောင်အောက်၊ ၁ခန်းမှာပဲ ရှိတယ် ဆရာ"

"အေး ခေါ်ပေးကွာ၊ ငါလဲ ဒီနေ့ လူသစ် မကြည့်ရလို့ အချိန်နည်းနည်း အားနေတယ်"

"ဟုတ်ကဲ့ ဆရာ၊ ခဏလေးစောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တပ်ကြပ်စံသိန်း ၂ဆောင်အောက် ၁ခန်းမှ ကရင်လူမျိုး စောဝီလျံအား သွားရောက်ခေါ်ဆောင်လာခဲ့ပါသည်။

''သူပဲ ဆရာ၊ ဆရာမေးချင်တာ မေးပါ''

''မင်းနာမည် စောဝီလျံနော်''

''ဟုတ်ပါတယ် ဆရာကြီး''

''မစ္စတာ ကပ်ပက်ထရစ်နဲ့ အမှုတွဲပေါ့၊ ဟုတ်သလား''

''ဟုတ်ပါတယ် ဆရာကြီး''

''ငါက ရဲလဲ မဟုတ်ဘူး၊ တရားသူကြီးလဲ မဟုတ်ဘူး၊ ရှေ့နေလဲ မဟုတ်ဘူး၊ ထောင်အရာရှိတစ်ဦးပါ၊ မင်းအကြောင်းကို သိချင်တာ သက်သက်နဲ့ မေးချင်တာပါ၊ ငါမေးလို့ မင်းဖြေတဲ့အတွက်လဲ မင်း အမှုကို ဘာမှထိခိုက်စရာ မရှိပါဘူး။ ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''မင်း ကျေနပ်ရင်ဖြင့် မင်းတို့အမှုအကြောင်းကို မချွင်းမချန် အမှန်အတိုင်း ပြောပြစမ်းကွာ''

''ဟုတ်ကဲ့၊ ဒီလိုပါ ဆရာကြီး၊ အစဦးပြောချင်တာက ကျွန်တော်ဟာ ကရင်လူမျိုးတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော် ကရင်လူမျိုးတွေဟာ သစ္စာရှိပါတယ် ဆရာ၊ ကျေးဇူးရှိပြီဆိုရင် ကျေးဇူး က သေဆိုသေ၊ ရှင်ဆိုရှင်၊ အသက်ကိုစွန့်ပြီး ကျေးဇူးဆပ်ဖို့ ဝန်မလေး ပါဘူး ဆရာ၊ မှားတယ် မှန်တယ် ခွဲခြားမနေတော့ဘဲ ကျေးဇူးရှင်ခိုင်း အတိုင်း တစ်သဝေမတိမ်း နားထောင်ပြီး လုပ်ဆောင်ပေးလေ့ ရှိပါတယ် ဆရာ၊ မစ္စတာပက်ထရစ်ကလဲ ကျွန်တော်တို့ မိသားစုတစ်စုလုံး အလုပ်ခန့်ထားလို့ ကျေးဇူးရှင် ဖြစ်ပါတယ် ဆရာကြီး၊ ဒါကြောင့် ခိုင်းတာ ကျွန်တော် လုပ်ပေး ခဲ့တာပါ''

''မင်း တရားရုံးမှာလဲ ဒီအတိုင်းပဲ အစစ်ခံမှာလား''

''ဟုတ်ကဲ့၊ ဒီအတိုင်းပဲ ကျွန်တော် ဝန်ခံမှာပါ ဆရာကြီး''





''ကဲ မင်းအမှုအကြောင်း အသေးစိတ်ကလေး ပြောပြစမ်း ပါဦးကွာ''

''ဟုတ်ကဲ့ ဆရာကြီး၊ လွန်ခဲ့တဲ့ နိုဝင်ဘာလ (၂၅)ရက်နေ့ ကပေါ့၊ မစ္စတာ ပက်ထရစ် ကားကို မောင်းပေးရတဲ့ ကျွန်တော့် သားက အဲဒီနေ့က စောစော ထမင်းစားပြီး စောစော အိပ်ရာဝင်သွားပါတယ်၊ ကျွန်တော့်ဇနီးကတော့ မစ္စတာပက်ထရစ်တို့အိမ်က ထမင်းချက် ဖြစ်လို့ ညနေခင်းကျွေးမွေး သိမ်းဆည်းပြီးမှ ပြန်လာလေ့ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့လင်မယား ညစာစားရင် ည(၈) နာရီကျော်မှ စားရတာများ ပါတယ်၊ အဲဒီနေ့က ကျွန်တော်တို့လင်မယား ညစာ စားနေတုန်း မစ္စတာ ပက်ထရစ်တို့ အိမ်ပေါ်က ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဆူညံသံတွေ ကြားရပါတယ်၊ သူတို့လင်မယားဟာ မကြာခဏ ရန်ဖြစ်လေ့ရှိပါတယ်၊ ဒါပေမယ့် အခု လောက်တော့ ဝုန်းဒိုင်းကြဲ မဖြစ်ဖူးပါဘူး၊ ကျွန်တော်လဲ မနေသာတာနဲ့ သွားကြည့်ဖို့အထမှာ မစ္စတာပက်ထရစ် မော်ကြီးပန်းကြီးနဲ့ ကျွန်တော်တို့ နေတဲ့ အလုပ်သမားတန်းလျားဘက် ကူးလာတာ တွေ့ရပါတယ်''

''ကိုစော အပြင်သွားမယ်''

''ရက်စ်ဆား၊ သားကို နှိုးလိုက်ပါ့မယ်''

လို့ ပြောပြီး ဒရိုင်ဘာလုပ်တဲ့ ကျွန်တော့်သားကို လှမ်းနှိုး မယ့် လုပ်တုန်း

''နှိုးနှိုး ကိုစော၊ ဒရိုင်ဘာ မလိုပါဘူး၊ ကျွန်တော် အပြင် သွားမယ်၊ ကိုစော လိုက်ခဲ့ပါ''

''ကျွန်တော်လဲ အိပ်ခန်းနံရံမှာ ချိတ်ထားတဲ့ အင်္ကျီကို ဆွဲယူ ပြီး ကားဂိုထောင်ဘက်ကို အပြေးသွားရတော့တာပေါ့ဗျာ၊ ကိုရို ကားလေးကို မစ္စတာပက်ထရစ် ကိုယ်တိုင် မောင်းတာပါ၊ ကျွန် တော်က ခန်းက တက်မယ်အလုပ်၊ ရှေ့ခန်းက တက်ဖို့ပြောတာနဲ့ ရှေ့ခန်း ထိုင်ပြီး ဝင်အထိုင်မှာ ကားကို ဝေါခနဲ မောင်းထွက်လိုက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာပက်ထရစ် မြန်မာစကား နည်းနည်းတတ်သလို ကျွန်တော်လဲ အင်္ဂလိပ်စကား နည်းနည်းနားလည်ပါတယ်၊ ကျွန်တော် သူ့ဆီမှာ အလုပ်လုပ်တာလဲ (၃)နှစ်ကျော်ပြီလေ။

ကျွန်တော်တို့နေတာ ခြောက်မိုင်ခွဲမှာဆိုတော့ ရှစ်မိုင်လမ်းဆုံနားက ရွှေနဂါးဟိုတယ်ကို သွားကြပါတယ်၊ ကျွန်တော့်သားကတော့ သူ့ဒရိုင်ဘာဖြစ်လို့ နေရာအနှံ့ရောက်ဖူးမှာ ဖြစ်ပေမယ့် ကျွန်တော်ကတော့ ခြံစောင့်ဥယျာဉ်မှူးဖြစ်လို့ အပြင်ထွက်ရခဲပါတယ်၊ အခုလို မစ္စတာပက်ထရစ်နဲ့ အပြင်ထွက်ဟိုတယ်သွားတာ ဒီအကြိမ် ပထမဆုံးအကြိမ်ပါ၊ သူနဲ့ ရင်းနှီးပေမယ့် အတူတူမစားသောက်ဖူးပါဘူး။

ဟိုတယ်မှာ မစ္စတာပက်ထရစ်က ဝီစကီအရက်တစ်လုံးမှာပါတယ်၊ အမြည်းအချို့လည်း မှာပါတယ်၊ ပြီးတော့ ကျွန်တော့်အတွက် အရက်ကို သူကိုယ်တိုင် ရောစပ်ပေးပြီး သူကတော့ ဆော်ဒါမရောဘဲ ဝီစကီကို တစ်ခွက်ပြီးတစ်ခွက် မော့ပါတယ်၊ သုံးခွက်လောက် သောက်ပြီးမှ သူ ကျွန်တော့်ကို စကားပြောပါတယ်။

''ကိုစော သစ္စာရှိတယ်၊ ကျွန်တော့်အတွက် လူသတ်ပေးနိုင်မလား၊ ကျွန်တော် အခကြေးငွေကောင်းကောင်းပေးမယ်''

''ဒီမှာ မစ္စတာပက်ထရစ်၊ ခင်ဗျားကို ကျွန်တော်တို့မိသားစုအပေါ်မှာ ကျေးဇူးရှိလို့ ခင်ဗျားအတွက် လူသတ်ပေးဖို့ ဝန်မလေးပါဘူး၊ အခကြေးငွေလဲ မလိုပါဘူး၊ ဘယ်သူ့ကိုသတ်ရမလဲ၊ ပြောပါ''

ကျွန်တော့်မိန်းမ မစ္စစ်လင်းပက်ထရစ်ကို သတ်ရမှာ''

''သူက မိန်းမပဲ၊ ကျွန်တော်မသတ်ချင်ဘူး၊ ခင်ဗျားနဲ့ရန်ဖြစ်တာနဲ့ သတ်မယ်ဖြတ်မယ် မပြောကောင်းပါဘူး၊ လင်မယားချင်းပဲ၊ ရန်ဖြစ်တုန်း ခဏပေါ့''

''နိုးနိုး ကိုစောမသိဘူး၊ သူက ယောက်ျားထက်ဆိုးတယ်၊ တရုတ်မမို့ စိတ်အရမ်းကြီးတယ်၊ ချော့မရဘူး၊ ကျွန်တော်အိပ်နေတုန်း





သတ်မယ်၊ အစာထဲမှာ အဆိပ်ထည့်ပြီးသတ်မယ်၊ ပြီးတော့ သူဟာသူ အခုံးစီရင်မယ်လို့ ပြောနေတယ်၊ အဲ့ဒါ ကျွန်တော့်ဘက်က လက်ဦးမှ ဖြစ်မယ်''

''ကျွန်တော် မလုပ်ချင်ဘူး၊ ယောက်ျားချင်း သတ်ဆိုသတ်မယ်၊ မိန်းမတော့ မသတ်ချင်ဘူး''

မစ္စတာပက်ထရစ် ၎င်း၏မိန်းမအား ဘာကြောင့်သတ်ချင်သည်ဆိုသည်ကို ကျွန်တော် မမေးမိပါ။ သား ပြောထားသဖြင့် မစ္စတာပက်ထရစ်၏ အိမ်ထောင်ရေးဇာတ်ရှုပ်ကို သိပြီးသားဖြစ်ပါသည်။

မစ္စတာပက်ထရစ်သည် အင်္ဂလန်၌ အိမ်ထောင်ရှိပြီး ဇနီးသည်ဆုံးပါးသွားသဖြင့် အသက် (၁၀)နှစ်ကျော်အရွယ် သားတစ်ယောက် ကျန်ခဲ့ပါသည်။ သားအား ကျောင်းထားပြီး အဘွားနှင့်အတူ နေစေပါသည်။ မစ္စတာပက်ထရစ်မှာ ပညာရေးဝန်ထမ်း (ကျောင်းဆရာ)ဖြစ်၍ ထမ်းလှည့်ပြီး တာဝန်ထမ်းဆောင်ရရာ၊ တရုတ်ပြည်တွင် တာဝန်ကျစဉ် မစ္စစ်လင်းပက်ထရစ်နှင့် ငြိစွန်းခဲ့ပြီး လက်ထပ်ပေါင်းသင်းခဲ့ခြင်း ဖြစ်ပါသည်။ မစ္စစ်လင်းနှင့် တစ်နှစ်ကျော် ပေါင်းသင်းပြီးမှ မြန်မာပြည်သို့ တာဝန်အရ ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါသည်။

မြန်မာပြည်ရောက်သော် တက္ကသိုလ်ကျောင်းနေဘက် မစ္စစ်ဘက်သရင်းနှင့် ပြန်လည်ဆုံတွေ့ကြပြီး မစ္စနီးရင်းကလည်းရှိ ကန့်စွန်းခင်းကလည်း ငြိသဖြင့် ရည်စားမက လင်မယားမကျ ဖြစ်ခဲ့ကြပြီး လက်ထပ်ရမည့် အခြေအနေသို့ တိုင်ခဲ့ပါသည်။ လက်ရှိမယားဖြစ်သူ မစ္စစ်လင်းမှာ ထိုကိစ္စများအား သိရှိသွားသဖြင့် လင်မယားနှစ်ဦး ကြားခဏ စကားများရန်ဖြစ်ကြရာမှ တစ်ဦးကိုတစ်ဦး လုပ်ကြံကြတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာခြင်း ဖြစ်ပါသည်။

နှစ်ဦးနှစ်ဖက် စဉ်းစားတွေဝေနေစဉ် ကျွန်တော့်အား ချော့သည့်အနေဖြင့် မစ္စတာပက်ထရစ်သည် ကျွန်တော်၏ ဖန်ခွက်ထဲသို့ ဝီစကီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆော်ဒါ၊ ရေခဲ ရောစပ်ပေးပြီးနောက် မှာယူထားသော အစားအသောက်များအား ကျွန်တော့်ဘက် တိုးပေးပါသည်။

''ကိုစော ကြိုက်သလိုစားပါ၊ ကြိုက်သလို သောက်ပါ၊ ခင်ဗျားတို့ မိသားစု အလုပ်မရှိရင် ဘာသွားစားကြမလဲ၊ ဘယ်မှာနေမှာလဲ''

မေးလိုက်ပုံက နိုင်ငံကြီးသားမို့ ယဉ်ကျေးလှပါသည်။ သို့သော် ပညာပါပါ ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် မရှုနိုင် မကယ်နိုင် ဖြစ်ရသော မေးခွန်းလည်း ဖြစ်ပါသည်။

ကျွန်တော်တို့မိသားစုမှာ တိုက်ကြီးမြို့နယ် အင်ကုန်းရွာ ဇာတိ ဖြစ်ပြီး လယ်ကူလီများ ဖြစ်ကြပါသည်။ ဥတုချောင်းစပ်တွင် တဲကလေးဖြင့် နေရပြီး လယ်ရိတ်သိမ်းပြီးချိန်တွင် ငါးရှာ၊ ဖားရှာ၊ ထင်းကောက် အလုပ်လုပ်ကြရကာ သားဖြစ်သူက စပါယ်ယာ လိုက်ပါသည်။ တစ်နေ့တွင် နိုင်ငံခြားဘာသာသိပ္ပံမှ ဆရာတစ်ဦး ရွာသို့ လာလည်စဉ် ငါးလင်ပန်း စားချင်သဖြင့် ရပ်ရွာလူကြီးက ကျွန်တော့်အား ခေါ်၍နိုင်းရာမှ ထိုဆရာနှင့် ရင်းနှီးခင်မင်ခွင့် ရခဲ့ပါသည်။ ထိုည အရက်ဝိုင်းတွင် ငါးလင်ပန်းဟင်းအား ကျွန်တော့်မိန်းမက ချက်ပြုတ်ပေးသဖြင့် ဧည့်သည်ဆရာမှာ အလွန် သဘောကျပြီး အပတ်စဉ် စနေနေ့ညနေတိုင်း ရောက်ရှိလာပြီးနောက် မကြာခင် ဆွေမျိုးပမာဖြစ်ကာ ကျွန်တော့်အား မစ္စတာပက်ထရစ်၏ ခြံစောင့်ဥယျာဉ်မှူးအလုပ်ကို သွင်းပေးခဲ့ခြင်းဖြစ်ပါသည်။

ထို့နောက် မစ္စတာပက်ထရစ် အရက်မူး၍ ကားတိုက်မှု ဖြစ်ခြင်း မစ္စစ်လင်း အပြင်သွားရန် ကားမောင်းမည့်သူ လိုသောအခါ၌လည်း ကျွန်တော်ပင် မစ္စတာပက်ထရစ်အား ပြောဆို၍ သားတော်မောင်အား ဒရိုင်ဘာလုပ်စေခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက်တစ်ဖန် မစ္စတာပက်ထရစ်၏ ဇနီးမောင်နှံ နေ့စဉ် ဟိုတယ်စာသာ စားရ၍ ငြီးငွေ့ကြောင်း ပြောဆို ကလည်း အချက်အပြုတ် ကောင်းသော ကျွန်တော့်မိန်းမအား စားဖို အဖြစ် ခန့်ထားရန် ကျွန်တော်ပင် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ယခု





တွင် ကျွန်တော့်ဇနီးမှာ မြန်မာဟင်း၊ ထမင်းအပြင် မစ္စစ်လင်း၏ သင်ပြ သမ်းညွှန်မှုကြောင့် တရုတ်စာ အမျိုးမျိုးနှင့် ဘိုစာကိုပင် နိုင်နင်းစွာ ချက်ပြုတ် တတ်နေပြီ ဖြစ်ပါသည်။

''မိသားစုသုံးဦးစလုံးလဲ အလုပ်ရ၊ နေစရာအိမ်လဲရပြီး အိုးမကွာ အိမ်မကွာ လုပ်ရတာဆိုတော့ ဒီအလုပ်ထက်ကောင်းတဲ့အလုပ် ဘယ်ရှာ သို့ တွေ့နိုင်မလဲဗျာ၊ အဲဒါနဲ့ ဇာတ်လမ်း ပြန်ဆက်ရရင်တော့ ဝီစကီ တစ်ပုလင်းလဲ ကုန်သွားရော၊ မစ္စတာပက်ထရစ်နဲ့ ကျွန်တော် နားလည်မှု ပြီး ခေါင်းညိတ်လိုက်ရတော့တာပေါ့ဗျာ၊ သူ့ဆန်စား ရဲမှုဆိုတဲ့ စကားပုံ အတိုင်း သူခိုင်းတာကို မလုပ်ချင်ဘဲ လုပ်ခဲ့ရတာပါ ဆရာ။

မစ္စတာပက်ထရစ် ခိုင်းတာကတော့ နိုဝင်ဘာလ (၂၇)ရက် နေ့ ည (၉)နာရီမှာ မစ္စစ်လင်း အိပ်တဲ့အခန်းကို ဓာတ်ဆီလောင်းပြီး မီးရှို့ခိုင်းတာပါ၊ သူ့အကြံကတော့ (DUNLOP)ဆိုဖာနဲ့ အိပ်တဲ့ မစ္စစ်လင်း အခန်းကို လျှပ်စစ်ရှော့ဖြစ်ပြီး မီးလောင်သလိုလို၊ သူ့ မိန်းမဘာသာ သူ့နဲ့ ကော်ဆိုးပြီး (SUICIDE) လုပ်ပြီး သတ်သေသလိုလို စိတ်ကြီးတဲ့ အရှေ့တိုင်းသူတို့ထုံးစံအတိုင်း လုပ်တာလို့ ပြောပါတယ်။

နိုဝင်ဘာ (၂၇)ရက်နေ့ ညဟာ စနေနေ့ပါ၊ အပတ်စဉ် စနေ နေ့တိုင်း မစ္စတာပက်ထရစ်က သူတို့လူမျိုး အပေါင်းအသင်းတွေနဲ့ ဟိုတယ်တက် စားသောက်ပျော်ပါးပြီး အရှေ့တိုင်းသူဖြစ်တဲ့ မစ္စစ်လင်း ကိုတော့ လိုက်လေ့မရှိပါဘူး၊ ညစဉ်ပဲ (၇)နာရီခွဲလောက်မှာ ညစာစားပြီး (၉)နာရီလောက်ဆို အိပ်ရာဝင်တော့တာပါပဲ၊ မစ္စတာဖက်ထရစ်နဲ့ ဝိုင်း စကားများရလို့ အိပ်ခါနီးတိုင်း အိပ်ဆေးသောက်အိပ်ရကြောင်း ကျွန်တော့်ဇနီးဆီကလဲ ကြားသိထားပါတယ်။

အဲဒါနဲ့ နိုဝင်ဘာလ (၂၇)ရက်နေ့ ရောက်လာရော ဆိုပါတော့ ဗျာရယ်၊ အဲဒီနေ့ ညနေ (၅)နာရီလောက်မှာ မစ္စတာပက်ထရစ်က ကားဂိုထောင်ထဲမှာ ကျွန်တော့်ကို ဓာတ်ဆီ ပုံးထဲက စောစောပြန်လာပြီး ကားဂိုထောင်ထဲမှာ ကျွန်တော့်ကို ဓာတ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အတိုင်း လုပ်ဖို့နဲ့ ကိစ္စအားလုံးကို သူတာဝန်ယူကြောင်း ပြောပြီး သူ့အိမ်ခန်းသော့တွေကိုလဲ ကျွန်တော့်ကို ပေးသွားပါတယ်၊ ပြီးတော့ မစ္စတာပက်ထရစ်ဟာ ရေမိုးချိုး၊ အဝတ်အစားလဲလှယ်ပြီး ကျွန်တော့်သား ဒရိုင်ဘာကို ခေါ်ပြီး ပြန် ထွက်သွားပါတယ်၊ အိမ်သားတွေ မရိပ်မိအောင် ယောက်ျားလေးဖြစ်တဲ့ ကျွန်တော့်သားကို ခေါ်ထုတ်သွားတဲ့ သဘောပါ။

ကျွန်တော်တို့မိသားစုဟာ ညစာကို ထုံးစံအတိုင်း ည(၈)နာရီ လောက်မှ စားရလေ့ရှိပါတယ်၊ ကျွန်တော့်မိန်းမက မစ္စစ်လင်းကို ည(၇)နာရီခွဲ မှာ ညစာ ပြင်ဆင်ကျွေးမွေးရပြီး စားပြီးတာနဲ့ အိုးခွက်ပန်းကန် ဆေးကြော သိမ်းဆည်းရပြီး တံခါးပိတ်၊ မီးမှိတ်ပြီးမှ အိမ်ပြန်လာလေ့ရှိပါတယ်၊ မိသားစုဆုံမှ ညစာ စားကြတာဆိုတော့ ညစဉ် (၈)နာရီဟာ ကျွန်တော်တို့ မိသားစု ထမင်းစားချိန်ပေါ့ဗျာ၊ သူတို့အိမ်ကပို့တဲ့ အကောင်းစား ဟင်း ကျန်လေးတွေကို စောင့်စားရတာလဲ ပါတာပေါ့ဗျာ။

ညစာစားပြီးတာနဲ့ ကျွန်တော့်မိန်းမက သိမ်းဆည်းပြီး အိပ် ရာဝင်တော့တာပါပဲ၊ သူနဲ့သားက စောစော အိပ်ရာထရရှာတာကိုး၊ ကျွန်တော်ကတော့ နေ့ပိုင်းဥယျာဉ်မှူး၊ ညပိုင်း ဒရမ်ဝမ်ဆိုတော့ မီးရေ ထင်းရေးကိစ္စက ရှိသေးတယ်လေ၊ ညပိုင်း စောစောအိပ် မရဘဲ ခြံထဲ ပတ်ပြီး ည(၁၂)နာရီလောက်မှ အိပ်ရာဝင်လေ့ရှိပါတယ်၊ ဒီနေ့တော့ ကိုယ်တိုင် မီးရှို့ရမှာဖြစ်လို့ သွေးပူအောင် ရဲဆေးတင်တဲ့အနေနဲ့ လမ်းထိပ်က အရက်ဖြူတစ်ပုလင်းဝယ်ထားပြီး မိန်းမကိုလဲစောင့်ရင်း ချက်ထားတဲ့ ဝက်သားဟင်းနဲ့ မြည်းလိုက်တော့ အခြေအနေ အတော်ကောင်းသွားပါ တယ်၊ မိန်းမလဲပြန်လာရော ညစာထမင်း အတူစားကြတာပေါ့ဗျာ၊ ဒီနေ့ ညတော့ ထမင်းအတော်စားကောင်းလို့ ဗိုက်လေးပြီး မျက်စိတောင် မဖွင့်ချင်လောက်အောင် အိပ်ချင်စိတ်က ကြီးစိုးနေပါတယ်၊ ဒါပေမဲ့ ကတိခံထားတဲ့ တာဝန်က ရှိသေးတော့ မျက်စိကို အတင်းဖြဲပြီး ခြံထဲဆင်း လမ်းလျှောက်ရတော့တာပေါ့ဗျာ၊ ပြင်ပလေအေးကလေးကို တစ်ဝရှူ





တော့မှ လူဟာ လန်းဆန်းလာပါတယ်။

ညနေကတည်းက ဓာတ်ဆီပုံးတွေကို ကားဂိုဒေါင်ထဲက ထုတ်ပြီး ဂိုထောင်နဲ့ပန်းခြံထောင့် ချောင်ထဲမှာထားတာကိုလဲ သွား ကြည့်ရပါသေးတယ်၊ ဘယ်သူမှမြင်ဟန်မတူပါဘူး၊ ထားခဲ့တဲ့အတိုင်း ခြေရာလက်ရာ မပျက်ပါဘူး၊ ဘယ်သူမှဆိုရာမှာ အခုလုပ်မယ့် ကိစ္စကြီးကို မိန်းမနဲ့သားကို လုံးဝ အသိပေးမထားလို့ပါဘဲ၊ သူတို့ ပုံမှန်အတိုင်း အလုပ်လုပ်နိုင်ဖို့နဲ့ စိတ်မပူပင်အောင်ရယ်၊ အပြစ်ရရင်တောင် ကျွန်တော် တစ်ယောက်တည်း ခေါင်းခံဖို့ပါ။

ည ၉ နာရီလဲ ထိုးပါပြီ၊ ပတ်ဝန်းကျင်ကတော့ အေးအေး ဆေးဆေး ပုံမှန်အတိုင်းပါပဲ၊ ကျွန်တော်အလုပ်စပါပြီ၊ ပထမဆုံး မစ္စစ်လင်း တို့ အိပ်ခန်းနားကပ်ပြီး အသံဗလံကို နားထောင်ပါတယ်၊ ဘာသံမှ မကြားရပါဘူး၊ အိပ်ခန်းမီးလဲ ပိတ်ထားပါပြီ၊ မစ္စစ်လင်း အိပ်ရာဝင်ပြီဆို တာ သေချာပါတယ်၊ ဒါပေမယ့် ပိုသေချာအောင် နာရီဝက် ထပ်စောင့် လိုက်ပါတယ်၊ ည ၉နာရီခွဲလောက်မှာ အိမ်ထဲကို အိမ်ရှေ့က သော့ဖွင့်ပြီး ဝင်ပါတယ်၊ မစ္စတာပက်ထရစ် အပြင်ကပြန်လာတဲ့ သဘောပေါ့၊ တစ်အိမ်လုံး တိတ်ဆိတ်နေပါတယ်၊ သူတို့ အိပ်ခန်းက သော့ခတ်မထားလို့ တံခါးကို အသာတွန်းကြည့်လိုက်တာနဲ့ မစ္စစ်လင်း ဟောက်သံပေးပြီး အိပ်ပျော်နေတာကို တွေ့ပါတယ်၊ မစ္စစ်လင်းဟာ မစ္စတာပက်ထရစ်နဲ့ အဆင်မပြေကတည်းက ညဘက် အိပ်ဆေးသောက်အိပ်ရကြောင်း ကျွန်တော့်မိန်းမထံကသိပြီး ဖြစ်ပါတယ်၊ ဒါကြောင့်လဲ ရဲရဲ အိမ်ထဲဝင်ရဲတာ ပေါ့ဗျာ၊ စိတ်ချရပြီဆိုတာနဲ့ အိပ်ယာပတ်လည် ဓာတ်ဆီဖြန်းပြီး မီးလောင် လွယ်တဲ့ (DUNLOP)မွေ့ရာအစပ် ပတ်လည်ကိုလဲ ဓာတ်ဆီရွှဲရွှဲ လောင်း လိုက်ပါတယ်၊ ဓာတ်ဆီအနံ့ကြောင့် မစ္စစ်လင်း အိပ်ရာက နိုးလာမှာစိုး တာနဲ့ ကတိုက်ကရိုက်ပဲမီးရှို့၊ အခန်းတံခါးသော့ခတ်ပြီး အပြင် ပြန်ထွက် ခဲ့တယ်၊ ရှေ့ဝင်ပေါက်တံခါးကြီးကို သော့ပြန်ခတ်၊ ဓာတ်ဆီပုံးတွေကို

www.burmeseclassic.com



ကားကိုထောင်ထဲပြန်ထည့်နဲ့ အတော်အလုပ်ရှုပ်သွားပါတယ်၊ ကိစ္စတွေပြီးလို့ ကြည့်လိုက်တော့ မစ္စစ်လင်း အိပ်ခန်း ခေါင်မိုးစပ်က မီးညွန့်ထွက်လာပါပြီ ဒါနဲ့ 'မီးဗျို့မီး' လို့ အော်ပြီး ဟန်ဆောင်ပန်ဆောင် ရေနဲ့လောင်းရတော့တာ ပေါ့ဗျာ၊ ကျွန်တော့်ဖိနပ်လဲ နိုးလာပြီး ထိတ်ထိတ်ပျာပျာ အော်တော့တာပါပဲ။

ကျွန်တော်တို့အိမ်မှာ အဖိုးတန်ပစ္စည်း မရှိပါဘူး၊ စုဆောင်းထားတဲ့ငွေ ၅၀၀၀ ကျော်နဲ့ အဝတ်အစားလောက်ပဲရှိပါတယ်၊ ကလေးငယ်လဲ ရှိတာမဟုတ်လို့ ပူစရာတော့မလိုပါဘူး၊ ဒါပေမယ့် ဟန်ကိုယ်ဖို့ ဆိုတဲ့အတိုင်း မိန်းမကို ပစ္စည်းတွေသိမ်းဖို့ အော်ရတာပေါ့ ဆရာရယ်"

မကြာမီပဲ မီးသတ်ကားတွေ ရောက်လာပြီး မီးငြိမ်းသတ်တာကြောင့် မစ္စစ်လင်း အိပ်နေတဲ့ အိပ်ခန်းတစ်ခုတည်းပဲ မီးလောင်ခံရပြီး၊ မီးငြိမ်းသွားပါတယ်၊ အချိန်ကိုက်ပဲ၊ မစ္စတာပက်ထရစ်တို့ ပြန်ရောက်လာကြပြီး မစ္စတာ ပက်ထရစ်က သဲသဲမဲမဲငိုပါတယ်၊ မီးလောင်ထားတဲ့ မစ္စစ်လင်းအလောင်းကို ဖက်ငိုမယ်လုပ်လို့ ကျွန်တော် မနည်းဆွဲထားရပါတယ်၊ အတော်ဟန်ဆောင်ကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲဗျာ။

အဲဒီနောက်မှာ ရဲက သေမှုသေခင်းဖွင့်ပြီး စစ်တော့တာပေါ့ဗျာ၊ မစ္စတာပက်ထရစ်ရော၊ ကျွန်တော်တို့မိသားစု တစ်စုလုံးပါ အစစ်ခံရပါတယ်၊ ကျွန်တော်ကတော့ မီးလောင်မှုသိလို့ မီးငြိမ်းသတ်ကြောင်းပဲ အစစ်ခံပါတယ်၊ မိန်းမနဲ့ သားကတော့ သူတို့လုပ်ဆောင်ရတဲ့ တာဝန်နဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ အခြေအနေကို အမှန်အတိုင်း ရိုးရိုးကလေး ထွက်ဆိုကြပါတယ်။

မစ္စတာ ပက်ထရစ်ကတော့ (**DUNLOP**) ဆိုတဲ့အိပ်ဆေးဟာ မီးလောင်လွယ်လို့ လျှပ်စစ်ရှော့ဖြစ်ပြီး မီးလောင်နိုင်ကြောင်းနဲ့၊ သူ့မိန်းမဟာ သူနဲ့ မကြာခဏ စကားများရန်ဖြစ်လို့ တရုတ်လူမျိုးပီပီ သူ့ကိုယ်သူ (SUICIDE) လုပ်သတ်သေခြင်းလဲ ဖြစ်နိုင်ကြောင်း ကြိုတင်စီစဉ်ထားသည့်အတိုင်း ထွက်ဆိုပါတယ်၊ အဲဒီနောက်ပိုင်းမှာ မစ္စတာပက်ထရစ်ဟာ





ကျွန်တော့်ကို ငွေငါးသိန်းပေးပြီး မိန်းမနဲ့ သားကို တောမှာပြန်နေစေပါတယ်၊ ကျွန်တော်နဲ့ သူပဲ အိမ်မှာရှိပြီး သူ တစ်ခါတစ်လေ အိမ်တောင်ပြန်မအိပ်ပါဘူး၊ သူလဲ မကြာခင် အင်္ဂလန်ပြန်တော့မယ်လို့လဲ ကျွန်တော့်ကို အသိပေးထားပါတယ်။

အဲဒါနဲ့ အဲဒီအမှု ပြီးသွားပြီ ထင်နေတာ၊ ဒါပေမယ့် မပြီးသေးဘူး ခင်ဗျ၊ မီးလောင်တဲ့ အိပ်ခန်းထဲမှာ ခေတ်ဆီနဲ့ ရနေတာမို့ ရဲက ဆက်ဘာ ဘူးတဲ့ဗျာ၊ အဲဒီမှာ သက်ဆိုင်ရာက ဝင်လာပြီး စစ်ဆေးတော့ အိမ်ရှေ့တံခါးမကြီးနဲ့ အိပ်ခန်းတံခါးမှာ ကျွန်တော့်လက် ဗွေရာတွေ့တာနဲ့ ကျွန်တော့်ကို ဆွဲတော့တာပေါ့ဗျာ၊ ကျွန်တော့်ကို အတင်းအကျပ် မမေးရပါဘူး၊ ဝန်ခံလိုက်ပါတယ်၊ ကျွန်တော် သတ်တာပါလို့၊ မစ္စစ်လင်းဟာ အပြောအဆိုရိုင်းစိုင်းပြီး ပန်းပင်တွေ ရေလောင်းနည်းတဲ့ကိစ္စမှာ ကျွန်တော့်ကို နှစ်ပြားမတန်အောင် ပြောလို့ လက်စားချေတဲ့ သဘောနဲ့ ဒေါက်ကြဲသတ်ဖြတ်မိကြောင်း ဝန်ခံထွက်ဆိုလိုက်ပါတယ်၊ ဒါပေမယ့် သက်ဆိုင်ရာက မယုံဘူးဗျ၊ မင်း တစ်ယောက်တည်း မဟုတ်နိုင်ဘူးတဲ့၊ ခိုင်းတဲ့လူ ရှိရမယ်တဲ့၊ ကျွန်တော် မဖော်ပါဘူး၊ ဒါပေမယ့် မတရားတဲ့အမှုဆိုတာ ပေါ်တာပဲ ဆရာရေ၊ သူတို့ မစ္စတာပက်ထရစ်အိမ်ကို စစ်ဆေးရင်းနဲ့ မစ္စတာပက်ထရစ်နဲ့ မစ္စစ် ကာကသရင်းတို့ရဲ့ အပြန်အလှန်ရေးထားတဲ့ စာတွေကို ရှာဖွေတွေ့သွားတယ်၊ အဲဒီအကြောင်း ကျွန်တော့်ကို မေးတယ်၊ ကျွန်တော်က မသိရှိကြောင်း ဖြေတယ်၊ မစ္စတာပက်ထရစ်ကို စစ်တော့လဲ ချစ်ကြိုက်နေတာ မှန်ပေမယ့် လူသေမှုနဲ့ မသက်ဆိုင်ကြောင်း ထွက်ဆိုတယ်လို့ သိရပါတယ်။

အဲဒါနဲ့ မစ္စစ်ကာကသရင်းကို ဆက်စစ်တော့ ချစ်ကြိုက်နေကြောင်း ဝန်ခံတဲ့အပြင် မစ္စစ်လင်းကို မစ္စတာပက်ထရစ်က သတ်မယ် ဖြတ်မယ် လုပ်နေကြောင်း ထွက်ဆိုသတဲ့ဗျာ၊ မိန်းမတွေရဲ့သဘောက အတော်ခက်ပါတယ်ဗျာ၊ သူတို့ပဲ မယားရှိလျက်နဲ့ ချစ်ကြိုက်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပဲ ဖော်ကောင်လုပ်သတဲ့ဗျာ၊ မစ္စတာ ပက်ထရစ်ကလဲ အရက်မူးလာ ရင် သွေးဆိုးတတ်ပြီး အကုန် ရင်ဖွင့်ဟန်တူပါတယ်၊ ဒီအမှုကို ကျွန်တော့် အမြင် ပြောရရင်တော့ အရက်နဲ့ မိန်းမပွေတာကြောင့် ဖြစ်တာပါလို့ ဆိုချင်ပါတော့တာပဲ ဆရာရေ''

သို့နှင့် နောက်တစ်လခန့် အကြာတွင် စောဝီလျံအား ပုဒ်မ ၃၀၂/၁၁၄ အရ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်လိုက်ပြီး မစ္စတာပက်ထရစ် ကိုတော့ နှစ်နိုင်ငံ ချစ်ကြည်ရေးအရ ထောင်ဒဏ် ၅နှစ်သာ အပြစ်ချမှတ် လိုက်ပါသည်။ ကျေးဇူးရှိ၍ လူသတ်ဖော်သူနှင့် အရက်မူးပြီး မိန်းမပွေတတ် သော လူသတ်ခိုင်းသူတို့ကြား အရှုပ်တော်ပုံကြောင့် အိမ်ထောင်စုနှစ်ခု ပျက်ဆီးခဲ့ရသည်မှာ အမှန်ပင် ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀



www.burmeseclassic.com

www.burmeseclassic.com

## ပြောမယ့် ကြုံမှသိ

၁၉၈၄ ခုနှစ် ဖွန်လအတွင်း ဖြစ်ပါသည်။ ကော့သောင်းမိုးက တစိမ့်စိမ့်။ မိုးရွာသော်လည်း အိုက်စပ်စပ်၊ ကော့သောင်းတွင် ရန်ကုန်လို မိုးအတိတ်ကို စောင့်၍မရ၊ သည်းရာက ဖွဲဖွဲရွာပြီး ဖွဲရာက သည်းသည်း ပြန်ရွာတတ်သဖြင့် ကော့သောင်းမြို့ မိုးရာသီမှာ မိုးဥတုတစ်လျှောက်လုံး မိုးလုံးပတ်လည်ဖြစ်၍ နေပါသည်။

ကျွန်တော်တို့ အကျဉ်းဦးစီးဝန်ထမ်းများအနေဖြင့် မိုးရွာသော်လည်း နားမနေနိုင်ပါ။ တာဝန်ကရှိသေးသည်။ ယနေ့ ရန်ကုန်မှ ဆီအုန်းမျိုးစေ့များ အထူးလေယာဉ်ဖြင့် ရောက်ရှိလာမည်ဖြစ်သဖြင့် စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးယဉ်မောင်နှင့်အတူ သွားရောက်ကြိုဆိုရန်အတွက် ပြင်ဆင်နေရပါသည်။

မနက် ၆နာရီခန့်ဖြစ်သော်လည်း ကျွန်တော့်အနေဖြင့် မိုးသည်းသည်းအတွင်း ပြေးသွားကာ တပ်ခွဲများအလုပ်ဆင်းရန်၊ စခန်းလုံခြုံရေးအတွက် တာဝန်လွှဲပြောင်းပေးရန် ကိစ္စများအား ရှေ့တန်း၊ နောက်တန်း တာဝန်ကျ ထောင်မှူးများနှင့် တပ်ကြပ်ကြီးများအား မှာကြားစီစဉ်နေရပါသည်။ ထို့အပြင် ဆီအုန်းမျိုးစေ့သေတ္တာများ သယ်ယူရန်အတွက်



HINO-TE ကားတစ်စီးနှင့် RANGER ကားတစ်စီးတို့အား ယာဉ်စက်ပြင်ဝက် မောင်းများနှင့်အတူ စစ်ဆေးစီစဉ်ရပါသေးသည်။ ကျွန်တော်တို့ ပါဆယ်ပါညွန်း ဆီအုန်းစိုက်ပျိုးရေးစခန်းမှ ကတ္တရာလမ်းအထိ (၁၀)မိုင်ခန့်သာ ဝေးသော်လည်း လမ်းမှာ မြေလမ်းဖြစ်ပြီး တောင်ဆင်းတောင်တက် ပေါ်များသဖြင့် အလွန်အန္တရာယ် များပါသည်။ ထို့ကြောင့် ကားများကို ခရီးမသွားမီ စိတ်ချရအောင် ကြံခိုင်မှု စစ်ဆေးရပါသည်။

မနက်စာ စားသောက်ကြပြီး နံနက် (၈)နာရီတိတိတွင် စခန်းမှ ကား(၂)စီးဖြင့် ထွက်ကြပါသည်။ ဝန်ထမ်းချင်း မိုနှိုသူများကလည်း ကော့သောင်းမြို့၌ ဈေးဝယ်ရန် လိုက်ကြသဖြင့် ကား(၂)စီးလုံး လူကမပြည့်တပြည့်။ အပြန်တော့ ၎င်းတို့အား ခေါ်ယူရန် မဖြစ်နိုင်။ ဆီအုန်းမျိုးစေ့သေတ္တာများ တင်ရမည်ဖြစ်သဖြင့် ချန်းဖန်းရွာ လိုင်းကားဖြင့်သာ ပြန်ကြရပေရော့မည်။

(၇)မိုင်လေယာဉ်ကွင်းသို့ ရောက်သောအခါ အချိန်စောနေသဖြင့် ထောင်ပိုင်ကြီးမှ ဈေးဝယ်မည့်သူများ အဆင်ပြေစေရန် ကားတစ်စီးအား လေယာဉ်ကွင်းတွင် STAND BY ထားစေပြီး ကျန်တစ်စီးအား ကော့သောင်းမြို့ထဲအထိ လိုက်ပို့စေပါသည်။ အထူးလေယာဉ်မှာ နံနက် (၁၁)နာရီမှ ရောက်ရှိမည်ဖြစ်၍ အချိန်(၁)နာရီကျော်ခန့် ရပါသေးသည်။

ထို့ကြောင့် ကျွန်တော်မှ–

"ကဲ ကားဆရာတွတ်ကြီးရေ ဈေးဝယ်မည့်သူတွေ အကုန်ဆန့်အောင် မင်း TE ကားနဲ့ လိုက်ပို့လိုက်ပါ။ အပြန် ထောင်ပိုင်ကြီးမှာထားတဲ့ ပစ္စည်းတွေကိုလည်း အမြန်ဆုံးဝယ်ပြီး (၁၁)နာရီအရောက် ပြန်လာခဲ့။ လည်း မမေ့နဲ့ဦး" ဟု မှာကြားရပါသည်။

သို့ဖြင့် ကျွန်တော်နှင့် ထောင်ပိုင်ကြီးတို့အဖွဲ့ လေဆိပ်နားနေဆောင်တွင် လေယာဉ်အလာကို စောင့်ရင်း ခေတ္တနားကြပါသည်။ ကော့သောင်းလေယာဉ်ကွင်းမှာ တစ်ဘက်တွင် ပင်လယ်ကြီးနှင့် တစ်ဘက်တွင်





www.burmeseclassic.com

www.burmeseclassic.com



တနင်္သာရီရိုးမတောင်တန်းကြီး တည်ရှိနေသဖြင့် လေယာဉ်ပြေးလမ်းမှာ တိုလွန်းလှပါသည်။ ကော့သောင်း ဂေါက်ကွင်းမှာလည်း လေယာဉ်ကွင်းနှင့် တစ်ဆက်တည်းဖြစ်ပါသည်။ မြေပြန့်ရှားပါးသဖြင့် ဂျက်လေယာဉ်များ မဆင်းနိုင်ဘဲ၊ ဖော်ကာလေယာဉ်များနှင့် လေယာဉ်ငယ်များသာ ဆင်းနိုင်တက်နိုင်ပါသည်။ (၂)ပတ်တစ်ကြိမ်သာ လေယာဉ်အဆင်းအတက်ရှိသဖြင့် လေယာဉ်လာသောနေ့သည် ဂေါက်ကွင်းပိတ်သောနေ့ ဖြစ်ပါသည်။

မနက် (၁၀း၄၅)နာရီတွင် တွတ်ကြီး၏ TE ကားကြီး ပြန်ရောက်ရှိပါသည်။ လေယာဉ်ဆင်းရန်လည်း (၁၅)မိနစ်အလို ဖြစ်ရာ လေယာဉ်ကွင်းမှ အချက်ပေးသံချောင်းခေါက်သံကိုလည်း ကြားရပါသည်။ သို့သော် လေယာဉ်သံ မကြားရသေး။ လေယာဉ်ကို မမြင်ရသေးပါ။ (၁၀း၅၀)နာရီကျမှ လေယာဉ်သံကြားရပြီး လေယာဉ်ကိုလည်း မြင်ရပါတော့သည်။ ပင်လယ်ဘက်မှ ပျံဝဲလာပြီး ကွင်းအား (၅)ပတ်ပတ်၍ အရှိန်လျှော့ကာ တဖြည်းဖြည်း ဆင်းလာပါသည်။ (XY ADE) ဖော်ကာလေယာဉ်အသစ်ကြီးဖြစ်ပါသည်။ ဆီအုန်းမျိုးစေ့များ သယ်ယူလာ၍ AIR CON အား အဆုံးထိ ဖွင့်ထားဟန်တူပါသည်။ လေယာဉ်တောင်ပံ (၂)ဘက်အရင်းတွင် ရေများခဲနေပြီး လေယာဉ် အဆိုက် တံခါးအဖွင့်တွင် လိုက်ပါလာကြ၍ ခရီးသည်အားလုံး အနွေးထည်ကိုယ်စီဖြင့် တွေ့မြင်ရပါသည်။

အကျဉ်းဦးစီးဌာန စီမံကိန်းရုံးမှ ထောင်မှူးကြီး ဦးအောင်လှိုင်နှင့် ထောင်မှူးကြီး ဦးဖေအောင်တို့အဖွဲ့အပြင် စက်မှု(၁)မှ AE ဦးဥာဏ်ဝေ ခေါင်းဆောင်သော ဆီအုန်းကြိတ်စက်ရုံ ဆောက်လုပ်ရေးအဖွဲ့များလည်း ပါလာကြပါသည်။

ထောင်မှူး ဦးအောင်လှိုင်နှင့် အဖွဲ့မှ ကျွန်တော်တို့အား ဆီအုန်းမျိုးစေ့သေတ္တာများနှင့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးပြီး ဈေးဝယ်ကြရန် ကော့သောင်းမြို့တွင်းသို့ ထွက်ခွာသွားကြပါသည်။ ကျွန်တော်





တို့အဖွဲ့မှလည်း မျိုးစေ့သေတ္တာများအား ကား(၂)စီးဖြင့် စနစ်တကျခွဲဝေတင်ဆောင်ပြီး စက်မှု(၁)မှ ဧည့်သည်များအားလည်း စခန်းသို့ ခေါ်ဆောင်၍ ပြန်ခဲ့ကြပါသည်။

ပါဆယ်ပါညန်းစခန်းသို့ ရောက်လျှင် ဧည့်သည်များအား နေ့လည်စာ ထမင်းကျွေးမွေးပြီး၊ ဧည့်ရိပ်သာတွင် နေရာချထား၍ အနားယူစေပါသည်။ ကျွန်တော်တို့ အိမ်ရှင်အဖွဲ့အနေဖြင့်တော့ အနားမယူနိုင်သေးပါ။ ဆီအုန်းမျိုးစေ့သေတ္တာများအား အောက်ချိုင့်ခြံပျိုးပင်ဖောက်စခန်းအတွက် သုံးပုံနှစ်ပုံကို ခွဲဝေပေးဖို့ရန်ဖြစ်ရာ အောက်ချိုင့်ခြံအတွက် ထောင်မှူးကြီး ဦးဖေအောင်အား လွှဲပြောင်းပေးအပ်ပြီး ကျန်သေတ္တာများအား ချန်းဖန်းဆိပ်ကမ်းမှ အော်ကြီးစခန်းများသို့ စက်လှေဖြင့် ပေးပို့ရမည်ဖြစ်ရာ ကျွန်တော်နှင့် ထောင်ပိုင်ကြီး ဦးယဉ်မောင်တို့ ချန်းဖန်းဆိပ်ကမ်းအထိ TE ကားကြီးဖြင့် ထွက်ခွာလာကြပါသည်။ ချန်းဖန်းဆိပ်ကမ်းတွင် အသင့်မှာထားသော စက်လှေပေါ်သို့ မျိုးစေ့သေတ္တာများအား စနစ်တကျ တင်ဆောင်၍ မိုးကာဖျင်များအုပ်မိုးပြီး အော်ကြီးစခန်းသို့ ထွက်ခွာလာကြပါသည်။ ပင်လယ်ကမ်းစပ်အတိုင်း စက်လှေဖြင့်လာကြပြီး အော်ကြီးချောင်းအတိုင်း (၂)မိုင်ခန့် အတွင်းသို့ ဝင်ရပါသည်။ ရေတက်ချိန်ဖြစ်သော်လည်း ချောင်းမှာ အကွေ့အကောက်များပြီး ကျဉ်းလွန်းလှပါသည်။ အော်ကြီးစခန်း(၃) ကမ်းစပ်သို့ရောက်သော် ထောင်မှူးကြီး ဦးအယ်လ်ဖော်ထူးတို့အဖွဲ့က အသင့်စောင့်ကြိုနေပြီး မျိုးစေ့သေတ္တာများအား လွှဲပြောင်းလက်ခံကြပါသည်။ အချိန်မှာလည်း ညနေစောင်း (၆)နာရီခန့်ဖြစ်သဖြင့် မှောင်စပြုလေပြီ။

ထောင်မှူးကြီး ဦးအယ်လ်ဖော်ထူးမှာ ကချင်လူမျိုးဖြစ်ပြီး (၃)စခန်း တာဝန်ခံဖြစ်ပါသည်။ စိုက်ပျိုးရေးသင်တန်းဆင်း တစ်ဦးဖြစ်၍ ဆီအုန်းမျိုးစေ့များအား ၎င်း၏စခန်းတွင် အပင်ဖောက်ပြီး အော်ကြီးစခန်းများသို့ ပေးဝေရမည်ဖြစ်ပါသည်။ ၎င်း၏စခန်းတွင် မျိုးခြံနှင့် စိုက်ပျိုး



www.burmeseclassic.com

www.burmeseclassic.com



ရေးခြံ တွဲလျက်ထားရာ ဆီအုန်းပင်ပေါက်များအား မျိုးထုပ်များတွင် စီစီရီရီ စနစ်တကျ တန်းစီစိုက်ပျိုးထားသည်ကို လှပစွာ တွေ့ရှိရပါသည်။

စခန်းတာဝန်ခံရုံးမှာ ပျိုးခြံများအလယ်၊ တောင်ကုန်းမြင့်လေး တစ်ခုအပေါ်တွင် တည်ဆောက်ထားသော သစ်လုံးအိမ်ကလေး ဖြစ်ပါသည်။ ရုံးခန်းနှင့် တွဲလျက် တည်ဆောက်ထားခြင်းဖြစ်ပြီး၊ စိုက်ပျိုးရေးခြံတစ်ခုလုံး အပေါ်စီးမှ မြင်နိုင်ပါသည်။

''ကဲ–ထောင်ပိုင်ကြီးတို့အဖွဲ့ ရောက်လာတာ အတော်ပဲဗျာ။ ကျွန်တော့်စခန်းက မုဆိုးအဖွဲ့ ညီ့သည်တွေ လာမယ်ဆိုလို့ အမဲလယ်ထားတာ ဝက်ဝံတစ်ကောင် ကျားတစ်ကောင်နဲ့ တောဝက်တစ်ကောင် ရထားတယ်၊ တောကောင်သားကတော့ တစ်ဝကြီးစားကြ''

ဟင်းအမယ်က စုံလှပါသည်။ ကျားသား၊ မျောက်သား၊ တောကြက်သား၊ ပင်လယ်ခရုဟင်း၊ ဝက်ဝံသားနှင့် တောဝက်သားဟင်း အပြင် ပင်လယ်ငါးဟင်းများပါ ပါသဖြင့် မည်သည့်ဟင်းကို နှိုက်ရမည်ပင် မသိတော့ပါ။

''ဆရာလေးတို့ ထမင်းမစားခင် ကျအားနဲ့ မဲခေါင်အရက်စိမ်ထားတဲ့ ဆေးအရက်လေး သောက်ပါဦး'' ဟု ဦးအယ်လ်ဖော်ထူးမှ ဆိုသဖြင့် မြည်းစမ်းကြည့်ရာ အရက်မှာ ချိုနေပြီး အရက်နံ့ပျောက်နေသည်ကို သတိထားမိပါသည်။ ပျားရည်လည်း ရောထားဟန်တူပါသည်။ ကျွန်တော့်အနေဖြင့်တော့ တောကောင်ကြီးသားများအား မစားဖူးသဖြင့် မြည်းစမ်းကြည့်ရာ ဝက်ဝံသားမှာ အရောင်မည်းပြီး အမျှင်ကြီးပါသည်။ ကျားသားမှာ ညှီမည်ထင်သော်လည်း စား၍မဆိုးလှပါ။ မျောက်သားကတော့ နူးညံ့ပြီး ချိုနေပါသည်။ တောဝက်သားကတော့ အဆီရှာမတွေ့ပါ။ အခေါက်နှင့် အသား ကပ်နေပြီး စား၍ကောင်းလှပါသည်။ အရက်ကလေး ဝင်သွားသဖြင့် တောကောင်သားဟင်းမျိုးစုံအား အားပါးတရ စားလိုက်မိပါတော့သည်။





ညက အရက်မူးမူးနှင့် ထမင်းစားများသွားသဖြင့် ဗိုက်လေးပြီး အိပ်လိုက်ရာ နောက်တစ်နေ့မနက် (၆)နာရီခန့်မှ တစ်ရေးနိုးပါတော့သည်။ ဦးအယ်လ်ဖော်ထူး၏ 'ကျအား'အစွမ်းကြောင့် အိပ်ကောင်းခြင်းလား၊ အစားများပြီး ခရီးပမ်းလာသဖြင့် အိပ်ကောင်းသည်လားတော့ မသိပါ။ အိပ်ရာအထတွင် အိပ်ရေးဝသဖြင့် အားအင်ပြည့်ဖြိုးပြီး စိတ်ကြည်လင် လန်းဆန်းနေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

ထောင်မှူးကြီး ဦးအယ်လ်ဖော်ထူးမှ–

''ထောင်ပိုင်ကြီးတို့အဖွဲ့ ညနေမှ အေးအေးဆေးဆေးပြန်မှာ မဟုတ်လား ခင်ဗျ၊ စခန်းပတ်ဝန်းကျင် လေ့လာရင်း မျောက်ပစ်ကြရအောင် ကျွန်တော် စီစဉ်ထားပါတယ်၊ မျောက်သွေးနဲ့ မျောက်ဦးနှောက်ဟင်းတန် အားရှိပါတယ် ခင်ဗျာ၊ မျောက်ချေးခါးဟင်းလည်း စားလို့ ကောင်းပါတယ်''

''မျောက်ချေးခါးဟင်းဆိုတော့ ကောင်းပါ့မလားဗျာ၊ ရွံစရာကြီး ဖြစ်မနေဘူးလား'' ဟု ကျွန်တော်မှ မေးရာ ဦးအယ်လ်ဖော်ထူးက–

''မျောက်ချေးခါးဟင်းဆိုတာ မျောက်ချေး မဟုတ်သေးဘူး ခင်ဗျ၊ မျောက်ဆိုတာ ဆေးဘက်ဝင်တဲ့ သစ်ရွက်၊ သစ်ဖု၊ သစ်သီးတွေ စားတာ၊ သူစားတဲ့ အစာသစ်တွေကို သူ့အစာအိမ်ထဲက ထုတ်ပြီး ချက်တဲ့ဟင်းကို ပြောတာပါ၊ ရွံစရာ မဟုတ်ပါဘူး၊ ဆေးဘက်ဝင်တယ် ခင်ဗျာ ပန်းနာရင်ကြပ်ရောဂါ ပျောက်တယ်၊ ဆရာတို့စားတဲ့ လက်ဖက် လို နူးညံ့တယ်''

''ဟုတ်ရဲ့လားဗျာ၊ ကျွန်တော် မျောက်ချေးခါးဟင်းကို ကြားဖူးတာတော့ ကြာပါပြီ၊ မစားဖူးသေးဘူးဗျာ''

''ကဲ ဒါဖြင့် လက်တွေ့စမ်းကြည့်ရအောင် စခန်းအရှေ့ဘက် တောင်ကုန်းတပ်စိပ်ကို သွားကြရအောင် မဝေးပါဘူး ခင်ဗျ''

ထိုစဉ် ထောင်ပိုင်ကြီး ဦးယဉ်မောင်မှ–



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ဦးဇော်ထူးရေ ကျွန်တော့်မှာလည်း ပွိုင့် ၂၂လေး တစ်လက် ပါလာလို့ လက်တည့်စမ်းချင်နေတာနဲ့ အတော်ပဲဗျာ"

သို့နှင့် ကျွန်တော်တို့အဖွဲ့ မနက်က ချေသားခြောက်ဖုတ်နှင့် ထမင်းကြော်အား စားသောက်ကြပြီး စခန်းအရှေ့ဘက်တောစပ်သို့ တစ်မိုင်ခန့် လမ်းလျှောက်ကြရပါသည်။ ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးရန်အတွက် တောရှင်း၊ ငုတ်ဖော် မီးရှို့ထားသောနေရာဖြစ်ပြီး တောစပ်နှင့်ကပ်လျက်ရှိပါသည်။

တောရှင်းတပ်စိပ်သို့ ရောက်သော် တပ်ကြပ်ကြီး ဦးထွန်းမောင်မှ....

"ဆရာတို့အဖွဲ့လာတာ အတော်ပဲဗျို့၊ ရှေ့နားက ကညင်ပင်ကြီးပေါ်မှာ မျောက်အုပ်ကြီးတစ်အုပ် ရှိတယ်၊ (၁၀)ကောင် ကျော်မယ်ထင်တယ်၊ ဘေးနားက အပင်တွေကို ကူးပြီး တောထဲဝင်မပြေးနိုင်အောင် ကျွန်တော်တို့ အရင်ရှင်းနေပါတယ်၊ ဘေးအပင်တွေကို ကူးတဲ့မျောက်တွေကို ဆရာတို့ကပစ်ပေးပြီး ကညင်ပင်ကြီးပေါ်ကျန်တဲ့ မျောက်တွေကိုတော့ ကညင်ပင်ကြီးကို ခုတ်ချလိုက်ရင် အကုန်ရမှာပဲ ဆရာ၊ ကညင်ပင်ကြီးက လူ(၃)ဖက်စာလောက်ရှိပြီး ပေ(၃၀၀)လောက် မြင့်လို့ တော်တော်ခုတ်ယူရမှာပဲ"

သို့နှင့် ကညင်ပင်ကြီးပတ်ဝန်းကျင်အား လေ့လာကြည့်ရာ မြိုင်တောအတွင်း အမြင့်ဆုံးနှင့် အကြီးဆုံးအပင်ဖြစ်ပြီး အပင်ကြီးအနီးတွင်လည်း အုတ်နှင့်ဆောက်လုပ်ထားသော နတ်ကွန်းလိုလို သောက်ရေအိုးစင်လို ပျက်စီးနေသော အရာတစ်ခုကို တွေ့ရှိရပါသည်။ ပဲခူးရိုးမတောအတွင်း ရေနက်ကြီးစခန်းတွင် ကြုံခဲ့ဖူးသော အတွေ့အကြုံအရ အဓိကရ အပင်ကြီးတစ်ပင်ဖြစ်မှန်း သိရပါတော့သည်။ သို့သော် ကိုယ့်ထက် ရာထူးကြီးသူများ ပါရှိပြီး လက်ယားနေသူများဖြစ်၍ ဆရာမလုပ်ရဲပါ။ ငြိမ်၍သာ နေသာသလို နေရပေတော့မည်။





ပထမဆုံး ထောင်ပိုင်ကြီး ဦးယဉ်မောင်မှ စတင်၍ သူ၏ ပွိုင့်၂၂ ရိုင်ဖယ်သေနတ်ဖြင့် ဘေးအပင်ကို ကူးသော မျောက်တစ်ကောင်အား ပစ်ချရာ ဗိုက်ပွင့်သွားပြီး အစာများထွက်ကျလာပြီး တဖြည်းဖြည်း ပြုတ်ကျလာပါသည်။ မျောက်အုပ်ကြီးမှာလည်း ကွိကွိကွကွ ဆူညံစွာ အော်ဟစ်၍ ကညင်ပင်ကြီးဆီသို့ ပြန်လည်ကူးပြေးကြပါသည်။

ဘုန်းခနဲ ပြုတ်ကျလာသော မျောက်ကြီးမှာ မသေသေးဘဲ ကုန်းထလာပြီး ကျွန်တော်တို့အဖွဲ့အား ထိုင်လျက်ရှိခိုးနေပါသည်။ ရင်ဘတ်တွင်လည်း မျောက်ပေါက်စကလေးတစ်ကောင်အား ချီပိုးထားပါသည်။ ရဲဘက်နှင့် ဝန်ထမ်းများမှာ အားရဝမ်းသာစွာဖြင့် ဝိုင်းဝန်းရိုက်နှက်ကြရာ မျောက်မကြီးမှာ အသက်ပျောက်သွားပါတော့သည်။

ဘေးအပင်များအား ရှင်းလင်းပြီးနောက် ကညင်ပင်ကြီးအား တော်လွှများ၊ ရဲဒင်းများဖြင့် ခုတ်လှဲကြရာ မကြာမီအချိန်အတွင်း ကညင်ပင်ကြီးမှာ ပြိုလဲကျသွားပါတော့သည်။ မျောက်အုပ်ကြီးမှာ (၁၂)ကောင်ခန့် ပါရှိလေရာ ပေ(၃၀၀)ခန့်အမြင့်မှ မြေပြင်နှင့် ကိုင်ရိုက်သလိုဖြစ်၍ တစ်အုပ်လုံး ရရှိမည်မှာ မလွဲပါ။

သို့သော် "ဝုန်း အုန်း" ဟူသော အသံကြီး ဖြစ်ပေါ်လာပြီး မြေတုန်ဟီးကာ ကညင်ပင်ကြီးမှာ ပြိုလဲသွားပြီးနောက် သစ်ကိုင်းများကြားမှ လူတစ်ရပ်နီးပါးရှိ မျောက်ဖြူကြီးတစ်ကောင်မှာ ထိုးထွက်လာပါသည်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးလျက် ဒဏ်ရာရရှိဟန် မတူသော်လည်း လေးကန်စွာဖြင့် လျှောက်လှမ်းလာပြီး ခုတ်လှဲလိုက်သော ကညင်ပင်ကြီး၏ မြစ်ဆုံပေါ်သို့ တက်၍ထိုင်ပါတော့သည်။

ကျွန်တော်တို့အဖွဲ့လည်း အလွန်အံ့အားသင့်နေကြပြီး၊ မတိုင်ပင်ကြဘဲ သေနတ်ကိုယ်စီဖြင့် ပေ(၂၀)ခန့်အကွာအဝေးမှ ပစ်ခတ်ကြပါတော့သည်။ သို့သော် မည်သူ့ကျည်ဆန်မှ မျောက်ဖြူကြီးအား ထိမှန်ခြင်း မရှိပါ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ထပ်မံပစ်ခတ်ကြပြန်ပါသည်။ တိုက်ပွဲငယ်လေးဖြစ်သည့်အလား သေနတ်သမား (၅)ဦး စိတ်ကြိုက်ပစ်သော ကျည်ဆံများမှာ မျောက်ဖြူကြီးအား လုံးဝမထိမှန်ပါချေ။

ထောင်ပိုင်ကြီး ဦးယဉ်မောင်မှ–

''မပစ်ကြနဲ့တော့ဟေ့'' ဟု အော်ဟစ်ပြီး သတိပေးမှ အပစ်ရပ်ကြပါသည်။ ထိုအချိန်မှ မျောက်ဖြူကြီးသည် ကညင်ပင်ငုတ်တိုကြီးပေါ်မှဆင်းပြီး တောထဲသို့ တရွေ့ရွေ့ ဝင်ရောက်ပျောက်ကွယ်သွားပါတော့သည်။

''ကျွန်တော်တို့အဖွဲ့တော့ တောခြောက်တာလား၊ တောမှောက်တာလားတော့ မသိဘူးဗျို့၊ ထူးတော့ထူးခြားနေပြီ၊ မျောက်သူတော်ကောင်းထင်ပါရဲ့ဗျာ၊ ပစ်မလွဲတဲ့ ကျွန်တော်တို့ လက်တွေ့ ပေ(၂၀)အကွာက ပစ်မှတ်ကိုတောင် မထိဘူးဆိုတော့ မျောက်အစစ်မဟုတ်ဘူး ထင်တယ်၊ ကညင်ပင်စောင့် ရုက္ခစိုးကြီးများ မျောက်ယောင်ဖန်ဆင်းပြီး သတိပေးတာလား မသိဘူး၊ စောစောကလည်း ကညင်ပင်ကြီးပေါ်မှာ ဒီမျောက်ဖြူကြီးကို မတွေ့မိကြပါဘူးဗျာ'' ဟု ထောင်ပိုင်ကြီး ဦးယဉ်မောင်မှ စိတ်မကောင်းသောလေသံဖြင့် ပြောကြားလာပါသည်။

ကညင်ပင်ကြီးမှာ မြေပြင်နှင့် ကိုင်ရိုက်သလိုဖြစ်ပြီး သစ်ကိုင်းများကျိုးပဲ့၍ သစ်ကိုင်းများကြားမှ မျောက်ညိုတစ်အုပ်လုံးကို ရရှိပါသည်။ စုစုပေါင်း မျောက်ညို(၁၂)ကောင် ဖြစ်ပါသည်။ ကျွန်တော်တို့အုပ်စုအနေဖြင့် မကြုံစဖူး မျောက်ညိုတစ်အုပ်လုံး ရရှိသော်လည်း မုဆိုးဘဝအမြော်တွေ ဘယ်ဆီရောက်ကုန်သည် မသိပါ။ စိတ်မကောင်းခြင်းကြီးစွာဖြင့် စခန်းသို့လေးကန်စွာ ပြန်လာကြပါတော့သည်။

စခန်းသို့ ပြန်ရောက်လျှင် အော်ကြီးကျေးရွာမှ လူကြီးများနှင့်ဘက်ပြေးကိစ္စဖြင့် ရောက်ရှိနေကြရာ ခေတ္တအနားယူကြရင်း ရေနွေးကြမ်းဝိုင်းတွင် အမိကရ ကညင်ပင်ကြီးအကြောင်း စကားပြောဖြစ်ကြပါသည်။





ကျေးရွာလူကြီး ဦးလှတင်မှ– ''အဲဒီ ကညင်ပင်ကြီးကို ကျွန်တော်တို့ ဒေသအခေါ် 'ရုက္ခရာဇာ' သစ်ပင်ကြီးလို့ ခေါ်ပါတယ်။ ဒီတောမှာတော့ အကြီးဆုံးနဲ့ အမြင့်ဆုံးပဲ၊ သက်တမ်းကလည်း ရာကျော်နေပြီ၊ ကျွန်တော်တို့ အဘိုးအဘွားတွေ လက်ထက်တုန်းကတော့ နှစ်စဉ် ရုက္ခစိုးနတ်ပူဇော်ပွဲ ပြုလုပ်ကြတယ်လို့ သိရပါတယ်၊ အပင်အောက်မှာ နတ်ကွန်းလည်း ရှိတယ်။ သူတို့ခေတ် သူတို့အခါတုန်းကတော့ သစ်ခုတ်လုပ်ငန်းလုပ်ကြတော့ အန္တရာယ်ကင်းအောင် ရိုးရာမပျက် ပူဇော်ကြတဲ့ပွဲပါပဲ၊ ကျွန်တော်တို့ခေတ်ရောက်တော့ ရေလုပ်ငန်းကိုသာ အဓိကထား လုပ်ကြလို့ ရုက္ခစိုးနတ်ပူဇော်ပွဲလည်း ပပျောက်သွားပါတယ်။ တောထဲကိုလည်း ဆင်ရှာ၊ ဟင်းရှာလောက်သာ ဝင်ကြတော့ ဒီအပင်ကြီးတွေဘက်လည်း မရောက်ကြတော့ပါဘူး၊ ဆရာတို့ရောက်လာမှ ဆီအုန်းစိုက်ပျိုးရေးအတွက် တောရှင်းရာက ဒီအပင်ကြီး ပြန်ပေါ်လာတာပါ။ အဲ့ဒီရစ်မံကိန်းဆိုတော့လည်း ရုက္ခရာဇာသစ်ပင်စောင့်နတ်ကြီးလည်း မျောက်ဖြူကြီးယောင် ဖန်ဆင်းပြီးတော့ တောထဲပြေးကြရတော့တာပေါ့ဗျာ၊ ဟဲ. . .ဟဲ'' ဟု ရယ်မော၍ ပြောဆိုပါသည်။ သို့သော် ကျွန်တော်တို့တစ်အုပ်စုလုံး ရယ်နိုင် မပြုံးနိုင်ကြပါ။

တိတ်ဆိတ်သွားသော စကားဝိုင်းအား ထောင်မှူးကြီး ဦးအယ်လ်ဘော်ထူးမှ ပြန်လည်အသက်သွင်းပေးသောအနေဖြင့် –

''အတော်ပါပဲဗျာ ဒီနေ့ဟင်းစား အများကြီးရတော့ ကျွန်တော်တို့ သယ်ရာရာ ချက်ကျွေးပါမယ်၊ ဒီက ထောင်ပိုင်ကြီးတို့အဖွဲ့လည်း နေ့လည်စာ စားပြီးမှ ပြန်ကြမှာဆိုတော့ ပျော်ပျော်ပါးပါး သောက်ပြီးမှ ပြန်ကြပါနော့'' ဟု ပြောဆိုပါသည်။

နေ့လည်စာ စားချိန်ရောက်သော မျောက်ချေးခါးဟင်း၊ မျောက်ဦးနှောက်ကြော်၊ မျောက်သားဟင်း၊ စသဖြင့် စုံလင်ကောင်းမွန်စွာ ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ထားသော်လည်း ကျွန်တော်တို့အဖွဲ့ တိုင်ပင်ထားခြင်းမရှိဘဲ လုံးဝ မနှိုက်ကြပါ၊ ပင်လယ်ငါးဟင်း၊ တောကြက်သားဟင်းတို့ကိုသာ တို့ကနန်း ဆိတ်ကနန်း စားသောက်ကြပြီး နေ့လည်စာထမင်းစားပွဲအား အပြီးသတ် လိုက်ကြပါသည်။

မူလအစီအစဉ်အရ ထမင်းစားသောက်ပြီးနောက် ခေတ္တအနား ယူအိပ်စက်ကြပြီး၊ ညနေစောင်းမှ ပြန်ရန်ဖြစ်သော်လည်း စားသောက် ပြီးနောက် ချက်ချင်းပင် စက်လှေဆိပ်သို့ ဆင်းကြကာ ပါဆယ်ပါညွန်း စခန်းသို့ ပြန်ခဲ့ကြပါတော့သည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့အဖွဲ့သည် နောင်အခါတွင် မျောက် များအား လုံးဝမပစ်ခတ်တော့သလို မျောက်သားလည်း မစားကြတော့ ပါ။ မျောက်ဦးနှောက်၊ မျောက်သွေးတို့မှိုဝဲပါက မည်သည့်အားပင်ရှိရှိ တစ်သက်တာကာလပတ်လုံး ဝေရာမဏိ ရှောင်ကြဉ်ကြပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

## မာယာရှင်နှင့် လွှမ်းစေတီ

၁၉၄၂ ခုနှစ်၊ မတ်လကုန်ပိုင်း ညနေတွင် ကျွန်တော်တို့တက္ကသိုလ် ကျောင်းသားကျောင်းသူများအဖွဲ့သည် အထူးရထားကြီးဖြင့် (အ)သုံးလုံး လုပ်အားပေးရန် မန္တလေးမြို့သို့ ခရီးထွက်ခဲ့ကြပါသည်။ ယခုနှစ်တွင် နောက်ဆုံးစာမေးပွဲဖြေဆိုပြီး၊ ကျမ်းပြုစာတမ်းလည်း တင်ပြီးဖြစ်သဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် (အ)သုံးလုံးကော်မတီမှ စီစဉ်ပေးချက်အရ အမရပူရမြို့နယ်တွင် စာသင်ကြားပေးရန် ဖြစ်ပါသည်။

အထူးရထားဖြစ်သော်လည်း ဖြည်းဖြည်းမှန်မှန်သာ ခုတ်မောင်းသဖြင့် လမ်းတွင် ရထားပေါ်၌ ညအိပ်ကြရပါသည်။ မနက် (၇)နာရီခန့်တွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိကြပြီး မြို့နယ်အသီးသီးမှ ကားများနှင့် လာရောက်ကြိုဆိုကြသည်။ အမရပူရမြို့နယ် အထက်တန်းကျောင်းကြီးတွင် စုရပ်အဖြစ် ခေတ္တနား၍ နေ့လယ်စာ စားကြရပြီး တာဝန်ကျရာ အသီးသီးသို့ ခွဲဝေပေးသဖြင့် ယခုနှစ်တွင် ကျွန်တော်တစ်ဦးတည်း အမရပူရမြို့နယ်၊ 'ရှမ်းရွာကြီး' ဟူသော ရွာကလေးသို့ တာဝန်ကျပါသည်။ ရွာမှ ကျောင်းဆရာ ဦးခင်မောင်ဝင်းနှင့် ဦးထွန်းတို့က လှည်းဖြင့် လာကြိုကြပါသည်။ တောင်သမန်အင်းလမ်းမှတစ်ဆင့် ကုလားစုရွာ၊ တာဆိုရွာ





ရေပုပ်ရွာတို့ကို ဖြတ်ကျော်ပြီး ရေပေးမြောင်းပေါင်လမ်းအတိုင်း ရှမ်းရွာကြီးသို့ သွားရမည်ဖြစ်ပါသည်။

ကျောင်းဆရာများမှာ ရေပုပ်ရွာတွင် တာဝန်ကျသော ကျောင်းဆရာများ ဖြစ်သဖြင့် ရေပုပ်ရွာကျောင်း၌ ခေတ္တခဏနားပြီးမှ ရှမ်းရွာကြီးသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ သူကြီးဦးသာနီး၏ အိမ်တွင် နေရာချထားပေးရာ သူကြီးနှင့် ဇနီးတို့မှ ထမင်းဝိုင်းကြီးဖြင့် အသင့်စောင့်ကြိုနေပါသည်။ ကျွန်တော် ထမင်းစားပြီးခဲ့ကြောင်း ပြောသော်လည်း မရပါ။ ခရီးရှည် လှည်းစီးခဲ့ရသဖြင့် ထပ်မံစားရန် တိုက်တွန်းသောကြောင့် လည်းကောင်း၊ ကျောင်းဆရာဦးထွန်းတို့မှာ ထမင်းမစားရသေးသောကြောင့် လည်းကောင်း၊ ကျွန်တော် နေ့လယ်စာကို ဒုတိယအကြိမ် စားဖြစ်ပါသည်။

အညာလက်ရာဟင်းများကလည်း ကောင်းမွန်လှပါသည်။ ပဲကြီးနှပ်၊ ဆိတ်သားဟင်း၊ ကြက်သားဟင်း၊ ငါးရံ့ဟင်းနှင့် အညာရွက်စုံဟင်းချို(သနပ်ရွက်၊ ခွေးတောက်ရွက်၊ ကင်းပုံရွက်၊ ဆူးပုပ်ရွက်)၊ ငရုတ်သီးစပ်ထောင်းနှင့် ထမင်းစားမြိန်လှပါသည်။ ထမင်းစားပြီးနောက် လက်ဖက်ရည်ကြမ်းဝိုင်းမှာလည်း လက်ဖက်သုပ်၊ ပဲအမျိုးမျိုးအကြော်နှင့် ငါးရံ့ခြောက်ဖုတ် ပဲဆီဆမ်းတို့မှာ အရသာရှိလှပါသည်။ စေတနာ ထက်သန်ပြီး ချမ်းသာသောရွာကြီး ဖြစ်ပါသည်။

ကျောင်းဆရာ ဦးခင်မောင်ဝင်းနှင့် ဦးထွန်းတို့မှာလည်း ကျွန်တော်နှင့် ရွယ်တူလောက် ဖြစ်ကြပါသည်။ ယနေ့ည ရေပုပ်ရွာ မပြန်တော့ဘဲ ကျွန်တော်နှင့်အတူ ရှမ်းကြီးရွာတွင် ညအိပ်ကြရန် စီစဉ်နေပါသည်။ ကျွန်တော်မှ–

''ဆရာတို့ ရေပုပ်ရွာ မပြန်ကြတော့ဘူးလား၊ ကျွန်တော် နေတတ်ပါတယ်''

''ခင်ဗျား စိမ်းနေတော့ နေရတာ ကျပ်တည်းမှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ညအတူအိပ်ကြပြီး စကားပြောကြတာပေါ့"

ထိုညက (အ)သုံးလုံးသင်ရန်အတွက် ကျွန်တော်တို့အုပ်စု ရပ်ရွာ လူကြီးများနှင့် စကားပြောခြင်း၊ ဆရာထွန်းတို့နှင့် အတွေ့အကြုံ ဖလှယ် ရင်းဖြင့် ညစာစားကြပြီးနောက် ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ကြပါသည်။

မနက် ခြောက်နာရီခန့်ထ၍ ဘုရားဝတ်ပြုပြီး ကျောင်းဆရာ များနှင့်အတူ မနက်စာ စားကြရာ ထမင်းကြော်နှင့် ငါးလေးဟင်း၊ ငါး ကြော်အမျိုးမျိုး၊ နွားနို့စစ်စစ်တို့ဖြင့် စားသောက်ရရာ ငါးဟင်းအမျိုးမျိုး စားနေရ၍ ဤအညာဒေသမှာ ထူးဆန်းနေပါသည်။

ရွာသူကြီးဦးသာနိုးမှ–

"ဆရာလေး ငါးဟင်းကို သဘောကျနေတယ် ထင်ပါရဲ့။ ဒီရွာ အနောက်ဘက်က ဒုဋ္ဌဝတီမြစ်ကရတဲ့ ငါးတွေပါ။ ဒီမှာက အညာဒေသ ဖြစ်ပေမယ့် နေ့စဉ် ငါးရပါတယ်။ တစ်ခါတစ်ရံ ဖင်းရှောလိပ်ကြီးတွေ တောင် ရတတ်ပါတယ်။ ဆရာလေး လိပ်သားစားသလား"

"အဘရေ၊ ကျွန်တော် တစ်ခါမှ မစားဖူးသေးဘူး။ စားရမှာ သနားလို့ပါ"

"လိပ်သားက စားကောင်းပါတယ်။ အန္တရာယ်မရှိပါဘူး။ ဒီတစ် ခါရရင်တော့ စားဖူးတယ်ရှိအောင် စားကြည့်ပေါ့ဗျာ"

"ကဲ–ဆရာလေး၊ ရွာနဲ့ရင်းနှီးအောင် ရွာတစ်ပတ်ပတ်ကြည့်

"ဟုတ်ကဲ့ အဘ"

လမ်းလျှောက်ရင်း အဘက–

"ကျုပ်တို့ရွာက ရှမ်းရွာကြီးလို့ခေါ်တာ ရှေးတုန်းက ရှမ်းတွေ ဘွားတွေ လက်ထက် ရှမ်းတွေနေသွားဖူးလို့ပါ။ ဒီရွာလယ်လမ်းအဆုံး ရွာအနောက်ဘက်မှာ ဘုန်းတော်ကြီးကျောင်း ရှိတယ်။ ဘုန်းကြီးကျောင်း နောက်မှာ လယ်ကွင်း၊ ယာခင်းနဲ့ နားတောင်းကျချောင်း၊ ဒုဋ္ဌဝတီ ဆုံ ရှိတယ်။ ဟိုအနောက်ဘက်က တောင်ကြီးကတော့ ဝက်ဝံတောင်





သည်း ခေါ်တယ်၊ နွားလပို့တောင်လို့လည်း ခေါ်တယ်။ ဟိုးတောင်ဘက် ကတော့ ရှမ်းရိုးမကြီးပေါ့။ တောင်ကြီးတက်တဲ့ လွန်းထိုးရထားလမ်းတွေ ရှိတယ်။ အရှေ့ဘက်ကတော့ ဆည်မြောင်းနဲ့ မြောင်းပေါင်လမ်း၊ မြောက် ဘက်ကတော့ အဆိပ်ဖြေဘုရားနဲ့ ထူးကြီး၊ မုံထူးရွာတွေ ရှိတယ်။ အားတဲ့ နေ့ကျမှ ဆရာလေးကို လိုက်ပို့ပါ့မယ်"

"ဒါနဲ့ အဘ၊ ဟိုဝက်ဝံတောင်ခြေက စေတီကလေးက ဘာ ဘုရားလဲ အဘ"

"အဲဒါ ရွှေစာရံစေတီပါ ဆရာလေး။ အနော်ရထာမင်းကြီးရဲ့ ရှမ်းမိဖုရား စောမွန်နှလ တည်သွားခဲ့တဲ့ လွမ်းစေတီပေါ့။ မိဖုရားလည်း စေတီတည်အပြီး ရင်ကွဲနာကျလို့ ဆုံးသွားရရှာတာ။ တပေါင်းလ ဘုရား ပွဲတော် တအားစည်ပဲ ဆရာလေး။ ရှမ်းပြည်နယ်ကနေလည်း လာကြ တယ်။ ဆရာလေးရောက်တာ နောက်ကျသွားပြီ"

"ဒီရွာမှာရော ရှမ်းအနွယ်တွေ ရှိသေးသလား အဘ။ ကျွန်တော် ကတော့ တစ်ယောက်မှ မမြင်မိပါဘူး"

"ရှိပါတယ် ဆရာလေး၊ မမကြီးတဲ့။ ဟိုရွာမြောက်ဘက်က နှစ်ထပ်အိမ်ကြီးပေါ့။ အနွယ်ဆိုလို့ သူတစ်ယောက်တည်းပဲ ရှိတာပါ။ သူကလည်း အတော်ထူးဆန်းတဲ့ မိန်းကလေးပဲ။ ချမ်းလည်း ချမ်းသာပါ တယ်။ နောက်တော့ ဆရာလေး သိမှာပါ"

"အဘ၊ ဒီရွာမှာ အိမ်ခြေ ဘယ်လောက်ရှိသလဲ။ အလုပ်အ ကိုင်တွေကရော"

"အိမ်ခြေ နှစ်ရာကျော် ရှိတယ်။ လယ်သမား၊ ယာသမားအများ စုနဲ့ ပန်းပဲလုပ်ငန်းလုပ်သူ တစ်ဦး၊ တံငါလုပ်သူ သုံးလေးဦး ရှိတယ်။ အိမ်ဆိုင်တည်၊ နွားမွေးပြီး နို့ညှစ်ရောင်းသူကတော့ ကျုပ် အပါအဝင် လေးငါးဦး ရှိတယ်"

"ဒီရွာမှာ နွားတွေ ဒီလောက်ပေါတာ။ နွားနို့တွေကို ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြသလဲ''

နွားနို့ကို မနက်ပိုင်းမှာ ညှစ်ပြီး တာဆုံရွာမှာ သွားသွင်းရတယ်။ အဲဒီမှာ နွားနို့ချက်စက်လည်း ရှိတယ်။ မလိုင်လုံး၊ မလိုင်တောင့်တွေလုပ်ပြီး မန္တလေးပို့တာပေါ့''

ရွာကို လှည့်ပတ်ကြည့်ရှုပြီးနောက် ရွာဘုန်းကြီးကျောင်းဝင်၍ ဆရာတော်အား ဝင်ရောက် ဖူးမြော်ကြပါသည်။ သူကြီးအိမ်မှ ပြန်ရောက်၍ ခေတ္တနားကြပြီး ကျောင်းဆရာ ဦးခင်မောင်ဝင်းနှင့် ဦးထွန်းတို့ ရေပုပ်ရွာသို့ ပြန်ကြပါသည်။

ဆရာထွန်းမှ–

''ဦးသိန်းဝင်းရေ၊ နေ့လယ်နေ့ခင်း ပျင်းရင် စက်ဘီးငှားပြီး ရေပုပ်ရွာ လာလည်နော်။ နှစ်မိုင်လောက်ပဲ ဝေးတာပါ''

''ဟုတ်ကဲ့ ဆရာထွန်း။ ကျွန်တော် ဒီရွာမှာ တစ်ပတ်လောက် အခြေကျအောင်နေပြီး လာခဲ့ပါ့မယ်''

ညဘက်တွင် (အ)သုံးလုံးစာသင်ဝိုင်း စပါသည်။ မန္တလေးမြို့နှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် စာမတတ်သူနည်းပါးလှပါသည်။ တစ်ရွာလုံးမှ စာသင်သား ငါးဆယ်ခန့်သာ ရှိပါသည်။ အမျိုးသမီး များပါသည်။ စာသင်ဝိုင်းကြီးအား သူကြီးအိမ်ရှေ့၌မင်အောက်လင်းဓာတ်မီးကြီးထွန်း၍ သင်ရရာ အဆင်ပြေလှပါသည်။

ညကိုးနာရီစာသင်ပြီးသည်နှင့် ရွာကာလသားအဖွဲ့ရောက်လာပြီး မိတ်ဆက်ကြပါသည်။ လူငယ်ချင်းဖြစ်ပြီး ဆက်ဆံပြောဆိုရသည်မှာ အဆင်ပြေလှသည်။

ကာလသားခေါင်းမှ–

''ဆရာလေး၊ ငှက်ပစ် ဝါသနာပါသလား''

''ဟုတ်ကဲ့၊ ငယ်စဉ်တုန်းကတော့ အလွန် ဝါသနာပါပါတယ်။ အခုတော့လည်း ငှက်ကလေးတွေကို သနားနေပြန်တယ်''





''တိရစ္ဆာန်ဆိုတာ လူ့ချုတ်မှ ကျွတ်တာ ဆရာလေးရဲ့၊ မသနားပါနဲ့။ ဒါနဲ့ ဆရာလေး ချိုးသား စားဖူးသလား''

''ဟုတ်ကဲ့၊ စားဖူးပါတယ်''

''ဒီနယ်မှာ ချိုး၊ ဆက်ရက်၊ ဇီးတောင်ဘို့ငှက် (တောင်ပီစူး)၊ ခါငှက်၊ ဘုတ်ငှက်တွေ ရှိတယ် ဆရာလေး။ ချိုးကတော့ အပေါဆုံးပေါ့။ အခု ကျွန်တော်တို့ အစီအစဉ်တစ်ခု လုပ်ထားတယ်။ ဆရာလေး အိပ်ချင်ပြီလား''

''ဘာအစီအစဉ်လဲ၊ ကျွန်တော် မအိပ်ချင်သေးပါဘူး''

''ကျွန်တော်တို့ ချိုးအိပ်တန်းပစ်ကြမလို့၊ ဆရာလေး လိုက်မလား။ အရမ်းပျော်ဖို့ကောင်းတယ် ဆရာလေးရဲ့''

''လိုက်မယ်လေ၊ အဝေးကြီး သွားရမှာလား''

''မဝေးပါဘူး၊ ဘုန်းကြီးကျောင်းနောက်ကျောက တမာတောလေးတင်ပါ။ တမာပင်ပုလေးတွေပေါ်မှာ ဒီအချိန်ဆိုရင် အိပ်တန်းတက်နေကြပြီ''

''ကဲ–သွားကြတာပေါ့။ အဘ၊ ကျွန်တော် လိုက်သွားဦးမယ်နော်''

အဘဦးသာနိုးမှ–

''မင်းတို့ကွာ၊ ဆရာလေး အိပ်ရေးပျက်အောင်။ ခြေခင်းလက်ခင်းလည်း သတိထားသွားကြနော်''

''စိတ်ချပါ အဘ၊ ကျွန်တော်တို့မှာ တုတ်မီး(လက်နှိပ်ဓာတ်မီး)များ၊ ဓားရော လေးခွပါ အစုံပါပါတယ်''

ရွာအနောက်ဘက်ထွက်လိုက်လျှင် တမာတောလေးဆီသို့ရောက်ပါသည်။ တမာတောမှာ ခပ်ကျဲကျဲသာ ပေါက်ရောက်နေပြီး မိုးနှင်းချုံ၊ တစောင်းချုံ၊ ထနောင်းပင်နှင့် သီးပင်ပုကလေးများ ပေါက်ရောက်နေသော ကန္တာရတောကလေးသာ ဖြစ်ပါသည်။ အစဉ်း၌ တမာပင်



www.burmeseclassic.com

www.burmeseclassic.com



ပုဝိုင်းဝိုင်းလေးတစ်ပင်ပေါ်၌ အိပ်တန်းတက်နေကြသော ချိုးများအား လက်နှိပ်ဓာတ်မီးထိုး၍ ပစ်ကြရာ တစ်ပင်တည်း၌ပင် ချိုးလေးငါးကောင် ရရှိကြပါသည်။ အဖွဲ့အင်အားမှာ ငါးယောက်ဖြစ်သဖြင့် တမာပင် တစ်ပင်ပြီးတစ်ပင် ပစ်သွားရာ ချိုးအကောင်နှစ်ဆယ် ရရှိပါသည်။

ကျွန်တော်မှ–

''တော်လောက်ပြီထင်တယ် သူငယ်ချင်းတို့၊ အကောင်နှစ်ဆယ်တောင် ရနေပြီပဲ''

''ဆရာလေးကလည်း၊ များလေကောင်းလေပေါ့။ အရင် ကျွန်တော်ပစ်တာ ဒီလောက်မရဘူး။ အခု ဆရာလေးပါလာလို့ရတာ ထင်စာယ်''

နောက်တစ်ပင်ဆီသို့ ပြောင်းရာ တမာပင်ကြီးဖြစ်၍ ကျွန်တော်တို့အုပ်စု ပတ်လည်ဝိုင်းကာ ပြိုင်တူမီးထိုးပြီး ချိုးအိပ်တန်းရှာကြပါသည်။ ထိုစဉ် ကျွန်တော့်မျက်စိထဲတွင် သစ်ပင်ရင်း၌ ဝါဝါအစင်းကျားကြီးတစ်ကောင် မြင်လိုက်ရသဖြင့် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ ငန်းတော်ကျားမြွေကြီး ပါးပျဉ်းထောင်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်က–

''အောက်မှာ မြွေဟေ့၊ ပြေးကြ''

ဟု အော်ဟစ်ပြီး စတင်ပြေးသဖြင့် အဖော်တစ်ခု ပြေးလိုက်ကြသည်မှာ တန်းနေပါတော့သည်။ ကျွန်တော် သတိမထားမိဘဲ အပင်ရင်းကိုသာ အတင်းတိုးဝင်မိပါက မတွေးရဲစရာပင်။

''ကဲ–ပြန်ကြရအောင်၊ ချိုးအကောင်နှစ်ဆယ်လည်း ရပြီ၊ လောဘမကြီးကြနဲ့တော့။ အန္တရာယ်ရှိလာပြီ''

''နေဦး ဆရာလေးရဲ့၊ အဖက်ရှာလိုက်ဦးမယ်'' ဟု ဆိုကာ ကာလသားတစ်ယောက် အနီးရှိ ထန်းပင်ပေါ်သို့ တက်သွားပါသည်။ မကြာမီ မြူအိုးနှစ်လုံးကို ကိုင်၍ ဆင်းလာသည်။





''ချိုးသားကြော်နဲ့ ထန်းရည်နဲ့မှ လိုက်တာ ဆရာလေးရဲ့''

သို့နှင့် ရွာပြန်ကြပြီး အဘဦးသာနီးအိမ်တွင် ညလယ်စာ ကြော်ချက်၍ ထန်းရည်ဖြင့် မြည်းကြပါသည်။ လူစုခွဲတော့ ည၌(၁၂)နာရီထိုးပါပြီ။

ညက အိပ်ရေးပျက်သဖြင့် မနက် ခုနစ်နာရီထိုးမှပင် အိပ်ရာက နိုးပါသည်။ နွားနို့ပူပူနွေးနွေး၊ ထမင်းကြော်၊ ငါးလေးခြောက်ကြော်နှင့် အဘဦးသာနီးက လက်ဖက်ရည်ခုံတွင် ထိုင်စောင့်နေပါသည်။

ကျွန်တော် အတော်အားနာသွားသဖြင့် တောင်းပန်ရပါတော့သည်။

''အဘရေ၊ သည်းခံပါခင်ဗျာ။ ညက အိပ်ရာဝင် နောက်ကျသွားလို့ပါ''

''ရပါတယ် ဆရာလေးရယ်၊ လူငယ်တွေနဲ့ ဒီလိုပေါင်းသင်းတာ ကောင်းတာပေါ့။ ရွာက ဆရာလေးကို အတော်ချစ်ကြပါတယ်။ စာအသင်အပြကောင်းလို့လည်း သဘောကျကြတယ်။ ဒီနေ့ ကျုပ်သမက်ကို နွားနို့ အပို့ခိုင်းလိုက်လို့ ကျုပ် အားပါတယ်''

ကျွန်တော် မနက်စာထမင်းကြော်နှင့် နွားနို့သောက်နေစဉ် အဘမှ–

''ဆရာလေး၊ ဒီရွာမှာ ပျော်ရဲ့လား။ ပျင်းရင် ရွာထဲလျှောက်လည်ပေါ့။ တစ်ရွာလုံးနဲ့ ရင်းနှီးနေပြီပဲ။ အဲ–ဒါပေမယ့် ရွာမြောက်စွန်းက နှစ်ထပ်အိမ်ကြီးကိုတော့ သွားမလည်ပါနဲ့''

''ဘာဖြစ်လို့လဲ အဘ''

''အဲဒီအိမ်ကြီးမှာ အပျိုကြီးတစ်ယောက်တည်းနေတာ။ နာမည်က ဒေါ်မမကြီးတဲ့။ ဒေါ်တပ်ပြီးခေါ်ပေမယ့် အသက်က သုံးဆယ်ကျော်လောက်ပဲ ရှိသေးတာပါ။ ကျုပ်ရောက်စက ဆရာလေးကို ရွာထဲလျှောက်ပြရင်း ပြောဖူးပါတယ်၊ သူက အောက်လမ်းပညာတတ်တယ်။ ရွာနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကင်းကင်းနေတယ်။ သူ့အလုပ်သမား လူယုံတွေလောက်နဲ့ပဲ ဆက်ဆံတာ။ မတော်တဆ ထမင်းစားဖိတ်ကျွေးရင်တောင် မသွားစေချင်ဘူး''

''အဘကလည်း သူ့ဘာသာ ဘာတတ်တတ်ပေါ့။ ကျွန်တော်က အယုံအကြည် မရှိပါဘူး။ ရပ်ရေလေ့ ရွာရေလေ့ ထမင်းဖိတ်ကျွေးလို့ ကျွန်တော်မသွားရင် ဘယ်ကောင်းမလဲ''

''ဟုတ်ပါပြီ ဆရာလေးရယ်၊ ဆရာလေးက ညွှန့်သည်ဆိုတော့ အန္တရာယ်တော့ မပေးလောက်ပါဘူး။ ဒါပေမယ့် ထမင်းစားဖိတ်လို့များ သွားရရင်တော့ ဘုရားတရား မမေ့ပါနဲ့''

''ဟုတ်ကဲ့ အဘ၊ ကျွန်တော် သတိထားပါ့မယ်''

ကျွန်တော်က စုန်းတွေ၊ နတ်တွေ၊ သရဲတွေကို အယုံအကြည် မရှိပါ။ လက်တွေ့လည်း မကြုံဘူးလို့ ဖြစ်ပါလိမ့်မည်။

မကြာပါ။ သုံးရက်ခန့်အကြာတွင် အပျိုကြီးအိမ်မှ အလုပ်သမား တစ်ယောက် ထမင်းစား လာဖိတ်ပါသည်။

ကျွန်တော် တစ်ယောက်တည်း သွားပါသည်။ အိမ်ကြီးမှာ နှစ်ထပ်အိမ်လေးကြီးဖြစ်ပြီး ဝင်းနှင့်ခြံနှင့် ခမ်းနားထည်ဝါပါသည်။ ရွာတွင် အကြီးဆုံး ပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။ အပေါ်ထပ်၌ လသာဆောင်လည်း ထုတ်ထားပါသေးသည်။

အိမ်ခြံဝရောက်လျှင်ပင် အလုပ်သမားတစ်ဦးက ခြံတံခါး ဖွင့်ပေးပါသည်။ အသားဖြူဖြူ ချောချောနှင့် အသက်သုံးဆယ်ခန့်ရှိ အမျိုးသမီး တစ်ဦးက အိမ်ပေါ်မှ ဆင်း၍ ကြိုဆိုပါသည်။ အိမ်ထဲ၌ လူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

''ကြွပါ ဆရာလေး၊ ကျွန်မက လာမှလာပါ့မလားလို့ စိုးရိမ်နေတာ''

''ညွှန့်သည်နဲ့ အိမ်ရှင်ပဲဗျာ။ ဖိတ်သူရှိရင် လာရမှာပေါ့''

''ခေါင်းရင်းကိုကြွပါ ဆရာလေး။ ကျွန်မ ထမင်းဝိုင်း အသင့်ပြင်ထားပါတယ်''

သပ်ရပ်သန့်ရှင်းသော ထမင်းစားပွဲခုံတွင် ဟင်းများအား အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားပါသည်။ ထမင်းပူပူ ခူးခပ်ပြင်ဆင်ပေး၍ ဇွန်း၊ ခက်ရင်းများအားလည်း ရေဆွေးစိမ်ထားပေးပါသည်။ လက်သုတ်ပဝါတင်သော ပန်းကန်နှင့် အရိုးထည့်ရန် ပန်းကန်ပြားလေးကိုပင် အကျအန စီစဉ်ထားပါသည်။

အုပ်ဆောင်းအား ဖွင့်လိုက်ရာ ကြက်သားဟင်း၊ ငါးဟင်း၊ ဆိတ်သားဟင်းနှင့် ပဲဟင်းချို၊ အသီးအရွက်ကြော်များ စုံလင်လှပါသည်။

''ဆရာလေး စိတ်တိုင်းကျ သုံးဆောင်ပါ၊ အားမနာပါနဲ့''

''ဟုတ်ကဲ့၊ စားမှာပါ။ အစ်မကြီးက တစ်ယောက်တည်း နေတာလား။ မိဘတွေ မရှိတော့ဘူးလား။ ကျွန်တော်နဲ့အတူ ထမင်းလက်ဆုံစားပါလား''

''သုံးဆောင်ပါ ဆရာလေး။ ကျွန်မ မစားသေးပါဘူး။ မိဘတွေက ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားတာ ကြာပါပြီ။ ကျွန်မက တစ်ဦးတည်းသောသမီးဖြစ်လို့ ဒီအိမ်ကြီးမှာ တစ်ယောက်တည်း နေတာပါ။ အလုပ်သမားတွေ ရှိပေမယ့် လိုအပ်မှ ခေါ်ပါတယ်။ သူတို့က ခြံထဲမှာ အနေများပါတယ်။ ဒါနဲ့ ဆရာလေးကို ရွာထဲမှာ ကျွန်မအကြောင်း ပြောပြကြဘူးလား''

''ပြောပါတယ်။ ကျွန်တော်က ညွှန့်သည်ဆိုတော့ အိမ်ရှင်ဖိတ်ရင် လာရမှာပေါ့''

''စိတ်သန့်သန့်ထားပြီး စားပါ ဆရာလေး။ ကျွန်မက စေတနာနဲ့ ကျွေးတာပါ။ ကျွန်မ ကိုးတန်းအထိ စာသင်ခဲ့ဖူးလို့ (အ)သုံးလုံးလည်း သင်စရာမလိုပါဘူး။ အိမ်မှာလည်း သင်မယ့်သူ မရှိပါဘူး။ ကျွန်မက ရိုးရိုးနွယ်ပါ။ ပြောရရင်တော့ အရှည်ကြီးပဲ။ ပုဂံပြည် အနော်ရထာမင်း မိဖုရား စောမွန်လှရဲ့ အနွယ်တော်တွေပါ''







www.burmeseclassic.com

www.burmeseclassic.com



ဟင်းများမှာ ရွာလက်ရာနှင့် မတူသဖြင့် တစ်မျိုးစားကောင်းပါသည်။ ကျွန်တော် ထမင်းနှစ်ပန်းကန်တိတိ စားလိုက်ပါသည်။

''ဆရာလေး ထမင်း ထပ်ထည့်ပါဦး။ ဟင်းတွေလည်း အများကြီး ကျန်သေးတယ်။ ရွာဦးကျောင်းကိုလည်း ဆွမ်းချိုင့်ပို့ပြီးပါပြီ''

''သာဓုဗျာ သာဓု၊ ကျွန်တော် အဝစားပြီးပါပြီ။ ကျေးဇူးတင်ပါတယ်''

''ကျေးဇူးစကားမပြောပါနဲ့ ဆရာလေးရယ်။ ပဋ္ဌာန်းဆက်ရှိလို့ ဆုံရတာပါ။ ဒီအိမ်ကို ကြွရောက်ပြီး ထမင်းသုံးဆောင်တာကိုပဲ ကျေနပ်လှပါပြီ။ ဒီရွာက ကျွန်မကို ကင်းကင်းနေသလို ကျွန်မကလည်း ကင်းအောင် နေပါတယ်။ ကျွန်မကို စုန်းမလို့ ထင်နေကြတယ်။ ကျွန်မက တစ်ကောင်ကြွက်ဆိုတော့ ခံရမှာပေါ့''

ထမင်းစားပြီး လက်ဖက်ရည်ဝိုင်းထိုင်ကြရာ လက်ဖက်ခြောက်အကောင်းစား နှပ်ထားသော လက်ဖက်ရည်အချိုအား ကြွေကရားလေးထဲမှ ငှဲ့ထည့်ပေးပါသည်။ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကလည်း အတော်ကောင်းမွန်ပါသည်။

''ဒါနဲ့ ဆရာလေး၊ ရွာအနောက်ဘက်က ရွှေစာရံဘုရားကို ဖူးပြီးပြီလား''

''မဖူးရသေးပါဘူး အစ်မကြီးရယ်။ အဘ ဦးသာနိုးကတော့ အားရင် လိုက်ပို့မယ်ပြောပါတယ်''

''အဲ့ဒီဘုရားက အဘွားစောမွန်လှ တည်ခဲ့တဲ့ လွမ်းစေတီပါ။ ဆရာလေး မပြန်မီ ဖူးဖြစ်အောင် သွားဖူးလိုက်ပါ။ အင်မတန် သာယာပြီး ကြေကွဲစရာလည်း ကောင်းပါတယ်။ ခုတော့ တောဘုရားပေါ့ ဆရာလေးရယ်။ ရသေ့ကြီးဦးခန္တီက ပြုပြင်ထားလို့ ရှေးလက်ရာ မပျက်မစီး ရှိနေပါတယ်။ ကျွန်မလည်း တတ်နိုင်သလောက် ပြုပြင်ထိန်းသိမ်းပါတယ်။ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ဖို့ ငွေစုနေပါတယ်''





''ဒါနဲ့ အစ်မကြီးက ဘာအလုပ်အကိုင်များ လုပ်ပါသလဲ''

''မိဘအမွေပေးခဲ့လို့ လယ်ပွဲအတော်များများနဲ့ ဆီးခြံ၊ သရက်ခြံတွေ ရှိပါတယ်။ အဲဒါတွေနဲ့ စားသောက်ရတာပေါ့ရှင်။ မိန်းမသားမို့ ကိုယ်တိုင် မလုပ်ကိုင်နိုင်တော့ မျက်နှာလွှဲလူယုံနဲ့ လုပ်ရတာပေါ့။ ဒါပေမယ့် ပိုပိုလျှံလျှံ ရှိပါတယ်။ အလှူအတန်းလည်း လုပ်နိုင်ပါတယ်။ ဆရာလေးကိုလည်း မကြာမကြာ ထမင်းဖိတ်ကျွေးပါရစေ။ နောက်တစ်ခါကျရင် ကျွန်မမှာရှိတဲ့ ရှေးဟောင်းအမွေတွေ ဆရာလေးကို ပြချင်တယ်''

စကားအသွားအလာအရ နှင်ပြီဟု ယူဆသဖြင့် ကျွန်တော် အပျိုကြီးမမအား နှုတ်ဆက်၍ ပြန်လာခဲ့ပါသည်။ သူ့ဘဝအား ပြောပြသောလည်း သနားစရာ၊ ပျင်းစရာကြီး ဖြစ်ပါသည်။

သူကြီးအိမ်ကို ပြန်ရောက်တော့ အဘဦးသာနိုးက နောက်ပြောင်ပြောဆိုပါသည်။

''ဆရာလေး၊ ကြာလှချည်လား။ ကျုပ်က ထင်နေတာ ဆရာလေးတော့ အပျိုကြီးမမနဲ့ အိမ်ထောင်များ ကျသွားပြီလားလို့. ဟဲဟဲ''

''စကားကောင်းနေလို့ပါ အဘရယ်၊ သူ့ဘဝက သနားစရာအထိးကျန်ဆန်လွန်းလှပါတယ်''

''ဆရာလေးရေ၊ ကျုပ်တို့ ဒေသစကားပုံအရ ဒုဋ္ဌဝတီမြစ်ရေသောက်ပြီးရင် မောင်ကြီးမပြန်နိုင် ဖြစ်တတ်တယ်တဲ့။ သတိထားဦးနော်။ ကျုပ်တို့ရွာက ဒုဋ္ဌဝတီမြစ်နဲ့ နီးတယ်''

''အဘကလည်း နောက်ပြန်ပြီဗျာ။ ကျွန်တော်က ရိုးရိုးသားသား သနားတာပါ။ အရွယ်ကောင်း၊ ရုပ်ချော၊ ဥစ္စာပေါဖြစ်ပြီး ဘာကြောင့် အိမ်ထောင်များ မယူတာလဲလို့ အံ့သြနေတာပါ''

''ဆရာလေးက တစ်ခါတည်း မမေးခဲ့ဘူးလား။ ဒီနယ်တစ်ကြောမှာတော့ သူယူမယ့် တူတူတန်တန် ယောကျာ်း မရှိဘူးလို့ ထင်တာဗျား။ မာနကလည်း အင်မတန်ကြီးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဘရာ၊ အခုမှ တစ်ခါပဲ တွေ့ဖူးသေးတာ။ မေးလို့ ဘယ်ကောင်းပါ့မလဲ။ နောက်အခေါက်တွေကျရင်တော့ မေးကြည့်ရမှာပေါ့။ မကြာမကြာ ထမင်းစားဖိတ်မယ်လို့လည်း ပြောပါတယ်။

ဒါနဲ့ အဘရေ၊ ဒီနေ့အားရင် ရွှေစာရုံဘုရား လိုက်ပို့ပါလား။ ကျွန်တော် ဖူးချင်လို့ပါ။ အတော်ဝေးသလား အဘ"

"မဝေးပါဘူး။ ညနေသွားမယ်လေ။ အခုတော့ နေပြင်းတယ်။ ဆရာလေး ကွင်းခေါင်ခေါင် နေပူထဲ ဖြတ်ရမှာ"

ညနေစောင်းတွင် ကျွန်တော်နှင့်အဘတို့ ရွာအနောက်ဘက် ထွက်လိုက်လျှင်ပင် ရွှေစာရုံဘုရားအား အဝေးမှ ဖူးတွေ့ရပါတော့သည်။ လယ်ကွင်းများအား ဖြတ်ကျော်ပြီးနောက် ငါးပေခန့်ကျယ်ဝန်းသော နားတောင်းကျချောင်းကလေးဆီသို့ ရောက်ရှိပါသည်။ နားတောင်းကျသော နေရာတွင် ရသေ့ကြီး ဦးခန္တီ တည်ဆောက်ထားသော မိဖုရား စောမွန်လှနှင့် အပျိုတော်တို့၏ သံရုပ်တုကြီးနှစ်ခုအား တွေ့ရပါသည်။ လေဒဏ်နေဒဏ်ကြောင့် ဆေးရောင်များ ပျောက်ကွယ်ပြီး သံချေးများ တက်နေပါသည်။ နားတောင်းကျချောင်းရေအား ဒူးဆစ်ခန့် ဖြတ်ကျော်အပြီး၌ ရွှေစာရုံဘုရား ပရဝုဏ်အတွင်းသို့ ရောက်ရှိပါသည်။ စေတီမှာ ငှက်ပျောဖူးအောက်ခြေ ကြာမှောက်ကြာလှန် ဖောင်းရစ်အထိသာ ရွှေချထားပြီး ခေါင်းလောင်းမှ စေတီတော်ခြေရင်းအထိ ထုံးသင်္ကန်းဖွေးဖွေးသာ ကပ်လှူထားပါသည်။ ဘုရားအနောက်ဘက် ခပ်ဝေးဝေးတွင် သစ်ဖောင်များအား ဆယ်တင်နေသော သစ်ဆိပ်တစ်ခုအား တွေ့ရှိရပါသည်။ ဒုဋ္ဌဝတီမြစ်ဆိပ် ဖြစ်ပါသည်။

ရွှေစာရုံဘုရားမှာ နားတောင်းကျချောင်းနှင့် ဒုဋ္ဌဝတီမြစ်ဆုံကြား ကြက်လျှာစွန်းနေရာတွင် တည်ထားခြင်းဖြစ်ပါသည်။ ဘုရားမုခ်ပေါက်များတွင် ရှိသည့် ညောင်ရေအိုးများ၌ တောပန်းများအား ကပ်လှူပူဇော်ထားပါသည်။





ကျွန်တော်နှင့်အဘတို့ ဘုရားရင်ပြင်တော်အား တစ်ပတ်လှည့်ပြီးနောက် သောကြာထောင့်တွင် ဘုရားဝတ်ပြုကြပါသည်။ ဝတ်ပြုပြီးနောက် သနားစဖွယ်ကောင်းသော မိဖုရားစောမွန်လှအားလည်းကောင်း၊ အနွယ်တော် အပျိုကြီးမမအားလည်းကောင်း မေတ္တာပို့၍ အမျှဝေကြပါသည်။

"ကဲ- ဆရာလေးရေ၊ နေဝင်တော့မယ်။ ပြန်ကြရအောင်။ ဒီဘက်ပိုင်းက ချောင်းမြောင်းပေါတို့ ခြေခင်းလက်ခင်း မသာဘူး။ ဒီလို နွေရာသီ မိုးချုပ်တာနဲ့ မြွေဆိုးတွေ ထွက်တတ်တယ်"

"ဟုတ်ကဲ့ အဘ၊ ပြန်ကြတာပေါ့၊ နေဝင်တာမြန်လိုက်တာနော်"

ရွှေစာရုံဘုရားအား အားရပါးရ ရှိခိုးပြီးနောက် ရွာဘက်သို့ ပြန်ခဲ့ကြပါတော့သည်။

ဘုရားအနောက်ဘက်တွင် ဝက်ဝံတောင်ကြီးခံနေသဖြင့် နေဝင်သည်မှာ မြန်ခြင်း ဖြစ်ပါသည်။ ဆည်းဆာချိန်မှာ လျင်မြန်စွာပျောက်ဆုံးသွားသဖြင့် ရွာရောက်တော့ မိုးစုံစုံချုပ်နေပါပြီ၊ ရေကမန်းကတန်းချိုး၍ ညစာအား အမြန်စားကာ (အ)သုံးလုံး သင်တန်းစသင်ရပါတော့သည်။

ယနေ့ စာသင်ရသည်မှာ စိတ်မပါလှပါ။ စိတ်ဇောဟုန်က ရွှေစာရုံ လွှမ်းစေတီနှင့် အပျိုကြီးမမထံ ရောက်ရောက်သွားပါသည်။ မမ ကျွန်တော့်ကို ပြုစားလိုက်ပြီထင်ပါသည်။ စာသင်အပြီးတွင် စကားဝိုင်း၌ လည်းကောင်း၊ အိပ်ရာဝင်ချိန်၌ပင် အိပ်မက်ထဲအထိ မမက ရောက်ရောက်လာပါသည်။

မနက်ခင်း အိပ်ရာအထ၌ အဘက ထုံးစံအတိုင်း မနက်စာစားရန် စောင့်နေပါသည်။ ကျွန်တော် မျက်နှာ အမြန်သစ်၍ အဘနှင့် လက်ဖက်ရည်ဝိုင်းတွင် ထိုင်စဉ် အဘက-

"ကဲ-ဆရာလေးရေ၊ မနက်စာနည်းနည်းနဲ့ မြန်မြန်စားပါ။ စောစောက မမကြီးအိမ်က လာခေါ်တယ်။ လက်ဖက်ရည်သောက်ဖို့။ ဆရာလေး မနိုးသေးတာနဲ့ ပြန်လွှတ်လိုက်တယ်။ အဲဒါ သွားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘ"

မမကြီးနှင့် ကျွန်တော် စိတ်ချင်းဆက်သွယ်မိပုံရပါသည်။ ကျွန်တော် သတိရအောက်မေ့နေစဉ် အခေါ်လွှတ်ခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော် မနက်စာအနည်းငယ်စား၍ နွားနို့တစ်ခွက်သောက်ပြီး မမကြီးအိမ်သို့ ထွက်ခဲ့ပါသည်။

"ကြွပါ ဆရာလေး၊ မနေ့ညနေခင်းက အဘနဲ့ ရွှေစာရံစေတီဘက်သွားတာ မြင်လိုက်ပါတယ်။ ဘာဆုတွေများ တောင်းခဲ့လဲ။ မနေ့က ရွှေစာရံစေတီအကြောင်း ပြောပြီး ချက်ချင်းပဲသွားတာ မြန်လိုက်တာ။ မမက ဆရာလေးနဲ့အတူ သွားပြီး ဘုရားဖူးရင်း ရွှေစာရံစေတီအကြောင်း ရှင်းပြချင်တာ"

"ကျွန်တော်က သမိုင်းအဓိကနဲ့ ဘွဲ့ယူတော့မှာပါ ခင်ဗျာ။ ရွှေစာရံစေတီသမိုင်းကို ကျွန်တော် သိပါတယ်။ မနေ့က မမနဲ့တွေ့ပြီး ဘုရားဖူးချင်စိတ် အလွန်ပြင်းပြတာနဲ့ အဘကိုပူဆာပြီး ချက်ချင်းသွားလိုက်တာပါ။ မမနဲ့သွားရရင်တော့ ပိုအဆင်ပြေတာပေါ့။ ကျွန်တော် မသိသေးတာတွေလည်း သိရတာပေါ့"

"နောက်တော့ အေးအေးဆေးဆေး သွားကြတာပေါ့။ ကဲ- လက်ဖက်ရည်အချိုနဲ့ ကိတ်မုန့်သုံးဆောင်ပါဦး။ မနက်ဖြန် မမ မန္တလေးကို အရေးပေါ်ကိစ္စနဲ့ သွားစရာရှိလို့ ဆရာလေးကို အခေါ်ခိုင်းရတာပါ။ ဟိုမှာ ကြာချင်ကြာမယ်လေ"

ကျွန်တော် စားသောက်နေစဉ် မမကြီး အပေါ်ထပ်သို့ တက်သွားသည်။ ပြန်အဆင်းတွင် ယွန်းသေတ္တာလေးတစ်ခု ယူလာပါသည်။ လက်ဖက်ရည်စားပွဲပေါ်ကိုတင်၍ အဖုံးဖွင့်လိုက်ရာ အောက်ခံကတ္တီပါစနီခံပေါ်တွင် ဝင်းလက်တောက်ပနေသော စိန်၊ ကြောင်၊ နီလာ၊ ပတ္တမြားများဖြင့် ပြုလုပ်ထားသော ရှေးဟောင်း လက်ဝတ်လက်စား တစ်ပြည်သားလောက်အား တွေ့ရပါတော့သည်။





"ဆရာလေးကို ဒီနေ့ကစပြီး မောင်မောင်လို့ ခေါ်တော့မယ်။ ဆရာလေးကလည်း မမကြီးကို မမလို့ခေါ်ရင် ကျေနပ်ပါပြီ။ ဒီလက်ဝတ်လက်စားတွေဟာ မမတို့ ဘိုးဘွားဘေးစဉ်ဆက် စုဆောင်းလာခဲ့တဲ့ ပစ္စည်းတွေပါ။ မမက တစ်ကောင်ကြွက်ဆိုတော့ မျိုးဆက်ပြတ်တော့မယ်။ အားကိုးအားထား လိုလာပြီ။ အဲဒါ ဆရာလေး၊ အဲလေ-မောင်မောင် ဒီရွာမှာ တစ်သက်လုံး မမနဲ့အတူ နေထိုင်နိုင်ရင် မောင်မောင့်ကို ပစ္စည်းဥစ္စာအားလုံး ပုံအပ်ပါ့မယ်။ ဘဏ်မှာလည်း ငွေသိန်းဂဏန်း ရှိပါတယ်။ သယ်ပွဲတွေ ဆီးခြံနဲ့ သရက်ခြံတွေလည်း ရှိပါတယ်။ အဲဒါ မောင်မောင် စဉ်းစားပြီး ဆုံးဖြတ်ပါ"

ဇာတ်လမ်းတော့ စပါပြီ။ ကျွန်တော် မမကို စွဲလမ်းမှု ရှိနေသော်လည်း ဤရွာတွင် ဇာတ်မြှုပ်၍ အငြိမ်းစား ထိုင်စားနေရမည်ကိုတော့ အလိုမရှိပါ။ ပစ္စည်းဥစ္စာကိုလည်း မမက်မောပါ။ ကျွန်တော့်ဆန္ဒမှာ ခရီးသွားလာ၍ လှုပ်ရှားရုန်းကန်နေရသော ဘဝကိုသာ အလိုရှိပါသည်။ ချက်ချင်း မဆုံးဖြတ်နိုင်သော ကိစ္စဖြစ်သဖြင့် စကားအလိမ္မာ သုံးရပါတော့သည်။

"မမ၊ မန္တလေးမှာ ဘယ်လောက်ကြာမလဲ။ ကျွန်တော်တို့လည်း ဒီရွာမှာ တစ်လကျော်လောက် နေရဦးမှာပါ။ မမ မန္တလေးက ပြန်လာမှ ညှိနှိုင်းဆုံးဖြတ်ကြရင် မကောင်းဘူးလား မမရယ်။ ချမ်းသာတာ၊ ဆင်းရဲတာဆိုတာက အဓိက မဟုတ်ပါဘူး။ ကိုယ်တည်ဆောက်တဲ့ ဘဝကို ရောင့်ရဲတင်းတိမ်နိုင်မှသာ ဘဝသာယာမှာပါ။ ကျွန်တော့်အကြောင်းကိုလည်း မမ ပြည့်စုံအောင် လေ့လာစေချင်ပါသေးတယ်"

"မောင်မောင်ရဲ့ အဲဒီစိတ်ဓာတ်ကို မမ သဘောကျတာ။ တခြားယောကျာ်းတွေဆိုရင် ပစ္စည်းဥစ္စာ ပုံပေးမယ်ဆိုတာနဲ့ ဒီနေ့လက်ထပ်ဖို့ ပြောလိမ့်မယ်။ မမက လူတစ်ယောက် ရုပ်လက္ခဏာကို မြင်တာနဲ့ အဲဒီလူရဲ့ စိတ်ဓာတ်ကို ထွင်းဖောက်ပြီး မြင်တဲ့ အမြင်ရှိတယ်။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မမ တစ်သက်လုံး တစ်ယောက်တည်း လုပ်ကိုင်စားသောက်နေရပေမယ့် အများအယွင်း မရှိခဲ့ဘူး။ ကြိုတင်သိနေတယ်။ အဲဒီလို အကြားအမြင် ရနေတာကိုပဲ ရွာကလူတွေက မမကို စုန်းမလို့ ထင်နေကြတာပါ။ အကြားအမြင်ရတာကလည်း မမ နေ့စဉ် မနက်၊ ည တရားထိုင်လို့ ရတာပါ။ ဒါဆိုရင်လည်း မမ မန္တလေးက ပြန်လာမှ ဆုံးဖြတ်ကြတာပေါ့။ မနက်ဖြန် မမ စောစောသွားချင်တယ်။ မောင်မောင် ကူမဲရွာကားဂိတ်ကို လိုက်ပို့နိုင်မလား''

''ဟုတ်ကဲ့ မမ၊ ကျွန်တော် အဘစက်ဘီးငှားပြီး လိုက်ပို့ပါ့မယ်။ ဘယ်အချိန်လောက် သွားမလဲ၊ ကျွန်တော် ဘယ်ကစောင့်ရမလဲ''

''မနက်ဖြန်မနက် ခြောက်နာရီလောက်ပဲ။ ရွာထိပ်ရေမြောင်းကြီးဘေးက မန်းကျည်းပင်ကြီးအောက်က စောင့်ပါ မောင်မောင်''

''ဟုတ်ကဲ့ပါ မမ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်။ အဘ နေ့လယ်စာစားဖို့ စောင့်နေလောက်ပြီ''

''ကောင်းပါပြီ မောင်မောင်၊ ဆက်ဆက် စောင့်နေနော်''

''စိတ်ချပါ မမ''

နေ့လယ်စာ ထမင်းစားပွဲတွင် အဘက မေးပါသည်။

''အဆင်ပြေသလား ဆရာလေး''တဲ့။

''ဟုတ်ကဲ့ အဘရေ၊ အဆင်ပြေတာထက် ပိုနေလို့ ကျွန်တော် မစဉ်းစားတတ်တော့ဘူး။ မနက်ဖြန် မမ မန္တလေးသွားမှာမို့ ကူမဲကို လိုက်ပို့ပေးပါတဲ့။ ကူမဲရွာက ဘယ်နားမှာလဲ အဘ။ စက်ဘီးနဲ့သွားရင် ရတယ်မဟုတ်လား''

''ကူမဲရွာက ရွာရှေ့ မြောင်းပေါင်လမ်းအတိုင်း တောင်ဘက်ကို သွားရတယ် ဆရာလေးရဲ့။ လမ်းမှာ မိုင်လေးဆယ်ရွာ၊ တံတိုင်းရှည်ရွာ၊ စည်သာရွာနဲ့ လက်ပံတောရွာလွန်ရင် ပြင်ဦးလွင်–မန္တလေး ကားလမ်းဆုံ နေရာပေါ့။ အတော်စည်ကားတဲ့ ရွာကြီးပဲ။ ရွာထွက်ပစ္စည်းတွေ





အရောင်းအဝယ်လုပ်တဲ့နေရာပေါ့။ ဒီကနေတော့ ငါးမိုင်လောက် ဝေးတယ် ဆရာလေးရဲ့။ မြောင်းပေါင်လမ်းအတိုင်း သစ်ရိပ်အောက်က စက်ဘီးစီးသွားရင် မပင်ပန်းပါဘူး''

ညက (အ)သုံးလုံးသင်တန်းအပြီး ရွာကာလသားများ ညလယ်စာစားရန် လာခေါ်သော်လည်း ကျွန်တော် ငြင်းလိုက်ပါသည်။ မနက်ဖြန် နက်စောစော ထရမည်ဖြစ်၍ ဖြစ်ပါသည်။ အိပ်ရာဝင်ပြန်တော့လည်း ကောင်းစွာ အိပ်မပျော်ပါ။ မမကြီး၏ပုံရိပ်မှာ အိပ်မက်ထဲရော အပြင်မှာပါ ထဲဝဲလည်လည် ရောက်ရှိနေပါသည်။

❁ ❁ ❁

မနက်ငါးနာရီတွင်ပင် အိပ်ရာကထပါသည်။ မျက်နှာသစ်အပြီး ဘုရားဝတ်ပြုနေသော အဘအနီး ထိုင်ကာ ဘုရားကန်တော့ပါသည်။ ပြီးတော့ အဘနှင့်အတူ စောစီးစွာ မနက်စာစား၍ အဘထံမှ စက်ဘီးငှားကာ ရွာထိပ်သို့ ထွက်ခဲ့ပါသည်။

မနက်ခြောက်နာရီ မထိုးမီမှာပင် ကျွန်တော် ရွာထိပ်က မန်ကျည်းပင်အောက်တွင် ရောက်ရှိနေပါသည်။ စောစောစီးစီး လယ်ထဲ၊ ယာထဲ သွားကြမည့် ရွာသူရွာသားများ ကျွန်တော့်အား ကွက်ကြည့်ကွက်ကြည့် လုပ်၍ နှုတ်ဆက်ပြီး သွားကြပါသည်။ မနက် ခြောက်နာရီတိတိတွင် ဆက်ဆွဲအိတ်တစ်လုံးဆွဲကာ မမ ရောက်ရှိလာပါသည်။ အထက်အောက် အစိမ်းရောင်ဝတ်စုံဖြင့် ရွာလယ်လမ်းမမှ မလာဘဲ ရွာမြောက်ဘက်လမ်းသွယ်က ထွက်လာခြင်းဖြစ်ပါသည်။

ရွှင်ပျသောအသံ၊ ပြုံးချိုသောမျက်နှာဖြင့်–

''မောင်မောင် ရောက်နေတာ ကြာပြီလား။ ဘာစားပြီးပြီလဲ၊ ကူမဲရွာရောက်မှ ကားစောင့်ရင်း တစ်ခုခု စားကြတာပေါ့နော်''

''ကျွန်တော် အဘနဲ့ မနက်စာ ထမင်းကြော်နဲ့ နွားနို့ သောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီမမ။ ကဲ-သွားကြရအောင်''

မမက စက်ဘီးနောက်ကယ်ရီယာခုံတွင် ထိုင်ရင်း ကျွန်တော့်ခါးအား ဖက်ထားပါသည်။ မြောင်းပေါင်လမ်းမှာ ဆည်တော်ကြီးမှ ရေပေးသော မြောင်းကြီးဘေး ဖောက်လုပ်ထားသည့် တာလမ်းဖြစ်ပြီး ကားငယ်များလည်း သွားလို့ရပါသည်။ တစ်ဖက်ပေါင်မှာ လှည်းလမ်းဖြစ်ပါသည်။ လမ်းဘေးဝဲယာ၌ အရိပ်ရပင်ကြီးများ စိုက်ထားသဖြင့် အလွန်သာယာပြီး ရေဓာတ်ဖြင့် အေးမြလှပါသည်။

တစ်နာရီခန့် စက်ဘီးနင်းမှ ကူမဲလမ်းဆုံရွာသို့ ရောက်ပါသည်။ ပြင်ဦးလွင်မှ မန္တလေးအဆင်း ကားစောင့်ရင်း မမနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်ကြပါသည်။ လူအတော်များများက ကျွန်တော်တို့အား စူးစမ်းလျက်ရှိပါသည်။

''မောင်မောင်ရေ၊ မမက မန္တလေးကို မသွားမဖြစ်လို့ သွားရမှာပါ။ မနေ့ညနေတုန်းက လူကြုံလာတယ်။ ဟိုမှာ ကျောက်အရောင်းအဝယ် လုပ်ထားတာ ငွေယူဖို့ရယ်၊ ထပ်မှာလို့ ပြဖို့ရယ် ကိစ္စတွေပါ။ မောင်မောင် ရန်ကုန်မပြန်ခင် ရွှေစာရံဘုရားကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ချင်တယ်။ အပြန်ကျ ငွေအတော်များများ ပါလာမှာမို့ မောင်မောင့်ကိုလည်း လိုက်စေချင်တယ်။ ဒါပေမယ့် မောင်မောင်က (အ)သုံးလုံးသင်တန်း တာဝန်ကြီးနဲ့ဆိုတော့ မခေါ်ရက်ပါဘူး။ ရက်နည်းနည်းလည်း ကြာဦးမယ်ထင်ပါရဲ့''

''တစ်ရက်လောက်ဆိုရင်တော့ ရပါတယ် မမ။ ရက်ကြာရင်တော့ မကောင်းဘူးပေါ့။ မမကိုလည်း စိတ်မချတာ အမှန်ပါပဲ''

''စိတ်ချပါ မောင်မောင်။ မန္တလေးမှာ မမလူယုံတွေ ရှိပါတယ်။ မကြာခဏလည်း သွားနေကျပါ။ ငွေယူမလာဘဲ မန္တလေးက ရွှေစာရံဘုရားဂေါပကအဖွဲ့ရုံးကို တိုက်ရိုက်ပစ္စည်းပို့ပြီး အပ်ထားရင်လည်း ရပါတယ်။ မမ အဆင်ပြေသလို ကြည့်လုပ်လိုက်ပါ့မယ်။ မောင်မောင် စိတ်ချမ်းချမ်းသာသာနေပါ''





တစ်နာရီခန့်အကြာတွင် ပြင်ဦးလွင်မှ မန္တလေးအဆင်း ဂျစ်ကားလေးတွင် နေရာရသဖြင့် မမ လိုက်ပါသွားပါသည်။ အပြန်တွင် ကျွန်တော်တစ်ဦးတည်း စိတ်လေလေနှင့် စက်ဘီးမစီးတော့ဘဲ မြောင်းပေါင်လမ်းအတိုင်း စက်ဘီးတွန်း၍ ပြန်ခဲ့ပါတော့သည်။

မမကြီး ကမ်းလှမ်းချက်ကို လက်မခံလျှင် မိုက်မဲရာကျမည်လား၊ အကယ်၍ လက်ခံပြန်လျှင်လည်း အိမ်ကမိဘများက သဘောတူပါမည်လား။

လားပေါင်းများစွာဖြင့် စဉ်းစားရင်း ရှမ်းရွာကြီးသို့ နေ့လယ်စာစားချိန်တွင် ပြန်လည်ရောက်ရှိပါသည်။ ထုံးစံအတိုင်း အဘက ထမင်းစားရန် စောင့်မျှော်နေပါသည်။

ရွာပြန်ရောက်ပြီး နောက်တစ်နေ့မှစ၍ ကျွန်တော် မမပြန်အလာကို မျှော်မိပါသည်။ တစ်ပတ်ကြာလည်း ပေါ်မလာ၊ တစ်လကြာသော်လည်း ပေါ်မလာပါ။ ကျွန်တော်တို့အဖွဲ့ (၄၅)ရက်ပြည့်၍ (အ)သုံးလုံးသင်တန်းများ ပြီးဆုံးပြီဖြစ်၍ ရန်ကုန်ပြန်ရန် ပြင်ဆင်နေချိန်၌လည်း မမ ပေါ်မလာတော့ပါ။

ရန်ကုန်ပြန်ရတော့မည့် တစ်ရက်အလိုတွင် အဘအား ခွင့်တောင်း၍ ကျွန်တော်တစ်ဦးတည်း ရွှေစာရံဘုရားသို့ မနက်စောစောထွက်လာခဲ့ပါသည်။ ဘုရားပရဝုဏ်အတွင်း ရောက်သည်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ထားသော ရွှေစာရံစေတီတော်ကြီးအား သပ္ပါယ်လှစွာ ဖူးတွေ့ရပါတော့သည်။ ဂေါပကအဖွဲ့ကို စုံစမ်းကြည့်ရာ မန္တလေးမှ မမကြီးအမည်ရှိသော စေတနာရှင်တစ်ဦး၏ ကောင်းမှုကုသိုလ် ဖြစ်ကြောင်း သိရှိရပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

**သူရဇ္ဇမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ်**

www.burmeseclassic.com




## ထောင်တွင်း ဆက်ရက်ရိုက်ပွဲတော်

ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် ထောင်၌ အကျဉ်းသား၊ အချုပ်သား၊ အဝင်အထွက် နည်းပါသည်။ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့များမှာ ရုံးပိတ်ရက်ခံနေသဖြင့် အကျဉ်းသား အဝင်အထွက် များပါသည်။

စောစီးစွာ အချုပ်သားလွှတ်လူ လွှတ်ပြီးသဖြင့် ထောင်ပိတ်လူခေါင်း စာရင်းစစ်ဆေးရန် ကျန်ပါတော့သည်။ မနက်က ထမင်းစားမကောင်းသဖြင့် ညစာအား ထောင်ပြင်ထွက်၍ အင်းစိန်ဈေးရှေ့တွင် ဆိုးသားစု၊ ကြေးအိုး သောက်ကြရန် ဇနီးဖြစ်သူ ထောင်မှူး ဒေါ်ခင်မြကြည်နှင့် ချိန်းထားပါသည်။

ညနေ ၅နာရီခန့်သာရှိသေးသဖြင့် မိမိတာဝန်ကျရာ အိပ်ဆောင်ဝင်းအတွင်း လှည့်ပတ်ကြည့်ရှု၍ မိလ္လာချောင်းနှင့် ရေဆိုးကန်၊ အသီးအရွက်စိုက်ခင်းများအား စစ်ဆေးပါသည်။ တစ်ဆက်တည်း အဆောင်တိုင်များ ခိုင်ခန့်မှု ရှိမရှိကိုလည်း စစ်ဆေးရပါသည်။ စည်းကမ်းရှိသော ထောင်တွင်းအဆောင်ဖြစ်သဖြင့် အမှိုက်တစ်စ ဆေးလိပ်စစ်တိုမျှမရှိပါ။ အခန်းလူကြီး၊ ဘာသာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးသမားများက တာဝန်ကျေပွန်၍ ဖြစ်ပါသည်။

ထောင်ပိတ်ချိန် နီးလာပြီဖြစ်သဖြင့် အချုပ်ရုံးခန်းသို့ ပြန်ပြီး အလုပ်များအား လက်စသိမ်းရပါသည်။ ရုံးခန်းတာဝန်ကျ ဝန်ထမ်းများနှင့် အကျဉ်းသား ရဲဘက်များအား အိပ်ဆောင်ပေါ်တက်စေပြီး တန်းစီ လူစစ်ဆေးရန် အသင့်ပြင်ဆင်နိုင်းပြီးနောက် မိန်းဂျေးသို့ ထွက်ခဲ့ပါသည်။ မိန်းဂျေး၌ ထိုင်၍ အကျဉ်းသား၊ အချုပ်သား၊ ရုံးထွက်၊ ရုံးပြန်များအား ပေါင်းရဦးမည် ဖြစ်ပါသည်။

ညနေ (၆)နာရီ ထောင်ပိတ်ချိန် ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်း ရောက်ရှိလာပါသည်။ ကျွန်တော်တို့ ထောင်အရာရှိအုပ်စု မတ်တတ်ထ၍ အလေးပြုကြစဉ် ထောင်ပိုင်ကြီးမှ လက်ပြ၍ "ထိုင်ကြပါ၊ ထိုင်ကြပါ။ ဦးသိန်းဝင်းတို့ ထောင်ပိတ်အဖွဲ့ ကနေ့ည ထောင်ပိတ်ပြီးတာနဲ့ **Stand-by** နေ၊ အိမ်မပြန်ကြနဲ့ဦး"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ကျွန်တော် အတော်စိတ်ညစ်သွားပါသည်။ ထောင်လုပ်ငန်းမှာ ၂၄ နာရီ တာဝန်ရှိသော်လည်း **Stand-by** ဆိုလျှင် ထောင်အပြင်ဘက် မထွက်ရတော့ပါ။ ထောင်တွင်း၌ပင် ဖြစ်သလိုစား၍ အသင့် အနေအထား နေရပါတော့မည်။ ကြိုးသမားကိစ္စ ဖြစ်ဟန်တူပါသည်။ သို့သော် ကျွန်တော်တို့ ကြိုတင်မသိရှိခဲ့ကြပါ။ သို့လော သို့လောဖြင့် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကြရင်း လူပေါင်းစာရင်းယူ၍ ထောင်ပိတ်ကြရာ ည ၇ နာရီ အချိန်တွင် ထောင်ပိတ်လူပေါင်းစာရင်း အဝင်အထွက်ကိုက်ညီ ဖြင့် အသီးသီး မိမိ သက်ဆိုင်ရာဌာနများတွင် လက်မှတ်ရေးထိုးကြ သည်။

ထောင်ပိုင်ကြီးမှာ အတွင်းအုတ်ရိုး တစ်ပတ်ပတ်၍ ပြန်လာ သည်။ ဗဟိုကင်းမှ ထောင်ပိတ်သံချောင်း ၃ ချက်ခေါက်သဖြင့် ထောင် ပိတ်ပြီးကြောင်း သိရှိဟန်တူပါသည်။





"ကဲ ဦးသိန်းဝင်းတို့၊ ထောင်ပိတ်ပြီးရင် ရိက္ခာဌာနက လက်နှိပ် ဓာတ်မီးနဲ့ လက်ကိုင်တုတ်တွေထုတ်ခဲ့ပါ။ အလုပ်ဘက် ဂိုဒေါင်သော့တွေပါ ယူခဲ့ပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ပစ္စည်းများထုတ်ပြီး ကျွန်တော်တို့အုပ်စု အလုပ်ဘက်သို့ ချီတက် ခဲ့ကြပါသည်။ အလုပ်ဘက် ဖိနပ်ချုပ် ဂိုဒေါင်ဝင်းအား ဖွင့်ပြီး ဂိုဒေါင် အတွင်း ဝင်ခဲ့ကြပါသည်။ ဘာလုပ်ရမှန်းမသိပါ။

ထိုစဉ် ထောင်ပိုင်ကြီးမှ တုတ်တစ်ချောင်းဆွဲ၍ ရှေ့ကသွားရာမှ

"ဦးသိန်းဝင်း ဆက်ရက် ရိုက်မယ်၊ အဖွဲ့ခွဲပြီးရိုက်၊ တစ်ကောင်မှ မလွတ်စေနဲ့၊ ဆက်ရက်တွေကြောင့် ဖိနပ်ချုပ်သားရေပြားတွေ ပျက်စီးကုန် ပြီ ဒီကောင်တွေ ချေးက ဖော့စ်ဖရပ်စ်(မီးစုန်း)ဓာတ်တွေပါလို့ သားရေ ပြားတွေ ပျက်စီးတာ၊ ညဘက် ဒီဂိုဒေါင်မှာပဲ အိပ်ကြတယ်"

ကျွန်တော်တို့အုပ်စု လူစုခွဲ၍ ဆက်ရက်ရိုက်ပွဲတော် ဆင်နွှဲကြပါ တော့သည်။ ဆက်ရက်များမှာ သားရေပုံကြီးများပေါ်၌ လည်းကောင်း၊ သားရေပုံအထက် သွပ်နန်းကြိုးများပေါ်၌ လည်းကောင်း မည်းမည်းရှုပ် ၍ အိပ်တန်းတက်နေကြပါသည်။ လှသံကြား၍ လည်းကောင်း၊ မီးထိုးပြ၍ လည်းကောင်း မျက်လုံးပြူးပြူးကလေးများနှင့် ကြည့်နေကြစဉ် ကျွန်တော် တို့အုပ်စု လက်သံပြောင်စွာ တဖုန်းဖုန်း ရိုက်ကြပါတော့သည်။

"ကျလိ ကျလိ ကျလစ် ကျလစ်" နှင့် အော်မြည်ကာ ပျံသန်း ကြသော်လည်း အမိုးအောက်တွင် သွပ်နန်းကြိုးဆန်ခါကွက် ရက်လုပ်ကာ ထားသဖြင့် မလွတ်ကြပါ။ ဖိနပ်ချုပ်ဂိုဒေါင် (၁)တွင် ဆက်ရက် အကောင် (၁၀၀)ခန့် ရရှိပါသည်။ ထောင်ပိုင်ကြီးက. . .

"ဦးသိန်းဝင်းတို့ ဒီဂိုဒေါင်မှာ ကုန်ပြီ၊ နောက်ဂိုဒေါင် (၂)ကို ပြောင်းမယ်၊ တပ်ကြပ်ကြီး စောလက်ဝါ၊ ဆက်ရက်သေတွေကို အိတ်တစ် လုံးထဲ ထည့်ယူခဲ့၊ တစ်ကောင်မှ မကျန်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ထောင်ပိုင်ကြီး''

ဂိုဒေါင် (၂)သို့ ပြောင်းကြပါသည်။ ထိုဂိုဒေါင်တွင် ဆက်ရက်ငှက်များ ပို၍ များပါသည်။ ဒုတိယအကြိမ် ကျွမ်းကျင်သွားပြီဖြစ်၍ မီးထိုးသမားက မီးထိုးပေးပြီး ရိုက်သမားက စနစ်ကျစွာ ရိုက်ကြရာ အမြန်ပြီးစီးသလို ဆက်ရက်ငှက် အကောင် (၃၀၀)ခန့် ရရှိပါတော့သည်။ ငှက်များအား ရှင်းလင်းပြီးနောက် တပ်ကြပ်ကြီး စောလက်ဝါးက အိတ်နှစ်လုံးထမ်းကာ ဂိုဒေါင်များအား သော့ခတ်၍ မိန်းဂျေးသို့ ပြန်ခဲ့ကြပါတော့သည်။ မိန်းဂျေးတွင် ထိုင်ကြရင်း ထောင်ပိုင်ကြီးက ညမီးဖိုခေါင်းအား ခေါ်ကာ–

''ဖိုးခေါင်း၊ ငှက်တွေကို ရေနွေးဖြောပြီး အမွေးနုတ်၊ ကလီစာတွေထုတ်ပြီး ဆား၊ ဆနွင်း(နနွင်း)သုတ် ကြော်ပေးပါ''

''ဦးသိန်းဝင်း. . . . ကြော်ပြီးရင် ကျွန်တော့်အိမ် လေးငါးကောင်ပို့လိုက်ပါ။ ကျွန်တော် အရက်နဲ့မြည်းမယ်၊ ခင်ဗျားတို့ကတော့ ထောင်တွင်း အရက် သွင်းခွင့်မရှိလို့ ရေနွေးကြမ်းနဲ့ပဲ မြည်းပါ။ ပြီးရင် တန်းဖြုတ်ပါ''

''ကောင်းလိုက်တဲ့ အမိန့်၊ ကောင်းလိုက်တဲ့ Stand-by'' ထောင်တွင်း လုပ်အားများသမို့ ခဏနှင့် ကျက်ပါသည်။ ထောင်ပိုင်ကြီးထံသို့ ဦးဦးဖျားဖျား ဆက်ရက်ကြော် (၁၀)ကောင်ပို့ပြီး ကျွန်တော်နှင့် အဖွဲ့ဝင်များ ဆာဆာနှင့် လွေးကြပါတော့သည်။ ထမင်းဆာနေပြီဖြစ်သဖြင့် လုံးတီးထမင်းပေါင်း ပူပူလေးနှင့် ဆက်ရက်ကြော်မှာ စား၍ကောင်းလှသည်။ တစ်ခါတစ်ခါ အတည်ပေါက်နှင့် နောက်ပြောင်တတ်သော ကွယ်လွန်သွားရှာသူ ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းအား အောက်မေ့လွမ်းဆွတ်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀



www.burmeseclassic.com

www.burmeseclassic.com

## တန်းစီးမွန်နား

အကျဉ်းထောင်ဖွဲ့စည်းပုံ ဥပဒေအရ တန်းစီးဆိုသည်မှာ အကျဉ်းသား လောကတွင် အမြင့်ဆုံးရာထူး ဖြစ်ပါသည်။ ၎င်းရာထူး ခန့်ထားခံရသည့် အကျဉ်းသားသည် လိမ်လည်မှု၊ မုဒိမ်းမှု၊ လုယက်မှု ဘိန်းမှု၊ ဓားပြမှုနှင့် လူမှုရေးဖောက်ပြန်မှုများဖြင့် အပြစ်ဒဏ်ကျခံရသူ အကျဉ်းသားများအား မခန့်ထားပါ။ အများအားဖြင့် ဒေါသအလျောက် လူသတ်မှုဖြစ်သူများကိုသာ ရွေးချယ်ခန့်ထားပါသည်။ နှစ်ကြီးအကျဉ်းသား ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူ၊ အကျဉ်းသားအချင်းချင်း ကိုယ်ချင်း စာ ရိုင်းပင်းတတ်သူ၊ အကျဉ်းသားနှင့် ထောင်ဝန်ထမ်းများအား အက အကွယ်ပေး ကူညီသူ အုပ်ချုပ်ရေးကောင်းမွန်သူအား အဆောင်မှူး ရွေးချယ်ပြီး ထောင်ပိုင်အား တင်ပြ၍ ခွင့်ပြုချက်ရမှသာလျှင် ခန့်ထား နိုင်ပါသည်။

အကျဉ်းသားတစ်ဦး လူသတ်မှုဖြင့် ထောင်ကျသည်နှင့် ၎င်း အား တန်းစီးအဖြစ် ချက်ချင်း ရွေးချယ်ခန့်ထားခြင်းလည်း မဟုတ်ပါ စည်းကမ်း ကောင်းမွန်သူ၊ အမိန့်နာခံသူအား အဆောင်မှူးက ရွေးချယ် ၍ ညကင်း ဘာ်ယာအဖြစ် ခန့်ထားပြီးနောက် ဥာကင်းမှူး၊ အခန်း





ရေး၊ အခန်းလူကြီးအဖြစ် နှစ်ပေါက်အောင် စမ်းသပ်ခန့်ထားပြီးမှ ရွေး ချယ်ကာ တန်းစီးအဖြစ် ရွေးချယ်၍ ထောင်ပိုင်အားတင်ပြပြီး ခန့်ထား ခြင်းဖြစ်ပါသည်။ တန်းစီးလူကြီးမှာ အိပ်ဆောင်တစ်ဆောင်လျှင် တစ် ယောက်သာ ရှိပါသည်။

မွန်နားမှာ ကုလားလူမျိုး မဟုတ်ပါ။ အသက် (၂၅)နှစ်ခန့် ရှိပြီး မိခင် ဒေါ်တိုးနှင့် ဖခင် ဦးတုတ်ကြီးတို့မှ မွေးဖွားခဲ့သော မြန်မာ စစ်စစ် ဖြစ်ပါသည်။ ထူးဆန်းသည်မှာ ဖခင်စနေသား၊ မိခင်စနေသမီးတို့ မှ ဖွားမြင်သော တစ်ဦးတည်းသော စနေသား ဖြစ်ပါသည်။ နာမည်မှာ မောင်တင်မြင့် ဖြစ်သော်လည်း ငယ်စဉ်ကပင် တွံတေးပိတ်စွယ်ရွာရှိ ဖွားမွေးသော ဟိန္ဒူကုလားတဲများအနီးတွင် နေထိုင်ခဲ့ရသဖြင့် ဟိန္ဒူကုလား များက ချစ်စနိုး မှည့်ခေါ်သော မွန်နားအမည်ပေါက်၍ ငယ်နာမည် တင်မြင့် အမည်ပျောက်ခဲ့ရပါသည်။

ငယ်စဉ်ကပင် နွားနို့နှင့် ကြီးပြင်းခဲ့ရသူဖြစ်သဖြင့် ဟိန္ဒူကုလား များကဲ့သို့ ရင်ဘတ်မွေးနှင့် နားသယ်မွေး၊ လက်မွေးများ သန်စွမ်းသူ ဖြစ်ပါသည်။

မိဘများမှာ တောသူတောင်သားများဖြစ်၍ လယ်ယာလုပ်ငန်း အပြင် ဘူး၊ ဖရုံ၊ သခွားနှင့် ငှက်ပျော၊ မာလကာပင်များ စိုက်ပျိုးလုပ် ကိုင်စားသောက်သော မိရိုးဖလာ တောင်သူလယ်သမား စစ်စစ်များ ဖြစ်ကြပါသည်။ မွန်နားကတော့ ဟိုစပ်စပ်၊ သည်စပ်စပ် ပါတတ်သည်။ အတန်းပညာ (၉)တန်းအထိ သင်ကြားခဲ့ပြီး ကျောင်းထွက်၍ စိုက်ပျိုး ရေးအပြင် ဟိန္ဒူကုလားများနှင့်ပေါင်း၍ မွေးမြူရေးလည်း တစ်နိုင်တစ် ပိုင် လုပ်ပါသည်။ အိမ်ခြံအတွင်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များလည်း မွေးမြူထားပါသည်။

အမှုဖြစ်စဉ်က အဲသည် မွေးမြူရေးက စပါသည်။ မွန်နားတို့ အိမ်ခြံနှင့် ကပ်လျက် ရပ်ကွက်လူကြီးအိမ် ရှိပါသည်။ မွန်နား၏ ဘဲအုပ်



www.burmeseclassic.com

www.burmeseclassic.com



အား ရပ်ကွက်လူကြီး၏ ခွေးဝင်ကိုက်ရာမှ အမှုစတင်သည်ဟု ဆိုရမှာ ဖြစ်ပါသည်။ ထိုစဉ်က တစ်ယောက်တစ်ခွန်း စကားများကြပြီး ဆဲဆို ကြိမ်းမောင်းရုံသာ ဖြစ်ပါသည်။ ဓားတစ်ပြက်၊ တုတ်တစ်ပြက် မဖြစ်ခဲ့ ပါ။ သို့သော် ရပ်ကွက်လူကြီးက မွန်နားအား အငြိုးအတေးထားခဲ့သည် ကို လူဆိုးလေး မွန်နား မသိရှိခဲ့ပါ။

နောက်တစ်ကြိမ်တွင်မူ မွန်နား၏ ဝက်ပေါက်ကလေးအား ရပ်ကွက်လူကြီးသား ခိုးပေါသည်ကို လက်ပူးလက်ကြပ် မိသဖြင့် ဓား တစ်ပြက်၊ တုတ်တစ်ပြက် ဖြစ်ကြရာမှ မွန်နား လက်တွင် ဓားဒဏ်ရာ ရရှိသွားသလို သူကြီးသား ပခုံးတွင်လည်း ဓားဒဏ်ရာရရှိသွားပါသည်။ အကြီးအကျယ် ဒဏ်ရာကြီးများတော့ မဟုတ်ကြပါ။ သို့သော် မွန်နားမှာ တော့ ဓားခုတ်မှုဖြင့် ထောင်ဒဏ် (၂)နှစ် ကျခံခဲ့ရခြင်းဖြစ်ပါသည်။

မွန်နား ထောင်ရောက်မှ ကျွန်တော့်ရုံးခန်းတွင် သန့်ရှင်းရေး တာဝန် ချထားရာမှ ကျွန်တော်နှင့် ရင်းနှီးခဲ့ရခြင်း ဖြစ်ပါသည်။ မွန်နား မှာ တာဝန်ကျေရုံတင်မက ဖင်ပေါ့ခြင်း၊ အလိုက်သိခြင်း၊ အရေးအဖတ် ကျွမ်းကျင်ခြင်းတို့ကြောင့် ကျွန်တော် သဘောကျခဲ့သည်။ ထို့ကြောင့် မွန်နားအား ရုံးသန့်ရှင်းရေး တာဝန်မှ ရုံးထွက်နှင့် လွတ်လူ လူမ တာဝန် ပေးအပ်ခဲ့ပါသည်။

ထို့နောက် မှတ်ပုံတင်စာရေး ဖြစ်လာပြီး နေ့စဉ် ထောင်ကျလူ သစ် ကြည့်ရာတွင် အစီအစဉ်ကောင်းမွန်ခြင်း၊ အလုပ်စောစောပြီးခြင်း အမှားအယွင်း မရှိခြင်းတို့ကြောင့် မွန်နားအား ထောင်ကျရုံးအကူအဖြစ် စိတ်ချ လက်ချ အသုံးပြုခဲ့ပါသည်။

တွံတေးမှ မွန်နားအမေကြီး ထောင်ဝင်စာ လာတွေ့လျှင်လည်း ကျွန်တော့်အိမ်သို့ ဘူးသီး၊ ခရမ်းသီးအပြင် ကြက်ဥများလည်း ယူ ရောက်ပေးလေ့ ရှိပါသည်။ တစ်နေ့တွင် ကျွန်တော် ထမင်းစားပြန်ခိုက် မွန်နားအမေကြီး ရောက်ရှိလာပြီး ၎င်း၏သား မွန်နားအတွက် အယူ





ခံလိုကြောင်း ငွေကြေးလည်း မရှိကြောင်း ပြောဆိုပါသည်။

ကျွန်တော်မှ–

''အခေါ် အယူခံဝင်တာ ဘယ်လောက်ကုန်မှာလဲ''

''ကျပ်ခုနှစ်ရာလောက် ကုန်မယ်ပြောတယ် ဆရာ၊ တွံတေးက အသိရှေ့နေလေးက လုပ်ပေးမှာပါ''

''ကျွန်တော် ပေးလိုက်မယ်၊ ချေးတာ မဟုတ်ပါဘူး၊ မွန်နား လွတ်မြောက်ရေးအတွက် ကူညီတာပါ''

''ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကျွန်မတို့မှာလည်း ဒီသား အေး တစ်ယောက်ထဲရှိတာ၊ သူအကျဉ်းကျနေတယ်ဆိုတာ စိတ်မကောင်း လွန်းလို့ပါ''

သို့နှင့် ကျွန်တော် ငွေခုနစ်ရာကျပ် ထုတ်ပေးလိုက်ပြီးနောက် နှစ်လခန့် အကြာတွင် မွန်နား အယူခံနိုင်၍ လွတ်မြောက်သွားပါသည်။ လွတ်မြောက်သောနေ့က ထောင်တွင်းရှိ ထောင်ကျရုံးတွင် ကျွန်တော်မှ မွန်နားအား အင်္ကျီချွတ်စေ၍ ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးတွင် အမှတ် အသားများအား တိုက်ဆိုက်စစ်ဆေးရာ ရင်ဘတ်မွေး၊ လက်ဖျံမွေးတို့ ထူ အမွေးထူလှသဖြင့် ကျွန်တော်မှ–

''ကိုမ်းစ်ဘွန်း ပေါက်စလေး အမွေးရှည်ရင် သံသရာရှည်တတ် တယ်၊ စိတ်ကြီးတတ်တယ်၊ အပြင်လောကမှာ လွတ်လွတ်လပ်လပ် အေး အေးဆေးဆေး နေပါ တပည့်ရာ၊ ထောင်ထဲမှာ ဆရာသမား အပေါင်း အသင်းတွေရှိလို့ အနေချောင်တယ်ဆိုပေမယ့် မိဘတွေက အိုကြပြီ ငဲ့ လုပ်ကျွေးပြီး ကျေးဇူးဆပ်ရဦးမှာ''

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အပြင်မှာ ကောင်းကောင်းမွန်မွန် နေပါ့မယ်၊ မိဘကိုလည်း လုပ်ကျွေးပါ့မယ်၊ ဆရာ့ကိုလည်း ကျေးဇူးတင် လွန်းလို့ ဆရာသမား မိဘအရာထားပြီး ကန်တော့ပါရစေ''

မွန်နား ထိုင်၍ ကန်တော့ပါသည်။ ကိုယ်လက်ရင်းတပည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၍ လွတ်မြောက်သွားသည့်အတွက် ဝမ်းသာသလို ခွဲခွာရခြင်းအတွက်လည်း ဝမ်းနည်းမိပါသည်။

"အေး အေး ငါ့တပည့် ကျမ်းမာလို့ ချမ်းသာပါစေ၊ မိဘလုပ်ကျွေးမဲ့ သားကောင်းရတနာ ဖြစ်ပါစေ"

တနင်္ဂနွေ၊ အလုပ်ပိတ်ရက် မနက် (၅)နာရီခန့်တွင် မွန်နားနှင့် သူ့မိခင်ကြီး ကျွန်တော့်အိမ်သို့ ရောက်ရှိလာပါသည်။ ကြက်၊ ဘဲ၊ အသီးအနှံများဖြင့် လာရောက်ကန်တော့ခြင်း ဖြစ်ပါသည်။ သူ့မိခင်ကြီးမှာလည်း ကျေးဇူးတင်စကား တဖွဖွ ပြောနေပါသည်။ ကျွန်တော်မှလည်း အကြို၊ လုံချည်များ ပြန်လည် စွန့်ကြဲလိုက်ပါသေးသည်။ ပြန်ကာနီးတွင်

"မွန်နားရေ မင်း မကြာမကြာ လာလည်ကွာ၊ ငါ့နားရက်မင်းသိပါတယ်၊ တစ်ပတ် စနေ၊ တစ်ပတ် တနင်္ဂနွေပေါ့၊ အကူအညီလိုရင်လည်း အချိန်မရွေး လာခဲ့ပါကွာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်လာခဲ့ပါ့မယ်၊ လိုအပ်တာလေးတွေ ဝယ်ပြီး ပြန်ဦးမယ် ဆရာ၊ အဖေက မကျန်းမာဘူး ဆရာ၊ ကျွန်တော် လွတ်သွားလို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင် အမေတော့ အတော်ဒုက္ခရောက်ရှာမှာ"

"အေး အေး ကောင်းပါပြီကွာ၊ မိခင်ဖခင်ကို ဂရုစိုက်ထားအလိမ္မာပေါ့"

သို့နှင့် မွန်နားကို့သားအမိ ပြန်သွားကြပါသည်။

မကြာပါ၊ ကျွန်တော့်ထံ လာရောက်ကန်တော့ပြီး တစ်လခန့်အကြာမှာပင် မွန်နား လူသတ်မှုဖြင့် အချုပ်ထောင်ရောက်နေကြောင်း ကြားသိရပါတော့သည်။

"ဝင်းမြင့်ရေ မွန်နား သွားခေါ်စမ်းကွာ၊ ငါ စကားပြောချင်လို့"

"ဟုတ်ကဲ့ ဆရာ"





မကြာပါ မွန်နား ရောက်ရှိလာပါသည်။

"တပည့်ရာ မင်းကို ငါ အတန်တန် ဆုံးမရဲ့သားနဲ့၊ ဘယ်သူနဲ့လဲ၊ သူကြီးသားနဲ့ပဲလား"

"မဟုတ်ဘူး ဆရာ၊ သူ့အဖေ သူကြီးနဲ့ပဲ၊ သူ့သားက ကျွန်တော့်ဆိုက်ကို နိုးပေါ်တာနဲ့ ရန်ဖြစ်ကြတယ်၊ သူ့အဖေက သူ့သားကို မဆုံးမတဲ့အပြင် ကျွန်တော့်ကို ထောင်ထဲ ပြန်ရောက်ချင်သလား၊ ကြိမ်းတာနဲ့ သူ့ခြံထဲမှာ ရန်ဖြစ်ကြတယ် ဆရာ၊ သူတို့က သားအဖနှစ်ယောက် ကျွန်တော်က တစ်ယောက်တည်းပါ၊ သားဖြစ်သူက ကျွန်တော့်ကို ဓားနဲ့ ပြေးအခုတ် ကျွန်တော်က ခါးလုပြီး နှစ်ယောက်စလုံးကို ခုတ်တာ၊ အဲဒါ သားဖြစ်သူက ထွက်ပြေးသွားလို့ အဖေသူကြီးကိုပဲ ကျွန်တော် သေမချင်း ခုတ်သတ်ပစ်လိုက်တယ် ဆရာ"

"အေး ကောင်းရောကွာ၊ မင်းအမေတော့ ပဋ္ဌိမြေလူးဖြစ်တော့မှာပဲ၊ သူကြီးကရော ဓားပါလို့လား"

"သူကလည်း အနီးက ထင်းပုံက ဓားနဲ့ အတင်းဝင်ခုတ်တာ ဆရာ"

"အခု အမှုအခြေအနေက ဘယ်လိုလဲ"

"ကျွန်တော် ဝန်ခံလိုက်ပြီ ဆရာ၊ နောက်ဆုံး ကြိုးမိန့်ပေါ့ ဆရာရယ်"

"မင်း အတော်မိုက်တာပဲ၊ သူတို့က နှစ်ယောက်၊ မင်းက တစ်ယောက်တည်း သူတို့လက်နက်နဲ့ သူတို့ပြန်သတ်တာဆိုတော့ ကြိုးမိန့်တော့ မကျလောက်ပါဘူး၊ ဒါနဲ့ မင်းဘက်က သက်သေကော ရှိရဲ့လား"

"ရှိတယ် ဆရာ၊ ကျွန်တော်ဘက်က နွားမွေးတဲ့ ကုလားတွေ သက်သေလိုက်ပေးတယ်"

သို့နှင့် (၆)လခန့် အမှုစစ်ဆေးပြီးနောက် တရားခံက ဝန်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်သေခိုင်လုံစွာဖြင့် မွန်နား အနှစ်နှစ်ဆယ် ထောင်ကျသွားပါသည်။ ထောင်ကျပြီးနောက် မွန်နားတစ်ယောက် ကျွန်တော့်အဆောင်သို့ ရောက်ရှိလာပါတော့သည်။

တပည့်ဟောင်းဖြစ်၍ မွန်နားအား ထောင်ကျရုံးခန်းတွင် ပြန်လည်ခိုင်းစေရာမှ ရှေ့တွင် ဖော်ပြခဲ့သလို ကြိုးစားရိုးသားသူဖြစ်သဖြင့် နှစ်နှစ်ခန့်အကြာတွင် ထောင်ကျဆောင်တန်းစီး ဖြစ်လာပါတော့သည်။

မွန်နားမှာ ထောင်သန္ဓေ ပါဟန်တူပါသည်။ ထောင်ထဲမှာ သူပျော်ပြီး လူတိုင်းနှင့် တည့်အောင် ပေါင်းနိုင်ပြီး အုပ်ချုပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလည်း ကောင်းမွန်ပါသည်။ ထောင်ကို အလုပ်အကျွေးပြုရန် မွေးဖွားလာသည့် လူသားတစ်ယောက်ဟု ဆိုရလျှင် မှားအံ့မထင်ပါ။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၆



www.burmeseclassic.com

www.burmeseclassic.com

## ဝက်မှဆိုး

၁၉၈၄ ခုနှစ်တွင် ကျွန်တော်အား အင်းစိန်ဗဟို အကျဉ်းထော င်မှ ကော့သောင်း ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ပြောင်းရွှေ့တာဝ ထမ်းဆောင်ရန် အမိန့်ထွက်လာသည်။ သမီးလေးမှာ (၂)နှစ် သမီးခန့်သာ ရှိသေးသဖြင့် မိသားစုနှင့် မခွဲလိုသော်လည်း တာဝန်အရ မြစ်ကြီးနား သခေါ်စီး၍ ကော့သောင်းသို့ ပြောင်းရွှေ့ခဲ့ရပါတော့သည်။

မိုးဦးကျကာလဖြစ်၍ လှိုင်းဒဏ်၊လေဒဏ်ကို ခံစား ကော့သောင်းမြို့သို့ ရောက်ပြန်သော်လည်း မြို့နှင့်ပတ်ဝန်းကျင် တာဝန်ထမ်းဆောင်ရခြင်းမဟုတ်ဘဲ မြို့နှင့် (၁၅)မိုင်ကျော် ဝေး တောတွင်းစခန်းတစ်ခု ဖြစ်ပါတော့သည်။

ကော့သောင်းမြို့မှ (၁၀)မိုင်အထိ ကတ္တရာလမ်းအတိုင်း သွား ပြီးနောက် (၁၀)မိုင်မှ လမ်းခွဲကာ တောတွင်းလမ်းအတိုင်း တောင် တောင်တက် ရွှံ့ဗွက်ကိုရုန်း၍၊ တနင်္သာရီရိုးမအခြေ တောတွင်းပါတ် အတိုင်း သွားရသောရီး ဖြစ်ပါသည်။

ပထမဆုံး ဆီအုန်းစခန်းတစ်ခုဖြစ်သည့် ရေတံခွန်စခန်း ခရီးတစ်ထောက် နားကြပြီးနောက် ကျွန်တော် တာဝန်ကျရာ ပါဆ

ညန်း စခန်းသို့ ခရီးဆက်လက် ထွက်ခွာခဲ့ပါသည်။ ပါးဖမ်း၍ငုင်း ရှာဖွေကျွေး ဘဲလားပင်လယ်ကြီးနှင့် လက်ယာဘက်တွင် တနင်္သာ နှ ပါဆယ်ပါညန်း အကြား ဖောက်လုပ်ထားသော တောလမ်းကလေးဖြစ်သဖြင့် ယောက်တင်ပါ သမားများ အနေဖြင့် အတော်သတိထားရသော လမ်းဖြစ်ပါသည်။

မိုးချုပ်စတွင် စခန်းသို့ ရောက်ပါသည်။ ယာယီစခန်းများဖြစ်၍ နိမ့်၊ ထရံကာ မြေစိုက်တဲများသာဖြစ်ပြီးအုပ်ချုပ်သူ ထောင်ပိုင်ကြီးမှာ ဦးသဉ်မောင်ဖြစ်၍ အင်းစိန်ထောင်တွင် တာဝန်အတူ ထမ်းဆောင်ဘူးသူ များဖြစ်၍ တော်ပါသေးသည်။

ထိုအပြင် ပါဆယ်ပါညန်း စခန်းတွင် ရောက်နှင့်နေကြသော ထောင်မှူး ဦးမြင့်ဦးနှင့် ထောင်မှူး ဦးထွန်းအောင်လွင်တို့မှာ သူငယ်ချင်း များဖြစ်၍ ကျွန်တော့်အား လှိုက်လှဲစွာကြိုဆိုကြပြီး နေရာချထားပေးပါ သည်။

ရုံးခန်း၊ အိပ်ခန်းများနှင့် ထောင်ပိုင်ကြီးအိမ်မှာ တစ်ဆက်တည်း ဆောက်လုပ်ထားခြင်းဖြစ်ပြီး၊ စုပေါင်းနေထိုင်ကြသော တဲတန်းရှည်ကြီး ဖြစ်ပါသည်။ နောက်တစ်ရက်တွင် ထောင်ပိုင်ကြီးမှ ကျွန်တော်အား ာတာဝန်ခံအဖြစ် အလုပ်ချထားသော အိမ်ခန်းကလေးကို အပိုင်စား ပေးပါသည်။ အဖော်အဖြစ် စာရေး မောင်တင်ဦးအား ထားပေးသဖြင့် အားပြောဖော် ရပါသည်။ စားသောက်ရေးအနေဖြင့်တော့ ရုံးခန်းအရာရှိ အားပေးသဖြင့် အရာရှိဖိုမှ ချက်ကျွေးသမျှကိုသာ စားရသောက်ရပါ သည်။

စခန်းရောက်သည့်နေ့မှစ၍ ယနေ့အထိ ပဲဟင်း၊ ငါးသေတ္တာ၊ ဟင်းတို့ဖြင့်သာ နှစ်ပါးသွားနေရရာ တစ်လပင် ပြည့်တော့မည်ဖြစ်ပါ ။ တောစခန်းဖြစ်၍ ရွာနှင့်လည်း မနီးပါ။ အပျင်းဖြေစရာ စာဖတ် စာရေးခြင်းအလုပ်သာ ရှိပါသည်။

ယနေ့ တနင်္ဂနွေနေ့ အလုပ်နားရက် ဖြစ်ပါသည်။ နံနက်(၇)

ဝပြီး၊ ထွင်းကြော်နှင့် ရေနွေးကြမ်းစားသောက်ရင်း
ကဲ ထောင်ပိုင်ကြီးခေါ်သည် ဆိုသဖြင့် စားသောက်ခြင်း
ပြီးသတ်ပြီး ထောင်ပိုင်ကြီးရုံးခန်းသို့ ကူးခဲ့ရပါတော့သည်။
ရုံးခန်းအတွင်းသို့ရောက်လျှင်ရောက်ချင်းပင် ထောင်ပိုင်ကြီးမှ

"ဦးသိန်းဝင်း၊ ခင်ဗျား သေနတ်ပစ်လက်ဖြောင့်တယ်လို့ ခင်ဗျား သူငယ်ချင်းတွေက ပြောတယ်၊ အမဲပစ် ဝါသနာ မပါဘူးလား"

"ဟုတ်ကဲ့ ဝါသနာပါပါတယ် ခင်ဗျာ၊ ပဲခူးရိုးမမှာ နေစဉ်တုန်းကတော့ မျောက်ကလေး ချေကလေး ပစ်ဘူးပါတယ်၊ အခုတော့ သေနတ်နဲ့ လက်မတွေ့တာ လေးငါးနှစ်ရှိပြီဆိုတော့"

"ကိစ္စမရှိပါဘူးဗျာ၊ အမဲမရတော့လည်း တောလယ်ရင်း အတွေ့အကြုံရတော့ အပျင်းပြေတာပေါ့၊ စခန်းမှာ အမဲလိုက်ကောင်းတဲ့ မုဆိုးရှိတယ်၊ သူက ရဲဘက်ဆိုတော့ သေနတ်ကိုင်လို့ မရဘူး၊ ခင်ဗျား ခေါ်သွားပြီး တောတိုးကြည့်ပါလား"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး၊ ကျွန်တော်လည်း ပိတ်ရက်မို့ ပျင်းနေတာနဲ့ အတော်ပါဘဲ"

"ကဲ လက်နက်ခန်းက စိတ်ကြိုက်ရိုင်ဖယ်တစ်လက် ရွေးပြီး တောလယ်ကြည့်စမ်းဗျာ၊ လမ်းတော့လျှောက်ရမှာနော်"

"ဟုတ်ကဲ့ ခင်ဗျာ"

သို့နှင့် အခန်းပြန်၍ ယူနီဖောင်းဝတ်၊ တောစီးဖိနပ်စီးပြီး တောစောင်းဦးထုပ်ဆောင်းခါ လက်နက်ခန်းမှ စိတ်ကြိုက်ရိုင်ဖယ်သေနတ် တစ်လက်အား ရွေးချယ်ပြီးနောက် မုဆိုးတင်မောင်အားခေါ်၍ တောပစ်ထွက်ခဲ့ပါတော့သည်။

မုဆိုးတင်မောင်မှာ ဖားအံဘက်ကဖြစ်၍ မုဆိုးမျိုးရိုးဖြစ်ပါသည်။ လိုင်စင်မဲ့သေနတ် ကိုင်ဆောင်မှုဖြင့် ထောင်(၇)နှစ် ကျသူဖြစ်ပြီး ကာလူမျိုး ဖြစ်ပါသည်။ တောင့်တင်းသန်မာပြီး၊ ထောင်ပိုင်ကြီးအား အလည်





ပိတ်ရက်များတွင် ကြက်၊ ငှက် ထောင်၍ဖြင်း ငါးဖမ်း၍ဖြင်း ရှာဖွေကျွေးသူဖြစ်ပါသည်။

"ဆရာ လက်တည့်ရင် သေချာပေါက်ရအောင် ပါဆယ်ပါညန်း ရွာဟောင်းဘက်၊ ပင်လယ်ကမ်းစပ် ဆင်းရအောင်၊ အဲဒီမှာ မျောက်တံငါတွေ အရမ်းပေါတယ် ဆရာရဲ့"

"မျောက်တံငါသား နံမှာပေါ့ကွာ တစ်ခြားတောကောင် မရှိဘူးလား"

"မျောက်တံငါဘဲ ပေါတယ် ဆရာ၊ တခြား ပင်လယ်ငှက်တွေဘဲ ရှိတယ်"

"ကဲ–တင်မောင်ရေ မျောက်တံငါဘဲ ပစ်ကြတာပေါ့ကွာ မျောက်တံငါရလို့ကတော့ ငါ မစားဘူးကွာ"

"ဆရာကလည်း ရ ရပါစေဦး၊ မျောက်တံငါတွေက အရမ်းလည်တာ ဆရာရဲ့"

"အေးပါ တွေ့တော့လည်း မင်းကြည့်ပေါ့ကွာ"

ကျွန်တော်နှင့် မုဆိုးတင်မောင်တို့ နံနက် (၈)နာရီခန့်မှ စခန်းမှ ထွက်လာကြရာ ပါဆယ်ပါညန်း ပင်လယ်ကမ်းစပ်ဘက်သို့ နံနက်(၉) နာရီခန့်တွင် ရောက်ရှိကြပါသည်။

မနက်ခင်းဆိုသော်လည်း ကော့သောင်းနေမှာ ပူပြင်းလှပါသည်။ တနင်္သာရီရိုးမတောင်ခြေရင်း ဖြစ်သော်လည်း မီးသွေးဖုတ်သမားနှင့် သစ်ခိုးသမားများကြောင့် တောမှာ ပြုန်းတီးလျက်ရှိပြီး သစ်ပင်ကြီးတစ်ပင်စနှစ်ပင်စနှင့် ရွာဟောင်းမှ သရက်ပင်၊ အုန်းပင်များနှင့် ခြုံပုတ်ငယ်များသာ ရှိပါသည်။

"ဒီဘက်က ရွာပျက်ဆရဲ့ ပါဆယ်ပါညန်းရွာသစ်က ဟိုအရှေ့ဘက်ပင်လယ်ကမ်းစပ်ကို ပြောင်းသွားပြီ"

"ဘာဖြစ်လို့ ပြောင်းသွားတာလဲကွ"

www.burmeseclassic.com



သူတို့က မီးသွေးဖေါင်းလုပ်တယ်ဆရာ ငါးလည်း ဖမ်းတယ်၊ ဒီနေရာက သစ်ပင်ကြီးတွေ မရှိတော့တဲ့နောက် တစ်နေရာ ပြောင်းတာပေါ့''

သို့နှင့် ဆရာတပည့်နှစ်ဦး ပင်လယ်ကမ်းစပ်ရှိ လမုနှင့် ကနစို တောများဘက်သို့ ဆက်၍ ဆင်းလာကြပါသည်။

တောစပ်ရောက်သည်နှင့် ကျွန်တော့်တွင် ပါလာသော ၃၀၃ ရိုင်ဖယ်သေနတ်အား မောင်းတင်၊ ကျည်ထိုး၍ လုံခြုံရေး သော့အားပိတ်ပြီး အသင့်အနေအထား ပြင်ဆင်လျက် လမုနှင့် ကနစိုပင်များပေါ်သို့ မော့ကြည့်ရင်း မျောက်တံငါများအား ရှာဖွေမိပါသည်။

မုဆိုးတင်မောင်မှ. . . .

''ဆရာ မျောက်တံငါ ပစ်ချင်ရင်၊ သစ်ပင်ပေါ် မကြည့်နဲ့ ကမ်းစပ်မြေပြင်ကို အလျှင်ကြည့်ရတယ်၊ ဒီအချိန် မျောက်တံငါတွေက ပင်လယ်ဒီရေ ကျသွားလို့ တွင်းပေါက်ဝပေါ်လာတဲ့ ဂဏန်းကျင်းထဲကို အမြီးထိုးသွင်းပြီး မျှားတယ်။ ကဏန်းအမြီးဖျားကို ညှပ်တာနဲ့ အမြီးကို ဆွဲထုတ်ပြီး ကဏန်း ဖမ်းစားတော့တာဘဲ၊ လူမြင်မှ သစ်ပင်ပေါ် တက်ပြေးတာ ဆရာရဲ့''

''ဟေ မင်းတို့ ပင်လယ်မျောက်တွေက တို့ ပဲခူးရိုးမက မျောက်ညီတွေနဲ့မတူပါလားကွ''

''မျောက်ညိုက အသီးဘဲစားတာ ဆရာ၊ မျောက်တံငါတွေက တော့ အသားလည်း စားတယ်၊ အသီးလည်း စားတယ်''

ထိုစဉ် လူသံကြားသဖြင့် မျောက်များမှာ ပင်လယ်ကမ်းစပ် လတာပြင်မှ လမုနှင့် ကနစိုပင်များပေါ်သို့ တဝုန်းဝုန်းတက်၍ ပြေးကြပါတော့သည်။

''ဆရာ အရမ်းမပစ်နဲ့ဦး မျောက်အုပ်မှာ ခေါင်းဆောင်ရှိတယ် အဲဒီကောင်က အကြီးဆုံးဘဲ၊ သူ့ကိုပစ်မှတန်တာ ကျန်တဲ့အကောင်တွေက သေးတယ်။ ဆရာ ဒီချုံတွေနားမှာဘဲ နေပါ၊ ကျွန်တော် ဆရာ့ဘက်





ကူးလာအောင် မောင်းပေးမယ်''

မုဆိုးတင်မောင်မှာ ပြောပြောဆိုဆို ခရာဆူးချုံနှင့် ထမင်းဆုပ်ပင်များအတွင်း တိုးဝင်ပျောက်ကွယ်သွားပါသည်။

ထိုစဉ် လမုပင်ကြီးတစ်ပင်၏ ကိုင်းခွဆုံသို့ မျောက်ကြီးတစ်ကောင် ကူးလာကာ၊ ခွဆုံတွင် ထိုင်၍ ကဏန်းများအား ကိုက်ဖဲ့စားသောက်နေပါသည်။ မုဆိုးတင်မောင်ထံမှလည်း စုပ်သတ်အချက်ပေးသဖြင့် ကျွန်တော် ပစ်ရမည့် မျောက်မှန်း သိရှိလိုက်သဖြင့် ရိုင်ဖယ်သေနတ်မောင်းထိမ်းအား ဖြုတ်ပြီး ချိန်လိုက်စဉ် ကျွန်တော့်နားထဲသို့ တောတိုးသံများ ကြားရသဖြင့် တောင်ခြေဘက်သို့ ကြည့်လိုက်ရာ မဲမဲလုံးလုံး အကောင်အုပ်ကြီးတစ်အုပ် ကျွန်တော်တို့ဘက်သို့ ပြေးဆင်းလာသည်ကို တွေ့ရပါသည်။ နီးစပ်ရာ ခြုံပုတ်တစ်ခုအနီးသို့ ပြေးကပ်လိုက်ရင်း ခေါင်းဆိုင်၊ ကြည့်ရှုနေရာ (၁၀)ကောင်ခန့် ပါရှိသော တောဝက်အုပ်ကြီးဖြစ်၍ နေပါတော့သည်။

အချိန် (၆၀)ခန့်ရှိသော ဝက်မကြီးက ဦးဆောင်လျှက်၊ အချိန် (၁၀)စီခန့်ရှိသော ဝက်ပေါက်ကလေးများ ပါဝင်သည့် တောဝက်အုပ်ကြီး ချေသောက်ဆင်းလာဟန်တူပါသည်။ ဝက်အုပ်ကြီးမှာ လူရိပ်ခြေမြင်သဖြင့် နီးစပ်ရာ ခြုံပုတ်များအတွင်း ပြေးကပ်လိုက်သည်ကို မြင်နေရပါသည်။

''တောဝက်ပစ်လျှင် သစ်ပင်ကြီးကြီး အကာအကွယ်မရှိဘဲ မပစ်နဲ့'' ဟု ကျွန်တော်၏ မုဆိုးဆရာတစ်ဦး မှာကြားဘူးသည်ကို သတိရသော်လည်း အနီးအနားတွင် သစ်ပင်ကြီးကြီး တစ်ပင်မျှမရှိဘဲ (၄ ပေ ၅ ပေ)ခန့်သာ မြင့်သော ခရာဆူးချုံကလေးများသာ ရှိပါသည်။

တောဝက်မကြီးမှာ ကျွန်တော်နှင့် (၁၀ပေ)ခန့်သာ ဝေးသည်။ ရှေ့ဘည့်တည့် ခရာဆူးခြုံတစ်ခုအတွင်း တိုးဝင်လိုက်သည်ကို တွေ့ရသဖြင့် ဘာညာ စဉ်းစားမနေတော့ဘဲ သေနတ်ထိုးချိန်၍ မောင်းဖြုတ်ချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိန်း. . . . ဟူသော ရိုင်ဖယ်သေနတ်သံနှင့်အတူ ကျွန်တော်လည်း ကြောက်အားလန့်အားနှင့် ခုန်၍ နေရာပြောင်းရပါတော့သည်။ ယခင်နေရာမှ (၃ပေ)ခန့် အဝေးကိုရောက်သွားပြီး ပြန်အကျတွင် ကျည်ခွံနုတ်ပြီး၊ ကျည်သစ်လဲ မောင်းထိုးပြီး အသင့်ဖြစ်နေပါတော့သည်။

သေနတ်သံကြောင့် ဝက်ပေါက်ကလေးများမှာ ကျွန်တော့်အနီးမှကပ်၍ တောင်ပေါ်သို့ တက်ပြေးသွားကြပါတော့သည်။ ကျွန်တော့်အနေဖြင့် ဝက်ပေါက်ကလေးများအား ထပ်မံပစ်လျှင် ရရှိနိုင်ပါသေးသော်လည်း ပစ်ခတ်ထားသော ဝက်မကြီးမသေဘဲ မီးခိုးကြွက်လျှောက် လိုက်လာမှာစိုးသဖြင့် မပစ်ရဲတော့ပါ။ သို့သော် ကျွန်တော် ပစ်လိုက်သော ဝက်မကြီးမှာ ချုံပုတ်အတွင်းမှ ပြေးထွက်လာခြင်း မရှိပါ။ ချက်ကောင်းအမှန်ခံ၍ ကျည်တစ်ချက်တည်းဖြင့် ကိစ္စချောဟန်တူပါသည်။

ထိုအချိန်တွင် မျောက်ပစ်ခိုင်းသော မုဆိုးတင်မောင်မှာ သေနတ်သံကြားသဖြင့် ကျွန်တော့်ထံ အပြေးရောက်လာပါသည်။

''ဆရာကလည်း လက်ဖြောင့်တယ်ဆိုပြီး မျောက်ကြီးဆောင့်ကြောင့်ထိုင်နေတာတောင် မမှန်ဘူး၊ ကျွန်တော့်မှာတော့ တပင်တပန်းတောတိုးပြီး မျောက်တွေကို ဆရာ့ဘက်လာအောင် ခြောက်လိုက်ရတာမောလိုက်တာ ဆရာရယ်''

''တင်မောင်ရေ ငါက မျောက်တံငါတွေကို ပစ်မယ်သာ ပြောတာငါက မျောက်သား မကြိုက်ဘူးကွ၊ တောဝက်သားဘဲ ကြိုက်တာ မင်းကော တောဝက်သား မကြိုက်ဘူးလား''

''ဆရာကလည်း တောဝက်သားကောင်းမှန်း ကျွန်တော်လည်းသိတာပေါ့၊ တောဝက်မှ မတွေ့ဘဲ၊ မျောက်ဘဲတွေ့တဲ့ဥစ္စာ''

''ကဲပါကွာ မင်း တောဝက်သားစားချင်ရင် ဟိုရှေ့က ချုံထဲသွားကောက်ပေတော့၊ အဲဒီထဲမှာ အချိန်(၆၀)လောက် ဝက်မကြီးတစ်ကောင်ကို ငါ ပစ်ထားတယ်''





''ဟာ ဆရာ အဟုတ်ပဲလား''

ဟု ပြောကာ မုဆိုးတင်မောင်မှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ချုံပုတ်အတွင်း တိုးဝင်သွားပါတော့သည်။

''ဆရာရေ တောဝက်မကြီးဗျ အချိန်(၆၀)လောက်ရှိမယ်၊ ဆရာတစ်ကယ်လက်ဖြောင့်တာပဲ၊ ကျည်ဆံက နားအတွင်းဖေါက်ဝင်သွားပြီး တစ်ချက်တည်းနဲ့ ကိစ္စချောတာဘဲဗျ''

ဟု ပြောဆိုကာ ကုန်း၍ ထမ်းပါတော့သည်။

''ဆရာရေ ကျွန်တော် တစ်ယောက်တည်း မနိုင်ဘူးဗျ စခန်းပြန်ပြီး ရဲဘက်တွေ ခေါ်လိုက်ဦးမယ်''

မုဆိုးတင်မောင်မှာ ဝမ်းသာအားရဖြင့် ပြောပြောပြေး၊ တစ်ချိုးတည်းလစ်သွားပါတော့သည်။

ကျွန်တော့်မှာတော့ တောဝက်သေတစ်ကောင်နှင့် ချုံပုတ်တောအတွင်း တစ်ယောက်တည်း ကျန်ခဲ့ပါတော့သည်။ မျောက်အုပ်များ ပြန်လည်ရောက်ရှိလာသော်လည်း မပစ်တော့ပါ။

တစ်နာရီသာသာခန့် အကြာတွင် မုဆိုးတင်မောင်တို့အဖွဲ့ ပြန်လည်ရောက်ရှိလာကြပါသည်။ နီးစပ်ရာသစ်ကိုင်းများခုတ်၍ ထမ်းပိုးလုပ်ပြီး မြရာပင်လျှော်များဖြင့် ဝက်မကြီးအား ဝက်တုတ်တုတ်ကာ လျှိုထမ်း၍ စခန်းသို့ပြန်ခဲ့ကြပါတော့သည်။

တောဝက်တစ်ကောင်အား ရင်ဆိုင်ပစ်ပြီး လာရသဖြင့် ထောင်မှူးကြီးနှင့် စခန်းမှလူများ ကျွန်တော့်အား အထင်ကြီးကြပေမည်ဖြစ်သော်လည်း ကျွန်တော့်အနေဖြင့် ကြောက်လန့်တကြား စွန့်စားပစ်ခတ်ခဲ့ခြင်းကိုတော့ သူတို့သိကြလိမ့်မည် မဟုတ်ပါ။

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း)
မြင်ကွင်းစုံမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com




## လိပ်ရှာခွေး

လိပ်ရှာခွေးလေးအမည်က မိညိုပါ၊ လေးနှစ်သမီးခန့် ရှိပါပြီ။ အမွေးတိုတို အညိုရောင်လေးဖြစ်ပြီး နဖူးအလယ်မှာ တြိဂံပုံအဖြူစက် အလေးပါပါသည်။ လျှာမှာလည်း အမည်းစက်တွေ ရှိလို့ မွေးကိုက်ရင် သေနိုင်ဘူးလို့ ပြောကြပါသည်။ ကော့သောင်းမြို့နယ်၊ ပါဆယ်ပါညွန်း ဦးအုန်းစိုက်ပျိုးရေးစခန်းက ခွေးမကလေးဖြစ်ပါသည်။

ကျွန်တော် အဲ့သည်စခန်း ရောက်စမှာပဲ၊ ခွေးမလေး မိညိုနဲ့ ...င်ရင်းနှီးရပါသည်။ မိညိုမှာ အမဲလိုက်ခွေးဆိုသော်လည်း ဟိတ်၊ ...န် မရှိဘဲ မြန်မာခွေးပီပီ သာမန်အရွယ်အစား ခွေးမကလေးသာ ...ပါသည်။ လူတိုင်းနှင့်လည်း ယဉ်ပါးသဖြင့် ကျွန်တော်နှင့် ခွေးမကလေး ...ညိုတို့လည်း လျင်မြန်စွာ ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ သူ့အကြောင်းတော့ ...ာင်းကောင်း မသိသေးပါ။ သူ့သခင်ကတော့ မားပြမှုနှင့် ထောင်ဒဏ် ...န်ကျသော မုဆိုးတင်မောင်ဖြစ်ပါသည်။ မုဆိုးတင်မောင်ကတော့ ...သို့ အရာရှိ၊ ဝန်ထမ်း၊ ရဲဘက်များအတွက် ငါးရှာပေးခြင်း၊ တော ...နှင့် ချေ(ဂျီ)ကို နင်းကိုင်ထောင်၍ ဖမ်းဆီးပေးသော မုဆိုးဖြစ်ပါ ...သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



စခန်းအနေဖြင့် မြို့နှင့် အလှမ်းဝေး၍ မြေပြန့်နှင့် ဝေးခြင်းတို့ကြောင့် စခန်းရှိသူအားလုံးမှာ တစ်ပါတ်နှစ်ခါ ငါးသေတ္တာနှင့် မာတ်လုံး (ဘဲဥ)ဟင်းတို့ကိုသာ ထပ်ကာတလဲလဲ စားသုံးရသဖြင့် အန့်ပင် မခံချင်တော့ပါ၊ ထို့ကြောင့် မုဆိုးတင်မောင် တောဝက်မိသောနေ့၊ ချေ(ဂျီ)မိသော နေ့များမှာ စခန်းတစ်ခုလုံး စိုပြေသောနေ့ဖြစ်ပါသည်။

စခန်းအတွက်လိုအပ်သော အသီး၊ အနှံ၊ ဟင်းရွက်များကိုတော့ တပ်ကြပ်ကြီး ဦးအေးမောင်ဦးစီးသော တောင်ယာဘုတ်က အလုံအလောက် စိုက်ပျိုးထောက်ပံ့ပေးပါသည်။ စခန်းပိုင် တောင်ယာမှာ (၅)ဧကခန့် ကျယ်ဝန်းပြီး၊ ရာသီပေါ်သီးနှံများအပြင် နှစ်ရှည်စားပင်၊ သရက်၊ ဒူးရင်း၊ ပိန္နဲ၊ ငှက်ပျော၊ သံပုရာ၊ ဒညင်းပင်များ ပါရှိပါသည်။ လိုအပ်သော မျိုးစေ့များကိုတော့ 'ထောက်'ဌာန တာဝန်ခံထောင်မှူး၊ ဦးမြင့်ဦးက ဝယ်ပေးပါသည်။

ယနေ့ အလုပ်နားရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ကျွန်တော်တို့ ထောင်မှူးအုပ်စု ရုံးခန်း လက်ဖက်ရည်စားပွဲတွင် ထိုင်ကြရင်း မနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည် သောက်ကြရင်း စကား စမြည်ပြော၍နေကြချိန်တွင် မုဆိုးတင်မောင် ရောက်ရှိလာပါသည်။

"ဟဲ့ မုဆိုးကြီး၊ ဒီမှာ တို့ စားရသောက်ရတာလည်း လာကြည့်ဦးဟ၊ အူခြောက်နေပြီ" ဟု ကျွန်တော်က ပြောလိုက်ရာ–

"ဟုတ်ကဲ့ပါ ဆရာ၊ တပည့်သိပါတယ်၊ အဲဒါကြောင့် ကနေ့ တနင်္သာရီရိုးမပေါ်တက်ပြီး လိပ်ရှာမလို့၊ ဆရာ လိုက်ဦးမှာလား"

"မင်းတစ်ယောက်တည်းလား၊ လိပ်ရှာတာများကွာ၊ ရိုးမပေါ်ထိတက်စရာတောင် မလိုဘူးထင်ပါတယ်၊ တောင်ခြေရင်းက ချောင်းတွေ၊ မြောင်းတွေထဲ ရှာရင်လည်း ရမှာပါ"

"ဒီက လိပ်တွေက ချောင်းကြို၊ မြောင်းကြားထဲမှာ ရှာလို့ လွယ်ဘူး ဆရာရေ့၊ ကုန်းလိပ်တွေဖြစ်လို့ တောင်ပေါ်တက်ရှာမှ [illegible]





တာ ဆရာရဲ့၊ ဆောက်လိပ်တို့၊ ဖင်းရှောလိပ်တို့ပေါ့ ဆရာ၊ တစ်ကောင်ကို တစ်ပိဿာကျော်ရှိတယ်၊ မိညိုကို ခေါ်သွားရင်တော့ ကျွန်တော်တို့ အပင်ပန်းခံပြီး ရှာစရာမလိုပါဘူး ဆရာ၊ မိညိုရှာပေးရင် မနိုင်အောင် ရတတ်ပါတယ်"

"ဟုတ်ရဲ့လားကွာ၊ အမဲလိုက်ခွေးက လိပ်ရှာပေးတယ်လို့ ငါတော့ မကြားဖူးပါဘူး၊ ဖွတ်၊ ပဒပ်၊ ယုန်ရှာပေးတယ်ဆိုရင်လည်း ဟုတ်သေးရဲ့ကွာ"

"အဟုတ်ပါ ဆရာ၊ မယုံရင်လိုက်ခဲ့ပါ၊ မိညိုအစွမ်းသိရအောင်လေ"

"အေး ဒါဖြင့် လိုက်မယ်ကွာ၊ လိုရမယ်ရ ရိုင်ဖယ်ကြီးတော့ ယူခဲ့ဦးမယ်"

"ကောင်းတယ် ဆရာ၊ တနင်္သာရီရိုးမပေါ်မှာတော့ မျောက်၊ ကျားသစ်နက်နဲ့ ချေ၊ တောဝက်ပေါ်တယ် ဆရာ"

"အေး အေး ကောင်းပြီ ခဏစောင့်ကွာ"

သို့နှင့် ကျွန်တော်လည်း အမဲလိုက် ယူနီဖောင်း ဝတ်ဆင်ပြီး၊ မုဆိုးတင်မောင်နှင့်အတူ တောလည်ထွက်ခဲ့ပါတော့သည်။ ခွေးမလေး မိညိုမှာတော့ မျိုးထူးပျော်ရွှင်စွာဖြင့် ရှေ့က ပြေးရင်းလမ်းပြနေပါတော့သည်။

ပါဆယ်ပါညန်း စခန်းအနောက်ဘက်ရှိ ဆီအုန်းခင်းကြီးအား တစ်မိုင်ကျော်ခန့် ဖြတ်ကျော်ပြီးသည့်နောက်တွင် တနင်္သာရီရိုးမတောင်ခြေရင်းသို့ ရောက်ရှိပါသည်။ ဆီအုန်းခင်းနှင့် တောစပ်အား စည်းခြားထားသည့် ပေ(၂၀)ခန့်ရှိ မီးတားလမ်းအား ဖြတ်ကျော်အပြီး တောစပ်ဝင်လိုက်သည်နှင့် 'ဝုန်းဝုန်း'ဟူသော တောတိုးသံများအား ကြားလိုက်ရပါသည်။

တောဝက်အုပ်ကြီး အိပ်နေရာမှ လှုန့်ရသဖြင့် ပြေးလွှားသံများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ အတန်ငယ်လှမ်းသဖြင့် တောတိုးသံသာ ကြားလိုက်ရပြီး၊ အကောင်အထည်ကိုတော့ မမြင်လိုက်ရပါ။

တောင်ခြေရောက်သည်နှင့် ဝက်လူးအိုင်များအား လတ်လတ်ဆတ်ဆတ် မြင်တွေ့ရပါသည်။ မမျှော်လင့်သော နေရာဖြစ်၍ ကျွန်တော်တို့ သတိမထားမိဘဲ၊ တောဝက်အုပ်ကြီးနှင့် လွဲချော်သွားခဲ့ရခြင်း ဖြစ်ပါသည်။

''ဆရာရေ့၊ တောဝက်အုပ်ကြီးတော့ လွတ်သွားပြီဗျို့၊ မိညိုတောင် အနံ့မရသေးဘဲ၊ သူတို့က အနံ့ရဦးသွားဟန် တူပါရဲ့၊ ကျွန်တော်လည်း မထင်မှတ်တာနဲ့ ပေါ့သွားမိတယ်၊ အရင်တုန်းက ဒီနေရာမှာ တစ်ခါမှ မတိုးမိပါဘူး ဆရာရယ်''

''လေတင်နဲ့ လေအောက်ထင်တယ် တင်မောင်ရေ့၊ လွတ်တဲ့ငါး ကြီးမွနေပါနဲ့ လိပ်ဖမ်းဖို့လာတာ၊ တောဝက်အုပ်ကြီး လွတ်သွားတော့ရော ဘာဖြစ်သလဲကွာ''

''ဟုတ်ကဲ့ပါ ဆရာ၊ ဒါဖြင့်လည်း ဆက်တိုးကြစို့ဗျာ''

ထိုစဉ် ရှေ့တစ်ခေါ်လောက်မှ မိညိုဟောင်သံ ကြားရပါသည်။ သစ်ကိုင်းချင်းရိုက်သံ၊ မိညိုဟောင်သံ တဝုတ်ဝုတ်အပြင် မျောက်အော်သံများကိုလည်း ကြားရပါသည်။ မျောက်အုပ်ကြီးမှာ မိညိုအား မကြောက်သဖြင့် မပြေးသော်လည်း ရုတ်တရက် ပေါ်ထွက်လာသော ကျွန်တော်တို့ နှစ်ဦးအား တွေ့ရှိသည်နှင့် တဝုန်းဝုန်း တောတိုးကာ ပြေးလွှားကြပါတော့သည်။

ကျွန်တော့်အနေဖြင့် မျောက်အုပ်ကြီးအား အငိုက်မိသဖြင့် အကြီးဆုံး မျောက်ကြီးအား ရိုင်ဖယ်သေနတ်ဖြင့် ချိန်လိုက်စဉ်တွင် ဘယ်က ပေါ်လာမှန်းမသိသော မျောက်မည်းကလေးတစ်ကောင်မှာ မျောက်ကြီး များရှေ့မှ ကာဆီးကာဆီး လုပ်၍နေပါတော့သည်။

''ဆရာ အဲဒါ မျောက်ပင့်ကူလို့ ခေါ်ပါတယ်၊ ရှားပါးမျောက်





တစ်မျိုးပေါ့၊ ခေးဇက်ဝင်တယ် ဆရာ၊ ခြေတံ၊ လက်တံရှည်ရှည်နဲ့ အမြီးကလည်း လက်လိုပဲ၊ သစ်ကိုင်းကို ချိန်လို့ရတယ် ဆရာ၊ ပစ်ချင်ချင်လည်း ပစ်ချလိုက်တော့ ဆရာရေ့''

''ဒိုင်း''ဟူသော သေနတ်သံနှင့်အတူ မျောက်မည်းကလေးမှာ ရင်ပွင့်သွားပြီး၊ ၎င်း၏အနောက်တွင် ကပ်လျက်ရှိနေသည့် မျောက်ကြီးတစ်ကောင်ကိုပါ ဒဿမ ၃၀၃ ရိုင်ဖယ်ကျည်ဆန်က ဖောက်ထွင်းသွားပြီးနောက် နှစ်ကောင်စလုံး အရုပ်ကြိုးပြတ် ပြုတ်ကြလာပါတော့သည်။

''ကိုယ့်ဆရာက တော်တယ်ဗျို့၊ တစ်ချက်ပစ်၊ နှစ်ကောင်ဗျနော်''

''မြှောက်မနေနဲ့ တင်မောင်ရေ့၊ နှစ်ကောင်ထပ်နေလို့ပါကွာ''

ရိုင်ဖယ်သေနတ်သံကြီးမှာ တောလုံးဟိန်းသွားသဖြင့် မျောက်အုပ်ကြီးမှာ ကြောက်လန့်တကြား ထွက်ပြေးသွားကြသဖြင့် တစ်တော၊ တစ်တောင်လုံး ဆူညံ၍သွားပါတော့သည်။

သေနတ်မှန်၍ ပြုတ်ကျလာသော မျောက်နှစ်ကောင်အား မိညိုက တစ်ကောင်ချင်း ရှာဖွေကိုက်ယူ၍ မှဆိုးတင်မောင်အား ပေးပါသည်။

''ဆရာ့ရှ လာဘ်ဦးတော့ ကောင်းနေပြီဗျို့၊ မုဆိုးထုံးစံအရ ဆိုရင် လာဘ်ဦးကောင်းရင် အကောင်ပလောင်များများ ရတတ်သတဲ့ ဗျ''

''အေး ကောင်းပါ့ကွာ ဒါနဲ့ မင်း ခွေးမကလေးက လိမ္မာလှချည်လားကွ''

''အဟုတ်ပါ ဆရာ၊ နောက်ပိုင်း ပိုတော်တဲ့ မိညိုရဲ့အစွမ်းကို မြင်ရဦးမှာပါ ခင်ဗျား''

မျောက်သေနှစ်ကောင်အား သစ်ကိုင်းတစ်ခုတွင် ချည်နှောင်ထားခဲ့ပြီး ကျွန်တော်တို့ဆံရာတပည့် ရိုးမတောင်ပေါ်သို့ ဆက်လက်တက်

www.burmeseclassic.com



ခဲ့ကြရာ၊ မတ်စောက်လွန်းသဖြင့် အလွန်ပင်ပန်းလှပါသည်။ ခွေးမကလေး မိညိုမှာတော့ မောပန်းဟန်မရှိဘဲ၊ ရှေ့ဆုံးက တက်နေပြီး၊ မြူးထူးပျော်ပါးလျက်ရှိပါသည်။

မကြာမီ တောင်ကြားပေါ်အရောက်၌ပင် မိညို၏ တဝုတ်ဝုတ် ဟောင်သံကြားရပြီးနောက် 'အီ–အီ'. . . . ဟူသော အသံရှည်ဆွဲ၍ အီသံကိုလည်း ကြားရပါသည်။

"ဆရာရေ့ မိညိုတော့ လိပ်မိလို့ အချက်ပေးနေပြီဗျို့"

"ဘယ်လို အချက်ပေးတာလဲကွ"

"မိညိုက သားကောင်တွေ့ရင် တဝုတ်ဝုတ် ဟောင်တယ် ဆရာ၊ သူ ဖမ်းမိပြီဆိုရင် 'အီ' သံပေးပြီး သခင့်ကို ခေါ်တော့တာပဲ၊ မိညိုဆီ ပြေးကြစို့ ဆရာရေ့"

ဟုတ်ပါသည်။ ကျွန်တော်နှင့် မုဆိုးတင်မောင်တို့ မိညိုထံ အရောက်တွင် ဆောက်လိပ်တစ်ကောင်အား နှုတ်သီးဖြင့် ထိုး၍ ပက်လက်လှန်ထားပြီး၊ တအီအီအသံပြုနေသော မိညိုအား တွေ့ရှိရပါတော့သည်။ မုဆိုးတင်မောင်မှာ တစ်ပိဿာခန့်ရှိ ဆောက်လိပ်တစ်ကောင်အား အသင့်ပါလာသည့် လွယ်အိတ်အတွင်းသို့ ကောက်ထည့်လိုက်သည်နှင့် မိညိုမှာ ရှေ့သို့ တစ်ဖန်ပြေးပြန်ပြီး၊ လိပ်ရှာပြန်ပါသည်။ သည်လိုနှင့် ဆောက်လိပ် ခြောက်ကောင်ရရှိရာ၊ မုဆိုးတင်မောင်၏ လွယ်အိတ်မှာ လိပ်သုံးကောင်သာ ဆန့်သဖြင့်၊ ကျန်လိပ်နှစ်ကောင်အား လက်တစ်ဖက်ဆီမှ ကိုင်၍လည်းကောင်း၊ ကျန်လိပ်တစ်ကောင်အား ကျွန်တော်မှ ကိုင်၍ လည်းကောင်း ရိုးမကြောပေါ်မှ ပြန်ဆင်းခဲ့ကြပါသည်။

မိညို၏အစွမ်းဖြင့် ဆက်လက်၍ ရှာဖွေလျှင် ရိုးမကြောပေါ်မှ ဆောက်လိပ်များ မျိုးတုံးကုန်လောက်ပါသည်။ မြေကျင်းအောင်းသော လိပ်၊ သစ်ရွက်ဆွေးများအောက်တွင် ပုန်းအောင်းနေသော လိပ်မှန်သမျှ မိညိုအနံ့ခံမိလျှင် လွတ်ရိုးထုံးစံ မရှိပါ၊ အလွန်ရှားပါး၍ တော်သော





လိပ်ရှာခွေးမကလေး ဖြစ်ပါသည်။

တနင်္သာရီရိုးမပေါ်မှ ကိုးရိုးကားယား ပုံစံဖြင့် ဆရာတပည့်နှစ်ဦး ဆင်းလာကြပြီးနောက် တောင်ခြေအရောက်တွင် မိညို၏ တဝုတ်ဝုတ် ဟောင်သံကို ကြားရပြီးနောက်၊ တအီအီ အသံပြုပြန်ပါသည်။

"တင်မောင်ရေ မင်းခွေး လိပ်ဖမ်းမိပြန်ပြီ ထင်တယ်"

"မဟုတ်ဘူး ဆရာရေ ကျွန်တော်တောင် မေ့တော့မလို့ ဆရာလည်း မေ့နေပြီ မဟုတ်လား၊ အလာတုန်းက ဆရာပစ်ခဲ့တဲ့ မျောက်တွေလေ၊ သစ်ကိုင်းပေါ်မှာ ချိတ်ထားခဲ့တာ၊ အဲဒါကို မိညိုက သတိပေးတာပါ ဆရာ"

အမှန်ပဲဖြစ်ပါသည်။ လိပ်များရသဖြင့်၊ မျောက်နှစ်ကောင်ကို မေ့သွားရာ၊ အနံ့ခံကောင်းသော မိညို သတိပေးမှ သတိရကြခြင်း ဖြစ်ပါသည်။

သို့နှင့် မုဆိုးတင်မောင်က မျောက်နှစ်ကောင်အား အမြီးချင်း ချည်၍ ပခုံးပေါ်တွင် ချိတ်ဆွဲထမ်းခဲ့ပြီး စခန်းသို့ ပြန်ခဲ့ကြပါတော့သည်။

စခန်းသို့ ရောက်လျှင် 'ထောက်' ဌာနတာဝန်ခံ ထောင်မှူး ဦးမြင့်ဦးမှ ဦးစီး၍ မဆလာနိုင်နိုင်နှင့် ချက်ပြုတ်ပေးပါသည်။ ဝန်ထမ်းများအားလည်း အချိုးကျ ဝေပေးပါသည်။ ကျွန်တော်တို့အဖွဲ့လည်း တနင်္ဂနွေအလုပ်ပိတ်ရက်ဖြစ်သဖြင့် 'မဲခေါင်'အရက်တစ်ပုလင်း ထောင်ကာ ဆက်ရက်မင်းစည်းစိမ် ခံစားကြပါတော့သည်။

မျောက်ဦးနှောက်ကား အလွန်ဆိမ့်လှပါသည်။ အထူးသဖြင့် အမည်းရောင် မျောက်ပင့်ကူကလေး ဦးနှောက်မှာ ပို၍ ဆိမ့်လှပါသည်။ လိပ်သားမှာတော့ အရိုးနုကလေးများဖြင့် ဖွဲ့စည်းထားသော အသားဖြစ်သဖြင့် တစ်မျိုးစား၍ ကောင်းလှပါသည်။ လိပ်သဲမှာတော့ ပြောဖွယ်ရာ မရှိအောင် အရသာရှိပါသည်။

ဤသို့ ကျွန်တော်တို့အုပ်စု ကြီးစွာသော အရသာခံစားနေကြ

www.burmeseclassic.com

www.burmeseclassic.com



စဉ်တွင် အဓိကဇာတ်လိုက်ဖြစ်သူ လိပ်ရှာခွေးကလေး မိညိုမှာတော့ ကျွန်တော်တို့ ချကျွေးသည့် လိပ်နှင့် မျောက် အရိုးအရင်းကလေးများ အား စားရင်း အမြီးနှံ့၍ နေပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း
သည်းထိတ်ရင်ဖို၊ အောက်တိုဘာလ၊ ၂၀၀၅



www.burmeseclassic.com

www.burmeseclassic.com

## မျက်မှောက်သံသရာ နှစ်ဖြာဆိုးကျိုး

ထောင်လောက၏ ညနေခင်းအချိန်ဖြစ်သည်။ အကျဉ်းသား၊ အချုပ်သားများ ရုံးပြန်ချိန်၊ လွှတ်လူလွှတ်၊ ထောင်ဝင်စာ တွေ့သူများ ပြန်ချိန်ဖြစ်၍ အင်းစိန်ထောင်ဝင်းတွင် ရှုပ်ထွေးဆူညံလျက် ရှိသည်။

ကျွန်တော်သည် အချုပ်ဆောင် ထောင်မှူးကြီးဖြစ်၍ အာမခံ အချုပ်သား လွှတ်သူများအား တစ်ဦးချင်း စစ်ဆေး၍ တစ်ဖွဲ့ဖွဲ့ရောက်ရှိလာသော တရားရုံးများမှ ပေးပို့သည့် အာမခံလွှတ်ဝရမ်းများအား မှတ်ပုံတင် စာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေး၍ အလုပ်ရှုပ်နေသောအချိန် ဖြစ်ပါသည်။

''ဆရာ. . . . ထောင်ပိုင်ကြီးက ရုံးခန်းကို အမြန်ဆုံးလာဖို့ ခေါ်ခိုင်းလိုက်ပါတယ်''

''အရေးကြီးသလားကွ၊ ဒီမှာလည်း အချုပ်လွှတ်လူတစ်ယောက် ပျောက်နေလို့ အလုပ်ရှုပ်နေတယ်''

ပြောမယ့်သာ ပြောရသည်. . . . ထောင်ပိုင်ရုံးမှ အော်ဒလီမောင် မှတ် အရေးမကြီးဘဲ လာမခေါ်သည်ကိုတော့ သိပြီးသားပင်။

''ကဲ. . . စံသိန်းနဲ့ ဆန်းဦးရေ ငါ ထောင်ပိုင်ရုံး သွားလိုက်ဦး





မယ်။ လွှတ်လူတွေကိုတော့ ထောင်မှူးဦးထွန်းခင်နဲ့ စစ်ဆေးပြီး ပို့နိုင်းလိုက်ကွာ၊ ပျောက်နေတဲ့ လွှတ်လူအာဒနားကိုတော့ ၁–ဆောင် ၂–ဆောင် ခွဲပြီး ရုံးအဖွဲ့တွေ အမြန်ရှာကြကွာ၊ ညနေ ၅နာရီ ထိုးတော့မယ်''

''ဟုတ်ကဲ့ ဆရာ''

ပြောပြောဆိုဆို ၂–ဆောင် အချုပ်ရုံးမှ ဗူးဝထောင်ပိုင်ကြီး ရုံးခန်းသို့ အပြေးချီတက်ခဲ့ရပါတော့သည်။

ထောင်ပိုင်ကြီး ရုံးခန်းရောက်၍ ရုံးခန်းမှ ဆင်နားရွက် တံခါးလေးအားဖွင့်၍ ဝင်လိုက်လျှင်ပင် ထောင်ပိုင်ကြီးမှ–

''ဦးသိန်းဝင်း၊ ဒီနေ့ တာဝန်မှူးကြီး မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျား''

''ခင်ဗျားကို အရေးကြီးတဲ့တာဝန်တစ်ခု ပေးစရာရှိလို့ ခင်ဗျားမှာ အငြင်းပွားပြီး မလုပ်မနေရ အရေးကြီးတဲ့ ကိစ္စများ ရှိသေးလား''

''မရှိပါဘူး ထောင်ပိုင်ကြီး''

''အဲဒါဆိုရင် မနက်ဖြန် ကြိုးပေးမယ့်ကိစ္စ ရှိတယ်၊ ခင်ဗျားက ထောင်မှူးကြီးဆိုတော့ ဒီကိစ္စ တာဝန်ယူရမယ်''

''ဟုတ်ကဲ့ပါ ထောင်ပိုင်ကြီး''

''ကဲ ဒါဆိုရင် လုပ်စရာအလုပ်တွေကို အမြန်ဆုံး အပြီးသတ်ပြီး ညပိုင်းကတည်းက ပြင်ဆင်ထားရအောင် ည (၇)နာရီ ကြိုးတိုက်က စောင့်ပါ''

''ဟုတ်ကဲ့ပါ ထောင်ပိုင်ကြီး၊ အခု လူလွှတ်ပြီး၊ ထောင်ပိတ်ပြီးရင် အားပါပြီ ခင်ဗျား၊ လွှတ်လူလွှတ်ဖို့ စစ်ဆေးပြီးပေမယ့် အာဒနားဆိုတဲ့ လွှတ်လူ ကုလားတစ်ယောက် ပျောက်နေလို့ ရှာနေပါတယ် ခင်ဗျား''

''ဘယ်နှယ့် လွှတ်လူပျောက်နေရတာတုန်း၊ ပုန်းများနေသလား၊ အခြေအနေမှဲ့တွေကတော့ ထောင်ထဲက မထွက်ချင်ဘူး''

''ကျွန်တော့်ကို ခွင့်ပြုပါဦး ထောင်ပိုင်ကြီး၊ ကျွန်တော် အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှာပြီး လာခဲ့ပါမယ်'' ထောင်ပိုင်ကြီးအား အလေးပြုပြီး အချုပ်ရုံးခန်းသို့ ပြန်ခဲ့သည်။

ရုံးခန်းရောက်သော် ထောင်မှူး ဦးထွန်းခင်မှာ လွတ်လူများအား စစ်ဆေးနေသည်ကို တွေ့ရသော်လည်း ပျောက်နေသည့် လွတ်လူ အာဒနာ ကို ရှာမတွေ့သေးပါ။

''ဆန်းဦးရေ အာဒနာက ဘယ်အဆောင်ကလည်း၊ အချုပ်ဆောင် ၂–ဆောင်ထဲရှိတာ လူဖြန့်ရှာမှပေါ့''

''ဟုတ်တယ် ဆရာ အခုမှ ကျွန်တော် စဉ်းစားမိတယ်၊ အာဒနာမှာ (၅)နှစ်အရွယ် ကလေးတစ်ယောက်ပါလာသေးတယ်၊ သူ့သားပေါ့၊ မိန်းမက ဆုံးသွားလို့ လမ်းပေါ်မှာပဲနေပြီး တောင်းစားနေရတာ။ ထောင်ထဲမှာ သူ့ကို သနားလို့ ဆေးလိပ်တို့၊ မုန့်တို့ ပိုင်းပေးကြသေးတယ် ၁–ဆောင်အောက်က ၄–ခန်းမှာ နေတာ ဆရာ ကျွန်တော် သူနဲ့ရင်းနှီးတဲ့ ကုလားတွေကို စုံစမ်းကြည့်ဦးမယ်''

ချက်ချင်းပင် ဒုတပ်ကြပ် ဆန်းဦးမှာ ၁–ဆောင်ဘက်သို့ အပြေးကူးသွားပါတော့သည်။ ၁၅–မိနစ်ခန့် အကြာတွင် ကုလားသားအဖအား ခေါ်လာပါတော့သည်။

''ဆန်းဦးရေ ဘယ်ကတွေ့တာလဲကွ''

''၁–ဆောင် အနောက်ဘက်က လှေခါးအောက်မှာ ပုန်းနေတာဆရာ၊ ကလေးငိုသံကြားမှ ရှာတဲ့အဖွဲ့တွေက တွေ့ခဲ့တာ၊ တော်တော်ဒုက္ခပေးတဲ့ ကုလား''

''ဟော့. . .အာဒနာ မင်းက ဘာလို့ပုန်းနေရတာလဲ၊ မင်းဒီနေ့ လွတ်ပြီးပဲ၊ ထောင်က မထွက်ချင်ဘူးလား''

သို့နှင့် အာဒနာအား အမှတ်အသားများ ရှာဖွေစစ်ဆေးပြီး လွတ်လူစာအုပ်တွင် လက်မှတ်ထိုးစေကာ ထောင်ပိုင်ကြီး ရုံးခန်းသို့ အခြားလွတ်လူ (၉)ယောက်နှင့်အတူ ခေါ်ဆောင်ခဲ့ရပါတော့သည်။





အချုပ်လွတ်လူ (၁၀)ဦးအား လွှတ်ပြီးနောက် ရုံးခန်းသို့ ပြန်၍ ဝန်ထမ်းများအား (□□□□□□□□) လုပ်ရပါတော့သည်။ ညနေ (၆း၄၅)နာရီတွင် လူပေါင်းစစ်ဆေး၍ ကိုက်ညီသဖြင့် ထောင်ပိတ်လက်မှတ် ထိုးရပြီး ထောင်ပိုင်ကြီးအား သတင်းပို့ရပါသည်။ ဗဟိုဂိတ်မကြီးမှ ထောင်ပိတ်ပြီးစီးကြောင်း အချက်ပေးသံချောင်း (၂)ချက် ရိုက်ခတ်ပါသည်။

တစ်နေ့တာ လုပ်ငန်းပြီးစီး၍ အခြားအရာရှိ၊ ဝန်ထမ်းများ အသီးသီး အိမ်ပြန်အနားယူကြပြီး ဖြစ်သော်လည်း တာဝန်မှူးကြီးကျသော ကျွန်တော့်မှာ နားခွင့် မရသေးပါ။ ထောင်ပိုင်ကြီးက ည(၇)နာရီတွင် ကြိုးတိုက်၌ တွေ့ဆုံရန် ချိန်းထားသဖြင့် မိန်းဂျေးမှ ကြိုးတိုက်ခန်းများဘက်သို့ ကူးခဲ့ရပါတော့သည်။ ဤကြိုးသမားများ ကိစ္စမှာ တစ်ပတ်ကျော်ခန့်ကပင် ကြိုတင်ပြင်ဆင်နေသည်ကို သိရှိသော်လည်း ကျွန်တော် အလှည့်ကျမည်ဟု မထင်မိခဲ့ပါ။ လူတစ်ယောက်အား အညှိုးအတေးရန်ကြွင်းရန်စ မရှိဘဲနှင့် သွေးအေးအေးဖြင့် သတ်ရမည်မှာ အလွန်ပင်စိတ်မကောင်းစရာ ဖြစ်ပါသည်။ သို့သော်လည်း ဝန်ထမ်းဆိုမှတော့ ပေးအပ်သည့်တာဝန် ကျေပွန်ရပေမပေါ့။

ည(၇)နာရီတိတိတွင် ထောင်ပိုင်ကြီး ကြိုးတိုက်သို့ ရောက်ရှိလာပါသည်။ ထောင်ဆရာဝန် ဦးထွန်းလွင်မှ ကြိုသမားများ၏ သွေးခုန်နှုန်း၊ ရေသောက်နှုန်း၊ အစားအစာ စားသောက်ခြင်း၊ အပေါ့အလေးသွားခြင်း၊ အခြေအနေတို့ကို မေးမြန်း စစ်ဆေးပါသည်။ ထို့နောက် နေ့စဉ် ပြုနေကျအတိုင်း ပေါင်ချိန်ပါသည်။ ခန္ဓာကိုယ် အလေးချိန်များ ပြောင်းလဲမှု မရှိပါ။ ထို့ကြောင့် အကျဉ်းထောင် လက်စွဲဥပဒေအတိုင်း ပေါင်(၁၀၀)အောက် (၁၀)ပေ (၆)လက်မ ဟူသော ကြိုးအတိုင်းအတာလည်း ပြင်ဆင်ရန် အကြောင်းမရှိတော့ပါ။ ကြိုးသမားနှစ်ဦးမှာ ညီအစ်ကိုအရင်းများဖြစ်ကြပြီး မောင်ကြီးနှင့် မောင်ငယ်ဟု ခေါ်ပါသည်။ လူပျိုလေးများဖြစ်ကြသော်လည်း ၎င်းတို့နှစ်ဦး အရက်သေစာ သောက်စား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျူးလွန်ခဲ့သော ဖြစ်မှုများမှာ မသေးလှပါ။ လူမဆန်စွာ ရက်စက်လွန်းရာကျပါသည်။ အိမ်နီးချင်းများ အိမ်သာတက်ရာမှ အပုတ်နံ့ရသဖြင့် ပေါ်ခဲ့ရသော အမှုလည်း ဖြစ်ပါသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိဟူသော စကားအတိုင်း ရာဇဝတ်ဘေး ပြေးမလွတ်ဘဲ ကြိုးမိန့်ကျခံရသူများ ဖြစ်ပါသည်။

ထောင်ပိုင်ကြီးမှ ညီအစ်ကို နှစ်ဦးအား ယနေ့ပင် ၎င်းတို့အမှုအတွက် နောက်ဆုံး အယူခံရှုံးကြောင်း အသိပေးလိုက်ပါသည်။ ကျွန်တော်တို့ ဝန်ထမ်းများအနေဖြင့် စားလိုသောက်လိုသော အရာနှင့် မှာကြားလိုသော ကိစ္စများအား မှာကြားရန် ပြောကြားရာ ညီအစ်ကို နှစ်ဦးမှာ ချုံးပွဲချငိုပါတော့သည်။

လွန်စွာမှ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဝန်ထမ်းများအနေဖြင့်ပင် စိတ်ခံတ်ကြံ့နိုင်အောင် မနည်းကြိုးစားနေရပါသည်။ ကြိုးပေးခံရတော့မည့် ကြိုးသမားများအနေဖြင့်တော့ ပြောဖွယ်ရာ မရှိတော့ပါ။ အကျဉ်းထောင် ဥပဒေအရ ကြိုးသမားများအား အသိပေးပြီးနောက် ကြိုးတိုက်မှ ပြန်လည်ထွက်ခဲ့ကြစဉ် ထောင်ပိုင်ကြီးမှ အရာရှိများအားလုံး မနက် (၄)နာရီတိတိတွင် ထောင်ပိုင်ကြီးရုံးခန်းသို့ ရောက်လာကြရန်နှင့် မနက် (၄း၃၀)နာရီတိတိတွင် ကြိုးသမားနှစ်ဦးအား ကြိုးပေးကွပ်မျက်ရန် အချိန်သတ်မှတ်လိုက်ပါသည်။ ကျွန်တော်မှာ တာဝန်မှူးကြီး တာဝန်ကျသဖြင့် ထောင်အတွင်းအပြင် လုံခြုံရေးအပြင် ကြိုးသမားများ၏ လုံခြုံရေးအတွက်လည်း တစ်နာရီ တစ်ကြိမ် ကြိုးတိုက်တွင်းဝင်၍ စစ်ဆေးနေရပါတော့သည်။

တာဝန်မှူးကျသူ ထောင်မှူး ဦးထွန်းခင်မှာ တရားသူကြီးအဖွဲ့နှင့် ရဲတပ်ဖွဲ့၊ မြို့နယ်မှူးအဖွဲ့အား မနက် (၄)နာရီ ထောင်အရောက်ဖိတ်ကြားရန်နှင့် သရဏဂုံတင်ရန်အတွက် အကျဉ်းထောင်ကျောင်းမှ ဘုန်းကြီးအား ပင့်ဖိတ်ကြိုဆိုရန်နှင့် ကိစ္စပြီးနောက် အလောင်းများအား





သယ်ယူ၍ ကြံတောသုသာန်တွင် မီးသဂြိုဟ်ရန် ကိစ္စများအတွက် တပည့်ကျော် ဒုတပ်ကြပ် စံသိန်းနှင့်အတူ (Out Door) ထွက်သွားပါတော့သည်။ ထိုဝက်ကိစ္စဖြစ်၍လည်း ထောင်ပိုင်ကြီးမှ အချိန်ကပ်၍ စီစဉ်ခြင်း ဖြစ်ပါသည်။ လက်အောက် တာဝန်မှူး မရှိတော့သဖြင့် တာဝန်မှူးကြီးဖြစ်သူ ကျွန်တော်သာလျှင် လုံခြုံရေးကိစ္စ အဝဝအား စီမံဆောင်ရွက်ပါတော့သည်။

လူတစ်ဦးတစ်ယောက်အား သေဆုံးမည့် အချိန်အတိအကျကို သိရှိသူ ကျွန်တော်တို့မှာ ဆရာဝန်လည်း မဟုတ်ပါ။ အကြားအမြင်ရသော ဗေဒင်ဆရာလည်း မဟုတ်ပါ။ သို့သော် ကိုယ်တိုင် ဒေါက်ဖြုတ်ရမည်ဖြစ်၍ တစ်မိနစ်လေးတောင်မှ လွဲစရာမရှိပါ။ ကံတရားသည် ဆန်းကြယ်ပေစွ၊ မောင်ကြီးနှင့် မောင်ငယ်မှာ အမွှာညီအစ်ကိုဟု သိရပါသည်။ သူ့လောကသို့ တစ်ချိန်တည်း ရောက်လာကြသော်လည်း စက္ကန့်၊ မိနစ်တော့ ခြားပါလိမ့်မည်။ သို့သော် သေဆုံးချိန်ကျကတော့ နည်းနည်းကလေးမှ လွဲစရာမရှိပါ။ တစ်ချိန်တည်း တစ်နေရာတည်း။

ည(၈)နာရီခန့်တွင် ထောင်ရှေ့ရှိ အိမ်သို့ ထမင်းပြန်စားပြီး တာဝန်မှူးကြီးကျသဖြင့် ထောင်တွင်း၌ပင် အိပ်ရမည်ဖြစ်ကြောင်း ပြောကြားပြီး၊ ထောင်တွင်းသို့ ပြန်ခဲ့ပါသည်။ ကြိုးသမားကိစ္စကို ဇနီးဖြစ်သူအား အသိမပေးခဲ့ပါ။ ထောင်ထဲရောက်ရှိလျှင်ပင် ကြိုးတိုက်သို့ တန်းဝင်ပြီး ကြိုးသမားများနှင့် လုံခြုံရေး ဝန်ထမ်းများအား စစ်ဆေးရပါသည်။ ဥပဒေအရ ကြိုးပေးသတ်ရမည့် အကျဉ်းသားမှာ စိတ်ဖောက်ပြန်ပြီး ၎င်းကိုရင်း ဖြစ်ရာနည်းဖြင့် အဆုံးစီရင်သွားပါက ကျွန်တော်တို့ တာဝန်ရှိသူများအား အကျဉ်းထောင် ဥပဒေအရ ပြင်းထန်စွာ အပြစ်ပေးအရေးယူခံရမှာလည်း ကြောက်ရပါသေးသည်။

ကြိုးတိုက်တာဝန်ခံ ထောင်မှူး ဦးထွန်းအောင်လွင်မှာ အတွေ့အကြုံ ရှာ ကျေပွန်သူဖြစ်သည်။ ထမင်းကိုပင် ကြိုးတိုက်ရုံးခန်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလိုစားပြီး အချိန်ပြည့် ကြိုးသမားများနှင့် ဝန်ထမ်းများအား ဝိုင်းဖွဲ့၍ စကားစမြည်း ပြောနေသည်ကို တွေ့ရပါသည်။ ကြိုးသမားများမှလည်း ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဦးထွန်းအောင်လွင်အား မှာကြားနေသည်ကို တွေ့ရှိရပါသည်။ အခြေအနေ ကောင်းမွန်အေးချမ်းသည့်သဘောပင်။

ထို့ကြောင့် အချုပ်ရုံးခန်းသို့ ပြန်ခဲ့ပြီး(Stand-by) လုပ်ထားသော တပည့်များအား အနားယူကြရန် ပြောကြားပြီး တပည့်ကျော် ဒုတပ်ကြပ် ဆန်းဦးအား ခေါ်၍ ထောင်အတွင်း အုတ်ရိုးကင်းများကို စစ်ဆေးရန် လက်နှိပ်ဓါတ်မီး၊ လက်ကိုင်တုတ် ကိုယ်စီဖြင့် ထွက်ခဲ့ကြပါသည်။ ထောင်တွင်း အရှေ့အုတ်ရိုးကင်း မျှော်စင်(၇)မှ စ၍ လှည့်လည်စစ်ဆေးလာရာ ဝန်ထမ်းများ နိုးကြားမှုရှိပါသည်။ ည(၁၀)နာရီခန့်သာ ရှိပါသေးသဖြင့် စောသေးလို့ ထင်ပါရဲ့၊ ည(၁၂)နာရီခန့်ဆိုလျှင်တော့ ကင်းသမားများ အိပ်ငိုက်ချိန်ဖြစ်၍ ရုံးတင်ရသည်မှာလည်း အခါပေါင်း မနည်းတော့။ ထောင်လုံခြုံရေးတွင် အုတ်ရိုးကင်းက အဓိကကျပါသည်။

၇–မျှော်စင် ၈–မျှော်စင်တို့အား စစ်ဆေးပြီးနောက် အလုပ်ဘက် အဝင်ဂိတ်ကြီး၊ အုတ်ရိုးလမ်းနှင့် စစ်ခွေးပတ်ကင်းများအား စစ်ဆေးပြီး ၃–မျှော်စင်မှ စတင်၍၁–မျှော်စင်ကင်းဘက်သို့ စစ်ဆေးလာခဲ့ရာ ၂–မျှော်စင်အား ကျော်လွန်လာပြီးနောက် ၁–မျှော်စင်အရှေ့နှင့် ဆီးခြံအနီးမှ မဲမဲကြီးအား လှမ်းမြင်ရပါသည်။ ၎င်းကြိုးစင်ကြီးမှာ မနက်(၄)နာရီကျော်ကျော်တွင် အသက်ဝင်တော့မှာပါလားဟု စိတ်တွင်းတုန်လှုပ်စွာ ခံစားရင်း ဆရာတပည့်နှစ်ဦး လျှောက်လှမ်းလာခဲ့ကြရာ ၁–မျှော်စင်အနီးသို့ အရောက်တွင် ကြိုးစင်ပေါ်၌ မည်းမည်းလှုပ်လှုပ် အကောင်ကြီးတစ်ကောင်အား တွေ့ရသဖြင့် ဆရာတပည့်နှစ်ဦး ကြက်သေသေကာ ရပ်နေမိစဉ် မည်းမည်းအကောင်ကြီးမှာ ကြိုးစင်ပေါ်မှ ဆင်းလာပြီး ကျွန်တော်တို့ထံသို့ ပြေးလာပါသည်။ ကျွန်တော်တို့နှစ်ဦး ဘာလုပ်ရမည်





မသိပါ။ တစ်ဦးမျက်နှာတစ်ဦး ကြည့်၍ ထွက်ပြေးရ ကောင်းနိုးနိုး၊ ဘုတ်ဖြင့် ရိုက်ရကောင်းနိုးနိုးဖြင့် စဉ်းစားတွေဝေနေကြစဉ် မည်းမည်းအကောင်ကြီးမှာ ကျွန်တော်တို့အနီး ရောက်လာပြီး ''ရှူးရှူး''ဟု ပါးစပ်အား လက်ဖြင့်ပိတ်၍ အသံမထွက်စေရန် သတိပေးပါသည်။ သတိရ၍ အသေအချာကြည့်တော့မှ ထောင်ပိုင်ရုံးခန်းက တပ်ကြပ်ကြီး ဦးစိုးတင့်ဖြစ်၍နေပါသည်။

''ဆရာတို့ အုတ်ရိုးကင်း စစ်လာတာလား၊ မနက်စောစော ကြိုးပေးမှာမို့လို့ ကျွန်တော် ကြိုးစင်ကို နောက်ဆုံး စစ်ဆေးနေတာပါ၊ ဆရာတို့ ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ နှုတ်လုံပါစေ''

''ဪ ဦးစိုးတင့်ကို ကျွန်တော်တို့ သရဲအခြောက်ခံရတယ် ထင်နေတာ၊ နှုတ်လုံဖို့တော့ မပြောနဲ့ဗျို့၊ မနက်ဖြန်မနက် ဒေါက်ဖြုတ်မှာက ကျွန်တော်ကိုယ်တိုင်ပဲ''

''ဪ. . . အဲဒီလိုလား၊ ကျွန်တော်က ဆရာတို့ မသိဘူးထင်လို့ ပြောရတာပါ။ ကျွန်တော် ဆက်လုပ်လိုက်ဦးမယ် ဆရာ၊ သံဘာဂျာ ဘံခါးတွေက မသုံးတာကြာလို့ ကျပ်နေတယ်။ အမဲဆီထည့်ပြီး ချောင်အောင် လုပ်ရဦးမယ်''

''ဟုတ်ပါပြီဗျာ၊ ဆက်လုပ်ပါ၊ ခင်ဗျားတစ်ယောက်တည်း မကြောက်ဘူးလား၊ အာဂ အဖိုးကြီးပဲ''

''လုပ်နေကြ အလုပ်ပဲ၊ ကြောက်နေလို့ မဖြစ်ဘူး ဆရာ၊ ထောင်ပိုင်က တခြားလူတွေကို စိတ်မချလို့ ကျွန်တော်ပဲ လုပ်ရတာပါ''

''ကဲ. . . ဦးစိုးတင့်ရေ သွားလိုက်ဦးမယ်ဗျို့၊ ကင်းစစ်ပြီးရင် အစီရင်ခံစာ ရေးရဦးမှာ''

''ဟုတ်ကဲ့ ဆရာ ဟုတ်ကဲ့''

သို့ဖြင့် ကျွန်တော်နှင့် ဒုတပ်ကြပ် ဆန်းဦးတို့ အတွင်းအုတ်ရိုးကင်းစစ်ဆေးပြီးနောက် အိပ်ဆောင်များအား စစ်ဆေးရန် မိန်းဂျေသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ကြသည်။ မိန်းဂျေးတွင် ခေတ္တအနားယူ၍ ရေနွေးကြမ်းသောက်ကြပြီး ကြိုးတိုက်ခန်းသို့ ဝင်ခဲ့ကြပါသည်။ ကြိုးသမားနှစ်ဦးမှာ အိပ်မပျော်ဟု ဆိုသဖြင့် တိုက်ထောင်မှူး ဦးထွန်းအောင်လွင်နှင့် ထိုင်၍ စကားပြောနေကြသည်ကို တွေ့ရပါသည်။ အခြေအနေ အေးဆေးသဖြင့် အိပ်ဆောင် ငါးဆောင်အား ဆက်လက်စစ်ဆေးပြီးနောက် အချုပ်ရုံးသို့ ပြန်၍ ခေတ္တအနားယူ အိပ်စက်ကြပါသည်။ အချိန်ကလည်း ည (၁၂)နာရီခန့် ရှိပါပြီ။

မနက် (၃)နာရီခွဲခန့် အိပ်ရာမှထပြီး ကိုယ်လက်သန့်စင်၍ ထောင်ပိုင်ကြီးရုံးခန်းသို့ မနက် (၄)နာရီ အရောက်သွားကြပါသည်။ ထောင်ပိုင်ကြီးလည်း အိပ်ပျော်ဟန်မတူပါ။ မနက်အစောကြီး ရုံးခန်းသို့ ရောက်ရှိ၍ နေပါသည်။

ထောင်ပိုင်ကြီးမှာ ကျွန်တော့်အား ရိက္ခာရုံးခန်းသို့ ခေါ်သွားပြီး မုန့်ဟင်းခါး ကျွေးပါသည်။ ပြီးနောက် လွှက်ရည်အစား အရက်တိုက်ပါသည်။ စိတ်မချောက်ချားစေရန်ဟု ဆိုပါသည်။ ကျွန်တော် မသောက်ပါ။ ထိုစဉ် ဧည့်သည် တရားသူကြီးနှင့်အဖွဲ့တို့ ရောက်ရှိလာသဖြင့် မုန့်ဟင်းခါးဖြင့် ဧည့်ခံရပါသည်။ စားသောက်ကြပြီးနောက် ကြိုးတိုက်သို့ အဖွဲ့လိုက် သွားရောက်ကြပါသည်။ ကြိုးတိုက်ရောက်သော် ထောင်ဆရာဝန်မှ ကြိုးသမားများအား ကျန်းမာရေး စစ်ဆေးပြီးနောက်၊ ထောင်ကျောင်းဘုန်းတော်ကြီးမှ သရဏဂုံတင်ပေးပါသည်။ လူမသေမီ သရဏဂုံတင်ခြင်းကို ဤတစ်ကြိမ်သာ ကိုယ်တွေ့မြင်ဖူးခြင်းဖြစ်ပါသည်။ ယခင်အခါများက ကိုယ်တိုင် တာဝန်မကျသဖြင့် အသေးစိတ် မမြင်ဘူးခဲ့ပါ။

ထောင်ပိုင်ကြီးက ကြိုးသမားနှစ်ဦးအား ပြစ်ဒဏ်အလျှောက် ယနေ့မနက်တွင်ပင် ကြိုးဒဏ်စီရင်ရတော့မည် ဖြစ်ကြောင်း ထပ်မံအသိပေးပါသည်။ လုပ်ခဲ့သော ပြစ်မှုများ မှန်မမှန်၊ အမည်၊ အဖအမည်၊ ပုဒ်မ၊ ပြစ်ဒဏ်တို့ကို ဖတ်ကြားပြပါသည်။ ကြိုးသမားများက မှန်ကန်





ကြောင်း ဝန်ခံကြပါသည်။ နောက်ဆုံးအနေဖြင့် ကြိုးသမားများအား လူများယှဉ်းမှုမရှိစေရန်အတွက် အရပ်ပေတိုင်းတာခြင်း၊ ပေါင်ချိန်ခြင်း၊ ခန္ဓာကိုယ်တွင် အမှတ်အသားရှာဖွေခြင်းတို့ကို ပြုလုပ်၍ ထောင်မှတ်ပုံတင်စာအုပ် အမှတ် (၂၁)ဖြင့် တိုက်ဆိုင် စစ်ဆေးပါသည်။ မှန်ကန်သဖြင့် ကြိုးသမားတိုက် ခန်းလွှာအမှတ် (၁၃)ဖြင့် စစ်ဆေးပြန်ပါသည်။ အားလုံးမှန်ကန်သဖြင့် ကျေနပ်မှုရှိမှ ကြိုးသမားနှစ်ဦးအား လက်မှတ်ထိုးစေပါသည်။ မိမိတို့ကို သတ်တော့မည်ကို သိလျက် မှန်ကန်ကြောင်း သဘောတူပါကြောင်း အပြစ်ရှိပါကြောင်း ဝန်းခံရခြင်းမှာ စိတ်ရော၊ ကိုယ်ပါ မချိမဆန့် ခံစားရမည့် အခြေအနေပင် ဖြစ်ပါသည်။

ထို့နောက် ထောင်ပိုင်ကြီးမှ အချက်ပြသဖြင့် ထောင်ကြပ်များက ကြိုးသမားများအား လက်နောက်ပြန် ကြိုးချည်၍ အဖြူရောင် ခေါင်းစွပ်ရှည်ခွန်ကြီးအား စွပ်ပေးပြီး ကြိုးသမားအင်္ကျီကို ဝတ်ပေးပါသည်။ ကြိုးသမားအင်္ကျီမှာ နောက်ကျောဘက်မှ ကြယ်သီးတပ်ရပါသည်။ အဖြူရောင်လက်တိုအင်္ကျီဖြစ်ပါသည်။ ပြီးနောက် ကြိုးသမားနှစ်ဦးအား အစောင့်အကြပ်များခြံရံလျက် ကြိုးတိုက်မှ ထုတ်ပြီး ကြိုးတိုက်အနောက်ဘက် ကြိုးသမားများကိုသာ ထုတ်သည့် သီးသန့်အပေါက်မှ ထုတ်ခါ ကြိုးစင်ပေါ်သို့ ခေါ်ဆောင်သွားပါသည်။

ရှေ့ဆုံးမှ ဦးဆောင်သူမှာ ဒု–တပ်ကြပ် မောင်မောင်ကြီးနှင့်အဖွဲ့ ဖြစ်ပြီး ကြေးစည်ရိုက်၍ သံဝေဂလင်္ကာအား ရွတ်ဖတ်လာပါသည်။

''အနိစ္စဝတ သင်္ခါရာ ဥပ္ပါဒါဝယ ဓမ္မိနော''

''ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ''

နောက်ဆုံးတွင် ကျွန်တော်တို့ထောင်အရာရှိ အဖွဲ့နှင့် တရားသူကြီးအဖွဲ့ ရဲအရာရှိအဖွဲ့များ လိုက်ပါလာကြပါသည်။

ကြိုးစင်၏ လှေကားမှာ (၁၃)ထစ် ရှိသဖြင့် ကြိုးသမားများအား တစ်ယောက်ချင်း ကြိုးစင်ပေါ်သို့တင်၍ တပ်ကြပ်ကြီး ဦးစိုးတင့်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က ဒေါက်ဖြုတ်မည့် ဘာဂျာသံတံခါးရွက်ပေါ်သို့ နေရာချထားပြီး ခြေမနှစ်ချောင်းအား ပူး၍ ကြိုးချည်ပါသည်။ ထို့နောက် ခေါင်းစွပ်ပေါ်မှ ကြေးဘုလုံးကြီးပါသည့် ကြိုးကွင်းကြီးအား လည်ပင်းတွင်စွပ်၍ ကွင်းလျှောကြိုးအား တင်းပေးပါသည်။ ထောင်ပိုင်ကြီးမှ အသေအချာ စစ်ဆေးပြီးနောက် ကျေနပ်မှုရှိမှ လက်မှနာရီကိုကြည့်ကာ မနက် (၄း၃၀)နာရီ တိတိအချိန်တါင် ကျွန်တော့်အား အမိန့်ပေးပါတော့သည်။

"ဖြုတ်"

အမိန့်ရလျှင်ရခြင်း ကျွန်တော်လည်း ကြိုးသမားနှစ်ဦးအား စိတ်ထဲမှ မေတ္တာပို့ကာ ဒေါက်ခလုတ်မောင်းတံအား အသင့်ကိုင်ထားသော ဘယ်လက်ဖြင့် ဆွဲချလိုက်ပါသည်။

"ဂျိုင်း"

"ဝုန်း"

"အိ"

"အား"

သံဘာဂျာတံခါးပွင့်ကျသံ၊ ကြိုးသမားများ ကြိုးတန်းလန်းဖြင့် ကြိုးစင်အောက် ဂလိုင်အတွင်းသို့ ပြုတ်ကျသံ၊ မိမိကိုယ်အလေးချိန်နှင့် ကြိုးဒဏ်ကြောင့် ကြိုးသမားများ အသက်ထွက်ခါနီး၊ မချိမဆန့်အော်သံတို့ကို တစ်ဆက်တည်း ကြားလိုက်ရပါတော့သည်။

တစ်ချိန်တည်းတွင် ထောင်အပြင်ဘက် သစ်ပင်ကြီးများပေါ်မှ ကျီးကန်းများ လန့်ပျံကြပြီး ငှက်ဆိုးများကလည်း တဂစ်ဂစ်ဖြင့် ထိုး၍ နေပါသည်။ ထောင်အပြင်ဘက်မှ ခွေးအူသံများမှာလည်း တစ်ဆက်တည်း ဖြစ်ပေါ်လာပြီး မနက်ခင်းလောကကြီးတစ်ခုလုံး အမင်္ဂလာဖြစ်သွားပါတော့သည်။

ထောင်အတွင်း၌ လျှို့ဝှက်စွာ ပြုလုပ်သည့် ဤအနိဋ္ဌာရုံကိစ္စများကို ကျီးကန်းများ၊ ငှက်ဆိုးများနှင့် ခွေးများ မည်ကဲ့သို့ သိကြသည်





မသိပါ။ တယ်လီပသီနည်းအရ ဆက်စပ်မှု တစ်ခုခုတော့ ရှိလိမ့်မည်ဟု ထင်ပါသည်။

ကြိုးတန်းလန်းနှင့် ကြိုးသမားနှစ်ဦးကို ၅မိနစ် စောင့်ကြည့်ကြပြီးနောက် ထောင်ဆရာဝန်မှ ကြိုးတိုက်အောက်ဂလိုင် အတွင်းသို့ ဝင်ရောက်ကာ စစ်ဆေးပါသည်။

အသက်ရှူသွေးခုန်နှုန်း မရှိတော့သဖြင့် သေဆုံးပြီဖြစ်ကြောင်း အတည်ပြုပါသည်။

ထို့နောက်တွင် တပ်ကြပ်ကြီး ဦးစိုးတင့်တို့အဖွဲ့က ကြိုးကွင်းအား ဖြုတ်ပေးပြီး ထောင်မှူးဦးထွန်းခင်နှင့် ဒုတပ်ကြပ် ဦးစံသိန်းတို့အဖွဲ့က အလောင်းများအား ထုတ်ယူကာ အသင့်ယူထားသည့် အခေါင်းသေတ္တာများအတွင်းသို့ ထည့်သွင်းပြီးနောက် တရားသူကြီးအဖွဲ့နှင့် ရဲအဖွဲ့အား စစ်ဆေးနိုင်ရန် ပြသပါသည်။ ပြီးနောက် ဝန်ထမ်းများမှ သယ်ယူကာ ကားဖြင့် ကြံတောသုသာန်သို့ ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်ကြပါသည်။

ကိစ္စအဝဝ ပြီးစီးပြီးနောက် အချုပ်ရုံးခန်းသို့ပြန်ကာ ဆပ်ပြာမွှေးအမျိုးမျိုးဖြင့် စင်ကြယ်အောင် လက်ဆေးမိပါသည်။ သို့သော် စိတ်ထဲတွင်တော့ စင်ကြယ်ခြင်း မရှိပါ။ ဥပဒေအရ တရားဝင် သတ်ဖြတ်ခွင့်ရသူ ကျွန်တော့်၌ပင် လူသတ်ခြင်းအတွက် စိတ်တွင်း၌ မစင်ကြယ်ပါလျှင် တရားဥပဒေမဲ့ နိုင့်ထက်စီးနင်း သတ်ဖြတ်ခဲ့သော မောင်ကြီးနှင့် မောင်ငယ် တို့အတွက် သံသရာတွင် မည်သို့ရှိပါမည်နည်း. . . .၊ မျက်မှောက်ဘဝ၌ပင် အစွန်ဆုံးသော ဝေဒနာကို ခံစားကြပြီး သံသရာ၌လည်း အဖန်တလဲလဲ ခံစားရဦးမည်ဆိုလျှင် တန်ပါရဲ့လား၊ အရက်သမားများ၊ ဆေးသမားများ၊ လူရမ်းကားများအတွက် သခ်ၤန်းစာရပြီး ဆင်ခြင်နိုင်ရန် တင်ပြရခြင်း ဖြစ်ပါတော့သည်။

မှတ်ချက်။ ။ ဤဝတ္ထုအပြီးသတ်သည့်နေ့ (၄-၉-၂၀၀၁) ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် တိုက်ဆိုင်စွာ ကြိုးသမားများအတွက် သံဝေဂလင်္ကာ ရွတ်ဆိုပေးသူ တပ်ကြပ်ကြီး မောင်မောင်ကြီးမှာ ဖေါင်ကြီး၊ မင်းတုန်းစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက် သေဆုံးသွားကြောင်း ကြားသိရသဖြင့် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထောင်မှူးကြီး သိန်းဝင်း

လှိုင်ဝှက်ဆန်းကြယ် မေလ၊ ၂၀၀၂

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ညဉ့်ဧည့်သည်

ဆွမ်ပရာဘွန်စခန်းက အလုပ်ထွက်ပြီးအပြန် အင်းစိန်အိမ်တွင် (၃)ရက်ခန့်သာ နားရပါသေးသည်။ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးဆမ်ဝှန်း ကောင်းမှုဖြင့် ရွှေပုံစံကုမ္ပဏီတွင် လစာ(၃၀၀၀)ကျပ်နှုန်းဖြင့် မန်နေဂျာရာထူး ရရှိပါသည်။ ယင်းကုမ္ပဏီမှာ သစ်လုပ်ငန်းလုပ်သလို . သင်္ဘောသားကိစ္စလည်း လုပ်ပါသည်။ ဘိလပ်မြေအရောင်းအဝယ်လည်း လုပ်ပါသည်။ တစ်နှစ်ခန့်အကြာ ဘိလပ်မြေအရောင်းအဝယ်ကိစ္စနှင့် မန်နေဂျင်းဒါရိုက်တာ အဖမ်းခံရသဖြင့် ကုမ္ပဏီပြုတ်ပြီး ကျွန်တော်တို့လည်း အလုပ်လက်မဲ့ဖြစ်ကြပါသည်။

သို့နှင့် ငွေအရင်းအနှီးကလေးဖြင့် ကားပွဲစားလောက ဝင်ရောက်၍ ဝယ်ရောင်း ကားပွဲစား လုပ်ပါသည်။ ကားတစ်စီး သောင်းဂဏန်းမြတ်လျှင် ရောင်းပါသည်။ ထိပ်တန်းကားများ မဟုတ်ဘဲ ဖင်မလီယာ၊ မာဇဒါ၊ ဆီဒင်အဆင့်လောက်သာ ဖြစ်သဖြင့် သောင်းဂဏန်းခန့်သာမြတ်ပါသည်။ ကားများ ဈေးကျ၍ အရောင်းအဝယ် ထိုင်းသောအခါရသင့်သောဈေးနှုန်းနှင့် ထုတ်ပြီး အိမ်၊ ခြံ၊ မြေဘက်သို့ ဦးလှည့်ပါသည်။ အမြတ်များသော်လည်း အရောင်းအဝယ်က အေးလှပါသည်။ တစ်လနေ





၍ တစ်ကြိမ် အလုပ်မဖြစ်ပါ။ သို့နှင့် ပုစွန်တံဆိပ် သင်္ဘောဆေးကုမ္ပဏီသို့ လက်ထောက်မန်နေဂျာအဖြစ် ဝင်ခဲ့ရပြန်ပါသည်။

ကားမောင်းတတ်သဖြင့် သူဌေးက မကြာခဏ ကားမောင်းခိုင်းရာမှ ကားပေါ်မှ မဆင်းရတော့ဘဲ သူဌေးဒရိုင်ဘာလုံးလုံး ဖြစ်ရပါတော့သည်။ လစာမှာတော့ မဆိုးပါ။ သုံးသောင်းကျော်ခန့် ရရှိပါသည်။ ၂၀၀၀ပြည့်နှစ်ကျော်ကျော်အချိန်က လစာသုံးသောင်းမှာ မနည်းလှပါ။

ယင်းကုမ္ပဏီတွင် တစ်နှစ်ခန့် လုပ်ခဲ့ပြီး သူဌေးမှာ အပေါက်ဆိုးလှသဖြင့် ထွက်ခဲ့ရပြန်ပါသည်။ ပွဲစားလောက ပြန်ရောက်ပြီး လှုပ်ရှားရပြန်ပါသည်။ အိုးပိုင်အိမ်ပိုင်ကလေး ရှိရုံကလွဲ၍ ဘဝမှာ တိုးတက်မှုမရှိပါ။ ရရစားစား ဝါးဝါးမျိုမျို ဘဝတွင် ကျင်လည်နေစဉ် ၂၀၀၆ခုနှစ်တွင် ယခင်က အသိမိတ်ဆွေဟောင်းဖြစ်သူ ဒေါ်စန်းစန်းထွန်းဆက်သွယ်ပေးမှုဖြင့် မြတ်သုန္ဒာ ရေပေါ်သင်္ဘောစားသောက်ဆိုင်၌ မန်နေဂျာအဖြစ် အလုပ်ရရှိပြန်ပါသည်။ ပိုင်ရှင်မှာ ဦးစန်းယုဆိုသူ ဖြစ်ပြီးအလွန် သဘောကောင်းပါသည်။ အသက် (၄၀)ကျော်ခန့်သာ ရှိသေးပြီးစွပ်ကျယ်လက်စက အင်္ကျီလေးဝတ်၍ ကွမ်းအမြဲတမ်း ဝါးကာ အေးအေးနေတတ်သူ ဖြစ်ပါသည်။

ကျွန်တော့်အလုပ်မှာ အုပ်ချုပ်မှုမန်နေဂျာ ဖြစ်သဖြင့် နေ့ညသင်္ဘောပေါ်တွင် နေရပါသည်။ တစ်ပတ်တစ်ကြိမ် အိမ်ပြန်ခွင့် ရပါသည်။ သင်္ဘောပေါ်ရောက်သည်နှင့် ကျွန်တော့်အတွက် အလယ်ထပ် သင်္ဘောပဲ့ပိုင်းတွင် အခန်းတစ်ခု စီစဉ်ပေးပါသည်။ လိုအပ်သော အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံးများကိုလည်း ချက်ချင်း အသစ်ဝယ်ပေးပါသည်။

သင်္ဘောမှာ အောက်ထပ်တွင် ရုံးခန်းနှင့် ဧည့်ခန်း။ အနောက်ဘက်ပဲ့ပိုင်းတွင် ဝန်ထမ်းစားဖိုဆောင်နှင့် အလယ်တွင် သင်္ဘောစက်ခန်းအနီး၌ ဧည့်သည်အတွက် ချက်ပြုတ်သည့် စားဖိုခန်း ရှိပါသည်။ အလယ်ထပ်(ပထမထပ်)၌ ဦးပိုင်းတွင် အစည်းအဝေးခန်းမနှင့် ကာရာအိုကေ

www.burmeseclassic.com



ခန်း (၁၀)ခန်း၊ အလယ်တွင် ဘားကောင်တာနှင့် အနောက်ဘက်ပွဲပိုင်းတွင် ခန်းမကျယ်ကြီးနှင့် စတိတ်ရှိုးစင်ရှိပါသည်။ နေ့စဉ် ဖွင့်လှစ်ရောင်းချသလို စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် ည(၆)နာရီမှ စတင်၍ သင်္ဘောထွက်ခွာပြီး သံလျင် သီလဝါ ဆိပ်ကမ်းအနီးပင်လယ်ဝထိ ခုတ်မောင်းကာ ည (၈)နာရီတွင် စဉ့်အိုးတန်းဇေတဲတားသို့ ပြန်လည်ကပ်ပါသည်။ ရန်ကုန်မြစ်အတွင်း လေကောင်းလေသန့်ရှူရှိုက်ရင်း စားသောက်နိုင်ရန် စီစဉ်ထားခြင်း ဖြစ်ပါသည်။

ရောက်စက အတော်ဒုက္ခ ရောက်ပါသည်။ မြစ်အတွင်း လေအေး တိုက်လွန်းသဖြင့် နှာပင်စေးပါသည်။ အိပ်၍လည်း မပျော်ပါ။ မကြာခဏ တံခါးလာခေါက်သဖြင့် ထွက်ကြည့်သော်လည်း မည်သူမှ မရှိပါ။ စတိတ်စင်ပေါ်တွင် အိပ်ပျော်နေကြသော ဝန်ထမ်းလေးငါးဦးတော့ ရှိပါသည်။ သူတို့လည်း မဟုတ်နိုင်ပါ။ မည်သူ ဖြစ်မည်နည်း။

တံခါးခေါက်သံကြားလျှင် ခုတင်ပေါ်က ဆင်း၊ ခြင်ထောင်ဖွင့်၊ တံခါးဆီသွား၊ အနည်းဆုံး တစ်မိနစ်ခန့် ကြာပါမည်။ ထိုအချိန်တိုလေးအတွင်း တံခါးခေါက်သူမှာ ပျောက် ပျောက်သွားခြင်းဖြစ်ရာ ဤတစ်ခါတော့ အိပ်ရာပေါ်တွင် မအိပ်တော့ဘဲ တံခါးဝတွင် ကုလားထိုင်ချ၍ ထောင်ဖမ်းရန် ပြင်ဆင်ရပါတော့သည်။ မကြာပါ၊ တံခါးလာခေါက်သည်နှင့် တံခါးအား ချက်လှည့်၍ အမြန်ဖွင့်ပြီး ကြည့်လိုက်ရာ တံခါးဝတွင် မည်သူမျှ မရှိသော်လည်း စတိတ်စင်ရှေ့ အောက်ထပ် ဆင်းသည့် လှေကားဝတွင် ဂါဝန်ဖြူ ဝတ်ဆင်ထားသော အနောက်တိုင်းသူတစ်ဦးအား ရုတ်တရက် တွေ့ရှိရပါသည်။ ကျွန်တော်လည်း အလျင်အမြန် ထွက်လိုက်ပြီး "ဟေ့ ဟေ့ ရပ် ရပ်" ဟု အော်သော်လည်း အနောက်တိုင်းသူမှာ ကျွန်တော့်ဘက်သို့ တစ်ချက်သာ လှည့်ကြည့်ပြီး လှေကားမှ လျင်မြန်စွာ ဆင်းပြီး ပျောက်ကွယ်သွားပါသည်။ ကျွန်တော် အောက်ထပ်ဆင်း၍ နေရာအနှံ့ ရှာသော်လည်း မတွေ့ရှိတော့ပါ။ သင်္ဘောတွင်





မီးများ ထိန်ထိန်လင်းနေသဖြင့် ပုန်းအောင်းရန်နေရာ မရှိပါ။ ကျွန်တော်တို့ သင်္ဘောပေါ်၌လည်း ညအိပ်သော အမျိုးသမီး မရှိပါ။ ထူးတော့ ထူးဆန်းနေပါသည်။

ဒုတိယည (၁၂)နာရီခန့် အိပ်ပျော်နေစဉ်၌ပင် တံခါးလာခေါက်ပြန်ပါသည်။ အလျင်အမြန် ထွက်ကြည့်တော့ မနေ့က ညကလိုပင် ဂါဝန်အဖြူဝတ် အနောက်တိုင်းသူအား လှေကားဝတွင် ရုတ်တရက်တွေ့ရပြီး ပျောက်ကွယ်သွားပြန်ပါသည်။ ပရလောကသားမှန်းတော့ ကျွန်တော် သိလိုက်ပါပြီ။ သူမ ဘာပြောချင်လို့ပါလိမ့်။ မတွေးတတ်တော့ပါ။

နောက်တစ်နေ့မနက်တွင် သင်္ဘောအကြောင်း ကောင်းစွာသိသည့် ရေယာဉ်မှူးကြီးအား မေးမြန်းရပါတော့သည်။

"ဦးလေး ဒီသင်္ဘောမှာ စပြီး အမှုထမ်းနေတာ ဘယ်လောက်ကြာပြီလဲ"၊

"ဆယ်နှစ် ပြည့်တော့မယ်"

"ဒီသင်္ဘောမှာ ထူးဆန်းတဲ့ဖြစ်စဉ်များ ဖြစ်ခဲ့ဖူးသလား၊ အထူးသဖြင့် နိုင်ငံခြားသားတွေနဲ့ ပတ်သက်လို့ပေါ့"

"ကျွန်တော့် လက်ထက်မှာတော့ မဖြစ်ခဲ့ဖူးပါဘူး။ အရင်ကတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ"

"ဒါနဲ့ ဦးလေး ဒီသင်္ဘောပေါ်မှာ ည(၁၂)နာရီလောက် ဂါဝန်ဖြူဝတ်ထားတဲ့ နိုင်ငံခြားသူတစ်ဦးကိုရော မြင်မိပါသလား"

"ဪ. . . . ဦးသိန်းဝင်း မေရီနဲ့ တွေ့ခဲ့ပြီထင်တယ်။ သူက ဒီသင်္ဘောက မဟုတ်ဘူးဗျ။ ဇေတဲတားပေါ်က လိမ့်ကျပြီး ဆုံးရှာတာ"

"ဒီသင်္ဘော ကပ်ထားတဲ့ ဇေတဲတားပေါ်မှာနော်"

"ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ထင်ပါရဲ့၊ အဲဒီ ကလေးမ ရေထဲ ခုန်ချသလိုလို၊ ပြုတ်ကျသလိုလိုနဲ့ ဆုံးရှာတာ၊ သူက ကပြားမလေးပါ။ ဂါဝန်အဖြူလေးနဲ့ အတော်လှပါတယ်။ သင်္ဘော

www.burmeseclassic.com



ပေါ်ကိုတော့ မကြာခဏ လာတတ်တယ်။ ကျွန်တော့်ရေယာဉ်ဝန်ထမ်း အတော်များများ မြင်ဖူးကြလို့ ရိုးနေပါပြီ''

''ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်ကတော့ (၂)ညရှိပြီ သူနဲ့ တွေ့တာ။ ကျွန်တော့်အခန်းတံခါးကို လာလာခေါက်တယ်။ ဘာပြောချင်လို့လဲ မသိဘူး''

''သူက ပျော်တတ်ပါတယ်။ ခင်လည်း ခင်တတ်တယ်။ မကျွတ်မလွတ်သေးတဲ့ ဘဝဆိုတော့ သနားစရာပါ။ ဘာသာခြားဆိုတော့လည်း ကျွန်တော်တို့ ဘာမှမလုပ်တတ်ဘူး၊ ဦးသိန်းဝင်းက လူသစ်ဆိုတော့ လာပြီး မိတ်ဆက်တာနဲ့ တူပါတယ်''

''ဦးလေး၊ သူနဲ့ စကားပြောဖူးသလား။ စကား ပြောလို့ရသလား''

''စကားပြောလို့တော့ မရပါဘူး၊ သူ့ကို ရိုးတိုးရိပ်တိပ်ပဲ မြင်ရတာပါ။ လူတိုင်းလည်း မမြင်ဖူးကြပါဘူး။ အန္တရာယ်လည်း မပေးပါဘူး။ သူရှိကြောင်း ပြရုံသက်သက်ပါ''

ထိုနေ့မှစ၍ ဘာသာခြားဆိုသော်လည်း ကျွန်တော် ဘုရားဝတ်ပြုပြီးတိုင်း အမျှဝေပေးပါသည်။ မေတ္တာပို့ပါသည်၊ မေရီဆိုသူလေးအား ကောင်းမွန်ရာဘဝ ရောက်ရှိစေရန် ဆုတောင်းပေးပါသည်။ ညဘက်တွင် တံခါးခေါက်သံ မကြားရတော့ပါ။ သရဲ တစ္ဆေဟူ၍ ကြောက်လန့်ရမည့်အစား မေရီကလေးအား သနားသောစိတ်ဖြင့် မြင်ချင်လိုသော ဆန္ဒမှာ ကျွန်တော့်တွင် ထူးဆန်းစွာ ပေါ်ပေါက်လျက် ရှိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၇



www.burmeseclassic.com